www.burmeseclassic.com



www.burmeseclassic.com

## မှုံသားစာပေ မှ ထွက်ပြီးသော ဆွေလှိုင်ဦး ၏ ဝတ္ထုများ

၁။ ဆွေလှိုင်ဦး (အငြိုးတစ်ရစ်၊ အဆိုးတစ်ရစ်၊ အချစ်တစ်ပွင့်)

၂။ ဆွေလှိုင်ဦး (မချောလေးယောက်၊ ကိုယ်တစ်ယောက်)

၃။ ဆွေလှိုင်ဦး (မအေးမွှင့် မြှင့်မြှင့်စနီး လမ်းသုံးဆယ်)

၄။ ဆွေလှိုင်ဦး (မြစ်ပယ်မြိုင်)

ယခုလ

၅။ ဆွေလှိုင်ဦး (မြသည်းစံအိမ် နေညိုချိန်)

# ဆွေလှိုင်ဦး

# မြသည်းစံအိမ် နေညိုချိန်

စီစဉ်သူ - ကိုသိန်းဇော်

မှုံသားစာပေ

အမှတ် (၁၄)၊ အနောက်ဗဟိုရ်လမ်း၊
ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၄၀၅၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၁၀၆၀၁
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
(ဇူလိုင်လ - ၂၀၀၆)
အုပ်ရေ (၅၀၀)
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)
အမှတ် (၁၇၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ
အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းဖလင်
ဇမ္ဗူရာဇ်
မျက်နှာဖုံးပန်းချီ
Ⓚ ဘသက်
ကွန်ပျူတာစာစီ
*Asia Born* *(Desktop Publishing & Media Group)*
*Ph : 383841 , 727709*
တန်ဖိုး - ၉၀၀ ကျပ်

BURMESE CLASSIC



## အခန်း (၁)

ညတစ်ည။

မိန်းမလှကလေးတစ်ယောက်။

ညလယ်ခေါင်တွင် ပြေးလို့နေသည်။

သူမတစ်ကိုယ်လုံး ချွေးဖြင့် ရွဲရွဲစိုနေသည်။

ချွေးတို့သည် မြွှေဝင်းကြောရှင်းသော လည်တိုင်မှ တဆင့် ...သော ရင်ကြားသို့တိုင် ရွှဲစိုလို့နေပါသည်။

ခါးအောက်မှ ပွံ့ထွားသော တင်သည် လေးပင်လာသည်။ ...ည် လျှောင်လှစ်ဘီသကဲ့သို့လည်း သိမ့်သိမ့်တုန်သည်။ ချွေ ...ဒါရှိသည်။

ရှေ့သမင်သည် မှဆိုးလက်မှ အသက်ဘေးရှောင်ပြေးရသည် ...ယပင်သစ်ကိုင်းတွေနှင့် ငြိတွယ်ရသော လှပသည့် ဦးချိုကို ...ဘာ ပြစ်ရသကဲ့သို့ ပြေးရသည်မှာ မလွတ်မလပ် နိုင်လွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်တော့ မိမိဖော်ဖွဲ့ထွားသော ခန္ဓာကိုယ် အဆစ်အပိုင်းတွေကို မလိုတမာ ဖြစ်လာရသည်။

သို့ပေမယ့်....... မပြေး၍မဖြစ်။

လူတစ်စုသည် သူမနောက်သို့ ကျားရဲတွေလို လိုက်လာသည်။ သူတို့၏ခြေလှမ်းတွေက တဖြည်းဖြည်း နီးလာသည်။ စိပ်လာသည်။ ကပ်လာသည်။

ပြေး....... ပြေး။

ဝေးဝေးပြေးတော့ မိန်းကလေး။

သိမ့်သိမ့်သည် ပြေးရင်းလွှားရင်း အသက်ရှူတွေ ကျပ်လာသည်။ အသည်းနှလုံးတွေကို ဆုပ်ညှစ်ထွေဖွဲ့ချေသကဲ့သို့ မောဟိုက်လာသည်။ အကြောအချဉ်တွေ ပြတ်တောက်မတတ် ထုံကျဉ်ကိုက်ခဲလာသည်။

ထို့အတူ နေးလာ၏။

သိမ့်သိမ့်ခြေလှမ်းတွေက နေးလာ၏။

သူမ၏ခြေသံသည် တိတ်ဆိတ်သော သန်းခေါင်ယံတွင် တဖျပ်ဖျပ်ပေါ်ထွက်နေဆဲ။

မောပါပြီကွယ်။

သိမ့်သိမ့်ကလေး မောဟိုက်လို့နေပါပြီ။

ခြေလှမ်းကျဲကြီးများနှင့် လိုက်ပါလာသော လူတစ်သိုက်သည် သိမ့်သိမ့်နှင့်နီးလာသည်။ သူတို့၏ အသွင်သဏ္ဍာန်မှာ ရင်ကိုခွဲ၊ အသည်းကိုရှာမီးနှင့် ကင်စားမည့် မုဆိုးမိုက်တွေနှင့် တူသည်။

သိမ့်သိမ့် အားခဲ၍ ပြေးသည်။

ပြေးရင်း လေးလာသည်။ နေးလာသည်။

ဝင်းလက်သော မာကျူရီ လမ်းမီးတိုင်လေးတစ်ခုကို သိမ့်



သိမ့် လှမ်းမြင်ရသည်။ မီးတိုင်ဘေးတွင် လူတစ်ယောက် ရပ်နေသည်။ သူ့ဘေးတွင် မော်တော်ဆိုင်ကယ်တစ်စင်း ရပ်ထားသည်။

သူသည် သိမ့်သိမ့်ကလေး ပြေးလာသည်ကို ရုပ်ရှင်ထဲက မင်းသမီးကလေးလို အေးအေးဆေးဆေး ကြည့်နေသည်။

သိမ့်သိမ့်သည် သူ့ထံသို့ အားခဲ၍ ပြေးသည်။

ပြေးရင်းလွှားရင်း အသည်းတွေပေါက်ကွဲမတတ် နာကျင်လာသည်။ မျက်စိတွေ ပြာလောင် သီဝေလာသည်။ သတိသမ္ပဇဉ်သည် ဦးနှောက်ထဲမှ လွင့်ပျံထွက်မတတ် ခံစားရသည်။

သူ့ရှေ့ရောက်တော့ ကျားရဲတွေနှင့် လက်တစ်ကမ်းအလို .......

"အို....... အမေ့"

သိမ့်သိမ့် သူ့ခြေရင်းတွေ ပုံလျက်သားကျသွားသည်။ သူ့ခြေရင်းတွင် ဝပ်စင်းရင်း လဲကျသွားသည်။

သည်စဉ်မှာပဲ သိမ့်သိမ့်နောက်သို့ ယောကျ်ားတန်မဲ့ ပြေးလိုက်လာကြသော မနုဿမဆိုးသုံးဦးက ရောက်လာခဲ့၏။

သူသည် ခြေရင်းတွင် ဝပ်စင်းနေသော မိန်းကလေးကိုလည်းကောင်း၊ သူမနောက်မှ အသေအလဲ ပြေးလိုက်လာကြသော ယောကျ်ားကြီးသုံးဦးကိုလည်းကောင်း။

မမှိတ်သော မျက်စိ။

မခတ်သောမျက်တောင်ဖြင့် အေးအေးဆေးဆေး လက်ပိုက်ကြည့်နေခဲ့သည်။

"ညီ.......ညီမကို ကယ်ပါ အစ်ကိုရယ်"

သိမ့်သိမ့်အသံက တိုးတိုးကလေး။ ကြားရုံကလေး။ သည်မျှသာ သိမ့်သိမ့်အသံထွက်နိုင်ရာသည်။

"ဒါက ဘာလုပ်ကြတာလဲ၊ ညကြီးမင်းကြီး ပြေးတမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



တမ်းကစားနေကြတာလား"

သူ့ထံမှ အသံထွက်လာ၏။ သိမ့်သိမ့် သူ့အသံကိုကြား တော့ အားရှိသွားသည်။

"အား....... မင်းက ဘာကောင်လဲ"

"မဆိုင်ရင် ဝင်မရှုပ်ရင်ကောင်းမယ်"

"ဒီကောင်မလေး အိမ်ကမှုရှည်းတွေ နိုးပြေးလို့ ငါ့တို့ လိုက်ဖမ်းတာကွ"

သူကမေးတော့ ဟိုသုံးယောက်က တစ်ယောက်တစ်ခွန်း ဖြေကြသည်။ သူသည် မြေရင်းတွင် လဲကျနေသော မိန်းကလေး ကို ငုံ့ကြည့်သည်။ သိမ့်သိမ့်သည် သူ့ကို အားကိုးတကြီးဖြင့် မော့ ကြည့်မိသည်။

"အဲဒီလိုဆိုရင် မတရားဘူးလို့ ကျွန်တော်ထင်တယ်။ ဘာ ဖြစ်လို့လဲဆိုတော့ မိန်းကလေးက တစ်ယောက်တည်း.......၊ ခင်ဗျား တို့က သုံးယောက်......."

"ဟေ့ကောင်၊ မင်းအသာချိနေရင် ကောင်းမယ်......၊ ဟဲ့ကောင်မ ယခမ်း"

အဟင်း။

စမ်းကြပြီ။

သူ့ကို မလောက်လေးမလောက်စား ကလေးတစ်ယောက် အထင်ဖြင့် စမ်းကြလေပြီထင့်။

"ဒီလိုဆိုရင်လဲ ခေါ်သွားကြလေဗျာ၊ ကျွန်တော်က အနေ သာချည်းပဲ......."

သူ့အသံက အေးအေးဆေးဆေး ငြိမ်းချမ်းရေး။

သို့ပေမယ့်.......

သိမ့်သိမ့်တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။



ထိုစဉ်တွင် သိမ့်သိမ့်လက်ကို ကြမ်းတမ်းသော လက်ကြီး တစ်ဖက်က ကိုင်လာသည်။ သိမ့်သိမ့် လန့်၍မအော်မိခင်.......

သူ့ခြေထောက်တွေ၊ လက်တွေ၊ တံတောင်တွေ၊ ဒူးတွေ လေထဲတွင် ဖော်ကရှုပ်ကလေးကသလို ပျံ့ဝဲခုန်ကြသွားသည်ကို သိမ့် သိမ့်မော့ကြည့်ရင်း မြင်လိုက်ရသလို.......

'အိုး'ခနဲ 'အင့်'ခနဲ 'ဒုတ်'ခနဲ အသံတွေက သိမ့်သိမ့်နားထဲ သို့ တိုးဝင်လာ၏။ သိမ့်သိမ့်သည် မြေပေါ်တွင် မှောက်ရင်း မျက်စိ ကို တအားစိတ်ထား၏။

နားက ကြားရသည်။

'ခိုး'ခနဲ 'ခွပ်'ခနဲ 'အား'ခနဲ 'အင့်'ခနဲ။

သူမဘေးတွင် တိုက်ပွဲဆင်နေကြပါပကော။

သိပ်မကြာလိုက်ပါ။

အသံတွေက ငြိမ်သွား၏။

သိမ့်သိမ့်လက်ကို ဆွဲထူသည်။ သိမ့်သိမ့်သည် ကြောက်အား တကြီးဖြင့် သူ့လက်ကို ဆွဲကိုင်လာသူကို မော့ကြည့်မိသည်။ မှုန် ဘရိုးတဝါး လမ်းမီးတိုင်အောက်တွင် ဆံပင်တွေ ကပိုကရို ဝဲကျ နေသော သူ့မျက်နှာကို မြင်ရတော့ သိမ့်သိမ့်ရင်ထဲတွင် အတိုင်း အဆမရှိ ဝမ်းသာသွားသည်။ အမောပြေသွားသည်။ သို့ပေမယ့် ရင်မှာတွေက လှိုင်းနှယ်ထလို့။

သိမ့်သိမ့်သည် သူ့လက်ကိုတွဲ၍ ထလိုက်၏။

ဟိုသုံးယောက် ဝိုးလိုးဝါးလား လဲသွားသည်။ သိမ့်သိမ့် ၏နောက်သို့ ပြေးလိုက်လာကြသော ရဲသားကြီးသုံးကောင်မှာ လမ်း ပေါ်တွင် လူးလိမ့်ညည်းတွားနေကြသည်။

"အစ်ကို"

"ဗျို......."

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘယ်သူလဲဟင်......."

"လူ......."

"နာမည်ပြောတာပါ"

"မောင်မောင်တဲ့"

"အစ်ကို သူ...... သူတို့ခုံးယောက်ကို ဘယ်လိုလုပ်လိုက်တာလဲ"

"တစ်ရေးတစ်မော သိပ်ပေးလိုက်တာပေါ့ကွယ်၊ သူတို့က အစ်ကို့ကို လွယ်လွယ်နဲ့ ကိုင်လို့ရမယ်ထင်နေတာကိုး၊ ဒါပေမယ့် ....... သူတို့ထင်သလို အစ်ကိုဟာ မလွယ်ပါဘူး။ ဒါကြောင့် တစ်ချို့က အစ်ကို့ကို မောင်မောင်လို့တောင် မခေါ်ကြဘူး"

"ဒါ...... ဒါဖြင့် ဘယ်လိုခေါ်ကြသလဲ အစ်ကိုရယ်"

"မောင်မောင်ဘခက်တဲ့ ညီမရဲ့"



## အခန်း (၂)

မောင်မောင်ဘခက်။

လူ့အသက်ကို မဆိုထားနှင့် ပုရွက်ဆိတ်တစ်ကောင်၏ အသက်ကိုတောင် အကြောင်းမဲ့ မသတ်ဝံ့သည့် 'သူတော်ကောင်းကလေး'။

အေး....... မတရားဘူးထင်ရင်တော့ လူမဆိုထားနှင့် နာဂါကိုရိုဆင် တစ်ဒါဇင်လာခဲ့ဦး။ အားလုံး အမှုန့်ကြိတ်ပစ်မည်။ သည်အထိ မောင်မောင်တို့က သတ္တိကောင်းသည်။ သွေးနီသည်။ စွန့်စားရဲသည်။

ကဲ....... အဲဒီ မောင်မောင်ဘခက်ဆိုတဲ့ ဗလကောင်းကောင်း ရှပ်ချောချောကလေး ဘယ်မှာမွေးသလဲ။

မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ၂၈ နှစ်က မောင်မောင်သခက်၏ မိခင်သည် ကိုးလလွယ်၍ ဆယ်လအရောက်တွင် အပြင်းဖျားထန်အော်ဟစ်ရင်း သူ့ကို မီးရှူးသန့်စင်သည်။ အဲ......မွေးသည်။ ကိုးပေါင်နှင့် ရှစ် အောင်စတိတိရှိသည်။ နည်းတဲ့အကောင်ကြီးမဟုတ်။

သူ့အဖေ ပွဲစားကြီး ဦးအောင်မောင်ဆိုလျှင် လေးလုံး ခြောက်ဖက်သားကြီးကို ချီမဆုံး ပိုးမဆုံး။ သူ့အမေဒေါ်အုန်းရွှေ က မျက်စောင်းတခဲခဲ။ အံတကြိတ်ကြိတ်။

ဒါလောက်ပဲ အဖြစ်သည်းရမလားပေါ့။

ပြီးတော့ ချမ်းသာလိုက်တာကလည်း ကိုကျိုတက်။ သူတို့ ၏ လက်ဖက်ပွဲရုံတွေ မန္တလေး 'ဝါးတန်း'မှာရှိသည်။ ပွဲစားကြီး ဦး အောင်မောင်ဆိုလျှင် မသိသူမရှိသလောက်ပင်။

ဦးအောင်မောင်သည် သူ့သားကို ချစ်စနိုးဖြင့် မောင်မောင် ဟု အမည်ပေးသည်။ မောင်မောင်သည် ငယ်ငယ်ကတည်းက လွယ်။ အတော့်ကိုခက်တဲ့ ကောင်လေး။ ဘဲဥနှစ်လုံးကို ဆင့် တားသည်။ မရ။ အကြိမ်ကြိမ်အခါခါ ထပ်ဆင့်သည်။ မရ။ ဒါပေ ယ့် သူ မငိုခဲ့။

ဒေါ်ပွပွနှင့် ဘဲဥကို သမံတလင်းပေါ်မှာ ခပ်ဆတ်ဆတ် ဆင့်ချလိုက်သည်။ အခွံပိန့်၍ ထောင်သွားသည်။ နောက်တစ် ပုံကိုလည်း ထောင်နေသော ဘဲဥထိပ်တည့်တည့်ပေါ်သို့ ခပ်ဆဆ ဆင့်ချလိုက်သည်။ အခွံပိန့်၍ နှစ်လုံးဆင့်သွားသည်။

မောင်မောင် တဟားဟား အော်ရယ်သည်။ ဒါကို မသွေ တတည်းက သူ့အဖေက စောင့်ကြည့်နေခဲ့သည်။ လူကြီးပင် စိတ် ၍မလွယ်လှသော ကိစ္စတစ်ခုကို သူ့သားမောင်မောင်က ကြံကြံ ဖန်ဖန် စိတ်ကူးခဲ့ရသည်ကို ဦးအောင်မောင်အံ့သြရသည်။ ဒီကတည်း ၁ အညီကလေးတော့ မလွယ်တော့ဘူးမှန်း ဦးအောင်မောင် သိ



တားသည်။ အဲဒီတုန်းက ဘာရှိသေးလို့တုန်း။ သုံးနှစ်ကျော်ကျော် လေး ရှိသေးတာပဲ။

ကြီးလာတော့ ပိုရှုပ်လှသည်။ မှန်တယ်ထင်လျှင် အကုန်လုပ် သည်။ ပွဲစားအလုပ်နှင့်တော့ ဖြဒါးတစ်လမ်း သံတစ်လမ်းပင်။ သူ့ ဖခင်က လက်ဖက်ပွဲစားဖြစ်စေချင်သည်။ သို့တစေ...... မောင်မောင် က စိုက်ပျိုးရေးကို ဝါသနာပါသည်။ မောင်မောင် 'စိုက်'သည်။

အပင်ဟူသမျှ အကုန်စိုက်၏။ တဖောင်းလက်ပတ်၊ ကျွေး လျှာ၊ ကြက်ရုပ်တွေကအစ သူတို့ခြံကြီးထဲတွင် မောင်မောင် စိုက် ထား၏။ အထက်တန်းအောင်တော့ 'အောင်ချက်'ကောင်း၏။ သူ့ ဖခင်က ပွဲစားမလုပ်လိုလျှင် 'ဆရာဝန်'လုပ်ပါဟုဆို၏။ သူက စိုက် ပျိုးရေးတက္ကသိုလ်ကို ရွေးခဲ့၏။

မောင်မောင်တွဲရသည့်နှစ်တွင် ဗြသနာတွေ တောင်သောင်း မကာ ကြုံတော့သည်။

မောသယ်နှင့် ပတ်သက်လို့ပင်။

အလှစတ်မှရာမကလေး မောသယ်။

သို့မဟုတ်၊ ရွှေမန်းမြို့က 'ကလီယိုပါထရာ'။

ရည်းစားတစ်ရာဆိုတာလောက်တော့ မောသယ်တို့က နည်း ဘယ်တောင် ထင်သည်။ မောသယ်အတွက် ရိုက်ကြ ပုတ်ကြသည်။ ရန်စောင်ကြသည်။ တိတ်တဆိတ် လုပ်ကြံကြသည်။

လူသတ်မှုဖြစ်သည်။

မောင်မောင် မန္တလေးမှ ပြေးခဲ့၏။

သူ့တွင် ဖခင်၏ ဒီစံသေတ္တာထဲမှ နိုက်လာသော ငွေတစ် သိန်း။ CB 360 အမျိုးအစား ဟွန်ဒါ မော်တော်ဆိုင်ကယ်တစ်စီး နှင့် စိုက်ပျိုးရေးဘွဲ့ (B, Ag) ပါလာသည်။ 'စိမ်းရိုးမြိုင်'သို့ ရောက် ခဲ့သည်။ တောက်ကြနိုရှိ စိန်စိပုံတို့၏ စိမ်းရိုးမြိုင်အခန်းဆီသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

ယင်းသို့ဖြင့် မောင်မောင်သည် မိန်းမဆိုလျှင် လန့်သွား၏။ သို့ပေမယ့် 'ခြေမလက်မတော့ ဖြတ်မပစ်ချင်'။ လှတာမြင်ရင်တော့ ကြည့်ချင်သေးသည်။

ယခုလည်း မိန်းမချောကလေးတစ်ယောက်နှင့် မမျှော်လင့်ဘဲ ပတ်သတ်ခဲ့ရပြန်သည်။ သူငယ်ချင်း ခင်မောင်ဘိုအခန်းကအပြန် ညကြီးသန်းခေါင် မိန်းမချောလေးနောက်သို့ ယောကျ်ားကြီးသုံးယောက်က ကျားရဲတွေလို လိုက်လာသည်။

အင်းလျားလမ်းမကြီးတစ်လျှောက် သွေးရူးသွေးတန်း ပြေးလာသော မိန်းမချောလေးကို ဝင်းလက်သော မာကျူရီမီးရောင်ကြောင့် အဝေးကပင်မြင်ရသည်။ သည့်တော့ ဆိုင်ကယ်ကိုရပ်ပြီး စောင့်ကြည့်နေဖြစ်သည်။ သူနှင့် ဖိုးသုံးယောက် ဖိုက်ကြသည်။ လဲကုန်ကြပြီ။

ဟိုငနဲသုံးကောင် လူးလဲထနေစိုက် မချောလေးကို ဆိုင်ကယ်နောက်တွင်တင်၍ တရကြမ်းစီးထွက်ခဲ့သည်။ မချောလေးကလည်း ဘာမှမပြော။ သူ့ခါးကိုဖက်၍ လိုက်ပါလာသည်။

သို့ဖြင့်.......

မောင်မောင့်နောက်တွင် မိန်းမချောကလေးတစ်ယောက် ပါလာတော့သည်။

မောင်မောင်သည် ဟွန်ဒါ CB 360 အမျိုးအစား မော်တော်ဆိုင်ကယ်ကို တစ်နာရီမိုင်ငါးဆယ်နှုန်းပါး ပါဝါတင်၍ စီးလာခဲ့သည်။

ဟွန်ဒါသည် လေကိုခွဲရင်း တဟဲဟဲ ပြေးနေ၏။ မဟာရန်ကုန်နယ်နမိတ်ဖြစ်သော မင်္ဂလာဒုံ၊ ဝါယာလက်၊ ရေကြည်အိုင်မှသည် အဓွဲအကောက်ထူပြောသော တောက်ကြန့်သို့သွားရာ



လမ်းတစ်လျှောက်တွင် ရောက်ခဲ့သည့်တိုင်အောင် သိမ့်သိမ့်တစ်ယောက် သူ့ခါးကိုဖက်၍ လိုက်ပါလာသည်။

မေးလည်း မမေးချင်။

ရန်ကုန်နှင့်ဝေးလျှင် သိမ့်သိမ့်ကျေနပ်ပြီ။

လသည်သာနေ၏။ ညကဝင်းနေသည်။ အားလုံးသည် လင်းထင်းနေ၏။ ကတ္တရာလမ်းသည် လင်းမြွေကြီးတစ်ကောင် အပြင်းထုတ္တ အိပ်မောကျနေသလို ငြိမ်နေသည်။

ဟွန်ဒါကလေးသည် ဝေါခနဲ ဝေါခနဲ ကွေ့လိုက်၊ စောင်းလိုက်၊ တက်လိုက်၊ ဆင်းလိုက် ပြေးနေသည်။

ဘယ်ကိုလဲ။

သိမ့်သိမ့်ကို ဘယ်ခေါ်သွားမှာလဲ။

အဲဒါကိုလဲ သိမ့်သိမ့် မမေးမိသေး။

တစ်ခါတစ်ရံ ပစောက်ကွေ့တွေတွင် ဆိုင်ကယ်ကိုစောင်း၍ အကွေ့လိုက် သိမ့်သိမ့်ရင်တွေ လှိုက်သွားသည်။ သူ့ခါးကို တအားဖက်ရသည်။ ဖွားသည့်ရင်တွေက သူ့ကျောပြင်တွင် ဖိကပ်မှားသည့်အခါ သိမ့်သိမ့်ရင်မှာ ခါရသည်။

"နှယ်ခွေပေါက်"အရောက်တွင် ဆိုင်ကယ်ရပ်သွား၏။ သူဆင်းသည်။ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာသည်။ လမ်းဘေး သစ်ငုတ်တိုပေါ်တွင် ထိုင်သည်။

တစ်ညလုံး လကလွဲပြီး သူတို့နှစ်ယောက်တည်း။

လမိုင်းမိုင်းကြီးသာ သူတို့အပေါ်မှာရှိသည်။

"ကဲ....... ပြော၊ အခုက ဘယ်အထိ လိုက်မလဲ"

သူက တည့်တိုးကြီးမေးတော့ သိမ့်သိမ့် ဘာကိုပြေရမှန်းတောင်တရက် မသိတတ်။

www.burmeseclassic.com



ဝေးရင်...... အို......'ဖောတိက'နဲ့ဝေးရင် ဝေဘ်ပါပြီး ဘယ်ကိုပဲ ရောက်ရောက်"

ဒီတော့ သူက သိမ့်သိမ့်တုန်အောင် ရယ်သည်။

"မင်းနာမည်က သိမ့်သိမ့်တဲ့လား။ ဒါကြောင့် သိမ့်သိမ့် တုန်နေတာထင်ပါရဲ့။ ကဲ...... ကောင်းပြီလေ။ မင်းကို မောင် ဘယ်နေရာမှ ချခဲ့ရမလဲ"

"ရှင်......"

"ဩော်......သိမ့်သိမ့်ကို ဘယ်နေရာမှာ ချထားခဲ့ရမလဲ။ အဲ အဲ...... ဘယ်မှာ ဆင်းနေခဲ့မှာလဲလို့ မေးနေတာ"

သိမ့်သိမ့် သက်ပြင်းရှိုက်မိသွားၿ။

ဘယ်ကိုသွားမလဲ၊ ဘယ်ကိုသွားရမလဲ။

"သိမ့်သိမ့် ဘယ်ကိုမှ သွားစရာမရှိပါဘူး အစ်ကိုမောင်"

ဒီတစ်ခါတော့ သူမပါးစပ်မှ အစ်ကိုမောင်လို့ ပထမဆုံး ထွက်သွားမိခဲ့သည်။

"ဒါဖြင့် မောင်နဲ့လိုက်အိမ်မလား"

"အို......"

"ဒီလိုပါ။ မောင့်အိမ်မှာ စိန်စီပိုးရှိတယ်"

"စိန်စီပိုး...... ဟုတ်လား"

"ဟုတ်တယ်၊ ကရင်မ အပျိုကြီး။ ဒေါသတော့ကြီးတယ်၊ သူနဲ့အိပ်ပေါ့"

"အစ်ကို...... အဲ...... အစ်ကိုမောင်က ဘယ်မှာနေတာလဲ"

သိမ့်သိမ့်က မရဲတရဲမေးမိသည်။

"ရောက်တော့ သိမှာပေါ့၊ ကဲ...... လိုက်ချင်ရင်တက်၊ မလိုက်ချင်လဲ နေခဲ့"



မောင်မောင်က ဆိုင်ကယ်ကိုတက်စွ၍ စက်နှိုးသည်။

သိမ့်သိမ့်က ကမန်းကတန်းပြေး၍ ခွေ့ခနဲ တင်ပါးလွှဲ ထိုင်လိုက်မိသည်။

ဟွန်ဒါကလေးသည် 'နှယ်ခွေပေါက်'မှ 'ရွှေညောင်ပင်' ဘက်ကို ဝေါခနဲ ပြေးဆင်းလာသည်။ စစ်သချိုင်းရှေ့မှ ဖြတ်ခဲ့ပြီး ထောက်ကြန့်ကို ဝင်လာၿ။ သို့ပေမယ့် ပဲခူးလမ်းကို မကွေ့၊ မော်တီလမ်းကိုချိုးပြီး နံပါတ်ကိုးကားဂိတ်ကို ကျော်လာသည်။

ပြီးတော့ ကတ္တရာလမ်းမမှ ညာဘက် အုန်းပင်အုပ်အုပ် ညိုးမည်းကြီးတွေထဲကို ကျားရဲတစ်ကောင်လို ကွေ့ဝင်လိုက်ၿ။

သိမ့်သိမ့် ရင်တုန်လိုက်ပါဘိ။

သူကတော့ သည်လမ်းကို ကျွမ်းကျင်ပုံရသည်။

အတွင်းသို့ ကိုက်နှစ်ရာခန့် ဝင်မိသည်နှင့် မီးရောင်တစ်စွန်းတစ်စမြင်နေရသော တစ်ထပ်တိုက်ပုကလေးရှေ့တွင် ထိုးရပ်သွားသည်။ သူသည် ဟွန်းကို တတီတီနှိပ်လိုက်သည်။ တစ်ထပ်တိုက်သေးသေးကလေးရှေ့ရှိ မီးတစ်ပွင့် လင်းလာသည်။ တံခါးပွင့်လာသည်။

မြမြဖွေးဖွေး၊ လှလှခန့်ခန့် ကရင်မကြီးတစ်ဦး ထွက်လာသည်။ သိမ့်သိမ့်နှင့်သူ့ကို မြင်သည်နှင့် ပါးစပ်အဟောင်းသား ပွင့်သွားသည်။

"အမောင်...... နင် မိန်းမယူလာသလား"

"မဟုတ်ဘူး စိန်စီပိုး။ သူ မောင်နဲ့လိုက်လာတာ"

သိမ့်သိမ့်က ဘာပြောရမှန်းမသိချေ။

"စိန်စီပိုး။ သူ့ကို အထဲခေါ်သွားပြီး ကြည့်ပြီး ပြုစုလိုက်ပြီး။ သူ ဒုက္ခရောက်လာတယ်ထင်တယ်"

မောင်မောင်က သိမ့်သိမ့်ထဘီကိုကြည့်ရင်း စိုးရိမ်စွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကရင်မကြီး မျက်လုံးပြူးသွားသလို သိမ့်သိမ့်မျက်နှာတွင် နီရဲသွားသည်။ သိမ့်သိမ့် ဒဏ်ရာမရခဲ့။ ပွန်းရာပဲ့ရာကလေးမှ မရှိခဲ့။

"မ....... မဟုတ်ဘူး မမ၊ သိမ့်သိမ့်လေ......."

သိမ့်သိမ့် အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။ ကရင်မကြီးသည် မောင်မောင့်ကို ဒေါသဖြစ်စွာကြည့်ရင်း.......

"နင် တော်တော်ခက်ပါလား ငမောင်ရ.......၊ ကဲ....... လာ လာ သမီး၊ အထဲဝင်၊ ပြီးမှ စိန်စီပိုးကို အကျိုးအကြောင်းပြောပြ ဒီအကောင် ငမောင်က မိန်းမအကြောင်း ဘာမှသိတာမှ မဟုတ်ဘူး"

ယင်းသို့ဖြင့် သိမ့်သိမ့် မျက်ကလေးထဲသို့ ရောက်သွားသည်။ သေးငယ်သော်လည်း ခမ်းနားသည်။ သပ်ရပ်သည်။ အပြင်အဆင် ခေတ်ဆန်သည်။

ကရင်မကြီး စိန်စီပိုးသည် သိမ့်သိမ့်ကို ရေမိုးချိုး သန့်စင်စေသည်။ ဘာမှမမေး။ ပြီးတော့ အကျီတွေ၊ ထဘီတွေ၊ ဘာတွေညာတွေ လဲစေသည်။

နောက်တော့ ထမင်းစားခန်း သေးသေးကလေးထဲရှိ သပ်ရပ်သော စားပွဲဝိုင်းတွင် သူတို့သုံးယောက် ထိုင်ဖြစ်ကြ၏။

ဒီတော့မှ သိမ့်သိမ့် သူ့ကို အသေအချာကြည့်ရ၏။ ဖြူဖြူချောချော ခန့်ခန့်ညားညား။ အရပ်ကြီးကလည်း မြင့်မြင့်မားမား။

ဒါပေမယ့် သူ့မျက်နှာက နငယ်သည်။ နငယ်သလောက်လည်း တည်ငြိမ်သည်။ ပြီးတော့ သူ့မျက်လုံးတွေက စူးရှ၏။

"စိန်စီပိုးရေ....... မောင်တော့ ဒုက္ခပဲ၊ မိန်းမနဲ့ရှောင်ပါမှ မိန်းမနဲ့လာတိုးနေပြီ၊ သူ့ကို မောင် လမ်းပေါ်က ခေါ်လာတာ"

သိမ့်သိမ့်မျက်နှာကလေးမှာ ရဲသွားသည်။

"ဘယ်လိုလဲ အမောင်ရယ်၊ ဒါ ရင်လေးလိုက်တာ၊ သူက ဘယ်သူလဲ"



"သိမ့်သိမ့်တဲ့"

"ဘယ်ကလဲ"

"မောင် ဘယ်သိမလဲ"

"သူ့မိဘကရော"

"ဟင့်အင်း"

"အမြင့်"

"သူ့နောက်ကို လူသုံးယောက်က ခွေးရူးတွေလို လိုက်နေတာနဲ့ မောင် ဝင်ဆော်ပြီး ခေါ်လာတာ"

"သူ့နောက်ကို ဘာလို့လိုက်တာလဲ"

"ဘယ်သိမလဲဗျ၊ စိန်စီပိုးက သိဝ်အမေးအမြန်းထူတာပဲ၊ ကဲလေ....... မောင့်အတွက် 'ကိုတာ'၊ ပြီးမှ စိန်စီပိုး သူ့ကို ကြိုက်တာမေး"

ကရင်မကြီးသည် မျက်စောင်းထိုးရင်း ထသည်။ ဘရမ်ဒီတစ်ပက်နှင့် ကြက်ဥတစ်လုံးကို ရောစပ်၍ခလောက်ပြီး သူ့ကို ပေးသည်။ သူသည် ကလေးငယ်တစ်ယောက်လို အပူအပင် သောက မရှိ ဘရမ်ဒီကို မိမ်ယူ၍ စုပ်နေသည်။

သိမ့်သိမ့်မျက်လုံးကလေး ကလယ်ကလယ်နှင့် ဖြစ်နေရှာသည်။

"ကဲ....... သမီး....... စိန်စီပိုးကို အကျိုးအကြောင်း ပြောပါကွယ်၊ ဘာမှအားမနာနဲ့။ စိန်စီတို့က သမီး လူကောင်းသူကောင်း ဆိုရင် ကူညီဖို့ ဝန်မလေးပါဘူး။ အမောင်နဲ့ စိန်စီဟာ မောင်နှမအရင်းလဲ ဟုတ်တယ်၊ သားနဲ့အမေဆိုလဲ ဟုတ်တာပဲ။ အဲ.......တစ်ခါတစ်လေ သူငယ်ချင်းလို ရန်ဖြစ်ရတာလဲ ရှိသေးရဲ့။ သမီးကြည့်ရတာ သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်ကလေးပါ။ ဘယ်လိုဖြစ်လာသယ်၊ ဘယ်လိုဒုက္ခမျိုး တွေ့လာတယ်ဆိုတာ စိန်စီတို့ကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ပါလား"

သိမ့်သိမ့်ရင်မှာ နွေးသွားရသည်။

သူမ၏ ကရုဏာရောစွက်သော အသံလှိုင်းက သိမ့်သိမ့်၏ ရင်ကို ငြိမ့်သွားစေ၏။ သိမ့်သွားစေ၏။

ဝမ်းသာလွန်း၍လည်း မျက်ရည်စကလေးတစ်ပေါက် လိမ့်ကျလာသည်။ မျက်တောင်ကော့ကြီးတွေက တဖျပ်ဖျပ် ခတ်သွားမိသည်။

ပြီးတော့ သူ့ကိုကယ်တင်လာသော အစ်ကိုမောင့်ကိုလည်း ကျေးဇူးကော့ရွှေကော့ရွာတင်သော အကြည့်ဖြင့် ဝိုဝိုစားစား ကြည့်လိုက်မိပါသည်။

"ဒီ....... ဒီလိုကြားရတာ သိမ့်သိမ့် သိပ်ပြီး ဝမ်းသာရပါတယ် မမစိန်စိုး။ သိမ့်သိမ့်ကို သူတို့တစ်တွေလက်က ကယ်တင်လာခဲ့တဲ့ ဟောဒီက အစ်ကိုမောင့်ကိုလဲ ကျေးဇူးတင်ပါတယ်လို့ သိမ့်သိမ့် ပြောပါရစေ......."

"အာ....... မလိုပါဘူးကွာ၊ မောင့်အတွက် ထမင်းစား ရေသောက်လောက်မှ မခက်တဲ့ အလုပ်တစ်ခုကို ထည့်ပြောမနေစမ်းပါနဲ့"

"အို....... အမောင်ကလဲ သူက ကျေးဇူးတင်လို့ ကျေးဇူးတင်တယ်ပြောနေတဲ့ဥစ္စာ အသာနားထောင်စမ်းပါဟယ် နင့်မလဲ"

သိမ့်သိမ့် ပြုံးရပါသည်။

ကံကောင်းထောက်မ၍ တွေ့ရသော မောင်မောင်နှင့် စိန်စိုးကိုလည်း အားကိုးယုံစားသော အကြည့်ဖြင့် ကြည့်လိုက်ပါသည်။

"သိမ့်သိမ့်ဟာ စက္ကူစုတ်ကလေးတစ်ခုအတွက် သေပြေးရှင်ပြေး ပြေးနေရသူပါ။ 'ဇောတိက'က လူတွေဟာ သိမ့်သိမ့်ကို စက္ကူစုတ်လေးတစ်ခုအတွက် သဲကြီးမဲကြီး လိုက်နေကြပါတယ်"



မောင်မောင်သည် ဘရစ်ဒီကို သောက်မည်ပြုပြီးကာမှ ချလိုက်သည်။

ကရင်မကြီးစိန်စိုးသည် အံ့ဩမှုတွေဝေစွာဖြင့် သိမ့်သိမ့်ကို ကြည့်နေသည်။

သိမ့်သိမ့်သည် ရှက်ရွံ့စွာနှင့်ပင် သူမ၏လည်ပင်းမှ ကြယ်သီးတစ်လုံးကို ဖြုတ်လိုက်၏။

ထွေးဖို့ရုန်းကန်နေသော ရင်တွေက လှိုင်းနယ်ထလာသည်။

"အာ....... အစ်ကိုမောင်၊ ဟိုဘက်ခဏလေး လှည့်နေပေးပါလား"

"ရော......,"

ခက်ပါပကော.......

ဒါပေမယ့်....... မောင်မောင် လှည့်လိုက်သည်။

သိမ့်သိမ့်သည် အင်္ကျီကြယ်သီးတွေကို ခပ်သွက်သွက် ဖြုတ်လိုက်သည်။

ပြီးတော့ ဘရာစီယာထဲတွင် ထည့်ထားသော စက္ကူစုတ်လေးကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

သိမ့်သိမ့် ကြယ်သီးတွေ ပြန်တပ်သည်။

သူမလက်ထဲတွင်တော့ စက္ကူစုတ်ကလေးတစ်ရွက်။

"လှည့်တော့ အစ်ကိုမောင်၊ သိမ့်သိမ့် သိပ်ရှက်ပါတယ်။ ဒါပေမယ့် ဒီစာရွက်စုတ်ကလေးဟာ သိန်းပေါင်းများစွာ တန်လို့ သိမ့်သိမ့်အသည်းထဲမှာ ခွဲပြီး သိမ်းထားရမယ်ဆိုရင်တောင် သိမ်းထားထိုက်တဲ့ စက္ကူစုတ်ကလေးပါပဲ အစ်ကိုမောင်......."

မောင်မောင်နှင့် စိန်စိုးသည် သိမ့်သိမ့်လက်ထဲမှ စက္ကူစုတ်ကလေးတစ်ခုကို တအံ့တဩငေးမောရင်း ကြည့်နေမိကြသည်။

"သိန်းပေါင်းများစွာ တန်လား သိမ့်သိမ့်၊ ဒီစက္ကူစုတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ သိန်းပေါင်းများစွာ တန်သတဲ့လား"

စိန်စီပိုးအသံက အံ့ဩတကြီး နိုင်လှသည်။

"ဟုတ်ပါတယ် မမစိန်စီပိုး။ သိန်းပေါင်းများစွာ တန်လို့လဲ အန္တရာယ် အသွယ်သွယ်ဟာ သိမ့်သိမ့်နောက်မှာ ကပ်ပါလာတာပေါ့။ သူတို့တစ်တွေဟာ ဒီ စက္ကူစုတ်ကလေးကို ရဖို့အတွက် လူတစ်ယောက်အသက်ကို သတ်ဖို့လဲ ဝန်လေးကြတော့မှာ မဟုတ်ဘူး။ အို....... သိမ့်သိမ့်သိပ်ကြောက်တာပဲ မမစိန်စီပိုးရယ်......."

"သူတို့ဆိုတာ ဘယ်သူတွေလဲ သိမ့်သိမ့်......."

မောင်မောင်က တစ်ခွန်းချင်း မေးလိုက်သည်။

သိမ့်သိမ့်မျက်နှာပြင်က မှိုင်းညို့သွားသည်။ တိမ်ကင်းသည့် လစန္ဒာလို နွမ်းဝါသွားသည်။ သူမသည် မောင်မောင်ကိုလည်း မမြင်တော့၊ စိန်စီပိုးကိုလည်း မတွေ့တော့။ အတိတ်၏ ကြေးမုံရိပ်က သိမ့်သိမ့်မျက်နှာတွင် ဟပ်ထင်လာသည်။

"သူတို့ ဟုတ်တယ်၊ သူတို့ဆိုတာ 'ဇောတိက'ဂေဟာက ဦးနော၊ အဲလစ်၊ ကိုလွန်းအိမ်၊ ချိုသက်ကြည်၊ ချိုသက်ရီ၊ ရစ်ကီ၊ ပြီးတော့ အင်းခွေးကြီး 'ဘလက်ခ်' ......."

သိမ့်သိမ့်အသံသည် မိုင်တစ်ရာလောက်က ပျံ့လွင့်လာသကဲ့သို့ ရှိသည်။ လှိုက်သံပါနေသလိုရှိသည်။ ပွဲတင်ရိုက်သံကဲ့သို့ ရှိသည်။

ဘလက်ခ်ဟာ ချိုသက်ကြည်ရဲ့ အချစ်တော်ပေါ့။ သူ့သွားကြီးတွေဟာ ဘီလူးသရဲကြီးလို ပြူးထွက်နေတယ်။ အဲဒီခွေးနက်ကြီးကို ငယ်ငယ်လေးကတည်းက ကျားနို့တိုက်၊ ကျားသားကျွေးပြီး ချိုသက်ကြည်က မွေးထားတာပေါ့။ ပြီးတော့ 'ဇောတိက'အိမ်ကြီးမှာ အဲလစ်က မဟေသီ၊ 'ရဝေကိုလွန်းအိမ်'က အိမ်ရှေ့စံကိုယ်တော်ကြီး။ ချိုသက်ရီနဲ့ ရစ်ကီက လမ်းသရဲ။ အဲ တစ်နေတော့ ဒက်ဒီ



ဟာ နာမကျန်းဖြစ်ပါလေရော့......."

"ဒက်ဒီဆိုတာ ဘယ်သူလဲ သိမ့်သိမ့်......."

"ဇောတိကအိမ်ကြီးကိုပိုင်တဲ့ သူဌေးကြီး ဦးနောကို သိမ့်သိမ့်က ဒက်ဒီလို့ခေါ်ရပါတယ် အစ်ကိုမောင်......."

"သိမ့်သိမ့်ရဲ့ ဖေဖေကရော"

"သိမ့်သိမ့်ဖေဖေ....... သိမ့်သိမ့်ဖေဖေဟာ ဘယ်သူလဲဆိုတာ ဒီ....... ဒီကနေ့အထိ သိမ့်သိမ့်မခဲ့ရဘူး မမစိန်စီပိုး"

"ဩော်....... ဖြစ်မှဖြစ်ရလေကွယ်။ ဒါဖြင့် သိမ့်သိမ့်မိခင်က ဘယ်မှာနေလို့လဲ......."

"အဲ....... အဲဒါလဲ သိမ့်သိမ့်မသိဘူး.......။ သိမ့်သိမ့်သိတာကတော့ မမချိုသက်ကြည်နဲ့ ချိုသက်ရီရဲ့အမေက မသေဘ်တာ။ ကိုလွန်းအိမ်ရဲ့မိခင်က 'ရဝေခင်ခင်ကြီး'။ ရစ်ကီရဲ့မာမီက 'အဲလစ်'"

ရှုပ်ကုန်ပြီ။

မောင်မောင့်နားထဲတွင် ရှုပ်ကုန်ပြီ။

"ဒါဖြင့် သိမ့်သိမ့်ရဲ့မိဘတွေက"

"မသိဘူး....... သိမ့်သိမ့်မသိဘူး"

သိမ့်သိမ့်အသံက ကျယ်သွားသည်။ ကြေကွဲဝမ်းနည်းနေသည်။

"စိန်စီပိုးကလဲဗျာ....... သူပြောတာ နားထောင်ရောပေါ့၊ ဘာတွေ လျှောက်မေးနေမှန်းမသိဘူး"

"ဟဲ့....... ငါက......."

"ငါက လုပ်မနေနဲ့ မောင့်အတွက် ဘရမ်ဒီတစ်ပက် ထည့်ပါဦး"

"လွန်တယ်ကွယ်......."

"သွားပါ စိန်စီပိုးရယ်၊ တစ်ပက်ထဲ....... တစ်ပက်ထဲ၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



စက်မှ မပိုနဲ့။ မောင် ဒီနေ့ သိပ်ပင်ပန်းနေလို့.......”

စိန်စီပိုး ဘရမ်ဒီ ထ,ထည့်သည်။

သိမ့်သိမ့်သည် အစ်ကိုမောင်နှင့် စိန်စီပိုးကို အားနာသွားသည်။

“ကဲ....... သိမ့်သိမ့် ဆက်ပါဦး”

စိန်စီပိုးသည် ဖန်ခွက်ကိုကိုင်ရင်း ရောက်လာသည်။

“ဆက်ပြောရရင်တော့ သိမ့်သိမ့်ဘဝဟာ ဘယ်ကစလို့ ဘယ်ကလာမှန်းမသိတာ အမှန်ပါပဲ အစ်ကိုမောင်၊ သိမ့်သိမ့် မိခင် ဖခင်ဟာ ဘယ်သူတွေဆိုတာ ဒီကနေ့အထိ အတိအကျမသိခဲ့တာ အမှန်ပါပဲ။ သိမ့်သိမ့်ဟာ မာသာဖလောရင့်စ်လက်မှာ ကြီးခဲ့တယ်။ မိဘမဲ့ကျောင်းက ခရစ်ယာန်သီလရှင်မကြီးပေါ့။ သိမ့်သိမ့် ဆယ်တန်း အောင်ပြီး သူနာပြုသင်တန်း ဆက်တက်ခဲ့တယ်။

သိမ့်သိမ့်နာမည်နဲ့ ဘဏ်စာရင်းတစ်ခုရှိတယ်လို့တော့ မာသာက ပြောတာပဲ။ ဒါပေမယ့် အဲဒီဘဏ်စာရင်းကို ဘယ်သူ ဖွင့်ပေးသလဲ၊ သိမ့်သိမ့်ကို နောက်ပိုင်း ငွေရေးကြေးရေး အကူအညီ ပေးနေတဲ့သူဟာ ဘယ်သူလဲဆိုတာကို သိမ့်သိမ့် ဒီကနေ့အထိ မသိခဲ့တာ အမှန်ပါပဲ.......”

သူမစကားတွေက စိတ်ဝင်စားတွေချည်းဖြစ်ပါသည်။

ယခုတော့ ညည့်နက်သန်းခေါင်တွင် သွေးရူးသွေးတန်း ပြေးလာရသော ချစ်စဖွယ် နုနုငယ်ငယ် မိန်းကလေးအဘဝကို မောင်မောင်နှင့် စိန်စီပိုးတို့ စိတ်ဝင်စားမိကြပါပြီ။

“ဒါနဲ့ သိမ့်သိမ့်က အဲဒီ ဇောတိကဂေဟာက သူဌေးကြီး ဦးနော်နဲ့ ဘယ်လိုပတ်သက်နေရတာလဲ ဗျာ.......”

မောင်မောင် မေးမိသည်။

“ဦးနော်ဟာ ‘ဖလော်ရာ’ကို မာသာဖလောရင့်စ်နဲ့ ဆက်



သွယ်ပြီး သူနာပြုဆရာမ (Special Nurse) အဖြစ် ငှားခဲ့တာပေါ့”

“ဘာ....... ‘ဖလော်ရာ’ ဟုတ်လား”

“ပြော်....... သိမ့်သိမ့်နာမည်က ‘ဖလော်ရာ’တဲ့။ မာသာ ဖလောရင့်စ်ပေးထားတဲ့ နာမည်ပါ။ ငယ်နာမည်ဆိုပါတော့ အစ်ကို မောင်ရယ်။ တကယ်တော့ မာသာဖလောရင့်စ်ဟာ သိမ့်သိမ့်ရဲ့ မိခင် တစ်ယောက်လိုပါပဲ”

“အင်း....... ဖလော်ရာ့ဘဝဟာ စိတ်ဝင်စားရာပါလား ကွယ်၊ ကဲ....... ဆက်ပြောပါဦး”

ကရင်မကြီး စိန်စီပိုး ကရုဏာသက်စွာ ဆိုသည်။

ဖလော်ရာဆိုသည့် အမည်ကိုလည်း ‘ချစ်’မိသွားသည်။

မောင်မောင်သည် ဘရမ်ဒီကို မြှင်း၍ စုပ်ရင်း နားထောင် နေသည်။

“ဆက်ပြောရမယ်ဆိုရင်တော့ ဒက်ဒီ....... အဲ....... ဦးနော် ဟာ သိမ့်သိမ့်ကို သူ့သမီးအရင်းလို ချစ်ရှာပါတယ်။ ‘သိမ့်သိမ့်’ဆိုတဲ့ နာမည်ကိုလည်း ဦးနော်ကပဲ ပေးခဲ့တာပါပဲ။ ဒါပေမယ့် သိမ့်သိမ့် ‘ဇောတိက’ဂေဟာကြီးကိုရောက်လာပြီး ဦးနော်ရဲ့ အရေးပေးမှုကို မနာလိုတဲ့သူတွေ ရှိတယ်.......”

“ဘယ်သူတွေကလဲ.......”

“ချိုသက်ကြည်....... ချိုသက်ရီ”

“အင်း.......”

“ပြီးတော့ ကိုလွန်းအိမ်.......”

သူမမျက်နှာမှာ မှိုင်းညို့နေသည်။

“ရစ်ကီကတော့ သိမ့်သိမ့်ကို ရိသဲ့သဲ့လုပ်တယ်။ လှလစ် တာနဲ့ ဖက်လားကိုင်လား လုပ်တယ်။ ဒါကို ဦးနော် သိသွားတော့ ရစ်ကီကို လိပ်ကျောက်ပြီးနဲ့ သွေးထွက်အောင် ရိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်၏ မျက်နှာလှလှလေးမှာ ရီဝေနေသည်။

ပစ္စုပ္ပန်ကာလမတိုင်မီမှ ဖြစ်ပျက်ခဲ့ရသော အဝေးတစ်၏ အရိပ်တွေက သူမမျက်နှာတွင် ထင်ဟပ်နေသည်။

"ပြောရရင်တော့ အရှည်ကြီးပဲ....၊ သိမ့်သိမ့် အစ်ကိုမောင်နဲ့ မမစိန်စိန်ပိုးကို အားနာတယ်။ ဆက်ပြောရမလား"

"ပြော....... ပြော၊ အစ်ကိုမောင်ကတော့ မအိပ်တမ်းပါပဲ စိန်စိန်ပိုးသာ"

"အို....... ဂါပိုတောင် စိတ်ဝင်စားမိသေးတယ်၊ ကဲ....... သမီး ပြောသာပြော"

သိမ့်သိမ့်သည် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက်ကို အားရပါးရ ရှိုက်လိုက်ပါသည်။

"ဒီတက္ကူပိုင်းလေးကို သိမ့်သိမ့်ချပြီးတဲ့နောက်ပိုင်းမှာ အစ်ကိုမောင်နဲ့ မမစိန်စိန်ပိုးဟာ ဒီတက္ကူပိုင်းလေးရဲ့ ရာဇဝင်နဲ့ ဒီတက္ကူပိုင်းလေးကို ပထမဆုံး သိမ့်သိမ့်ပြရတဲ့ လူနှစ်ယောက်ပဲဆိုတာ ဦးဆုံးပြောပါရစေ။ ဒီဟာ မြေပုံတစ်ချပ်ရဲ့ အဓိကကျတဲ့ နေရာကလေးပါပဲ။ အဲဒီနေရာမှာ သိန်းပေါင်းမြောက်....... များ....... စွာ"

သိမ့်သိမ့်မျက်လုံးတွေ မြူးသွားသည်။

ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အမယ်လေး"

သိမ့်သိမ့် စူးစူးဝါးဝါး အော်လိုက်သည်။

မောင်မောင်သည် သိမ့်သိမ့်ကြည့်ရာ မြတင်းပေါက်ဆီသို့ ဖျပ်ခနဲ ကြည့်လိုက်၏။

ခန်းဆီးအကြားတွင် မည်းခနဲရိပ်ခနဲ ခေါင်းတစ်လုံးကို မြင်လိုက်ရသည်။ သူ၏ခန္ဓာကိုယ်သည် ပြတင်းပေါက်ဆီသို့ လျှပ်ပြက်သလို ရောက်ရှိသွား၏။ အမှောင်ထဲတွင် လှုပ်ခနဲ မြင်ရသည်။



သူသည် ပြတင်းပေါက်မှ လွှားခနဲ ကျော်ချလိုက်သည်။ မည်းမည်းသဏ္ဌာန်သည် အုန်းပင်များအကြားမှ ခြံရှေ့ မော်တော်ကားလမ်းရှိရာသို့ ဖြတ်ပြေးသည်။ မောင်မောင်က သူ့နောက်မှ ပြေးလိုက်သည်။

အကွာအဝေးက ခြေလှမ်းငါးဆယ်ထက်မပို။

ပြေးသူနှင့်လိုက်သူမှာ တဖြည်းဖြည်း နီးလာသည်။ မီလုမီခင်ဖြစ်လာသည်။ ထိုစဉ်မှာပင် ကားလမ်းမှ မော်တော်ကားတစ်စင်း ဝက်နှိုးသံကြားရသည်။

ရှေ့မှ အပြေးသမားသည် ထွက်စပြုနေသော ဂျစ်ကားနောက်ပြီးပေါ်သို့ မျောက်တစ်ကောင်လို ခုန်တက်ရင်း ပါသွား၏။

"တောက်"

မောင်မောင့်ပါးစပ်မှ တောက်တစ်ချက်ခြင်း ခေါက်လိုက်မိသည်။ ဂျစ်ကားသည် မူလကတည်းက အမှောင်ရိပ်တွင် အဆင်သင့် စောင့်ဆိုင်းနေပုံရသည်။

ဘယ်သူတွေလဲ။

ကျွန် ရန်ကုန်တွင် သူနှင့်ချဲ့ခဲ့သော ငနဲတွေပဲဖြစ်ရမည်။ သူတို့တစ်တွေသည် ဂျစ်ကားကို မီးစိတ်၍ သူ့မော်တော်ဆိုင်ကယ်နောက်မှ လိုက်လာပုံရသည်။

အခုတော့ သူတို့တစ်တွေ သိမ့်သိမ့်ကို ခြေရာခံမိသွားကြပြီ။ မောင်မောင်သည် အုန်းခြံထဲသို့ မကျေမနပ်ဖြင့် ပြန်ဝင်ခဲ့သည်။ တိုက်ရှေ့သို့ စိန်စိန်ပိုးသော်လည်းကောင်း၊ သိမ့်သိမ့်ဆိုသည့် မိန်းကလေးသည်သော်လည်းကောင်း ထွက်မကြည့်ကြ။

ပြီးတော့ တစ်တိုက်လုံး သုသာန်တစပြင်အလား အိတ်ဆိတ်နေပေသည်။

မောင်မောင့်ရင်တွင် ထင့်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုက်ထဲသို့ ပြေးဝင်ခဲ့သည်။

ကခင်မကြီး စိန်စီပိုးသည် ထမင်းစားခန်းအဝတွင် ချွေးချွေး ခေါက်ခေါက်လဲနေသည်။ သိမ့်သိမ့်သည် စားပွဲခုံးတွင် ပိုးလိုး ပက်လက် လဲကျနေ၏။

သူမခေါင်းမှ နီရွှေးသော သွေးများ ထွက်နေသဲ။

သို့တစေ....... စားပွဲပေါ်တွင် တင်ထားသော သိန်းပေါင်း မြောက်မြားစွာ တန်ပါသည်ဆိုသော သိမ့်သိမ့်၏ မြေပုံစုတ်ကလေး မှာ မရှိတော့ချေ။

❀ ❀ ❀ ❀ ❀



အခန်း (၃)

မောင်မောင်သည် သိမ့်သိမ့်ခေါင်းမှ ဒဏ်ရာကို ပထမဆုံး စစ်ဆေးကြည့်လိုက်သည်။ စိုးရိမ်စရာ အခြေအနေပင်ဖြစ်သည်။

နောက်စေ့တစ်ခုလုံး သွေးဖြင့် ရွှဲရွှဲစိုနေသည်။ သူသည် သိမ့်သိမ့်ကို သူ့အခန်းထဲရှိ ခုတင်ပေါ်သို့ ပွေ့တင်လိုက်ပြီး စိန်စီပိုး ကို ကြည့်သည်။ သူမမေးစေ့တွင် ဖူးယောင်နေသည်။

မောင်မောင်သည် ဘရမ်ဒီပုလင်းကို ပြေးခွဲ၏။ ပါးစပ်သို့ မြန် ပုလင်းလိုက် တေ့ချလိုက်သည်။

"နွီး....... နွီး....... ဟင်....... အမောင်....... အမောင်"

စိန်စီပိုးက တချွီးချွီးသီးရင်း သတိရလာသည်။ မြူတော့မြဲတဲ့ အထိတ်ထိတ်အလန့်လန့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိရပြီလား စိန်စီပိုး"

"အင်း....... အင်း....... ဒါနဲ့ သိမ့်သိမ့်ကော"

"သူ....... မောင့်အခန်းထဲမှာ၊ ခေါင်းကဒဏ်ရာက အတော် ပြင်းတယ် စိန်စီပိုး၊ ဓာတ်ဘူးထဲက ရေနွေးယူခဲ့"

မောင်မောင်က အလောတကြီးဆိုရင်း သူ့အခန်းထဲသို့ ပြေးဝင်ခဲ့သည်။

စိန်စီပိုးက ဓာတ်ဘူးနှင့် ဇလုံကိုကိုင်ရင်း လိုက်ပါလာသည်။ သိမ့်သိမ့်ကိုတွေ့တော့ အထိတ်တလန့် ဖြစ်သွားသည်။

"သူ....... သူ့ကို နောက်ကနေ သေနတ်ဒင်နဲ့ ရိုက်လိုက်တာပဲ အမောင်"

သူမအသံက ထစ်ငေါ့တုန်ယင်နေသည်။

"ကဲ....... ဒါတွေနောက်မှပြော စိန်စီပိုး၊ အရေးပေါ် ဆေးသေတ္တာ ယူခဲ့ပါဦး"

မောင်မောင်သည် သိမ့်သိမ့်ခေါင်းမှ ဒဏ်ရာကို ဆေးကြော သန့်စင်၍ ကြည့်သည်။ တစ်လက်မခန့်ကွဲ၍ အတော်နက်ရှိုင်းသည်။

စိန်စီပိုးရောက်လာသည်။ သိမ့်သိမ့်ခေါင်းမှ ဒဏ်ရာကို အရေးပြုစုနည်းဖြင့် ပြုစုရင်း စိန်စီပိုးကို မေးရသည်။

"ကဲ....... စိန်စီပိုး၊ ခေါင်းမအေးအေးထားပြီး ဖြစ်သမျှကို အကျဉ်းချုံးပြီး မောင့်ကိုပြောပါဦး"

"အမောင်လဲ ပြတင်းပေါက်ကနေ ကျော်ထင်းသွားရော မျက်နှာကို အဝတ်စီးထားတဲ့လူတစ်ယောက် ခုန်ဝင်လာတယ်၊ သူ့လက်ထဲမှာလဲ သေနတ်တစ်လက်နဲ့၊ မလှုပ်နဲ့ဆိုပြီး စားပွဲပေါ်က မြေပုံစက္ကူကို ကောက်လိုက်တယ်၊ ပြီးတော့ ပိုဘက်လှည့်ဆိုပြီး နှစ်ယောက်စလုံးကို အလှည့်ခိုင်းတယ်၊ ဒုတ်ခနဲ အသံကြားလိုက်ရပြီး သိမ့်သိမ့်ပုံကျသွားတယ်၊ ငါလဲ နောက်လှည့်ကြည့်ပြီး ကြောက်



အားလန့်အား အော်မယ်အလုပ် မေးစေ့ကို မြင်းအကန်ခံလိုက်ရသလို ဖြစ်ပြီး မေ့သွားတာပဲကွယ်"

"တောက်....... တော်တော်သတ္တိကောင်းတဲ့အကောင်....... မိန်းကလေးနှစ်ယောက်ကို သေနတ်ပြပြီး အနိုင်ကျင့်သွားတယ်"

မောင်မောင်သည် မေးကြောကြီးတွေ ထောင်သွားသည်။ အံတင်းတင်းကြိတ်မိသည်။

"အဖြစ်အပျက်က သိပ်ကိုမြန်လွန်းတယ် အမောင်၊ အော် ဖို့တောင် အချိန်မရလိုက်သလို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မှာ ဖြစ်သွားတာ"

"ဟုတ်တယ်၊ ရှေ့ကတစ်ယောက်က ဓွယ်ရောင်ပြပြီး နောက်က ဝင်ဆော်သွားတာ၊ ဒီကောင် မြနောက်ဖေး ဂျိုးမြှုပ်ကိုက် ဘေးက လစ်သွားတာ ဖြစ်ရမယ်"

မောင်မောင်သည် သိမ့်သိမ့်ခေါင်းမှ ပတ်တီးစကို လက်စ သတ်လိုက်ရင်း ဆိုသည်။

"စိန်စီပိုး"

"ဟင်......."

"သူ့ခေါင်းကဒဏ်ရာက အတော်ပြင်းပုံရတယ်၊ ညတွင်း ချင်း ဆေးရုံပို့မှဖြစ်လိမ့်မယ်၊ သွေးတွေလဲ အတော်ထွက်နေတယ်"

စိန်စီပိုးသည် ရှူဆေးကို သိမ့်သိမ့်နှာခေါင်းတွင် တေ့ရင်း သတိရအောင် ကြိုးစားသည်။

"အေး....... အခုအထိ သတိမရသေးဘူး၊ သိမ့်သိမ့်၊ သိမ့် သိမ့်၊ ကဲ....... အမောင်က ယပ်ခတ်ပေးစမ်း၊ သူ့အကျီတွေကလဲ ချွတ်သိပ်နေတာပဲ"

စိန်စီပိုးသည် တင်းကျပ်နေသော သိမ့်သိမ့်အကျီကြယ်သီး တွေကို ဖြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမိုးသော ရင်မှာများက အစ်ထွက်လာသလို သူတို့နှစ်ယောက်စလုံး အံ့အားသင့်သွားသည်။

သိမ့်သိမ့်၏ ညာဘက်ရင်နှင့် ဘရာစီယာကြားတွင် စက္ကူခေါက်ကလေးတစ်ခု၏ အစွန်းက တိုးထွက်နေသည်။

ကရင်မကြီးသည် စက္ကူခေါက်ကလေးကို ဆွဲထုတ်၍ ဖြန့်လိုက်သည်။ မြေပုံကလေးတစ်ခုပါတကား။

ယခုတော့ သူတို့ နားလည်လိုက်ပါပြီ။

သိမ့်သိမ့်သည် မြေပုံအတုကို ဘယ်ဘက်ရင်ထဲ ထည့်၍ အစစ်ကို ညာဘက်ရင်ထဲတွင် ထည့်ထားပုံရသည်။

"ပါသွားတဲ့ မြေပုံဟာ အတုနဲ့တူတယ်"

"ဟုတ်တယ် စိန်စီပို။ ပေး အဲဒီမြေပုံ၊ ဒီမြေပုံဟာ သူ့ဘဝအတွက် အသက်လောက် အရေးကြီးပုံရတယ်။ ကဲ..... စိန်စီ စကားပြောနေလို့ မဖြစ်သေးဘူး။-သူ့ကို ဆေးရုံပို့ဖို့ အရေးကြီးတယ်"

မောင်မောင်သည် သိမ့်သိမ့်ကို ပွေ့လိုက်သည်။

စိန်စီပိုးက လိုမည့်ပစ္စည်းလေးများကိုထည့်၍ သူ့နောက်အပြေးအလွှား လိုက်လာသည်။ ခြံထဲမှ ထွက်ခဲ့ကြသည်။

အဆင်သင့်ပင်။

မော်ဘီဘက်မှ မောင်းလာသော ကားတစ်စီးကို တွေ့ရသည်။ ကားမီးရောင်တွင် ထွက်ရပ်လိုက်သည်နှင့် ကားက ရပ်သွားၓ်။

"ဘာဖြစ်လို့လဲ"

ကားမှာ တစ်မတော်မှကားဖြစ်ပြီး ယာဉ်မောင်းရဲဘော်က စိုးရိမ်စွာ မေးသည်။

"ကျွန်တော့်နှမလေး အပြင်းအထန် ဒဏ်ရာရနေလို့ သတိမေ့နေပါတယ်။ ရဲဘော်ကူညီမယ်ဆိုရင် ဆေးရုံ......"



"တက်....... တက်....... မြန်မြန်တက်"

သူ့စကားပင် မဆုံးလိုက်ရ။ ယာဉ်မောင်းရဲဘော်က လှိုက်လှိုက်လှဲလှဲ ဆိုရှာသည်။ ပြီးတော့ ကားကို ဂျက်လေယာဉ်လို မောင်းတော့၏။ 'နီစမ်း'ကားကလေးသည် မင်္ဂလာဒုံကို ခုနစ်မိနစ်ဖြင့် ရောက်လာသည်။

"စစ်ဆေးရုံကို သွား.....လား"

"မဟုတ်ဘူး ရဲဘော်။ သူက အရပ်သူ၊ ရန်ကုန်ဆေးရုံကြီးကိုပဲ မောင်းပေးပါ"

ရဲဘော်က ဆက်မောင်းသည်။

ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာဌာနသို့ လေးဆယ့်ငါးမိနစ်အတွင်း ရောက်သွားသည်။

တာဝန်ကျဆရာဝန်က သိမ့်သိမ့်၏ဒဏ်ရာကို စစ်ဆေးကြည့်၍ ပြောသည်။

"ဒဏ်ရာက အတော်ပြင်းတယ်။ ဆေးရုံတင်ရမယ်။ သွေးအလဲ အတော်ထွက်ထားတော့ သွေးသွင်းရမယ်။ ဂလူးကို့စ်သွင်းမယ်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဒါနဲ့ သိပ်များစိုးရိမ်ရသလား"

"ဦးနှောက်ကို မထိခိုက်ရင်တော့ စိုးရိမ်စရာမလိုပါဘူးလေ၊ ကဲ....... ပြီးမှ ဒဏ်ရာအကြောင်းကို ပြောပြ"

တာဝန်ကျ ဆရာဝန် ဆရာမများက သိမ့်သိမ့်ကို လူနာတင်လှည်းကလေးဖြင့်တင်၍ တွန်းသွားကြသည်။

"စိန်စီပိုး....... ဒဏ်ရာရတဲ့ အဖြစ်မှန်ကို ပြောလိုက်ရင်တော့ ပြဿနာရှုပ်လာလိမ့်မယ်။ အဲဒီတော့ ခေါင်းမိုးက ချော်ကျတဲ့ ဓာတ်တန်းပြုတ်ကျပြီး သံယက်မနဲ့ ထိသွားတယ်လို့ပြော၊ သူ့ကိုလဲ စိန်စီပိုးရဲ့သမီးလို့လဲ ပြောထား"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ခပ်တိုးတိုး ပြောသည်။ ကရင်မကြီးက
ခေါင်းညိတ်၏။ ထို့နောက် တာဝန်ကျဆရာဝန်ကို အကျိုးအကြောင်း
ပြောပြီး ဆေးရုံမှာပင် ငုတ်တုတ်ထိုင်စောင့်ကြသည်။

နံနက်မိုးလင်းမှ သိမ့်သိမ့်အခြေအနေကို သိရတော့သည်။

"သတိတော့ ပြန်ရလာပြီ။ စိုးရိမ်စရာအခြေအနေ မရှိတော့
ပါဘူးဗျာ။ အဲ...... နောက်ထပ် နာရီဝက်။ တစ်နာရီလောက် နောက်
ကျမယ်ဆိုရင်တော့ အခြေအနေ အတော်ကလေးဆိုးသွားနိုင်တယ်
အဲ...... ဒါပေမယ့်လို့...... "

ဆရာဝန်အသံက ရပ်သွားသည်။

မောင်မောင်နှင့် စိန်စီပိုး၏မျက်နှာတွင် စိုးရိမ်ကြောင့်ကြ
များ အသင်သားပေါ်လွင်လာသည်။

"ဒါပေမယ့်လို့...... ကလေးမဟာ သူ့နာမည်ကိုတော့ 
ပြန်မမှတ်မိတော့ဘူး။ အားလုံးကို မေ့သွားတယ်"

မြွတ်စွာဘုရား။

'အမိန်း စီးရာ'ပါကလား။

ဟုတ်ပါသည်။

သိမ့်သိမ့်တစ်ယောက် သူမ၏အတိတ်ကို လုံးဝဥဿုံ 
ပျောက်သွားပါလေတော့၏။

အဆုံးဆိုရသော် သူမ၏အမည်ကိုပင် ပြန်လည်၍ သ
ရခြင်းငှာ မစွမ်းသာတော့။

"ဒီရောဂါကို 'အမိန်းစီးရား' (Amenesia)လို့ ခေါ်
တယ်ဗျ။ အတိတ်မေ့ရောဂါဆိုပါစို့၊ အင်္ဂလိပ်လိုတော့ (Loss 
memory) သို့မဟုတ် in - ability to recall or understand 
အဲ...... လွယ်လွယ်ပြောရရင်တော့ အရင်က သိခဲ့မှတ်ခဲ့သမျှ
အဖြစ်အပျက်အားလုံး မေ့ကုန်တာပဲဆိုပါစို့။ ဒီရောဂါမျိုးဟာ ဦးခေ



ကို အပြင်းအထန် ဒဏ်ရာရပြီး အာရုံကြောကို ထိခိုက်မိရင် ဖြစ်
တတ်ပါတယ်"

"ဒါ...... ဒါဖြင့် သိမ့်သိမ့်ဟာ အတိတ်ကို လုံးဝမေ့သွား
ပြီ ဆိုပါတော့။ ဒေါက်တာ...... သူ...... သူ...... "

စိန်စီပိုးက စိုးရိမ်စွာဖြင့် မေးသည်။ မောင်မောင်ကတော့
'အမိန်းစီးရား'ရောဂါအကြောင်းကို ကောင်းကောင်း နားလည်ပါ
သည်။ ကြားဖူးနားဝ ရှိပါသည်။

"ဒါလောက်လဲ မစိုးရိမ်ပါနဲ့ အစ်မကြီး။ အစ်မကြီးတို့ သူ့
ကို တွေ့ဆုံပြီး အေးအေးဆေးဆေး စကားပြောကြည့်ပါဦးလေ။
သတိတော့ ကောင်းကောင်းရနေပါပြီ။ အဲ...... စိုးရိမ်စရာ အခြေ
အနေလဲ မရှိတော့ပါဘူး"

ဒေါက်တာက နှစ်သိမ့်လိုက်သည်။

ယခုမှ မှန်ရိုပိုးတာဝါးနှင့် ပဟေဠိဆန်လှသော မိန်းမချော
ကလေး၏အဝတ ပိုလို့သာ မေးမှိန်လို့သွားပါပြီ။

"ကျွန်တော်တို့ သူ့ကို တွေ့နိုင်မလား ဒေါက်တာ"

"ဟုတ်ကဲ့...... ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါ"

စိန်စီပိုးနှင့် မောင်မောင်သည် ဒေါက်တာ့နောက်မှ လိုက်
သွားကြသည်။ အခန်းတစ်ခုထဲသို့ ရောက်သွားသည်။

ပထမဆုံး ခေါင်းတစ်ခုလုံး ပတ်တီးတွေ ဖွေးဖွေးဖြူအောင်
စည်းထားသော သိမ့်သိမ့်ကို လှေနာရှေ့ခင်ပေါ်တွင် ပက်လက်ကလေး
တွေ့ရသည်။

သူမ၏လက်ဝဲလက်ယာ ရှတင်ဆောင်တွင် ပုလင်းချိတ်သော
စင်ကလေးနှစ်တိုင်ရှိသည်။ ပုလင်းနှစ်လုံးသည် ချိတ်တွင် တွဲလောင်း
ချိတ်ထားသည်။

တစ်လုံးက အနီရောင်၊ တစ်လုံးက အဖြူရောင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုလင်းနှစ်လုံးနှင့် သိမ့်သိမ့်၏ လက်မောင်းနှစ်ဖက်ကို နိုင်လွန်ပိုက်ကလေးဖြင့် ဆက်သွယ်ထားသည်။ ပုလင်းထဲမှ တစ်စက်တစ်စက်သော 'သွေး' နှင့် 'ဂလူးကို့စ်' များသည် သိမ့်သိမ့်ကိုယ်တွင်းသို့ စီးဝင်နေပါသည်။

သိမ့်သိမ့်၏ မျက်ခွံနှစ်လွှာမှ ရှုရှုကလေး ဝိတ်ထားသည်။

သူတို့၏ခြေသံကို ကြားသည်နှင့် သိမ့်သိမ့်မျက်လွှာတစ်ချက်က ညင်သာစွာ ပွင့်လာသည်။ သို့တစေ သူမမျက်လုံးတွေက မောင်မောင်နှင့် စိန်စိုးကို တည်ငြိမ်စွာ ကြည့်နေသည်။ စိမ်းကားစွာ ကြည့်နေသည်။

"သိမ့်....... သိမ့်သိမ့်......."

မောင်မောင့်အသံက တိုးညင်းသော်လည်း လှိုက်လှိုက်လှဲလှဲရှိသည်။

သူမသည် မောင်မောင့်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ မောင်မောင်နှင့် စိန်စိုးသည် သိမ့်သိမ့်၏ တုန့်ပြန်မှုကို မျှော်လင့်တကြီး စောင့်ကြိုနေကြသည်။

ပထမဆုံး သိမ့်သိမ့်၏ မျက်လုံးတွေက အရောင်တလက်လက် ဝင်းပလာသည်။ အတွေးအမျှင်တစ်ခုကို အမိအရ ဖမ်းနေသည့်နှယ် ရှိသည်။ ပြီးတော့ နှုတ်ခမ်းကလေးလှလှကလေးက ပွင့်ဖူးကလေး ပွင့်ဟလာပါသည်။

"သိမ့်....... သိမ့်သိမ့်"

"ဟုတ်....... ဟုတ်တယ်၊ သိမ့်သိမ့်မှတ်မိပြီနော်။ အစ်ကိုမောင်လေ၊ ဟောဒါက စိန်စိုး"

မောင်မောင်က အားရဝမ်းသာ ပြောလိုက်သည်။ စိန်စိုး၏ မျက်နှာတွင်တော့ မျှော်လင့်ချက်တွေနှင့် ဝင်းပလာပါသည်။

"သိမ့်သိမ့်ဆိုတာ ဘယ်သူလဲ"



အားလုံးသည် သက်ပြင်းကိုယ်စီ ချလိုက်မိကြ၏။

"သိမ့်သိမ့်ဆိုတာ သမီးလေးပေါ့။ အဲဒါ သမီးလေးရဲ့ နာမည်လေ။ ဖလော်ရာလို့လဲ ခေါ်တယ်။ သူက သိမ့်သိမ့်ရဲ့ အစ်ကိုမောင်"

ကရင်မကြီးက အားရပါးရ ဝင်ပြောသည်။

သိမ့်သိမ့်၏ မျက်တောင်ကော့ကြီးတွေက တဖျပ်ဖျပ် ခတ်သွားသည်။

"သိမ့်သိမ့်၊ ကျွန်မနာမည် သိမ့်သိမ့်၊ ပြီးတော့ ဖလော်ရာ၊ အစ်ကိုမောင်၊ စိန်စိုး။ အို....... ကျွန်မ၊ ကျွန်မ....... ဘယ်သူ့ကိုမှ မသိဘူး။ ကျွန်....... ကျွန်မ ဒီကို ဘယ်လိုရောက်နေတာလဲ။ ဘာဖြစ်လို့ ရောက်နေတာလဲ၊ ကျွန်....... ကျွန်မ"

သိမ့်သိမ့်အသံက တိုးရာမှ ကျယ်လာသည်။

ကျယ်ရာမှ ကြွေကွဲလာသည်။

ပြီးတော့....... ဆို့နင့်လာသည်။ မျက်ရည်စတွေ ကျလာသည်။

ဒေါက်တာက သူတို့နှစ်ယောက်ကို မျက်ရိပ်ပြလိုက်၏။ ပြီးတော့ သူမ၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ကဲ....... ညီမလေး ခဏလေး မှေးနေလိုက်နော်။ ခဏကြာရင် ညီမလေး နေကောင်းလာမှာပါ။ အဲဒီတော့မှ အစ်ကို အားလုံး ပြောပြမယ်။ ညီမ သိချင်တာတွေ မေးပေါ့။ အခုတော့ ဘာမှ မစဉ်းစားနဲ့ ဟုတ်လား။ ကဲ....... ကဲ မျက်စိလေး မှိတ်ထား။ အဲ....... ဟုတ်ပြီ၊ ညီမက သိပ်လိမ္မာတာကိုး"

ဒေါက်တာ့အသံက နူးညံ့သိမ်မွေ့သည်။

ညီမဆိုးကလေးကို ချော့မြှောနေသကဲ့သို့ရှိသည်။

သိမ့်သိမ့်၏ မျက်လွှာနှစ်ချပ်က ဝိတ်သွားသည်။

www.burmeseclassic.com



သူတို့တစ်တွေသည် အခန်းထဲမှ တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာခဲ့ကြ၏။

အခန်းဝတွင် သူနာပြုဆရာမတစ်ယောက်က စောင့်နေသည်။

"ဆရာ......."

"ဘာလဲ မြတ်ရီဟာန်"

"အဲဒီလူနာကို တွေ့ချင်တဲ့လူတစ်ယောက် စောင့်နေတယ်၊ သူ့အစ်ကိုလို့လဲ ပြောတယ်"

ဒေါက်တာက အဖြေမပေးရသေးခင် မောင်မောင်က အလောတကြီး မေးဖြစ်သည်။

"သူ.......သူ.......ဘယ်မှာလဲ ဆရာမ"

"ဧည့်ခန်းမှာ စောင့်နေပါတယ်"

သူတို့တစ်တွေ အရေးပေါ်ပြင်ပလူနာဌာန ဧည့်ခန်းသို့ ရောက်ခဲ့ကြသည်။

သို့တစေ မည်သူမှ မရှိတော့။

သိမ့်သိမ့်၏အစ်ကို ဆိုသူသည် မြေလျှိုးမိုးပျံသွားသည့် အလား ပျောက်ကွယ်သွားပါတော့သည်။



အခန်း (၄)

မောင်မောင်နှင့် စိန်စိန်ပိုးတို့ ပြန်ခဲ့ကြသည်။ ထောက်ကြန့် သူတို့၏ 'စိမ်းရိပ်မြိုင်' အုန်းခြံသို့ ရင်မောစွာဖြင့် ပြန်ခဲ့ကြပါ သည်။

သိမ့်သိမ့်တစ်ယောက် ရန်ကုန် ဆေးရုံကြီးတွင် ကျန်ခဲ့သည်။ ...ည်အတိုင်းတော့ မဟုတ်ပါ။ သိမ့်သိမ့်အတွက် ပရိုက်ဗိတ်သူနာပြု ...ရာမကလေးတစ်ယောက်ကိုငှား၍ အစောင့်အဖြစ်ထားရစ်ခဲ့သည်။

"ကဲ.......ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ အမောင်၊ နှင့် ...တော့ နေရင်းထိုင်ရင်းနဲ့ ပြဿနာကို အိမ်ပေါ် ခေါ်တင်လာပြီနဲ့ ...တယ်"

တိုက်ကလေးထဲသို့ ဝင်မိသည်နှင့် စိန်စိန်ပိုးကစ၍ ညည်းညူ ...တော့သည်။

"ဒီလိုလဲ မပြောပါနဲ့ စိန်စိန်ပိုးရယ်၊ သူ့ခမျာ ဘယ်လောက် ...ရာစရာကောင်းသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့....... သနားတာကတော့ ငါလဲ သနားတာပဲ။ ဒါပေ
မယ့် သူ့ပြဿနာကို ဘယ်လိုရှင်းကြမလဲ။ သိမ့်သိမ့်မှာ ဘယ်လို
ပြဿနာတွေ ရှုပ်ထွေးနေတယ်ဆိုတာ အမောင်သိလို့လား"

ဟုတ်တော့လည်း ဟုတ်သည်။

သိမ့်သိမ့်ကို ယနေ့ည သန်းခေါင်တွင် စတင်တွေ့ဆုံခဲ့
သည်။ ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းလည်းဖြစ်သည်။

သိမ့်သိမ့်တွင် ဘယ်လိုပြဿနာတွေ ရှိနေသည်ကို မောင်
မောင်လုံးဝမသိရသေး။

စတွေ့ကတည်းက အလဲအကွဲ သတ်ပုတ်ပွဲကလေးနှင့်
နိဒါန်းပျိုးခဲ့ရသည်။ ပြီးတော့ သူမနှင့်အတူ မြေပုံစုတ်ကလေးတစ်
ပါလာ၏။ ထိုမြေပုံစုတ်ကလေးနောက်သို့ အန္တရာယ်အသွယ်သွယ်က
ချက်ချင်းလက်ငင်း လိုက်ပါလာသည်။

သိမ့်သိမ့်သည် သူမဘဝကို တစ်စွန်းတစ်စ ပြောပြနေစဉ်
မမျှော်လင့်သော အန္တရာယ်က ဝင်ရောက်လာခဲ့ပြီး ခေါင်းတွင် ဒဏ်ရာ
ရခဲ့သည်။ သူမ၏အတိတ်ကို လုံးဝဥဿုံ မေ့သွားခဲ့ချေပြီ။

"သူ့မှာ....... ဘယ်လို ပြဿနာတွေ ရှိနေသလဲဆိုတာ
တော့ မောင်မသိတာ အမှန်ပဲ စိန်စိပို။ ဒါပေမယ့် ဒီမိန်းကလေး
ဟာ ရိုးရိုးသားသားကလေးပဲလို့ မောင် အကဲခတ်လို့ရတယ်။ ရှုပ်
ရှုပ်ထွေးထွေးထဲကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး......."

"အေးပါ ဒါကို ငါလဲ အကဲခတ်မိပါတယ်။ ပြီးတော့ ဒီသ
ငယ်မကို မြင်မြင်ချင်းလည်း သံယောဇဉ်ဖြစ်ပါတယ် အမောင်ရယ်
ဒါပေမယ့် သူ့ပြဿနာက ဘယ်လိုဟာတွေမှန်းမှ မသိတာ......."

"မသိတာကို သိအောင်လုပ်ယူရတော့မှာပဲ စိန်စိပို။ ဘာ
ဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေ သဲသဲမဲမဲ လိုက်နေကြတဲ့ သိမ့်သိ
ရဲ့မြေပုံစုတ်ကလေးဟာ အခု မောင့်လက်ထဲကို ရောက်နေပြီ မဟုတ်



လား"

စိန်စိပိုး သက်ပြင်းချလိုက်သည်။ ပြီးတော့ မေးသည်။

"ဘယ်လိုသိအောင် လုပ်မှာလဲ အမောင်......."

"ဒီလို စိန်စိပို။ သိမ့်သိမ့်ဟာ သူ့ဘဝအကြောင်းကို တစ်
စွန်းတစ်စပြောပြသွားခဲ့တယ်။ စိန်စိပိုလဲ ကြားသားပဲဟာ။ 'ဇောတိ
ကဂေဟာ'ကြီးဟာ သိမ့်သိမ့်နဲ့ လုံးလုံးလျားလျား ပတ်သက်နေရ
မယ်။ သိမ့်သိမ့်ဟာ ဇောတိက,က ဘာဖြစ်လို့ ထွက်ပြေးလာရတာ
လဲ။ ဦးနော၊ ချိုသက်ကြည်၊ ချိုသက်ရိုး ရစ်ကီ၊ ကိုလွန်းအိမ်တို့
ကရော သိမ့်သိမ့်နဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာတွေကို မောင်
တို့ စုံစမ်းကြည့်ရမယ်......."

"အင်း....... ငါတော့ သိမ့်သိမ့် ပြန်သတိရပါစေလို့ပဲ ဆု
တောင်းမိတယ် အမောင်ရယ်။ သူ ပြန်သတိရလိုက်ရင် ကိစ္စအားလုံး
ပြီးသွားလိမ့်မယ်လို့ ငါထင်တယ်......."

"ဒါက စိန်စိပိုးရဲ့ ဆန္ဒကိုး။ ဒါပေမယ့် မောင်ကြားဖူးတာ
ကတော့ 'အမ်နီးစီးယား' အတိတ်မေ့ဝေဒနာရှင်တစ်ယောက်ဟာ တစ်
ခါတစ်ရံ လွယ်လွယ်ကူကူနဲ့ သတိပြန်လည်တတ်သလို နှစ်ပေါင်း
များစွာ မေ့နေတဲ့လူတွေရှိတယ်တဲ့ စိန်စိပို။ မောင့်အထင်ပြောရရင်
တော့ သိမ့်သိမ့်ဟာ အလွယ်တကူ သတိပြန်လည်လိမ့်မယ် မထင်
ဘူး......."

ကရင်မကြီးက ဟူးခနဲ သက်ပြင်းချသည်။

မောင်မောင်သည် သိမ့်သိမ့်၏ ညာဘက်ရင်အုံကြားမှ ရရှိ
ခဲ့သော မြေပုံစုတ်ကလေးကို ပြန်ကြည့်လိုက်သည်။

မြေပုံမှာ အလျားအနံ ခြောက်လက်မခန့်သာရှိသည့် လေး
ထောင့်ကွက်တိတော့ မဟုတ်။ ဆုတ်ထားသော အစိတ်အပိုင်းတစ်
ခုသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပုံကို သတင်းစာစက္ကူအဟောင်းတစ်ရုပေါ်တွင် အကျ အနမင်နီဖြင့် ရေးဆွဲထားသော်လည်း ရှုပ်ရှပ်ယှက်ယှက်တော့ မဟုတ်။ ရှင်းရှင်းလင်းလင်းသာဖြစ်သည်။ သိမ့်သိမ့်၏ မြေပုံထဲတွင် ကြက်ခြေခတ်အမှတ်အသားတစ်ခု တွေ့ရသည်။ မင်နီဖြင့်ရေးထားသော တစ်မိုင်ပြတ်နေသည့် စာအချို့ကိုလည်း တွေ့ရသည်။ 'ရွှေမြှုပ်နှံထားသည်' တဲ့။ ဘာကို မြှုပ်နှံထားသည်ကိုတော့ မောင်မောင် မသိတော့။

သို့တစေ.......

သိန်းပေါင်းမြောက်မြားစွာတန်သည်ဟုတော့ သိမ့်သိမ့်က ပြောသွားခဲ့သည်။

"အတုလုပ်ဖို့တော့ မလွယ်လှဘူး စိန်စိပိုး။ မြေပုံဟာ သတင်းစာဟောင်းတစ်ရုပေါ်မှာ ဆွဲထားတာ။ ရော့ ကြည့်ပါဦး......"

စိန်စိပိုးသည် မောင်မောင့်လက်မှ မြေပုံစက္ကူကို ယူ၍ကြည့်သည်။ ဟုတ်သည်။ မြေပုံဆွဲထားသော စက္ကူမှာ သတင်းစာအဟောင်းတစ်စောင်ဖြစ်သည်။ ဤသို့ဆိုလျှင် သိမ့်သိမ့်ထံမှ သူတို့တစ်တွေ ရရှိသွားသော မြေပုံစက္ကူကို အတုကြီးဖြစ်မှန်း သူတို့တစ်တွေ သိကြမည်သာဖြစ်သည်။ သိလျှင် ဒီအတိုင်းငြိမ်၍နေကြမည်တော့မဟုတ်။

"သိမ့်သိမ့်ဆီက ရသွားတဲ့ မြေပုံစက္ကူဟာ အတုကြီးဆိုတာ သူတို့သိကြမှာပဲ အမောင်......"

"ဟုတ်တာပေါ့။ ဒါကို မောင်စဉ်းစားမိပါတယ်။ အဲဒီတော့ သူတို့တစ်တွေဟာ အစစ်ကိုရအောင် လိုက်ကြဦးမှာပဲ စိန်စိပိုး။ ဒီက နေမနက် သိမ့်သိမ့်ကိုလာတွေ့တဲ့ သူ့အစ်ကိုဆိုတဲ့လူဟာ ဘာဖြစ်လို့ ချက်ချင်းပျောက်သွားရတာလဲ။ အဲဒါ မသင်္ကာစရာပဲ စိန်စိပိုး။ တကယ်လို့သာ သူဟာ သိမ့်သိမ့်ရဲ့အစ်ကိုဖြစ်ချိုးမှန်ရင် သူ့နှမရဲ့



ဆေးရုံ ခေါ်ပေးနာကို စောင့်ကြည့်ရမှာပေါ့။ ပြီးတော့ စိန်စိပိုး တစ်ခု ထပ်စဉ်းစားကြည့်စမ်း။ သိမ့်သိမ့်ခေါင်းမှာ ဒဏ်ရာရခဲ့တာကို သိတဲ့သူ ဘယ်နှစ်ယောက်ရှိသလဲလို့......"

ကရင်မကြီးက ခေါင်းကို ညိတ်လိုက်သည်။

"ဟုတ်တယ်အမောင်၊ တို့ကလွဲလို့ သိမ့်သိမ့်ကို ဆေးရုံပို့တာ သိတဲ့လူဟာ တစ်မတော် ရဲဘော်လေးပဲရှိတယ်။ ဟုတ်ပြီ။ ဆေးရုံကို လိုက်လာတဲ့သူဟာ သိမ့်သိမ့်ခေါင်းကိုရိုက်ပြီး မြေပုံစက္ကူ လုသွားတဲ့ သူတွေထဲကပဲဖြစ်ရမယ်"

သိမ့်သိမ့်အတွက် မောင်မောင် စိုးရိမ်လာမိသည်။

ရန်ကုန်ဆေးရုံကြီးတွင် 'ပရိုက်ဗိတ်နဝ်စ်' တစ်ယောက် ငှား၍ ထားခဲ့ရသော သိမ့်သိမ့်ကို စိတ်မချဖြစ်လာသည်။

"သိမ့်သိမ့်အတွက် စိတ်ချရပါ့မလား"

"စိတ်ချရပါတယ်ဟယ်၊ အဲဒီနဝ်စ်မလေး မာဂရက်ဟာ အရင်ကတည်းက ငါနဲ့ခင်ပါတယ်။ ကောင်မလေးက ဂျူဒိုတို့ ကရာတေးတို့လဲ သင်တန်းတက်ထားပြီးသား။ သတ္တိကလဲ သိပ်ကောင်းတယ် အမောင်၊ ပြီးတော့...... သိမ့်သိမ့်ကို အမောင်နဲ့စိန်စိပိုးက လွဲပြီး ဘယ်သူနဲ့မှ အတွေ့မခံပါစေနဲ့လို့ မှာခဲ့သားပဲဟာ......"

စိန်စိပိုးစကားရှေ့သည်နှင့် မောင်မောင်သည် သိန္ဒြာန် ရှုတ်လိုက်သည်။

"စိန်စိပိုး"

"အမောင်"

"ဒီပြဿနာထဲကို မောင်တို့ မဝင်လို့ မဖြစ်တော့တဲ့အခြေ အနေကို ရောက်နေပြီ။ စမ်းမှတော့ ရေကုန်ရေခန်းပါရတော့မှာပဲ စိန်စိပိုး။ အဲဒီတော့ စိန်စိပိုး အစာယူလိုက်ဦး။ ပြော် ညနေကြရင် တော့ သိမ့်သိမ့်ဆီ သွားလိုက်ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ....... ငါလဲ သွားမလို့ပါပဲ၊ ဒါနဲ့အဲမောင်ကရော ဘယ်သွားဦးမလို့လဲ"

"ခြေဦးတည့်ရာဆိုပါတော့ စိန်စိုးရ။ အခုတော့ ပြဿနာအားလုံးဟာ မောင့်ခေါင်းပေါ်မှာ ပုံကျလာပြီမဟုတ်လား။ ဒီရက်အတောအတွင်း ခြိုက်စွတွေကိုတော့ ဘ,မိုးအောင်နဲ့ အားလုံး လွှဲထားရမှာပဲ"

ဆွေးနွေးပွဲ ပြီးသွားပြီ။

မောင်မောင်ရေချိုးသည်၊ အဝတ်အစားလဲသည်။

ပြီးတော့ 'စီးတော်ဟွန်ဒါ'ကိုစွရင်း ရန်ကုန်သို့ ထွက်ခဲ့သည်။ ပထမဆုံး သူတွေ့ရမည်သူမှာ 'ခင်မောင်ဘို'။

ခင်မောင်ဘိုသည် 'မြကြေးမုံ'သတင်းစာမှ အပျော်တမ်းမှုခင်းသတင်းထောက်ဖြစ်သည်။ အစစ အရာရာ ကျင်လည်နှံ့စပ်သော လူငယ်တစ်ဦးလည်းဖြစ်၏။ သူ့မိဘက ချမ်းသာသည်။ ဘွဲ့ရပြီးကတည်းက လုပ်အားပေးဘဝကို ငြီးငွေ့ပြီး အပျော်တမ်း မှုခင်းသတင်းထောက် လုပ်နေသူပင်။

ပြီးတော့ သူက မောင်မောင်၏ အရင်းနှီးဆုံး မိတ်ဆွေ ပြောမှာ ဆိုမှာ အပေါင်းအသင်း။

အင်း....... ဒီအကောင် ရှိမှရှိပါ့မလား မသိဘူး။ မောင်မောင်သည် ဟွန်ဒါမော်တော်ဆိုင်ကယ်ကို လမ်းလေးဆယ်ရှိ ခင်မောင်ဘို၏ တိုက်ခန်းရှေ့တွင် ရပ်လိုက်သည်။ ခင်မောင်ဘိုအခန်းရှိရာ ဒုတိယထပ်အထပ်သို့ ခပ်သွက်သွက် တက်ပြီး သူ့အခန်းကို ခေါက်မည်ပြုစဉ် တံခါးနှစ်ချပ်ပွင့်လာသည်။

အတွင်းမှ သီဝ်လှနေတဲ့ ဆယ်ကျော်သက်မဂလေးတစ်ယောက် ထွက်လာသည်။ သူနှင့် ဝင်တိုက်မိမလို ဖြစ်သွားသည်။

"ဆောရီး အစ်ကို ဆောရီး.......၊ မိစန္ဒာ မမြင်မိလို့ပါ



နော်"

ကော်င်မလေးက စပ်ဖြီးဖြီး ပြိတီတီပြောရင်း သူ့ကို ရှောင်ကွင်း၍ ဆင်းသွားသည်။

စပို့ရှပ် အပျော့စား၊ ယိုးဒယားဘာရာစီယာ၊ ဖေါ့ထဘီ၊ စလင်းဘက်အဖြူ၊ မျက်တောင်တု အကော့ကလေး၊ ကော်ဖီကရင်းရောင် နှုတ်ခမ်း၊ လဲ့နေသော မျက်ခွံ။

"ဟော့ကောင်....... ခင်မောင်ဘို"

"ဆိုလေကွာ"

"သူ ဘယ်သူလဲ"

"မိစန္ဒာ"

"မိစန္ဒာမှန်း ငါသိသားပဲ၊ သူကဘာလဲလို့"

"ဂေါ်လီ"

"တော်ပြီ၊ ဆက်မပြောနဲ့တော့"

မောင်မောင်သည် တံခါးဝတွင် စပ်ဖြီးဖြီး ရပ်နေသော ခင်မောင်ဘိုကို အခန်းထဲသို့ တွန်းသွင်းလိုက်ပြီး တံခါးပိတ်လိုက်သည်။

"ဆို....... သူငယ်ချင်း"

စီးကရက်မီးညှိပြီးသည်နှင့် ခင်မောင်ဘိုကမေးသည်။

"ဆိုရမှာပါပဲ ခင်မောင်ဘို၊ အဲ....... ဆိုရမယ်ဆိုရင်တော့ ....... ပပဝင်းဝင်းပတ်ပျိုးထက်တော့ ရှည်လိမ့်မယ်၊ မင်း အသေအချာနားထောင်မလား"

"မထောင်ဘူး၊ လိုရင်းကိုသာပြော"

ဟုတ်သည်၊ ဒီကောင်က စကားပြောလျှင် တည့်တိုးပြောမှ ကြိုက်သည်။ ဝေ့လည်ကြောင်ပတ်လုပ်လျှင် မကြိုက်တတ်။

"အေး....... အဲဒါပဲ ကောင်းတယ်၊ ငါ အကျိုးသက်ကြည်ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမျိုးသမီးနဲ့ တွေ့ချင်တယ်"

"ဘယ် ချိုသက်ကြည်လဲ၊ ရန်ကုန်မှာ ချိုသက်ကြည်တွေက အများကြီး၊ ရိုက်သတ်ရင် လက်ညောင်းသွားမယ်"

"ဇော်တိက,က ချိုသက်ကြည်"

"ဒီလိုဆိုရင် ဒီည ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုလဲ"

"အဝီစိဖြစ်ဖြစ်ပေါ့ကွာ၊ ချိုသက်ကြည်နဲ့တွေ့ရရင် ပြီးတာပဲ မဟုတ်လား"

"အေး......"

"အေး......မနေနဲ့ အလကားတော့မရဘူး။ ဘီယာ အဝတိုက်ရမယ်"

"စိတ်ချ သူငယ်ချင်း"

"ဟော့ကောင် 'စထရင်းက ဖောရင်းအိတ်စပို့'မှနော်"

"ဩော်...... ငါ နရင်းတီးပစ်လိုက်ရ၊ တိုက်မယ်ဆိုရင် ပြီးရောပေါ့"

ငနဲသားတို့သွားတွေ အဖွေးသားပေါ်သွားသည်။

'ချိုသက်ကြည်'အတွက် သောက်ရဦးတော့မှာကိုး။



အခန်း (၅)

ချိုသက်ကြည်......

ရယ်သည်၊ ပြီသည်၊ တီသည်။

နှုတ်ခမ်းကလေးက ပြုံးရယ်သည်။ စကားသံကလေးက မဝိတဝိ၊ ပြီးတော့ တီတီတာတာလည်း ပြောတတ်သေးသည်။

"ချို့လက်ထဲမှာ ဘုရင်မလေးရယ်၊ အိမ်ရှေ့မင်းသားကလေးရယ်က သိပ်ပျော်နေတော့ ချိုသက် 'စား'တာပေါ့ကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ"

ချိုသက်ကြည်က ငွေခြည်းလည်းသံကလေးလို ချိုသာစွာ ပြောရင်း သူမလက်ထဲမှ ဖဲနှစ်ချပ်ကို စားပွဲပေါ်သို့ ရွရွကလေး ပစ်ချလိုက်ပြီး စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး မီးညှိရှိုက်ဖွာနေသည်။

စိန်ဘုရင်မနှင့် ဂျက်မင်းသား။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်....... နိုင်းမွန်းကွင်းနှင့် ညှင်းကျက်။

တစ်ဝိုင်းလုံး ငြိမ်သွားသည်။

သက်ပြင်းချသံ သဲ့သဲ့သာ ကြားလိုက်ရသည်။

ထိုးသားလေးယောက်ရှေ့ရှိ ငွေပုံများသည် ချိုသက်ကြည်၏ ရှေ့မှောက်သို့ ရောက်ရှိသွားတော့၏။ သူမရှေ့တွင် နှစ်ဆယ်တန်၊ ဆယ်တန်၊ ငါးကျပ်တန်တွေက မြူနီစီပါယ် အမှိုက်ပုံးမှောက်ထားသလို ဖွေးဖွေးလှုပ်နေလေပြီ။

ရုရုပေါင်း သောင်းဂဏန်းလောက်တော့ လျော့မည်မထင်။ ကစားတာက Twenty one ဆိုတဲ့ နှစ်ဆယ့်တစ်ပေါက်။

'ထိုးတာက သုံးရာ အနည်းဆုံး။

ကြီးလိုက်သည့်ဝိုင်းကလည်း အညာဘုရားပွဲက လှည်းဝိုင်းကြီးထက် သာမလားတော့မသိ။

သူသည် ဝီစကီဖန်ခွက်ကိုကိုင်ရင်း ဝိုင်းကို မသိမသာ ကြည့်နေသည်။

ဝင်စစ်.......

ဝိုင်းကို စိတ်ဝင်စားသည်ထက် ဒိုင်ကိုင်နေသော အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် မိန်းမချောလေးကို သူက ပိုလို့သာ စိတ်ဝင်စားနေသည်။

အဆက်အပေါက်က လုံးကြီးပေါက်လှ။ ကြိုးတပ်၍ တီးခတ်လျှင် အသံထွက်မည့် ဂီတာရုပ်မလေးပေါ့။

ထူရှနေတဲ့နှုတ်ခမ်း။ ဝိုင်းလဲ့ညိုမှောင်နေတဲ့ မျက်ဝန်းအိမ်ပြီးတော့ ရက်ရက်ရောရောသုံးနေသည့် ငွေတွေကို သူက အေးအေးဆေးဆေး စောင့်ကြည့်လို့နေပါသည်။

"အဲဒါ ချိုသက်ကြည်ပဲ၊ ဇောတိက,က ဦးနောရဲ့သမီးချောပေါ့၊ ဘယ့်နှယ်လဲ....... မချောလား"



ခင်မောင်ဘိုအသံက အငြိမ့်လှုပြက်သံ ပေါက်နေသည်။

"ဩော်....... သူက ဦးနောရဲ့သမီးကိုး"

သူက စိတ်မဝင်စားသလို ဆိုလိုက်သည်။

"ဘာလဲ မင်းက ဦးနောကို သိလို့လား"

"ဟင့်အင်း....... မသိပါဘူး။ ဒါပေမယ့် ဦးနောရဲ့ နာမည်က ...တာကာ ကျောင်းတကာ နာမည်မျိုး။ သူ့နာမည်က ခေတ်ရှေ့ အလံတစ်ရာလောက် ပြေးနေတဲ့ နာမည်မျိုးမို့လို့ပါ။ ဒါနဲ့ သူက ...ဝိုင်း ဒီမှာ လာကစားတာပဲလား ခင်မောင်ဘို"

"ဆိုပါတော့ကွာ၊ သူမပါရင် ပွဲမစည်သလောက်ပဲ။ အဲ....... ...ပေမယ့် ဒီလအတွင်း ရှုံးလိုက်တာ ခွက်ခွက်ကိုလန်နေတာပဲ။ မိန် ...ာပ်ကြွေတာ ဘာကြာသေးလို့လဲ"

"ဒီနေ့တော့ ထောလှချည်လား"

"အေး....... စ,ကစားကတည်းက ဖဲလိုက်နေတာ၊ တစ် ...ကလေးမှ မသေသေးဘူး"

ဟုတ်ပါသည်။

ခင်မောင်ဘိုပြောသကဲ့သို့ပင် ချိုသက်ကြည်၏ ဖဲက ကောင်း ...နေသည်။

ဖဲကောင်းသည်ထက် ချိုသက်ကြည်က ပို၍ မှင်မောင်း ...တင်းသည်။ နှစ်ဆယ့်တစ်ပေါက်ဖဲတွင် အိမ်ခြေကောင်းမို့လိုသည်။ ...လိုသည်။ စွန့်ဝံ့လိုသည်။

တစ်ခါတစ်ရံ ချိုသက်ကြည်က ဆယ့်ခြောက်ပေါက် ကိုင် ...ပြီး တစ်ဝိုင်းလုံး 'လှန်'၍ စားပစ်တတ်သည်။ ဆယ့်ရှစ်တ... ...ျှင် ဆွဲသည်။

ဝက်ဝက်ကွဲအောင် နိုင်နေပါပကော။

"ကျုပ်တော့ ကုန်ပြီဗျို့။ ဖဲကလဲ သေလိုက်တာ၊ ကဲ......

www.burmeseclassic.com

www.burmeseclassic.com



ဒီညတော့ ဒီမျှနဲ့ပဲ တော်ပါရစေတော့"

ချိုသက်ကြည်နှင့် ထိပ်တိုက်ထိုင်၍ ကစားနေသော အသ မည်းမည်း၊ မိုက်ရွဲရွဲနှင့် ထိပ်ပြောင်ကြီးမှာ ပြောင်ပြောင်ပြေ ထလိုက်၏။

ရှုံးနေသော တစ်ဝိုင်းလုံးက သူ့ကို မကျေမနပ် ကြည် သည်။ ဝိုင်းပျက်မလို ဖြစ်သွားသည်။

"ကျွန်တော်ဝင်ရင် ဖြစ်မလား ခင်ဗျာ"

သူက အေးအေးဆေးဆေး ပြောလိုက်သည်။ ထိုသော က သူ့ကို အားကိုးအကြီး ကြည့်နေသလို ခိုင်ကိုင်သည့် ချိုသ ကြည်ကလည်း မျက်နှာစိမ်းဖြစ်သော သူ့ကို အကဲခတ်သလို ကြ နေသည်။

သူက နှစ်ဆယ်တန်တစ်အုပ်ကို ခပ်တည်တည် စားပွဲ သို့ ချလိုက်၏။

"ဝင်ပါ.......ဝင်ပါ၊ တစ်အိမ်လိုနေတာနဲ့ အတော်ပါပဲမ

ချိုသက်ကြည်၏ နှုတ်ခမ်းဖူးဖူးကလေးက စကားလုံးအ ပွင့်အန်လာသည်။

သူ ဝင်ထိုင်သည်။

ဘယ်သူ့ကိုမှ မကြည့်။

ချိုသက်ကြည် ဖဲထုပ်ကို ကျွမ်းကျင်စွာ ကုလားဖန်ထိုးျ တစ်ချပ်စီ ဝေလိုက်သည်။

အခြားသူများက ကိုယ့်အိမ်ရှေ့သို့ ကျလာသော ဖဲတစ် ကိုကြည့်ပြီး ထိုးကြသော်လည်း သူကတော့ ကျဖဲကို လှန်မကြည် နှစ်ဆယ်တန်အုပ်ကို ချထိုးလိုက်သည်။ နှစ်ထောင်။

တစ်ဝိုင်းလုံး ငြိမ်သွား၏။

မျက်လုံးအားလုံးက သူ့ထံသို့ ရောက်လာသည်။



သူကတော့ အေးအေးဆေးဆေး မတုန်မလှုပ်ကျောက်ရုပ်။

"လက်ရှောင်......."

ချိုသက်ကြည်က မဲ့ပြုံးကလေးတစ်ချက် ပြုံးရင်း ဒုတိယ ဖဲချပ်ကို သွက်လက်စွာ ဝေလိုက်သည်။ ပြီးတော့ သူမလက်ထဲမှ ဖဲကို အသာပွတ်ကြည့်လိုက်သည်။

ကုလားမ် ဘေးသုံးတန်။

အနည်းဆုံး ဆယ့်ခြောက်။

အများဆုံး ဆယ့်ရှစ်ပေါက်။

သူကတော့ ဖဲနှစ်ချပ်ကို စားပွဲပေါ်မှ နှုတ်ခမ်းလှန်၍ ကြည့် ရင်း လက်ချစ်လိုက်သည်။

ချိုသက်ကြည် ရင်မောသွားသည်။

တစ်ဝိုင်းလုံး ထိုးထားသည်က ငါးရာမပြည့်၊ သူ့အိမ်က တစ်အိမ်တည်း နှစ်ထောင်တိတိ။

ချိုသက်ကြည်သည် သူ့အိမ်တစ်အိမ်တည်းချန်၍ အားလုံး ကို လိုက်ဖမ်းသည်။ တစ်ရာလောက် မြတ်လိုက်သည်။ သို့ရာတွင် သူ့ဖဲကို လှန်ဖို့အတွက် ချိုသက်ကြည် လက်ရှိန့်နေသည်။ မဝံ့မရဲ ဖြစ်နေသည်။

သူ့အကဲကို ကြည့်တော့လည်း ပကာတိ တည်ငြိမ်နေ၏။ အေးစက်နေ၏။ လှုပ်ရှားမှုဆို၍ တစ်စက်ကလေးမရှိ။

သူမလက်တည်းတွင်တော့ စိန်ဘုရင်နှင့် ဟတ်ခွန်။

ဆယ့်ခုနစ်ပေါက်သာ ရှိသည်။

ချိုသက်ကြည်သည် ဖဲတစ်ချပ်ကို ဆတ်ခနဲ ဆွဲထုတ်၍ ခဲနဲ့ဝုံ့ ပွတ်ကြည့်လိုက်သည်။

ဘေးကွက်။

လေးသော်လည်းကောင်း၊ ငါးသော်လည်းကောင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မည်။

သူမသည် တစ်ပိုင်းလုံးကို လျှောက်ကြည့်လိုက်သည်။ ငါး ဖဲ အကောင်များများက ထွက်ပြီးသား ဖြစ်နေသော်လည်း လေးဖဲဟု ၌ တစ်ချပ်မှ မထွက်သေး။

သူမဘက်က ဆယ်လေးတစ်လေး သေချာသွားသည်။ ချိုသက်ကြည်၏လက်က မှောက်ထားသော သူ့ဖဲကို ရွရွကလေး ကိုင်၍ လှန်ချလိုက်၏။

"ဆယ့်....... ခြောက်"

ဝေါခနဲ အသံတွေ ထွက်လာသည်။ ချိုသက်ကြည်က မထိ တရိ ပြုံးလိုက်ရင်း အသံလွှင်လွှင်ကလေးဖြင့် ဆိုလိုက်သည်။

"ချက်ရှောင်......."

သို့တစေ.......

ဖဲချပ်ကလေး၏ အလယ်တည့်တည့်တွင် ချက်ကလေးတစ် ခု သို့မဟုတ် အပွင့်ကလေးတစ်ခု ပါလာသည်။ ငါးဖဲ....... ကွဲရော။

ချိုသက်ကြည်က ဂုဏ်ခြေတစ်စက်ကလေးမျှ မပျက်ပဲ ငွေ နှစ်ထောင်ကို သူ့ရှေ့သို့ လျှော့ပေးလိုက်သည်။ သူကတော့ ငွေကို လက်ဖျားနှင့်တောင် မတို့။

နောက်တစ်လက် ဝေသည်။

"အားလုံး လက်ခံမလား"

သူက မေးသည်။

ချိုသက်ကြည်က ဟက်ခနဲ ရယ်လိုက်သည်။

ဒါလောက်ကလေးနှင့် ချိုသက်ကြည် သတ္တိနည်းရလျှင် ခက်ရချည်ရဲ့။

သူမက ဘာမှအဖြေမပေး။ ဖဲကို ဆက်ဝေသည်။ ဒီတ လက် ချိုသက်ကြည် လက်ထဲတွင် ကင်းနှစ်ကောင်၊ နှစ်ဆယ်။



သူက တစ်ချပ်ထပ်ဆွဲသည်။

သူ့အိမ်ကို ဖမ်းလိုက်တော့ ဆယ်တစ်ချပ်၊ ကိုးတစ်ချပ်၊ နှစ်တစ်ချက်။ အားလုံး နှစ်ဆယ့်တစ်ပေါက်တိတိ။

ရှုံးပြန်ပြီ လေးထောင်။ ချိုသက်ကြည် ရှုံးပြန်ပါလေပြီ။

သူ့ရှေ့တွင် ငွေပုံကြီးရောက်သွားသည်။ သူကတော့ လက် ဖျားနှင့် တို့ရမှာ ဝန်လေးနေသည့်ပုံမျိုး။

ချိုသက်ကြည်၏ ပြည့်တင်းစွင့်ကားသော ရင်မြွာအစုံက သိုင်းနှယ်ထလာသည်။ သူမ၏ရှေ့တွင် ငါးထောင်ခန့်သာ ရှိတော့ သည် မဟုတ်လား။

သူမသည် ဖဲကို ဆက်ဝေသည်။ ယခုတော့ အားလုံးက သူတို့ဝိုင်းကို မြို့လယ်ခေါင် မျက်လှည့်ပြသလို ဝိုင်းကြည့်နေကြ ပြီ။

"ကျွန်တော် အားလုံးကို ဖြတ်ပါရစေ"

"ရှင်......."

"ဒီလိုပါ....... အမိရှေ့မှာ ရှိသမျှနဲ့ ထိုးသမျှအားလုံးကို ကျွန်တော်ဖြတ်ပါရစေ"

သည်စကားကို သူ့နှုတ်ဖျားက ထွက်လာစဉ်က သူ့မျက် လုံးတွေက ချိုသက်ကြည်၏ ရင်မို့မို့ထံသို့ ဖျတ်ခနဲ ရောက်လာ သည်။

ချိုသက်ကြည်သည် သူ့ကို ပြုံးကြည့်မိ၏။ သူ့မျက်လုံး တွေကလည်း ချိုသက်ကြည်၏ မျက်လုံးနှင့် မျဉ်းဖြောင့်တစ်ကြောင်း တည်း ကျနေသည်။

"ကောင်းပါပြီ၊ ချိုသက် လက်ခံပါတယ်"

သူမသည် ဒုတိယဖဲချပ်ကို ဝေ၏။ လက်တွေက မသိမသာ တုန်ယင်နေသည်။ ဝေပြီးသည်နှင့် သူမ၏ ဖဲနှစ်ချပ်ကို တစ်နုံးကတန်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ စပိတ်တစ်နှင့် ဒိုင်းမွန်းကွင်း။

သူမအပြုံးက တောက်ပြောင်လာသည်။

"ဒီတစ်ခါတော့ ရှင့်ကို ချိုသက် နိုင်ပါပြီလေ။ ဒီမှာ တစ်ကလေးနဲ့ စိန့်ဘုရင်မ"

သူမသည် ဖဲနှစ်ချပ်ကို ဆတ်ခနဲ ပစ်ချလိုက်ရင်း သူ့ရှေ့မှ ငွေစက္ကူပုံကြီးထံသို့ အားရပါးရ လက်လှမ်းလိုက်သည်။ သူက ချိုသက်ကြည်၏လက်ကို အုပ်ကိုင်လိုက်၏။

"ရှင်....... ရှင်....... ဘာလုပ်တာလဲ"

"နေပါဦးလေ၊ သိပ်အလောမကြီးပါနဲ့"

သူက အေးအေးဆေးဆေးနှင့်ဆိုရင်း သူ့ဖဲနှစ်ချပ်ကို ကျန်သောလက်တစ်ဖက်ဖြင့် လှန်လိုက်သည်။

တစ်ကလေးနှစ်ချပ် သို့မဟုတ် အသည်းကလေးနှစ်ပွင့်။

"ရှင်....... ရှင်....... ဘယ်သူလဲ"

"ကျွန်တော်....... ဘခက်ပါ၊ မောင်မောင်ဘခက်တဲ့"

ယင်းသို့ဖြင့်.......

မောင်မောင်ဘခက်နှင့် ချိုသက်ကြည်တို့နှစ်ဦးသည် အနီတီလူစီ၏ နှစ်ထပ်တိုက်အပေါ်ထပ်ရှိ ကျိတ်ဝိုင်းကြီးတွင် အသိအကျွမ်း ဖြစ်သွားကြသည်။

သူ့ပုံကလည်း ကုဋေကြွယ်သား သူဌေးသားလို ဝင့်ကြွားထည်ဝါနေသည် မဟုတ်ပါလား။

ကြည့်ပါဦး။ ဝတ်ထားသည့်ပုံကလည်း အပုံစား။ ဥရောပတိုက်သားစစ်စစ်က အဘလို့ခေါ်ရမလောက် စမတ်ကျနေသည်။ မိုပြာရောင် တက်ထရက်ဝတ်စုံသည် သူ၏မြင့်မားခန့်ညားသော ခန္ဓာကိုယ်နှင့် လိုက်ဖက်လှသလို ပျိုပျို၊ အိုအို၊ အပျိုယွန်းပြင်းတွေငေးကြည့်ရလောက်တဲ့ ရုပ်ရည်ကိုလည်း ပိုင်ဆိုင်ထားလေသည်



ဟုတ်လား။

"ချိုသက်ကို ဒီလိုအနိုင်ယူရတာကို စိတ်မကောင်းလှပါဘူး ညီ....... ကိုယ့်ဖဲကလည်း တစ်ချက်ကလေးမှ မဟုတ်ရဘဲနဲ့ သိပ်အောင်းနေတော့ မတတ်နိုင်ဘူးပေါ့လေ"

လေသာဆောင်တွင် စကားပြောဖြစ်ကြသည်နှင့် သူ့ကို န်းနည်းကြောင်း ပြောရသည်။

"ချိုသက်ကလဲ အခေါ့်ကို အံ့ဩမိပါတယ် ကိုဘခက်၊ ်လက်တည်းနဲ့ ချိုသက်ကို အပြတ်ဖြတ်နိုင်တာ ကိုဘခက် တစ်ယောက်ပဲ ရှိပါသေးတယ်။ ဒါနဲ့ ကိုဘခက် အရင်တုန်းက ကစားသလား......."

"တစ်ခါတစ်ရံဆိုပါတော့ ချိုသက်၊ ဒီနေ့လဲ ခင်မောင်ဘို အတင်းခေါ်လွန်းလို့ ပါလာတာပါ။ အဲ....... ဒီလဲရောက်ရော သက်ကို တွေ့တာနဲ့ မကစားပဲ မနေနိုင်လောက်အောင် ဖြစ်သွားတာ......."

"ရှင်....... ချိုသက်ကိုတွေ့လို့ ကစားတယ် ဟုတ်လား"

သူမက တအံ့တဩမေးသည်။

သူက ဝီစကီကို မြှင်းရှုပ်လိုက်သည်။

"ဟုတ်တယ်လေ မိန်းမချောလေးတစ်ယောက်က ဒိုင်....... ကိုင်တယ်ဆိုတော့ ကိုယ်လဲ ထိုးချင်တာပေါ့......."

ချိုသက်ကြည်က ခစ်ခနဲ ရယ်သည်။

တခစ်ခစ်ရယ်သံကလေးတွေ ထပ်သွားသည်။

"ကိုဘခက်ကလဲ ကြီးကြီးမားမားတော့ ပြောတော့မယ်ကြည့်"

"တကယ်ပြောတာပါ၊ မိန်းမချောလေးတစ်ယောက်နဲ့ စားရတယ်ဆိုတာ နည်းတဲ့ကုသိုလ်မှမဟုတ်ဘဲ"

"ဒါလောက်ပဲလားရှင်ရယ်၊ ချိုသက် ဒါလောက်မလှသေး

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး''

''အဲဒီလိုဆိုရင်တော့ ကိုယ့်မျက်လုံးတွေကို အပြစ်တင်ရ တော့မှာပဲ ချိုသက်ရယ်၊ ဒီမျက်လုံးတွေကိုက ချိုသက်ထက်လှတဲ့ မိန်းမချောလေးကို မမြင်ဖူးသေးတာနဲ့ တူပါတယ်''

သည်တော့ သူမ၏ ရယ်သံလွှင်လွှင်ကလေးက ပျံ့လွင့်လာ သည်။

ခက်တော့ အခက်သားကလား။

မလှသည့်သူကို လှသည်ဟုပြောလျှင်တောင် သဘောတွေ့ သေးတာပဲ။ လှပြီးသား သူမကို လှပါသည်ဟုထပ်၍ ဆိုပြန်တော့ ဂုဏ်မရင်တွင် မနေရဲ့သွားသည်။

အန်တီလူစီသည် ငွေလင်ပန်းကလေးကိုကိုင်ရင်း လေသာ ဆောင်သို့ ရောက်ရှိလာပြန်သည်။ ငွေလင်ပန်းထဲတွင်တော့ ဘဲကင် တစ်စိတ်နှင့် သီဟိုဠ်စေ့တစ်ပန်းကန်။

''ကဲ…… စကားလဲပြောကြ၊ သောက်လဲသောက်လိုက်ကြ ဦး။ ဒီညတော့ မောင်မောင်ဘခက်က ကံအကောင်းဆုံး လူတစ် ယောက်ဆိုတော့ အန်တီက ဂုဏ်ပြုရတာပေါ့ကွယ်''

သယ်နီးကျွန်း ဂေါ်ရာမကြီးက လောကွတ်တွေ ကောင်း နေသည်။ ကောင်းပေမှာပေါ့။ သူ့ဆီက 'အကောက်' အတော် များများ ရလိုက်တာကိုး။

''ဒါလောက်လဲ မဟုတ်သေးပါဘူး အန်တီလူစီ၊ ကြက်ကန် ဆန်အိုးတိုးသွားတဲ့ သဘောမျိုးပါ။ ဘယ့်နှယ်လဲ ဝိုင်းအတော် ကောင်းသေးလား''

''ကောင်းတော့မဲ့ကွဲ မိုးကုတ်က သူဌေးတစ်ယောက် ရောက် လာလို့ ဆက်ကစားပါဦးလား။ တစ်အိမ်က ပြန်တော့မယ် ပြောနေ လို့''



''ကျွန်တော်တော့ မကစားချင်တော့ဘူး အန်တီလူစီ၊ ချို သက်များ ဆက်ကစားချင်မလား မသိဘူး''

သူက ချိုသက်ကြည်ကို အကဲစမ်းသလို မေးလိုက်သည်။

စင်စစ် ချိုသက်ကြည် လက်ထဲတွင် ငါးပြားစေ့တစ်စေ့မှ မရှိတော့သည်ကို သူသိထားပြီးဖြစ်သည်။ ဖဲနတ်ဖမ်းစားနေသော ချိုသက်ကြည်ကလည်း ဆက်ကစားချင်ပါသည်။ ဖဲချပ်ကလေးတွေ ကို ပွတ်နေရလျှင် ချိုသက် 'ကြည်'သည် အင်း…… ခက်လိုက်တဲ့ ချိုသက်ကြည်ပါပဲလား''

''ကဲ…… ဒီလိုလုပ်၊ ချိုသက်က ကိုယ့်ကိုကစားပေးပေါ့ ဟုတ်လား''

သူသည် ငွေစက္ကူအထပ်လိုက်ကို ထွဲထုတ်၍ ချိုသက်ကြည် ရှေ့တွင် ချလိုက်သည်။ သူမမျက်ဝန်းတွေက ရွှန်းလဲ့လာသည်။

''နိုင်တာ ချိုသက်ယူပေါ့။ ကိုယ့်ကိုအရင်းပဲ ပြန်ပေး။ ကိုယ်တော့ ဝီစကီကို ဖိမ်ခံပြီး သောက်လိုက်ဦးမယ်''

အစကတော့ ချိုသက်ကြည်က အားနာပါးနာ ငြင်းပါသေး သည်။ သို့တစေ သူမကိုယ်၌ကလည်း ကစားချင်နေသည်။ အန် တီလူစီကလည်း တိုက်တွန်းနေသည်။

သို့မို့ကြောင့် ချိုသက်ကြည်သူ့ထံမှ ငွေငါးထောင်ယူ၍ ဆက်ကစား၏။ ရှုံး၏။ ဝက်ဝက်ကွဲအောင် ရှုံးတော့၏။ သူက ချို သက်ကြည်ကို နောက်ထပ်ငါးထောင် ထပ်ပေးသည်။ ရှုံးပြန်ပြီ ထပ်ပြားမှ မကျန်အောင် ရှုံးပြန်ပြီ။

ဒီည…… ဘာဖြစ်နေပါလိမ့်။

''ဒီညတော့…… ငွေတွေတောင်းနဲ့ ထည့်ကစားတောင် ချို သက်နိုင်မှာမဟုတ်ပါဘူး။ ဖဲကလဲ သေလိုက်တာ ဘယ်လိုကို ဖြစ် နေမှန်းမသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



ချိုသက်ကြည်သည် မကျေမနပ်ပြောဆိုရင်း ဗိုင်းမှုထလိုက်သည်။ လက်ကနာရီက ဆယ့်နှစ်ဂဏန်းကို ပြနေ၏။ ဆယ့်နှစ်နာရီ ကောင်း ထိုးနေပါပကော။ ပြန်ဖို့သင့်ပြီ။

သို့တစေ....... ပြန်ရဖို့ထက် သူ့ငွေတစ်သောင်းကို လောလောဆယ်ဆပ်ဖို့ အရေးကြီးသည်။ သူ....... သူ သူ့နာမည် မောင်မောင်ဘခက်တဲ့။ ဒီဗိုင်းကို မိုးပေါ်ကကျသလို ရောက်လာသည်။ သူကပြောတော့ ခင်မောင်ဘိုခေါ်လာပါသည်တဲ့။ သူ့ကို ချိုသက်ကြည် ဒီကနေ့မှမြင်ဖူးသည်။ အသာစီးရနေသော သူမဖဲကို ဦးချိုးပစ်လိုက်သည်။ သူ့တွင်....... ဘယ်လို အရည်အချင်းတွေ ရှိနေသလဲ။ သူဘာလုပ်သလဲ။

ချိုသက်ကြည်၏ ရင်တွင်းဝယ် အတွေးပေါင်းစုံတို့ဖြင့် လှိုင်းထရင်း သူရှိရာလေသာဆောင်သို့ ထွက်ခဲ့သည်။ ကိုယ်တော်ချောက စီကရက်ကို ဖိမ်ခံသောက်နေတုန်း။

"ဘယ့်နှယ်လဲ ချိုသက်"

"သေတာပဲ ကိုဘခက်ရေ"

"ဒါဖြင့် ထပ်ယူဦးလေ"

"ဟင့်အင်း....... ဒီည ဒီမျှနဲ့ပဲ ဇာတ်သိမ်းပါရစေတော့။ အခုတောင် ကိုဘခက် ငွေတစ်သောင်းကို......."

"အို....... ဒါတွေထားလိုက်စမ်း ချိုသက်ရယ်၊ ချိုသက်ဆီက အလကားရထားတဲ့ ငွေတွေပဲဥစ္စာ"

"ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲ ကိုဘခက်၊ ရှင်....... ချိုသက်ဆီက အလကားရထားတာမှ မဟုတ်တာ"

"ဒီလိုလုပ်ပါလား ကိုဘခက်၊ ကိုဘခက်ငွေအတွက် ချိုသက်လက်စွပ်ကို အနံတီလူစီဆီမှာ ခဏထားပြီး ပေးလိုက်မယ်လေ"



"ဘာလဲ....... ချိုသက်က ကိုယ့်ကို ချစ်တီးကုလား အောက်မေ့နေလို့လား"

"မဟုတ်ဘူးလေကွယ်....... ချိုသက်က သူများအကြွေးနှင့် အိပ်လို့မပျော်ဘူး"

"သီချင်းဆိုသိပ်ရင်ကော"

မောင်မောင်က မျှော့သွေးစမ်းသလို ဆိုလိုက်၏။ ရယ်မိသွားသည်။

"ဟွန့်....... ဒါကတော့ သူများက ကလေးမှ မဟုတ်တာ"

"ဟုတ်တာပေါ့....... ဒီအရွယ်ကြီးနဲ့ ကလေးသာဆိုရင် ကိုယ် မွေးစားပါတယ်"

"ကိုဘခက်နော်....... ကြည့်"

"ဘယ်ကိုကြည့်ရမှာလဲ"

"ကြည့်ပါလား......."

"ကြည့်နေတဲ့ဥစ္စာ၊ ဒီထက်မှ ပိုမမြင်......."

"တော်တော့......."

"ဟုတ်ကဲ့......."

"အင့်"

ကဲ....... ဘယ်လောက်မြန်သလဲ။

ရင်းနှီးသွားပြီ၊ ခင်မင်သွားပြီ။ ဒါသည်ပင်လျှင် မောင်မောင်ဆိုရိုး။

ပြီးတော့ စကားတွေ တောင်စဉ်ရေမရ ပြောဖြစ်ကြသည်။ အလုံးငေါ့လုံးလေးတွေ အစွန်းမလွတ်တလွတ်ကလေးတွေ ဆိုကြသည်။ သည်တော့ ညဆယ့်နှစ်နာရီခွဲ။

"ဟဲ့....... ဒီနှစ်ယောက် မပြန်ကြသေးပါလား။ ငိုမျှဝ်လှ ဒီမှာအိပ်သွားကြပါလား။ အခန်းလွတ်တွေ ရှိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မအိပ်တော့ပါဘူး အန်တီလှစီ၊ ကျွန်တော် ချိုသက်ကို လိုက်ပို့လိုက်ပါ့မယ်၊ ကဲလာ သွားရအောင်"

အန်တီလှစီက အဓိပ္ပါယ်ကြွယ်ဝစွာပြုံးရင်း ထွက်ခွာသွားသည်။

"နေပါဦး...... သူများက သူ့ကို ဘယ်တုန်းက လိုက်ပို့နိုင်းသေးလို့လဲ"

ချိုသက်ကြည် မျက်စောင်းထိုးရင်း မေးသည်။

"အပေါ်...... မိန်းကလေးတစ်ယောက်တည်း ညကြီးမင်းကြီး တစ်ယောက်တည်းပြန်ဖို့ မသင့်တော်ဘူးမို့လား။ ပြီးတော့ ချိုသက်က ကလေးမှ မဟုတ်ဘဲ။ တော်ကြာ......"

"တော်ပါ......သူများက သူ့ကို သာလို့ကြောက်သေး"

"ကြောက်ရအောင် ကိုယ်က သရဲမှမဟုတ်တာ။ ကဲ...... လာပါ ချိုသက်ရယ်"

ခင်မောင်ဘိုသည် ဖဲဝိုင်းဘေးတွင် ဘိုင်ကျရင်း ဘုတောနေ၏။ သူက ဘေးကလိုက်ထိုးနေခဲ့သည်။ ပါသမျှ သုံးလေးရာ ချောသွားပြီ။ ပြီးတော့ လေသာဆောင်မှ တွဲ၍ထွက်လာသော ချိုသက်ကြည်နှင့် မောင်မောင့်ကို မျက်လုံးပြူး မျက်ဆံပြူး ကြည့်နေသည်။

"ခင်မောင်ဘို"

"ဟော......"

"ကုန်ပြီလား"

"တစ်ပြားမှ မရှိတော့ဘူး"

"မင်းကား ငါယူသွားမယ်"

"ဟော...... ဒါဖြင့် ငါက ခြေကျင်လျှောက်ပြန်ရအောင် ခြေလျင်တောင်တက်အသင်းဝင်လဲမဟုတ်"

"ရော့...... ငါးရာ၊ တဖြည်းဖြည်းချေထို။ မိုးလင်းတော့



ပါလာခေါ်မယ်"

မောင်မောင်သည် ပါးစပ်အဟောင်းသားဖြစ်နေသော ခင်မောင်ဘိုလက်ထဲသို့ ငွေငါးရာထိုးထည့်ရင်း ချိုသက်ကြည်နှင့်အတူ အန်တီလှစီ၏ တိုက်ကြီးပေါ်မှ ဆင်းခဲ့သည်။

ခင်မောင်ဘို၏ 'မာဇဒါ ၁၃၃၀'ပေါ်တွင် ချိုသက်ကြည်ကို တင်၍ မောင်းထွက်ခဲ့သည့်တိုင်အောင် 'ကီလေသာ ၁၅၀၀စီစီ' မောင်မောင့်တွင် ရှိမနေခဲ့။

သူသိချင်သည်က 'ဓာတ်ကာ'။

'ဓာတ်ကာ'က လူတွေထဲတွင် ချိုသက်ကြည်သည် အဓိက ကျသည်။ ချိုသက်ကြည်သည် 'ဓာတ်ကာ'၏ ပင်တိုင်စံထိပ်ထား လေးဟု သိမ့်သိမ့်က ပြောခဲ့၏။ သို့မို့ကြောင့် ချိုသက်ကြည်နှင့် ခင်မင်နိုင်ရန် သူမ ဖဲကစားလေ့ရှိသော အန်တီလှစီ၏တိုက်သို့ ခင်မောင်ဘိုနှင့်ဆက်၍ ရောက်ခဲ့ရခြင်းပင်။

ယခုတော့...... ချိုသက်ကြည်ကို အပါထုတ်နိုင်ခဲ့ပြီ။ သူ့ ညည်းရှုယ်ချက် အောင်မြင်လျှင်တော့ မိုးမလင်းခင် 'ဓာတ်ကာ'တွင် ခြေချနိုင်လေပြီ။

"ဓာတ်ကာကို မောင်းရမလား ချိုသက်"

"ရှင်"

"သြော်...... ဟို...... ချိုသက်ကို ဘယ်ကိုလိုက်ပို့ရမလဲ ဆိုပါ"

"နေပါဦး သူများကို 'ဓာတ်ကာ'ကလို့ သူက ဘယ်လိုလုပ်ပြီး သိနေတာလဲ"

ဟုတ်သည်။

မောင်မောင် စကားမှားသွားပါပြီ။

"အပေါ်...... ချိုသက်လို အင်မတန်လှတဲ့ သူဌေးသမီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဘယ်မှာနေတယ်ဆိုတာ လူသိများပါတယ် ချိုသက် ကိုယ့်ကို ခင်မောင်ဘိုက ပြောထားနှင့်လို့ သိနေတာပါ"

"ဒါဖြင့်....... သူက သူများအကြောင်း ကျိတ်ပြီး စုံစမ်းနေ ရလောက်အောင် ဘာကိစ္စတွေရှိနေလို့လဲ ဟင်......."

"ကျိတ်စုံစမ်းတာ မဟုတ်ပါဘူး။ ပြောင်စုံစမ်းတာပါ။ ဒီ လောက်လှပတဲ့ မိန်းကလေးတစ်ယောက် ဘယ်မှာနေတယ်ဆိုတာ ယောကျ်ားပျိုတိုင်း သိချင်ကြမှာပဲမို့လား ချိုသက်ရယ်"

မောင်မောင်က စကားကို လျှောချလိုက်ရသည်။

"လာပြန်ပြီ ဒီစကား။ တစ်ညလုံး သူများကိုချည်း မြှောက် နေတာပဲ။ ဘာလဲ....... ဘာစားချင်လို့လဲ....... ဝယ်ကျွေးစရာ တစ်ပြားမှ မရှိတော့ဘူး သိလား"

"မြှောက်တာ မဟုတ်ပါဘူး တကယ်ပြောတာပါ၊ ကဲ....... ကိုယ်ဘယ်ကို မောင်းရမလဲ"

"မြေနီကုန်း"

"ဟင်"

"ဟုတ်တယ်....... သူများ အခု မြေနီကုန်းမှာ အခန်းငှား နေတယ်"

"ဇေတီကမှာ ဘာလို့ မနေတော့တာလဲ"

"အစ်ကိုလွန်းအိမ်နဲ့ စကားများလို့"

"ဘာလို့ စကားများတာလဲ"

"ဟယ်.......ဒီလောက် အမေးအမြန်းထူတော့ သူများ နား ငြီးလာပြီ၊ ဒီတစ်ခါထပ်မေးရင် ဆင်းတော့မယ်"

"ကဲ....... ကဲ မမေးတော့ဘူး။ ဇေတီကမှာ ဘာလို့မနေ တာလဲဆိုတာလဲ မမေးဘူး။ အစ်ကိုလွန်းအိမ်နဲ့ ဘာလို့စကားများ သလဲဆိုတာလဲ မမေးတော့ဘူး။ မြေနီကုန်းမှာ ဘာလို့နေတာလဲ



လို့....... လာ"

"တော်တော့......."

"ဟုတ်ကဲ့......."

သို့ဖြင့်.......

ချောင်ကျ၍ ခေတ်မီသစ်ရပ်သော နှစ်ထပ်တိုက်တစ်လုံး ရှေ့တွင် ခရီးဆုံးသွားသည်။ နှစ်ယောက်သား တံခါးဖွင့်၍ ဆင်း သည်။

မောင်မောင်သည် ချိုသက်ကြည်ကိုတွဲရင်း လှေကားပေါ် ကို တက်ခဲ့သည်။

သို့ပေမယ့် ဒါကို မောင်မောင် စိတ်မဝင်စား။

"ရော့....... သော့"

အခန်းတစ်ခုရှေ့အရောက်တွင် ချိုသက်ကြည်က 'စလင်း ဘက်' ထဲမှ သော့ကို ထုတ်ပေးသည်။

"မလိုပါဘူး။ ဖွင့်ပြီးသားပဲ"

ဟုတ်ပါသည်။

ချိုသက်ကြည်၏ အခန်းသော့ကို ဖျက်၍ ဖွင့်ထားပါသည်။

"ဟောတော့....... ကုန်ပြီနဲ့တူတယ်"

ချိုသက်ကြည်သည် အခန်းတွင်းသို့ဝင်ပြီး မီးခလုတ်ကို နှိပ်လိုက်သည်။ ထွန်းဖြိုးသော မီးရောင်အောက်တွင်တော့ မြူနီစပယ် အမှိုက်ကား သွန်ချထားသလို တစ်ခန်းလုံး ပွစိလောက်စ ကျဲနေ သည်။ ဖရိုဖရဲဖြစ်နေသည်။ တစ်စုံတစ်ယောက်သောသူသည် ချို သက်ကြည်၏အခန်းထဲတွင် စိမ်ပြေနပြေ အကျအန မွှေနှောက်သွား နှင့်လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ပထမတော့ ချိုသက်ကြည် ငူငူကြီးရပ်နေသည်။ သူ့အခန်းကို မယုံနိုင်သလို စိုက်ကြည့်နေသည်။ နောက် ဆတ်ခနဲ လှုပ်ရှားသွားၿ၏။ သူမသည် စာရေးစားပွဲထိပ်တွင် သံချိတ်ကလေးနှင့် ချိတ်ထားသော စာအိတ်သုံးလုံးဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားသည်။

ပြီး....... စာအိတ်တစ်လုံးကို ကမန်းကတန်း ဟ,ကြည့်ပြီး ဟင်းခနဲ သက်ပြင်းချလိုက်သည်ကို မောင်မောင် မြင်လိုက်ရသည်။ သူမသည် စာအိတ်ထဲမှ စက္ကူခေါက်လေးတစ်ခုကို ဆွဲထုတ်လိုက်ပြီး နီဝိုးရျည်မြင့်ရျည်နှင့် အမောတကောဖြစ်နေသော ရင်မှာကြားတွင် အမြတ်တနိုး ကပ်ထားလိုက်သည်။

"တော်ပါသေးရဲ့....... တော်ပါသေးရဲ့....... ၊ ပါသွားပြီထင်နေတာ"



သူမသည် မျက်လုံးအစုံကိုမှိတ်ရင်း တီးတိုးရွတ်ဆိုလိုက်သည်။ မောင်မောင်က သူမအနားသို့ ရောက်ရှိသွားသည်။

ဘာပစ္စည်းမို့ ဒါလောက် အရေးတကြီးဖြစ်နေရတာလဲ ချိုသက်.......

"ဟင်....... ရှင်နဲ့ ဘာဆိုင်လို့လဲ"

ချိုသက်ကြည်က စာရွက်ခေါက်ကလေးကို ဆတ်ခနဲ နောက်သို့ဝှက်လိုက်ပြီး ပြူးတူးပြဲတဲမေးသည်။ အထိတ်တလန့်ဆိုသည်။ မောင်မောင်သည် ချိုသက်ကြည်၏ ချက်ချင်းလက်ငင်း ပြောင်းလဲသွားသော အမူအရာကို အံ့ဩတကြီးဖြစ်မိသည်။ စာအိတ်ထဲမှ စက္ကူခေါက်ကလေးသည် သူမအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေလေရော့သလား။

"ဟုတ်ပါတယ်....... ကိုယ်နဲ့ ဘာမှမဆိုင်တာတော့ မှန်ပါတယ်။ ဒါပေမယ့် ချိုသက်အတွက် စိုးရိမ်လို့ မေးမိတာပါ။ အရေးကြီးတဲ့ပစ္စည်း ပါမသွားရင်လဲ ပြီးတာပဲပေါ့"

ချိုသက်ကြည် သက်ပြင်းချလိုက်သည်။

ပြီး....... ညည်ခန်းအလယ်တွင် လဲနေသော ထိုင်ခုံကို ထောင်၍ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

"တခြားပစ္စည်းရော စစ်ကြည့်ပါဦးလား ချိုသက်၊ အိပ်ခန်းထဲမှာရော အဖိုးတန်ပစ္စည်းတွေ ထားသေးသလား။ ဝင်ကြည့်ဦးလေ"

"ဝင်ကြည့်လဲ ခေါင်းအုံးတွေ မွေ့ရာတွေကို ဓားနဲ့ခွဲထားတာပဲ တွေ့မှာပေါ့ ကိုဘခက်ရယ်။ တခြားတန်ဖိုးရှိတဲ့ပစ္စည်းတွေလဲ ပျောက်မှာမဟုတ်ပါဘူး။ မယုံရင်ဝင်ကြည့်ပါလား"

မောင်မောင်ဘခက် ဝင်ကြည့်သည်။

ချိုသက်ကြည်ပြောသည့်အတိုင်း တစ်ခန်းလုံး ခေါင်းအုံး

www.burmeseclassic.com

www.burmeseclassic.com



နှင့်မွှေ့ရာမှ မှို့တွေဖြင့် ဖွေးဖွေးလှုပ်နေသော်လည်း မှန်တင်ခုံပေ
တွင် တင်ထားသော ချိုသက်ကြည်၏ ဆွဲကြိုးတစ်ကုံးကိုတော့ အမေ
အထားတောင်မပျက်။ အံ့ဩစရာပါပဲလား။ ချိုသက်စကား မှန်ေ
လေပြီ။

သူတို့တစ်တွေ ဘာကို ဒါလောက် သဲသဲမဲမဲ ရှာသွားကြ
သနည်း။ ချိုသက်ကြည်လက်ထဲမှ 'စာရွက်ခေါက်'ကလေးကို မျ
လား။ မောင်မောင် အပြင်ထွက်လာသည်။ ချိုသက်ကြည်က သူ့
စူးစမ်းသလို ကြည့်သည်။

"ဟုတ်တယ် ချိုသက်၊ ချိုသက်ပြောတဲ့အတိုင်း မွေ့ရာ
ခေါင်းအုံးတွေကို ဓားနဲ့ခွဲပြီး ရှာသွားကြတယ်။ အဲ...... ဒါပေမယ
လို့ မှန်တင်ခုံပေါ်မှာတင်ထားတဲ့ ချိုသက်ရဲ့ဆွဲကြိုးကတော့ ရှိ
တုန်းပဲ"

ချိုသက်ကြည်သည် ကျေနပ်သလို ဟက်ခနဲ မထိတ
ရယ်လိုက်သည်။

"ဟုတ်တာပေါ့ ကိုဘခက်၊ သူတို့လိုချင်တာက ရွှေ
ပစ္စည်းထက် တန်ဖိုးရှိတဲ့ဥစ္စာပါ။ ဒါကို ချိုသက်က သူတို့ လာ
မယ်ဆိုတာ ကြိုတင်တွေးမိလို့ သူတို့ရှေ့မှာတင် ဝှက်ထားလိုက်တ
လေ"

"ဘယ်လို...... ချိုသက်က ဘယ်လို ဝှက်ထားတာလဲ"

"စောစောက ကိုဘခက်မြင်တဲ့ စာအိတ်ထဲမှာထည့်
ပြောင်ချိတ်ထားလိုက်တာပေါ့။ ဟင်း...... ဟင်း။ ချိုသက်ကို ဒီ
စမ်းလို့ ဘယ်ရလိမ့်မလဲကွယ်"

ချိုသက်ကြည်က မခိုးမခန့်ရယ်ရင်း ဆိုသည်။
ဟုတ်ပါသည်။

သူတို့တစ်တွေသည် စာရေးစားပွဲထိပ်ရှိ နံရံမှ သံချိ



ကလေးတွင် ချိတ်ထားသော စာအိတ်သုံးလုံးကို လုံးဝကြည့်သွား
ကြဟန်မတူ။ ဒီနည်းမျိုးမှာ မျက်စိအောက်တွင် ပြောင်ဝှက်ခြင်းဟု
မောင်မောင်သိထားဖူးသည်။

အလွန့်အလွန် အရေးကြီးသည့်ပစ္စည်းကို မြင်နိုင်သော
နေရာတွင် ဖုံးကွယ်၍ ထားသည့်နည်း။ ပေါ့ပေါ့ဆဆထားသည့်
နည်းပင်။ ရှာသူကတော့ ကြိုကြိုကြားကြား ခက်ခက်ခဲခဲ ရှာပေလိမ့်
မည်။ သူသည် ချိုသက်ကြည်ကို ကျိတ်၍ ချီးကျူးမိလိုက်သည်။

ယခုတော့ မောင်မောင်၏ဦးနှောက်က ကွန်ပျူတာစက်လို
တွက်ချက်နေပါပြီ။ သိမ့်သိမ့်သည် ဇောတိကဂေဟာကြီးမှ သက်စွန့်
ဆံဖျား ထွက်ပြေးခဲ့၏။ သူမ၏ ရင်ထဲတွင် မြေပုံစက္ကူပိုင်းတစ်ခု
ပါလာသည်။

ယခုတစ်ဖန် ဇောတိက၏ ပင်တိုင်စံထိပ်ထားလေး ချိုသက်
ကြည်သည် ဇောတိကဂေဟာမှ ထွက်ခဲ့၍ မြေနီကုန်းဘော်ဒါဆောင်
တွင် တစ်ကိုယ်တည်း အခန်းငှား၍နေသည်။ သူမ၌လည်း သိမ့်သိမ့်
ပိုင် စက္ကူပိုင်းကလေးတစ်ခု ပါလာရမည်။

စောစောက စာအိတ်အတွင်းမှ အမြတ်တနိုး ထုတ်ယူပြီး
ရင်ခွင်မှာကပ်ထားသော စက္ကူခေါက်ကလေးမှာ လျှို့ဝှက်မြေပုံ
ကလေးတစ်ခုသာ ဖြစ်ရပေမည်။

သိမ့်သိမ့်သည် မြေပုံစုတ်ကလေးတစ်ခုအတွက် သက်စွန့်
ဆံဖျား ပြေးခဲ့ရသည်။

အရိုက်ခံရသည်။ ဆေးရုံတွင် အမနီးစီးရား အတိတ်မေ့
ဝေဒနာကို ခံစားနေရရှာသည်။

ချိုသက်ကြည်ကိုတော့ သူတို့က အသက်ကိုရန်မရှာလှ
ဒုက္ခမပေး။ သို့ပေမယ့် တစ်ခန်းလုံး မွှေနှောက်ရှာဖွေသွားသည်
ရစရာပင် မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



သည် လျှို့ဝှက်စက္ကူပိုင်းကလေးတစ်ခုကို သိမ့်သိမ့် သူရထားသည်။ ချိုသက်ကြည်ထံတွင်လည်း တစ်ပိုင်းရှိနေရမည် သည် လျှို့ဝှက်မြေပုံကလေးသည် မည်မျှ အရေးကြီးသနည်း။ မျှ အဖိုးထိုက်သနည်း။

"စိတ်ပျက်သွားပြီလား ကိုဘခက်၊ ချိုသက်တော့ ကိုဘ ကို သိပ်အားနာသွားပြီ"

ချိုသက်ကြည် သတိဝင်လာဟန်နှင့် ဆိုသည်။

"မပျက်ပါဘူး ချိုသက်၊ ချိုသက်အတွက် စိတ်မကော ဖြစ်မိတာပဲ ရှိပါတယ်။ ကဲ...... ပစ္စည်းတွေကို နေရာတကျ ရွှေ့ကြရအောင်။ ချိုသက် အိပ်ခန်းကတော့ လုံးဝသုံးလို့ရတော့ မဟုတ်ဘူး"

"ဒါတွေ ပူမနေစမ်းပါနဲ့ ကိုဘခက်ရယ်၊ ကဲ...... ထို နော်၊ ကြည့်...... ချိုသက် ကိုဘခက်ကို ညည်ခံဖို့တောင် မေ့ တယ်။ ဆောရီးနော် ကိုဘခက်"

"ရပါတယ် ချိုသက်ရယ်"

ချိုသက်ကြည်သည် ထမင်းစားခန်းထဲသို့ ဝင်ရောက်ပျော ကွယ်သွားသည်။ ပြန်ထွက်လာတော့ ဖန်ခွက်နှင့်ဝီစကီတစ်လုံး

"ပိုက်လေဘယ်လေ၊ အန်တီလူစီ တိုက်မှာတုန် 'ဘလက်'ကို သောက်ခဲ့ရတယ် မဟုတ်လား။ အခု ချိုသက်ဆီရော တော့ အဖြူပေါ့၊ ဘယ့်နှယ်လဲ...... ကြိုက်တယ်နော်"

"ဟင့်အင်း"

"ရှင်......"

"ကြိုက်တော့ ကြိုက်ပါတယ်၊ 'ရက်ဒ်လေဘယ်' ဆို ပိုကောင်းမလားလို့"

ချိုသက်ကြည် သူ့ကို ထိုးသည်။ မျက်စောင်းကြီးနှင့်



ည်။

"ကိုဘခက်ဟာလေ ကြံကြံဖန်ဖန် သိပ်ကို ပြောတတ်တာ ဘဲ...... သောက်"

ချိုသက်ကြည်က ပြောပြောဆိုဆို ဆိုဒါပုလင်းများကို ယူသည်။

ယခုတော့......

မျက်နှာချင်းဆိုင်......

"သူများကို စမ်းချင်လို့ ဘယ်ရမလဲကွယ်၊ သူများက သူတို့ ရှစ်ဆလောက် လည်ပါသေးတယ်။ ဟွန်း......"

"သူတို့ဆိုတာ ဘယ်သူလဲ ချိုသက် ဟင်......"

"အို...... ဒါတွေ ကိုဘခက် နားမလည်ပါဘူး။ သိလဲ ချင်ပါနဲ့၊ ဇောတိက,က အရှုပ်အထွေးတွေပါ"

မသိချင်ပါနဲ့ဟုလည်း ဆိုသည်။ ဇောတိက,က အရှုပ်အ ထွေးတွေပါဟုလည်း ပြောသည်။ ချိုသက်ကြည် စကားထဲက ပြလာပြီ။

"မသိချင်ပါဘူး ချိုသက်၊ ကိုယ်နဲ့ဘာဆိုင်တာ မှတ်လို့ မယ့် ဒါလောက်တောင် ယုတ်မာတဲ့ အကြံအစည်မျိုးကိုတော့ ပြို့မိတာ အမှန်ပဲ။ ဘယ့်နှယ်ဗျာ၊ မိန်းကလေးတစ်ယောက် တဲ့ အခန်းကို ခိုးကြောင်ခိုးဝှက်ဝင်ပြီး......"

"ဟုတ်တယ်၊ ဒါက သိပ်ယုတ်မာတယ်၊ သတ္တိရှိရင် ပြောင် လုလှည့်ပေါ့၊ ဒါမျိုးကျတော့ သူတို့က သတ္တိမရှိဘူး"

ချိုသက်ကြည်၏စကားတွေက တစ်စွန်းတစ်စ အန်ထွက် သည်။

"သူတို့ဟာ အမြဲတမ်းယုတ်မာညစ်ပတ်တဲ့ အကြံအစည် ရှိနေတာ ......ရဲ့၊ သူများကလဲ သိလိုက်သေးမနောကို

www.burmeseclassic.com

www.burmeseclassic.com



ကြေလို့"

"သိရက်သားနဲ့များ ချိုသက်က ဘာလို့ငြိမ်ခံနေရတာလဲ၊ ရဲကိုတိုင်လိုက်ပါလား"

"ဩော်...... မကောင်းရာ မကောင်းကြောင်းတွေ ဖြစ်နေလို့ပေါ့ ကိုဘခက်ရယ်၊ ဒါကြောင့်လဲ သူတို့နဲ့ဝေးတဲ့နေရာမှာ ကင်းကင်းရှင်းရှင်း လာနေတာပေါ့၊ ဒါမှ သူတို့တစ်တွေ လွတ်လွတ်လပ်လပ် ကမြင်းကြရမယ်မို့လား"

မောင်မောင်ဘခက် အံ့ဩသွားသည်။ အမှတ်မထင်လည်း မေးဖြစ်သည်။

"သူတို့ဆိုတာ ဘယ်သူတွေလဲ ချိုသက် ဟင်......"

"ပြောရရင်တော့ မိုးကြိုးပစ်ချလိမ့်မယ်"

"ဟင်...... ဘာဖြစ်လို့"

"သူများ မိထွေး အဲလစ်စ်ပေါ့"

"အဲလစ်စ်...... အဲလစ်စ်......"

"ဟုတ်တယ်၊ အဲလစ်စ်နဲ့ အစ်ကိုလွှန်းအိမ်"

"အစ်ကိုလွှန်းအိမ်ဆိုတာ......"

"သူများရဲ့ အစ်ကို အကြီးဆုံးပေါ့၊ ဖအေတူမအေကွဲ၊ ကဲ...... တော်တော့ကွယ်၊ ဒီအကြောင်းတွေကို သူများ မပြောချင်တော့ဘူး။ ပါးစပ်သနတယ်"

"ချိုသက် ရေချိုးချင်တယ်ကွယ်၊ အိုက်လိုက်တာ"

"ကိုယ် အရင်ချိုးပါရစေ၊ ကိုယ့်ဗိုက်ထဲမှာ ငရဲမီးတွေ လောင်းထည့်ထားသလိုပဲ"

"ဟင့်အင်းကွယ်၊ သူများ အရင်ချိုးမယ်"

"လိမ္မာပါတယ် ကလေးရယ်"

"ဘာ ကလေးလဲ လာပြန်ပြီ၊ ကဲ...... ကလေးဆိုရင် ငုံ



ပြာပြ......"

မောင်မောင်ဘခက်အတွက် မခက်လှပါ။ ပြောဆိုလည်း ပြပြလိုက်ရုံပေါ့။

"ဟိုး...... ရှေးရှေးတုန်းကတဲ့......"

"အင်း......"

"သိန်း၊ ဒေဝိန်း၊ ကာမိန်း ပကုတ်ဆိုတဲ့ အမတ်ကြီး လေး ယောက်ရှိသတဲ့"

"အင်း......"

"သူတို့လေးယောက်ဟာ 'အမရာ'ဆိုတဲ့ အလွန်လှပတဲ့ မချောလေးရဲ့အဆောင်ကို သွားပြီး 'ဂေါ်'ကြတယ်တဲ့"

"တော်ကွယ်...... အဟုတ်မှတ်လို့ နားထောင်နေတာ၊ ဟာ်သဓာဇာတ်တော်ထဲက မျောက်ဖြူကြီးလေးစီးအကြောင်းကို ပြာမလို့ မဟုတ်လား...... ခေါက်၊ သူများ သိပြီးသား"

"ကဲ...... ဒီလိုဆိုရင် ခဏလေး မေးနေလိုက်ဦး၊ ကိုယ် ချိုးလိုက်ဦးမယ်၊ ရေချိုးခန်း ဘယ်မှာလဲ"

"အိပ်ခန်းနဲ့တွဲရက်၊ မြန်မြန်လဲ ချိုးနော်...... သူများ အိုက် လို့"

"အင်းပါ"

အိပ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသော သူ့ကို ကြည့်က ရိဝေစွာကြည့်ရင်း ကျန်ခဲ့သည်။

သူပျောက်ကွယ်သွားသည်နှင့် ခါးကြား ထမီအထက်ဆင် ၌ လိပ်သွင်းထားသော စက္ကူခေါက်ကလေးကို ဖျတ်ခနဲ ထုတ် ပြီး ဖြန့်ကြည့်သည်။

ကျေနပ်စွာ ပြုံးသည်။

ထို့နောက် စားပွဲပေါ်တွင် တင်ထားသော ပတ်စတင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်များ စိုက်ထားသည့် ဖန်ပန်းအိုးကလေးထဲသို့ လိပ်၍ သွင်းလိုက်သည်။

မကြာမီ.......

ခြေသံကြားရသည်။

ချိုသက်ကြည်သည် အိပ်ခန်းဝသို့ လှည့်ကြည့်လိုက်သည်။ ခန်းဆီးစကလေး လှုပ်သွားသည်။

"အ....... မ....... လေး......."

ချိုသက်ကြည် အလန့်တကြားအော်မိသည်။

အိပ်ခန်းတွင်းမှ ဖြူဖြူဖွေးဖွေးသတ္တဝါကြီးတစ်ကောင် ထွက်လာသည်။

သူ....... သူ။

သူ့တစ်ကိုယ်လုံး မှို့တွေကပ်ပြီး ဖွေးဖွေးဖြူနေသည်။

ရေချိုးပြီး အခန်းထဲတွင် လူးလာဟန်တူသည်။

"ဒါ.......ဒါ ဘာလုပ်တာလဲ ကိုဘခက်"

"မျောက်ဖြူကြီးလေ....... 'အမရာ'ဆီကို လာတာ"

သူက ပြုံးဖြဲဖြဲနှင့် ခြေကားယား လက်ကားယားလုပ်ရင်း ချိုသက်ကြည်ထံလာသည်။ ချိုသက်ကြည် ထပြေးသည်။ ခိုးဆိုးခစ်ခစ်ရယ်ရင်း သူ့ကို လွတ်အောင်ရှောင်သည်။ အိမ်ခန်းထဲ ဝင်ပြေးသည်။ နောက်ကလိုက်လာသည်။ ရေချိုးခန်းထဲဝင်၍ တံခါးပိတ်လိုက်သည်။

အတွင်းမှ ရေသံကြားရသည်။

မောင်မောင်သည် ဧည့်ခန်းထဲသို့ လှစ်ခနဲ ပြေးထွက်ခဲ့၏။ စက္ကူစုတ်ကလေးကို ပန်းအိုးထဲမှ ထုတ်ပြီး သူ့တွင်ရှိနေသော သိန်း၁၀ိ၇၂၆၈၉၈၏ မြေပုံစုတ်နှင့် ဆက်ကြည့်သည်။

အံကိုက်ပါပဲ။



သို့တစေ မြေပုံတစ်ချပ်လုံးတော့ ဖြစ်မလာ။

လိုနေသည့် အစိတ်အပိုင်းတွေက ရှိနေသေးသည်။

သူသည် ချိုသက်ကြည်၏ မြေပုံစုတ်ကို ယူလိုက်ပြီး စက္ကူအိပ်ကလေးတစ်ခုကို ပန်းအိုးထဲသို့ အစားထည့်လိုက်၏။

သည်စဉ်တွင်.......

ရေချိုးခန်းအတွင်းမှ သီချင်းသံသဲ့သဲ့ကြားရသည်။ မောင်မောင်သည် အိပ်ခန်းအတွင်းသို့ ကမန်းကတန်းပြန်ဝင်ခဲ့၏။

ရေချိုးခန်းတံခါး ပွင့်လာသည်။

ချိုသက်ကြည် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



### အခန်း (၇)

ဘ,စိုးအောင်သည် အုန်းပင်ပေါ်မှ မျောက်တစ်ကောင်လို ဆင်းလာသည်။

ခါးတောင်းမြှောင်အောင် ကျိုက်ထားသည်။

ထိုးကွင်းမှင်ကြောင်တွေက အထင်းသား ပေါ်လွင်နေသည်။ ဖုထစ်လုံးကြွနေသော ကြွက်သားများမှာ အကြောင်းလိုက် ကြွနေသည်။ သူ့ခါးတွင် ဓားတစ်လက်နှင့် အုန်းသီးနှစ်လုံး ချိတ်ဆွဲထားသည်။

ဝင်းစ်.......

ဘ,စိုးအောင်သည် လောကကြီးတွင် အနှစ်ငါးဆယ်ကျော် နေခဲ့ပြီးဖြစ်သော်လည်း ယခုအခါ သန်တုန်း။ မြန်တုန်းပင်။ ပြီးတော့ သူက ရေမြန်မာ့လက်ဝှေ့သမားကြီးလည်း ဖြစ်သည်။ အရပ်ခြောက်ပေနီးပါးရှိ၍ ကွမ်းမစား။ ဆေးလိပ်မသောက်၊ အရက်ဆိုလျှင် ဝေလာဝေ။



ဘ,စိုးအောင်သည် မောင်မောင်၏ လက်ရွှဲဖြစ်သလို.......

မောင်မောင်သည် ဘ,စိုးအောင်၏ အချစ်တော်ဖြစ်၏။

"စိမ်းရိုပ်ငြိမ်"အုန်းခြံသို့ မောင်မောင်ရောက်လာသောအခါ အဘဦးစိုးအောင်ကိုပင် ဆရာတင်၍ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းပင်။

မောင်မောင်သည် တက္ကသိုလ်မှ စိုက်ပျိုးရေးဘွဲ့ (B.Ag) ရခဲ့ပြီးဖြစ်သော်လည်း လက်တွေ့တွင်မူ ဘ,စိုးအောင်၏ ခြေသန်းများကိုမျှ မမှီ။

ဘ,စိုးအောင်ကို အားကိုး၍ ခြံကို တိုးချဲ့သည်။ အုန်း၊ ညောင်း၊ သရက် နှစ်ရှည်ပင်များကို ထပ်ချသလို၊ ယိုးဒယားဆီးသီး၊ ပျစ်၊ ဂရိတ်ဖရု စသည်များကိုလည်း စမ်းသပ်စိုက်ပျိုးသည်။ နှင်းဆီ၊ စပယ်၊ သစ်ခွစသည်များကိုလည်း စိုက်ထားသည်။

ယခုတော့ 'စိမ်းရိပ်ငြိမ်' အုန်းခြံ၏ လစဉ်ဝင်ငွေမှာ ထောင်ထန်းအထက်သို့ ရောက်နေပေပြီ။

ဤသည်မှာ ဘ,စိုးအောင်၏ကျေးဇူး။

သို့မို့ကြောင့်ပင် ဘ,စိုးအောင်ကို သူတို့တစ်တွေ မိဘလို ခင်မင်နေခြင်းပင်။ တစ်ခုတော့ ရှိ၏။ ဘ,စိုးအောင်သည် အင်မတန် အစားပက်စက်သည်။ ထူးထူးဆန်းဆန်း စားဖွယ်သောက်ဖွယ်ကလေးများကို မောင်မောင့်အား လုပ်ကျွေးလေ့ရှိသည်။ သူကိုယ်တိုင်လည်း စားသည်။

"အဲ...... တစ်ခု အကျင့်ဆိုးသည်က သူချက်ထားတာကို မေမလေနှင့်။ စားမှာသာစား။ စားပြီးမှ 'ဘာ'ဆိုတာကို သူက ပြောသည်။ တစ်ခါတစ်လေ စားပြီးမှ ဝေါ့ခနဲ အန်ထုတ်ပစ်ချင်လောက်အောင် ဖြစ်ရသည်။

ဥပမာ...... ပုတ်သင်ညို၊ ခေါင်းစိမ်းကြောင် လေကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်တဲ့။

တောက်တဲ့ကင်း ပန်းနာပျောက်သည်တဲ့။

မြွေပွေး အိုးစွင့်မျက်၊ အားလုံး ပဲ့ဟာဒီဟာ ကောင်းသည်တဲ့။

အီကုတ်၊ တးပြီးရင် တိုင်ကိုသာ မှီထားပေတော့။ ဒါလောက်ပဲ အရသာရှိသည်။ သို့တစေ....... အီကုတ်ကို ရွေးတတ်ဖို့လိုသည်။ အီကုတ်ဆိုသည်မှာ ဗိုးလမင်းဟု ခေါ်နေကြသည့် ဖါဖါဝင်း ရွှေရောင်အကောင်။ မြေကြီးထဲတွင် ခွေနေတတ်သည်။

နှလွှန်းလျှင် ကြက်ဥနှစ်ကဲ့သို့ ချဲသည်။ ရင့်လွှန်းလျှင်လည်း စားမကောင်း။ စပ်တင်းတင်းကလေး ဆီပူလိုမ့်၊ ကြက်သွန်အကြွင်းကြွင်းလှီးအုပ်။ အဝတ္တိကြည့်စမ်း။

တစ်ခါက မောင်မောင် ဘရမ်ဒီသောက်နေစဉ် ဘ,စိုးအောင်က အမြည်းတစ်ပန်းကန် လာချပေးသည်။ ပုစဉ်းလိုလို၊ ပုရစ်လိုလို၊ ဝိုးဟပ်လိုလို အကောင်ကလေးတွေ ရဲနေအောင် ဆီပူလိုမ့်ထားသည်။

“ဘာလဲဗျ ဘစိုးအောင်”

“စားကြည့်စမ်း။ အဲဒါ ဂျယ်လို့ခေါ်တယ်၊ တို့ဆီမှာတော့ စားရခဲတဲ့ငြင်းပေါ့ကွာ။ အဲ....... တောင်ပိုင်းရှမ်းပြည်နယ် တာကောတံတားဘက်မှာတော့ သိပ်ပေါတာပ”

မောင်မောင်စားကြည့်သည်။

သိပ်အရသာရှိသွားသည်။ စားပြီးတော့မှ ထိုဂျယ်ဆိုသည့် သတ္တဝါကို ဘယ်ရသနည်းဟု မေးကြည့်တော့ ဘစိုးအောင်က တိုက်ကလေးရှေ့ မြက်ခင်းထဲမှ ဝိတောက်ပင်ကြီးပေါ်ကို လက်ညှိုးထိုးပြသည်။

“မနေ့ညက အော်တဲ့အကောင်တွေ အသံကြားမှာပေါ့။ ဒါ



တမာစေးကျိုပြီး အပေါ်သစ်ကိုင်းတွေကို လိုက်သုတ်ထားတယ်လေကွာ၊ အဲ....... မနက်ကျတော့ တက်လဲကြည့်လိုက်ရော အဲဒီကောင်လေးတွေ တမာစေးနဲ့ကပ်ပြီး စန့်နေကြတာပေါ့ကွ၊ ဟား....... ဟား....... ဟား”

ထိုသောအခါတွင် ဂျယ်ဆိုသည်မှာ ပုစဉ်းရင်ကွဲတစ်မျိုးပါလားဟု မောင်မောင်သဘောပေါက်ရ၏။

ဘစိုးအောင်ကား အစားအသောက်အတွက် အလွန် အပင်ပန်းခံနိုင်သူတည်း။

သူတို့တစ်တွေ စိမ်းရိပ်ငြိမ်တွင် ပိုင်းလုပ်ပိုင်းစား ပျော်ပျော်ပါးပါး နေခဲ့ကြသည်။

သို့တစေ.......

ယခု တစ်ရက်နှစ်ရက်အတောအတွင်း ဘစိုးအောင် ဘဝင်မကျဖြစ်နေသည်။ ယမန်နေ့က ကုလေးတစ်ယောက် နေမကောင်း၍ ဝါးနက်ချောင်းရွာသို့ ညအိပ်ညနေသွားခဲ့သည်။ စိမ်းရိပ်ငြိမ်သို့ ပြန်ရောက်တော့ မိန်းကလေးတစ်ဦးနှင့် ပတ်သက်ပြီး ပြဿနာဖြစ်ကြရသည်ဟု စိန်စိပိုးက သူ့ကို အရိပ်အမြွက်ပြောပြသည်။

မောင်မောင်လည်း မနေ့ကတည်းက ဆိုင်ကယ်တစ်စင်းနှင့် ထွက်သွားသည်။ ယခုတိုင်အောင် ပေါ်မလာသေး။ စိန်စိပိုးသည် မနေ့ညနေက ရန်ကုန်ဆေးရုံကြီးသို့ သွားသည်။ ညဉ့်အတော်မိုးချုပ်မှ ပြန်လာသည်။ ပြန်လာတော့လည်း သူ့ကို အထွေအထူးမပြော။ ညဉ့် အထူးသတိဝီရိယထားအိပ်ရန်သာ မှာပြီး စောစောအိပ်ရာဝင်သည်။ တိုက်တံခါးတွေကို လုံခြုံအောင်ပိတ်သည်။

ဘ,စိုးအောင်သည် တိုက်နှင့်မနေတတ်ဆိုပြီး တိုက်နောက်ဖေးတွင် တဲကလေးတစ်လုံး သီးသန့်ထိုးပြီးနေခဲ့သည်။ ညကတော့ သူ တစ်ညလုံး မအိပ်ခဲ့။ မအိပ်သည့်အတူတူ အကျိုးရှိအောင်လုပ်

www.burmeseclassic.com



မည့်ဟု ဆုံးဖြတ်ကာ မြို့စည်းရိုး ဝါးရုံတောထဲတွင် တချက်ချက်ဖြင့် အလုပ်များနေခဲ့သည်။

မနက် မိုးလင်းသည်အထိ မောင်မောင် ပြန်မရောက်လာ။ စိန်စီပိုးသည် ပလတ်စတစ် ဆွဲခြင်းထဲတွင် ဓာတ်ဘူး၊ စားဖွယ် သောက်ဖွယ်များကိုထည့်ကာ 'အမောင်လာရင် ဆေးရုံသွားတယ်လို့သာ ပြောလိုက်ပါ ဘ,စိုးအောင်' ဟုဆို၍ ထွက်သွားသည်။

"အိမ်း....... ဘယ်လိုတွေများ ဖြစ်ကုန်ပြီလဲကွယ်"

ဘ,စိုးအောင်သည် အသံထွက်အောင် ညည်းလိုက်ပြီး ခါးမှ အုန်းသီးနှစ်လုံးကို ဖြုတ်သည်။ စစ်ခါးပတ်အကြီးနှင့် တွဲထားသော ထန်းလျက်ခဲကို ဖြုတ်သည်။

ထိုစဉ်နိုက်မှာပင် မြို့ဝ၌ ကားတစ်စီးရပ်သံ ကြားလိုက်ရသည်။ မောင်မောင်များလား မဖြစ်နိုင်။ စိန်စီပိုးက နံပါတ်ကိုး ဘတ်စ်ကားနှင့်သွားသည်။ မောင်မောင်ဆိုလျှင် မော်တော်ဆိုင်ကယ်သံ ကြားရမည်။ စိန်စီပိုးဆိုလျှင်လည်း ခြေကျင်ပြန်လာရမည်။ ကေန္တ အုန်းသီးဝယ်ရန်လာသူများပဲ ဖြစ်ရမည်။

မြို့ထဲသို့ လူနှစ်ယောက် ဝင်လာသည်။ နှစ်ယောက်စလုံး ဘောင်းဘီရှည်တွေနှင့်။ ပြီးတော့ သူတို့မျက်လုံးတွေကလည်း ဟိုကြည့်ဒီကြည့်နှင့်။ ပျာလောင်ခတ်နေသည်။

လူနှစ်ယောက်သည် တိုက်ပုကလေးရှေ့တွင် ရပ်နေသော ဘ,စိုးအောင်ထံသို့ ဦးတည်ပြီး လျှောက်လာသည်။

သူက အေးအေးဆေးဆေး ရပ်ကြည့်နေသည်။

"အဘက ဒီခြံကလား"

"အိမ်း....... ဘာလုပ်မလို့လဲကွယ်၊ အုန်းသီးဝယ်ချင်လို့လား"

"မဟုတ်ပါဘူး၊ အိမ်ရှင်တွေနဲ့ တွေ့ချင်လို့ပါ"



"မရှိကြဘူးကွယ့်၊ အပြင်သွားကြတယ်"

"ဒီလိုဆိုရင် သာကောင်းတာပေါ့၊ ကျုပ်တော်တို့ တိုက်ထဲကို ခဏဝင်မယ်"

"ဟေ....... ဘာကိစ္စ"

သူတို့နှစ်ယောက်က တဟဲဟဲရယ်လိုက်ကြပြီး အချင်းချင်း မျက်စပစ်ပြလိုက်ကြသည်။ အဘိုးကြီးကလည်း သိလိုက်တာမှ သိပ်သိ။

ငနဲနှစ်ကောင်သည် ဂျာကင်ရင်ဘတ်ထဲကို နှိုက်လိုက်၏။ ဘ,စိုးအောင်က ဒူးပျံတစ်လုံး ပစ်သွင်းလိုက်သည်။ 'အွတ်' ခနဲ အသံနှင့်အတူ ဗိုက်ကိုနှိပ်ရင်း တအင်းအင်း ညည်းညူနေသည်။

နောက်တစ်ယောက်က ဘ,စိုးအောင်ကို နောက်က ခုန်အုပ်လိုက်၏။ နှစ်ယောက်သား လုံးထွေးသွားသည်။ 'အား' ခနဲ အသံနှင့်အတူ ဗိုက်ကိုနှိပ်ရင်း ထိုင်ကျသွားသည်။ အဲဒါ လက်သီးမုန်း။

လက်သီးမုန်းနှင့် ဒူးပျံတစ်လုံးစီသာ သုံးလိုက်ရသည်။ တစ်ယောက်က မျက်ဖြူလန်သွားသည်။ တုတ်တုတ်မှမလှုပ်။ တစ်ယောက်ကတော့ ဗိုက်ကိုနှိပ်ရင်း တအင်းအင်း ညည်းညူနေသည်။

"အဲဒါ မြန်မာ့လက်ဝှေ့ကွ၊ မှတ်ထား။ မင်းတို့လိုကောင်မျိုးတော့ ဆယ်ယောက်လာခဲ့ဦး။ ငါက မမှုသေးဘူးကွယ်"

ဘ,စိုးအောင်က 'ဖြောင်း' ခနဲ 'ဖြောင်း' ခနဲ လက်ခမောင်းကို ခတ်လိုက်ရင်းက ကြိမ်းဝါးလိုက်ပြီး မျက်ဖြူလန်နေသည့် ငနဲ၏ ဂျာကင်အောက်သို့ နှိုက်လိုက်သည်။

အလားလား....... ခြောက်လုံးပြူးကြီးပါလား။ ဘ,စိုးအောင်သည် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သူဖြစ်သည်။ သေနတ်အကြောင်းကို နားလည်သည်။ သူသည် 'ဝက်ဘလေ' ခြောက်လုံးပြူးကို ခါးချိုးလိုက်၏။ ကျည်ဆံခြောက်တောင့် သူ့လက်ထဲ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ပြီးမှ သေနတ်ကို မှလနေရာသို့ ပြန်ထားလိုက်သည်။

"ဟော့...... သူငယ်၊ မင်းလူကို ထမ်းနိုင်ရင် ထမ်းခေါ်သွား။ မထမ်းနိုင်ရင်တော့ ငါကိုယ်တိုင်ထမ်းပြီး ထောက်ကြန့်ရဲစခန်းကို ပို့ရလိမ့်မယ်"

"ထမ်း...... ထမ်း...... ထမ်းပါ့မယ် အဘ"

ဗိုက်နှိုင်နေသော ငနဲသည် တုန်တုန်ယင်ယင်ပြောရင်း ရှုံ့မဲ့၍ ထလာသည်။ သတိမေ့နေဆဲဖြစ်သော သူ့အဖော် သေနတ်သမားကို မနိုင့်တနိုင့်ထမ်းရင်း ခြံဝသို့ ယိုင်တီးယိုင်တိုင် ထွက်ခွာသွားသည်။

ဘ,စိုးအောင်သည် ထန်းလှီးဓားကိုကိုင်၍ နောက်ကလိုက်သွား၏။ ခြံဝတွင် ကားတစ်စင်း ရပ်ထားသည်။ ငနဲက သူ့အဖော်ကို နောက်ခန်းထဲသို့ ပစ်တင်လိုက်ပြီး ကမန်းကတန်း စက်နှိုးသည်။

"အိမ်း...... မှတ်လဲထားပေါ့ကွယ်၊ အဘနာမည်က စိုးအောင်တဲ့၊ အဲဒါ သက်သက်ညှာညှာ လုပ်လိုက်တာ"

သူ့စကားဆုံးသည်နှင့် ဝီလီဂျစ်က ဝုန်းခနဲ ခုန်ထွက်သွားသည်။ ဘ,စိုးအောင် ပြုံးရင်း ကျန်ရစ်ခဲ့သည်။

စိန်စီပိုးသည် ပလတ်စတစ်လက်ဆွဲခြင်းကလေးကို ကိုင်ရင်း အမှတ် (၉) ဟီးနိုးဘတ်စ်ကားဂိတ်မှ 'စိမ်းရိပ်ငြိမ်' အုန်းခြံဘက်သို့ လျှောက်လာသည်။

ကွေ့ကွေ့ကောက်ကောက် အပြင်းမောင်းနှင်လာသော ဂျစ်ကားကို လမ်းဘေးသို့ ကမန်းတန်း ဆင်း၍ ရှောင်လိုက်ရသည်။ ကံကောင်းလို့ မတိုက်မိတာပါကလား။ ဘယ်လို သတ္တဝါတွေပါလိမ့်။

စိန်စီပိုးသည် ခြံဝတွင် ထန်းလှီးဓားကြီးကိုင်၍ ရပ်နေသော ဘ,စိုးအောင်ကို အဝေးကပင် မြင်ရသည်။ ဘ,စိုးအောင်ကလည်း ရပ်စောင့်နေခဲ့သည်။ ခြံဝရောက်တော့ ခါးတောင်းမြှောင်အောင်



ကျိုက်ထားသော ဘ,စိုးအောင်ကိုမေးသည်။

"ဘာဖြစ်နေတာလဲ ဘ,စိုးအောင်၊ ဓားကြီးကိုင်လို့"

"ခုတ်မလို့ဟော့...... ခုတ်မလို့"

"ဘယ်သူ့ကို ခုတ်မှာလဲ"

"ခုဝင်စောစောက ဂျစ်ကားပေါ်က ကောင်တွေပ မိပိုးရဲ့။ ...ပေမယ့် ဒီကောင်တွေ ဓားနဲ့တောင် မတန်ပါဘူး"

စိန်စီပိုး သည်းထိတ်ရင်ဖို ဖြစ်သွားသည်။

"ဒီမယ်ကြည့်စမ်း မိပို။ အဲဒီကောင်တွေရဲ့ သေနတ်ထဲ... ထုတ်ယူထားလိုက်တာတွေ"

သူ့လက်ထဲတွင်တော့ ပြောင်လက်နေသော ရွှေအိုရောင် ...ည်ဆံခြောက်တောင့်။

"ဟင်...... သူတို့က သေနတ်နဲ့ ဘာလာလုပ်ကြပြန်တာလဲ ...,စိုးအောင်ရယ်"

"လာ...... အထဲကျမှ ပြောကြတာပေ့၊ ဒါနဲ့ နေပါဦး။ နင်နဲ့ ...အောင် ဘာတွေ ကျိတ်လုပ်နေကြသတုန်း။ ငါ့ကိုလဲ နည်းနည်း ...ါးပြောကြဦးဟ"

ဘ,စိုးအောင် ဒေါ်ပွနေဟန်တူသည်။ နှစ်ဦးသား ခြံထဲသို့ ...ခဲ့ကြသည်။

"ပြောမလို့ပါပဲ ဘ,စိုးအောင်ရယ်၊ ကျွန်မတို့မှာ ပြောဖို့ဆို ...ကို အချိန်မရနိုင်အောင် ဖြစ်နေလို့ပါ။ ဒါနဲ့ အမောင်ရော ပြန် ...ောက်ပြီလား"

"မောင်လဲ အခုထိမရောက်လာသေးဘူး။ ဒီကောင် ...စ ...ုံး ဘယ်တွေ သဝေထိုးနေသလဲ မသိဘူး"

သူတို့နှစ်ယောက် တိုက်ပုကလေးရှေ့သို့အရောက်တွင် ခြံ ...မော်တော်ဆိုင်ကယ်သံ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဘခက်ပဲ ဖြစ်ပါ၏။

သူသည် ဆိုင်ကယ်ကို ဘ,စိုးအောင်နှင့် စိန်စိပိုးတို့ရှေ့ [...] ရပ်လိုက်သည်။

သူ့ကို ကြောင်စီစီကြည့်နေသော စိန်စိပိုး။

ခါးတောင်းမြှောင်အောင် ကျိုက်၍ ထိုးကွင်းမှင်ကြော[...] တွေနှင့် ထန်းလျှီးဓားကြီးကို ကိုင်ထားသော ဘ,စိုးအောင်။

သူတို့နှစ်ယောက်စလုံး မောင်မောင့်ကို စိမ်းစိမ်းကြီး ကြ[...] နေကြသည်။

"ဘာတွေ ဖြစ်နေကြတာလဲ၊ မောင့်ကို မမှတ်မိကြတေ[...] ဘူးလား။ စိမ်းရိပ်ငြိမ်အုန်းခြံက မောင်မောင်ဘခက်လေ"

သည်တော့မှ ဘ,စိုးအောင် သတိဝင်လာဟန်တူသည်။

"အိမ်း...... ဒီလိုဆိုလဲ တိုက်ထဲကိုကြွပါ ကိုယ်တော်လေ[...] ...... ကျုပ်တို့ ကိုယ်တော်လေးကို မျှော်နေကြတာပ"

ဘ,စိုးအောင်၏ ဒေါ်ပွပွနှင့် ငေါ့တော့တော့ စကား[...] ကြောင့် မောင်မောင်သည် စပ်ဖြီးဖြီးလုပ်ရင်း ဆိုင်ကယ်ပေါ်မှ ဆ[...] လိုက်သည်။ တိုက်ပုကလေးထဲသို့ သုံးယောက်သား ဝင်ခဲ့ကြသည်[...]

သည်တော့မှ ဘ,စိုးအောင် ခါးတောင်းကျိုက် ဖြုတ်တေ[...] သည်။

"အား...... ဆာလိုက်တာ ဘစိုးအောင်ရာ"

"အဆင်သင့်ပါပဲ မောင်ရာ၊ ထမင်းစားခန်းထဲသာ တ[...] ဝင်ပေတော့။ ကဲ...... မိပိုးလဲ ရေမိုးချိုးလိုက်ဦး။ ပြီးမှ စကားပြေ[...] ကြတာပ"

မောင်မောင်သည် ထမင်းစားခန်းထဲသို့ ဝင်သည်။ ဘ[...] ဒီပုလင်းကို အရင်ကိုင်သည်။ ညက ရက်ဒ်လေဘယ်...... အဲ... ဝှိက်လေဘယ် အသောက်များသွားသဖြင့် ခေါင်းတွေ ကိုက်နေသည်[...]



သူသည် ဘရမ်ဒီကို ကြက်ဥနှင့်ရောစပ်၍ ထမင်းစားပွဲသို့ ရောက်လာသည်။

"ဘ,စိုးအောင်၊ ဒါတွေက ဘာတွေလဲဗျ။ ဝက်ပေါက်စကလေးတွေလား"

မောင်မောင်သည် ပန်းကန်ကြီးထဲတွင် အကောင်လိုက်ရဲနေအောင် ကင်ထားသော မွေးကာစ ဝက်ပေါက်စကလေးနှစ်ကောင်ကိုကြည့်ရင်း မေးလိုက်သည်။

"စားမှာသာ စားစမ်းပါ မောင်ရာ၊ စားပြီးတော့ ပြောတာပ"

"မဟုတ်တာတွေတော့ မလုပ်ခဲ့နော။ ကျွန်တော်က မြန်အန်ထုတ်ပစ်မှာ"

"အံမာ...... တော်တော်ကြာမှ ထပ်ရှာပေးပါဦး ဖြစ်နေဦးမယ်၊ ကဲ...... နည်းနည်းဖဲ့စားကြည့်စမ်း"

မောင်မောင် ဖဲ့လိုက်သည်။ အကောင်ကလေး၏ ပါးစပ်ဟသွားပြီး ရှေ့သွားကလေးနှစ်ချောင်း ပေါ်လာသည်။ မောင်မောင် လက်တွန့်သွားသည်။ နူးညံ့သောအသားတစ်ဖဲ့က သူ့လက်ထဲတွင် ပွံ့ပါလာသည်။ မရဲတရဲ မြည်းလိုက်သည်။

အား...... ကောင်းလိုက်တဲ့အရသာ။

"ဘာကောင်လဲ ဘ စိုးအောင်"

"ဝါးရုံမွေးလို့ခေါ်တယ်၊ ညက မင်းကိုစောင့်ရင်း ပျင်းတာနဲ့ ထောင်ဖမ်းထားတာ၊ နေပါဦး။ မင်းတစ်ညလုံးဘယ်သွားနေတာလဲ မောင်၊ အခုတလော မင်းတို့ ဘာတွေဖြစ်နေကြတာလဲ၊ ငါ့ကိုလဲ ပြောကြဦးကွယ့်၊ ဒီမှာ......"

ဘ,စိုးအောင်သည် ကျည်ဆံခြောက်တောင့်ကို စားပွဲပေါ်သို့ တင်လိုက်၏။ မောင်မောင် မျက်လုံးပြူးသွားသည်။ အပြူးမပျက်

www.burmeseclassic.com



ခင် စိန်စီပိုးရောက်လာသည်။ သုံးယောက်သား တဖင်းစားပွဲကွင်ဝိုင်းထိုင်ရင်း စကားပြောဖြစ်ကြ၏။

ပထမဆုံး မောင်မောင်က စ,ပြောသည်။ သိမ့်သိမ့်ကို ကယ်တင်ခဲ့သည်မှအစ၊ ချိုသက်ကြည်ထံမှ မြေပုံရခဲ့သည့်အဆုံး အားလုံးကို ပြောပြသည်။ အဲ....... အဲ....... မျောက်နှစ်ကောင်အကြောင်းတော့ မပါ။

ဒုတိယ.......စိန်စီပိုးက ဆေးရုံတွင်ရှိနေသော သိမ့်သိမ့်၏အခြေအနေကို ပြောပြသည်။

"သိမ့်သိမ့်ခေါင်းက ဒဏ်ရာကတော့ သက်သာပါတယ် အမောင်၊ ဒါပေမယ့် သူ့အတိတ်ကို လုံးဝ သတိမရသေးဘူး။ အဲ....... ငါ့ကိုတော့ ဖော်ဖော်ရွေရွေ ခင်ခင်မင်မင် ဆက်ဆံပါတယ်၊ 'အားကိုးပါရစေ၊ သူ့ဘဝတော့ ဘာမှန်းကို စဉ်းစားလို့ မရတော့ဘူး' လို့ မျက်ရည်လည်ရွှဲနဲ့ ပြောရှာတယ် အမောင်ရယ်၊ သိပ်သနားစရာကောင်းတာပဲ။ ငါကလဲ အားမငယ်ဖို့နဲ့ ဆေးရုံကဆင်းရင် ငါတို့နဲ့အတူ လာနေဖို့ တိုက်တွန်းခဲ့တယ်"

"သူ့သဘောကရော စိန်စီပိုး၊ အမောင်တို့နဲ့ နေချင်စိတ်ရှိရဲ့လား"

"ရှိရှာပါတယ်ကွယ်၊ အခုနေမှာ တို့ကလွဲပြီး သူ့ဘဝမှာ အားကိုးစရာမရှိတော့ဘူးလို့လဲ ပြောတယ်၊ မင်းကိုလဲ တွေ့ချင်တယ်တဲ့ အမောင်"

"မောင်လဲ ဆေးရုံကို လှည့်ဝင်ဦးမလို့ဘဲ၊ အခြေအနေကို ဘာမှမသိသေးတာနဲ့ ပြန်လာခဲ့တာ။ ပြီးတော့ ညက မောင် တစ်ညလုံး မအိပ်ရ......."

"မအိပ်ရအောင် မင်းက ဘာလုပ်နေလို့လဲ"

"မျောက်....... အဲ....... မြောက်ဥက္ကလာပက သူငယ်ချင်းယောက်ဆီဝင်ပြီး ဇောတိကအကြောင်း စုံစမ်းနေလို့"



တော်ပါသေးရဲ့....... အဟဲ။

"ကဲ..... ပြီးကြပြီလား၊ ပြီးရင် ငါ့အလှည့်လဲ ပေးဦးကွယ့်"

ဘ,စိုးအောင်က ငြိမ်ငြိမ်ကလေး နားထောင်နေရာမှ စကားဆိုသည်။

"ပြော ဘ,စိုးအောင်၊ ကြိုက်သလောက်ပြော၊ အားမနာနဲ့"

ဘ,စိုးအောင် ပြောသည်။

ခပ်စောစောက သူ့ကို အကဲစမ်းခဲ့ကြသော ဘောင်းဘီညိုနှင့် ခွေးနှစ်ကောင်အကြောင်းကို တိုတိုတုတ်တုတ်ပင် ပြောသည်။ မောင်မောင်သည် ဘ,စိုးအောင်၏ သတ္တိနှင့် လျင်မြန်ဖျတ်လတ်မှုကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးဖြစ်လိုက်သည်။

"အိမ်း....... ကားနံပါတ်ကတော့ ၆၂၅၈ ပဲကွယ်။ တစ်ခုတည်း လစ်သွားလိုက်ကြတာ မိုးကိုတောင် ဝင်တိုက်တော့မလို့"

ဘ,စိုးအောင်က သူ့စကားကို အဆုံးသတ်လိုက်သည်။

အခုတော့ မောင်မောင့်မျက်နှာ တည်သွားသည်။ သူတို့ ... သည် သိမ့်သိမ့်ထံမှ ရရှိသွားသော မြေပုံစက္ကူမှာ အတုဖြစ်မှန်း သိနေကြပြီဖြစ်၏။ သိမ့်သိမ့်ထံမှ မြေပုံစက္ကူသည် သူ့ ... ကိုယ် ရောက်ရှိနေပြီကို ရိပ်စားမိနေကြပြီကော။

သူတို့တစ်တွေ....... သူတို့တစ်တွေ။

ယမန်နေ့ညကလည်း ချိုသက်ကြည်က သူတို့တစ်တွေအကြောင်း တစ်စွန်းတစ်စ လှစ်ဟခဲ့လေသည်။ သူတို့တစ်တွေသည်မှာလည်း 'ဇောတိက'က ကိုလွန်းအိမ်နှင့် အဲလစ်တို့ ... ိုင်းအဝိုင်း။

"အခြေအနေကတော့ မောင်တို့ မျှော်လင့်တာထက် ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးလာပြီ စိန်စီပိုး၊ ဒီမြေပုံကို မရရအောင် သူတို့လိုက်ကြတော့မှာပဲ၊ မောင်တို့မှာ မမြင်ရတဲ့ အန္တရာယ်တွေ ရှိနေပြီ။ အဲဒီတော့ အစစအရာရာ သတိထားပြီးနေကြ။ မောင်ကတော့ ကိုယ့်ဆီကိုလာနေတဲ့ အန္တရာယ်ကို ထိုင်စောင့်မနေချင်ဘူး။ အန္တရာယ်စက်ဝိုင်းထဲကို တိုးဝင်ပြီး ဖြေရှင်းပစ်လိုက်ချင်တယ်''

''အမောင်က ချိုသက်ကြည်ရဲ့ မြေပုံစက္ကူကို ဘာဖြစ်လို့ယူလာခဲ့ရတာလဲ၊ ပြဿနာတွေ ပိုရှုပ်ကုန်အောင်လို့လား''

စိန်စီပိုးက မကျေမနပ်ဖြင့် မေးသည်။

မောင်မောင့်အသံက အေးအေးဆေးဆေး။

''ဒီလိုရှိတယ် စိန်စီပိုး၊ သိမ့်သိမ့်ဟာ မြေပုံစက္ကူစုတ်ကလေးတစ်ခုအတွက် အသက်ဘေးက ပြေးခဲ့ရတယ်။ ဒီမြေပုံတစ်ခုလုံးရဲ့ ပြဿနာကို ဖြေရှင်းနိုင်ခဲ့လို့ရှိရင် သိမ့်သိမ့်ပြဿနာဟာ ရှင်းသွားလိမ့်မယ်လို့ မောင်ယူဆခဲ့တယ်လေ။ အဲ...... မမျှော်လင့်ဘဲ 'ဇောတိက'က ချိုသက်ကြည်ဆီမှာ သိမ့်သိမ့်မြေပုံနဲ့ ဆက်စပ်လို့ရတဲ့ မြေပုံစက္ကူတစ်ရွက်ကို ထပ်တွေ့တော့ သိမ့်သိမ့်ဟာ 'ဇောတိက'က လူတွေနဲ့ ပတ်သက်ပြီး အသက်ဘေးက ပြေးလာရတယ်ဆိုတာ ပိုပြီးထင်ရှားလာတာပေါ့ စိန်စီပိုး''

မောင်မောင်သည် ချိုသက်ကြည်ထံမှ ရခဲ့သော မြေပုံစက္ကူနှင့် သိမ့်သိမ့်၏ မြေပုံစက္ကူကို ထုတ်၍ ဆက်လိုက်သည်။

''ဒီမြေပုံမျိုး နောက်ထပ် သုံးလေးရွက်လောက်ရှိနေဦးမယ်။ အဲဒီသုံးရွက်လောက်ဟာ ဘယ်သူတွေရဲ့လက်ထဲမှာ ရှိနေတယ်ဆိုတာတော့ မောင် မသိသေးဘူး''

မောင်မောင်သည် ဘာရမ်ဒီတစ်မြှုနှင့် ပွေးကင်တစ်ဖုံ့ကို သောက်လိုက်စားလိုက်သည်။

''အိမ်း...... တယ်လဲရှုပ်တာကိုးကွယ့်...... ငါတော့ အေး



အေးဆေးဆေးပဲ နေချင်တယ်ကွယ်''

ဘ,စိုးအောင်က ညည်းညူသည်။

''ဟုတ်တာပေါ့ ဘ,စိုးအောင်၊ အခုတော့ ပြဿနာဟာ ...နေတုန်းပဲဆိုပါစို့။ ဒါပေမယ့် ရှုပ်တာကိုး ရှင်းပစ်ဖို့ အရေးကြီး...ယ်။ လူတွေဟာ ပြဿနာကလေးတစ်ခု နည်းနည်းရှုပ်လာတာ ...ခေါင်းရှောင်ချင်တဲ့ ဝသီရှိတယ်။ အဲဒီတော့ ပိုပြီး ရှုပ်လာတတ်...ယ် ဘ,စိုးအောင်၊ ရှုပ်တာကို ရှင်းပစ်မှ နောက်ထပ် ထပ်ပြီးမရှုပ်...ပေါ့ ဘ,စိုးအောင်ရဲ့''

စိန်စီပိုး သက်ပြင်းချလိုက်သည်။

...ပြီးတော့ မောင်မောင့်ကို မေးသည်။

''သိမ့်သိမ့်ကိုရိုက်ပြီး မြေပုံစက္ကူကိုလုသွားတဲ့ လူတွေဟာ ...ယ်ကလဲ၊ ဘယ်သူတွေလဲဆိုတာ အမောင်သိပြီးလား စုံစမ်းလို့ ...ပြီလား''

အတိအကျတော့ မသိသေးဘူး စိန်စီပိုး၊ အဲဒီလူက မြေပုံ ...ူတစ်ပိုင်းကိုရထားတဲ့ လူတွေထဲကဖြစ်ရမယ်။ အဲ...... သူတို့ ...တွေ ဘယ်သူတွေဖြစ်တယ်ဆိုတာလဲ မှန်းဆလို့ရတယ်''

''ဘယ်သူတွေများလဲကွယ်''

စိန်စီပိုးက သူ့ဟာသူ ညည်းညူသလို ခပ်တိုးတိုးရွတ်ဆို...က်သည်။ မောင်မောင်က တစ်ခွန်းချင်း အေးအေးဆေးဆေး ဖြေပေးလိုက်၏။

''ဇော...... တိ...... က...... က လူတွေ''

www.burmeseclassic.com

## အခန်း (၈)

"ဇောတိက"

ဧရာမတိုက်ကြီးတစ်လုံးပဲ ဖြစ်သည်။

အဆောင်ဆောင်အခန်းခန်းနှင့် စံနန်းတော်တမျှ ခမ်းနားလှသည်။ ကြီးကျယ်လှသည်။ အနီတိုက်ကြီးကို 'ဇောတိက'ဟု သူဌေးကြီးဦးနေခါက အမည်ပေးထားသည်။

"ဇောတိက"တဲ့။

ပဉ္စတ်သွားရာ ဓာတ်သက်ပါဆိုသလို ဇောတိကဂေဟာကြီးကိုပိုင်သူ ဦးနေခါသည်လည်း ဇောတိက သူဌေးကြီးလို ကြွယ်ဝလှ၏။ ချမ်းသာလှ၏။ မြန်မာပြည်၏ သန်းကြွယ်သူဌေးကြီးဟု ခေါ်နိုင်လောက်အောင်ပင် ဦးနေခါက ချမ်းသာကြွယ်ဝလှပါသည်။

ယခင်ကဆိုလျှင် မိုးကုတ်ရတနာမြေ၌ ဦးနေခါပိုင်သော ကျောက်တွင်းတွေ လက်ညှိုးထိုးမလွဲ။ တခြားသူပေါ့က လက်တွင်းတူးနေသောခေတ်ကပင် ဦးနေခါက စက်တွင်းတွေကို တူးနေပြီ။



...ကလည်း ကောင်းသည်။ ကျောက်တွေကလည်း အောင်သည်။

ဦးနေခါသည် 'ပဲရစ်'တွင် ကျောက်မျက်ရတနာဆိုင်တစ်ဆိုင် ဖွင့်ထားသလို 'ဝေလရင်းဟိုတယ်'တွင်လည်း နိုင်ငံခြားသားများအတွက် ကျောက်မျက်ရတနာဆိုင်တစ်ဆိုင် ဖွင့်ထားခဲ့သည်။

ဦးနေခါသည် အသက်အစိတ်တွင် မိဘပေးစားသော မဟာဆီ မဟာနွယ် 'ရဝေခင်ခင်ကြီး'နှင့် လက်ဆက်ခဲ့၏။

သားတစ်ယောက် ထွန်းကားသည်။ ငယ်စဉ်ကတည်းက ယက္ခန်းစင်မှ လွန်းကလေးလို သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ် ရှိလွန်းလှသဖြင့် မောင်လွန်းအိမ်ဟု အမည်ပေးခဲ့သည်။

"ရဝေမောင်လွန်းအိမ်"

'ရဝေခင်ခင်ကြီး'သည် မောင်လွန်းအိမ်တစ်ယောက်သာ ထွန်းကားခဲ့သည်။

နောက်ထပ်မမွေးတော့။ မောင်လွန်းအိမ်ကို မွေး ပြီးသည်နှင့် ဦးနေခါနှင့် အစေးမကပ် ဖြစ်ရသည်။ ရဝေခင်ခင်ကြီးက နေတာထိုင်တာ သိမ့်မွေ့သည်။ ရိုးသားသည်။ တည်ငြိမ်သည်။ ရှေးဆန်သည်။

ဦးနေခါက ခေတ်မီသည်။ အပျော်အပါး အသောက်အစားခုံမင်တွယ်တာလွန်းသည်။

သူ့တွင် ပေါများသော မိဘအမွေအနှစ်တွေနှင့် ရတနာတွင်းတွေကို ပိုင်ဆိုင်ထားသည်ဆိုတော့ သုံးမကုန်၊ ဖြုန်းမကုန်၊ ပျော်မဆုံး၊ ပော်မဆုံး ဖြစ်နေတော့သည်။

ဦးနေခါသည် ရှေးဆန်လှသူ ရဝေခင်ခင်ကြီး၏ အတွင်းသဘောကို စောကြောမိသည်။ နားလည်သည်။

ထို့ကြောင့်ပင် အတူမနေဘဲ 'ရဝေခင်ခင်ကြီး'ကို ပဲခူးတွင် ထိုက်နှင့်ခြံနှင့် နောက်ဆုံးပေါ် ကားအမျိုးမျိုးနှင့် စိတ်ချမ်းသာအောင်

www.burmeseclassic.com



ထားခဲ့သည်။ 'ရဝေခင်ခင် ကြီး'ကလည်း မျက်စိအေး နားအေး နေရလျှင် ပြီးရောဆိုသည့် သဘောဖြင့် ဦးနောကို လွှတ်ထား လိုက်သည်။

ဦးနောသည် ရန်ကုန်ရှိ 'ဇောတိက'ဂေဟာကြီးတွင် နေ ထိုင်ပြီး မောင်လွန်းအိမ်ကို အချိုတော်၊ အရှောတော်တွေနှင့် လို လေသေးမရှိအောင် ထားခဲ့၏။

သူကတော့ အရက်ကလေး တမြမြ။ လှတာဆိုလျှင်လည်း 'ဓါသနာ'က ပါသေးသည်။ ပျော်ပျော်ပါးပါး သောက်သောက်စားစား နေခဲ့သည်။

ဤစဉ်မှာပင် မသော်တာကို တွေ့ခဲ့သည်။

မသော်တာက လှသည်။

သော်တာလလို သူမအလှက အေးမြကြည်လင်သည်။ တစ်ခါမြင်ရုံမျှနှင့် မျက်စိထဲတွင် ဖျောက်ဖျက်၍ မရနိုင်လောက် အောင် ချောသည်။ ချောရုံသာမဟုတ်။ အပြောကလေးကလည်း ကောင်းသည်။ အသံက ကြိုးကြာငှက်လို သာယာသည်။ ငွေဆွဲ လည်းသံကဲ့သို့ ကြည်လင်သည်။

မသော်တာသည် ဥမ္မာဒန္တီမင်းသမီး မဟုတ်ပါ။

ဦးနောကလည်း သီဝိမင်းကြီး မဟုတ်ပါ။

သို့တစေ ဥမ္မာဒန္တီမင်းသမီးကိုတွေ့၍ အရူးအမူးဖြစ်ရသော သီဝိမင်းကြီးကဲ့သို့ မသော်တာကို တွေ့သောအခါ ဦးနော အရူး အမူးဖြစ်ရတော့သည်။

မသော်တာတို့က ဆင်းရဲသည်။ စားနိုင်သောက်နိုင်ရုံ လောက်ပဲရှိသည်။ ဦးနောသည် ငွေကို ရေလိုသုံး၍ မသော်တာကို မရရအောင် ကြိုးစားသည်။ ထို့ကြောင့် ဒုတိယမိန်းမယားဖြစ်လာ တော့၏။



ဦးနောသည် မသော်တာကို ယူလိုက်၏။ ဇောတိကအိမ် ကြီးပေါ်တွင် ခေါ်တင်၍ အတိအလင်း ပေါင်းသင်းနေထိုင်တော့ သည်။

ထိုသတင်းကို 'ရဝေခင်ခင်ကြီး' ကြားသိသောအခါ စိတ် ထိခိုက်ပြီး နှလုံးရောဂါစွဲကပ်ခဲ့သည်။ ဘာမှတော့ မပြော။ ဦးနော ကလည်း သူသဘောကျတာလုပ်ရမှ ကျေနပ်တဲ့လူဆိုတော့ လွှတ် ထားလိုက်သည်။ အဲသည်တော့ မောင်လွန်းအိမ်က ရှုပ်နှစ်သား အရွယ်။

မသော်တာသည် သမီးနှစ်ယောက်ထွန်းကားခဲ့သည်။ ဦး နော၏ ခန့်ထည်မှုနှင့် မသော်တာ၏ လှပမှုတို့ကို ပေါင်းစုထားခြင်း ကြောင့် သမီးနှစ်ယောက်စလုံး အချောတွေ၊ အယဉ်တွေ စုနေ သည်။

အကြီးမက ချိုသက်ကြည်။

အငယ်မက ချိုသက်နီ။

ဦးနော၏ ကောင်းတာကလေးတွေ ရှိသည်။ မိန်းများကို အကြီးအငယ် မခွဲခြားသလို သားသမီးများအပေါ်တွင် သံယောဇဉ် ကြီးသည်။

တွယ်တာသည်။

ချစ်သည်။

ရန်ကုန်တွင် 'ထိဝိ'ဆိုသော 'စိန့်'ပါသည့် သာသနာပြု ကျောင်းတွေတွင် လျှမ်းလျှမ်းတောက်အောင် ထားခဲ့သည်။

လိုလေးသေးမရှိစေရ။ ရွှေဆိုရွှေ၊ ငွေဆိုငွေ။

မောင်လွန်းအိမ် လူပျိုပေါက်၊ အသက်ဆယ့်ခြောက်နှစ် အရောက်တွင် မိခင်ဖြစ်သူ ရဝေခင်ခင်ကြီးသည် နှလုံးရောဂါဖြင့် ကွယ်လွန်သွားရှာသည်။ ဖခင်အတွက် စိတ်မချမ်းမသာဖြစ်ရပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသေဆုံးခြင်းဖြစ်သည်ဟု မောင်လွန်းအိမ်၏ နုငယ်သော နှလုံးသားတွင် စွဲသွားသည်။ ဖခင်အပေါ်တွင် စိတ်နာသွားသည်။

သည်တုန်းက ချိုသက်ကြည်က ကိုးနှစ်၊ ချိုသက်ရီက ရှစ်နှစ်အရွယ်သာရှိသေးသည်။ ဦးနောသည် ရဝေခင်ခင်ကြီးဆုံးသည်နှင့် စိတ်လေ၍ မြန်မာပြည်အနှံ့ လျှောက်သွားသည်။ ဗိုက်ရွှဲအသောက်အစား၊ အပျော်အပါးမက်လာသည်။ အသက်လေးဆယ်ကျော်လာပြီဖြစ်သော်လည်း ရုပ်ကမကျသေး။ လူကလည်း သန်တုန်း၊ မြန်တုန်းပင်။

ဦးနောသည် မြန်မာပြည်အနှံ့ ခြေစကြာဖြန့်ရာမှ ရန်ကုန်ရှိ ဓာတ်ကလေဟာကြီးသို့ ပြန်လည်ရောက်ရှိလာသောအခါ သူနှင့်အတူ မိန်းမချောကလေးတစ်ဦး ပါလာပါသည်။

သူမနာမည်က ‘အဲလစ်’။

အဲလစ်ကို ဦးနောက သူ၏ကိုယ်ရေးတာ အတွင်းရေးမှူး (Personal Assistance)အဖြစ် ခန့်ခဲ့ပါသည်။

အဲလစ် မလှပါ။

ဒါပေမဲ့ နှုတ်ခမ်းကလေးတွေက [illegible]လေးနှင့် ကြွနေသည်။ နှင်းဆီပွင့်ကလေး ထင်ထားသကဲ့သို့ရှိသည်။ မျက်လုံးကြီးတွေက ဝိုင်းစက်ပြီး အရည်လဲ့နေသည်။ မျက်တောင်ကော့အစုံက ကော့ညွတ်သည်။ ရှည်လျားသည်။

တဖျပ်ဖျပ်ခတ်လိုက်ပြီလားဆိုလျှင် ရင်ထဲတွင် အေးသွားတတ်သည်။

နှာခေါင်းကလေးက ပွသယောင်ထင်ရသည်။ မျက်နှာက နီဝင်းဝင်း။ အရပ်က ငါးပေ ငါးလက်မ။

‘အဲလစ်’နှင့် ရင်ဆိုင်တွေ့လျှင် ယောကျ်ားအိုကအစ သူမကို မကြည့်ဘဲ မနေနိုင်၊ ကျော်သွားလျှင် နောက်ပြန်လှည့်ကြည့်သူ



ရာခိုင်နှုန်း ကိုးဆယ်လောက်ရှိသည်။

အဲလစ်ကို တောင်ကြီးတွင် ဦးနော တွေ့ခဲ့သည်။ ကောင်လေးက လက်နှိပ်စက်နှင့် လက်ရေးတို တတ်ကျွမ်းသည်။

သို့မို့ကြောင့်ပင် ဦးနောက အဲလစ်ကို သဘောကျခဲ့ခြင်းဖြစ်၊ အဲလစ်ကလည်း ငွေကို ရေလိုသုံးနိုင်သော မြန်မာပြည်က မိလျှံနာဦးနောကို သဘောကျသည်။ သူမစိတ်ကိုက လူတကာဝတ်၊ ကောင်းတာစား၊ မာစီဒီးကားလောက်စီးပြီး စည်းစိမ်ခံ့ရှိနေချင်သူ ဟုတ်ပါလား။

ယင်းသို့ဖြင့် ဓာတ်ကတိုက်ကြီးပေါ်သို့ အဲလစ်ရောက်လာတော့သည်။

အဲသည်တော့ မောင်လွန်းအိမ်က (၁၆)နှစ်။

ချိုသက်ကြည်က (၉)နှစ်သမီး။

အငယ်ဆုံး ချိုသက်ရီက (၈)နှစ်သာ ရှိသေးသည်။

အဲလစ်နှင့် မောင်လွန်းအိမ်၏အသက်က တစ်နှစ်ပဲကွာသည်။

အဲလစ်တစ်ယောက် ဓာတ်ကကြီးပေါ်သို့ ရောက်လာပြီးထာမဆုံး စိတ်မချမ်းမသာဖြစ်ရသူမှာ မဒေါ်တာသင်ဖြစ်ပါသည်။

သို့တစေ...... အဲလစ်က ဦးနော၏ P.A သာဖြစ်၏။ ဦးနော၏ စီးပွားရေးကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စပေါင်းကို ကူညီဆောင်ရွက်ရန် တစ်လငါးရာပေး၍ ငှားထားသော စာရေးမလေးသာဖြစ်သည်။

ဦးနော ဘယ်ကိုပဲသွားသွား အဲလစ်က နောက်ကလိုက်ရသည်။ ပေလီသွားတော့လည်း အဲလစ်ပါသည်။ စက်စက်ရုံ အပန်းဖြေသွားတော့လည်း အဲလစ်လိုက်ရ၏။ အင်းယားလိပ် ဒိုမိနိုကို ဆိုလျှင်လည်း အဲလစ်ကို မထားခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးနောနှင့်အဲလစ် တတွဲတွဲဖြစ်နေသည်။

မသော်တာအသည်းတွင် ကွဲဝင်လို့ခတ်ပြီပေါ့။

ပြီးတော့...... ကောင်မလေးကို ညှတ်နေအောင် ဆင်ထာ
သည်။ ကျော့နေအောင် ဝတ်စေသည်။ ငွေကို ရေလိုအသုံးနိုင်
သည်။

"ဒါလား စာရေးမ၊ ဒါလား ပီအေ"

မသော်တာ မနေနိုင်တော့။ ဒီတော့......ဦးနောနှင့် စကာ
များသည်။ နောင်ကိုနှိမ့်မချကြရုံတမယ်သာ ကျန်သည်။ မသော်တာ
က အဲလစ်ကို ဓာတီကာတိုက်ကြီးပေါ်မှ ဆင်းဆိုင်းသည်။

ထို့ကြောင့် ဓာတီကာတိုက်ကြီးပေါ်မှ ဆင်းပြေးရတော့
သည်။

အဲလစ်တော့မဟုတ်။

မသော်တာသာ ဖြစ်သည်။

မသော်တာသည် ဘောက်ထော်ရှိ ဦးနော၏ တိုက်တစ်လုံး
တွင် နားအေးပါးအေး မျက်စိအေး သွားနေတော့သည်။

အဲလစ်ကို မသော်တာ အရှုံးပေးလိုက်ရပါပြီ။ အဲလစ်တွင်
သူမထက် သာလွန်သော 'အောက်ပါ'အရည်အချင်းတွေ ရှိနေသည်

လက်ရေးတို့၊ လက်နှိပ်စက် တတ်ကျွမ်းသည်။

အစစအရာရာ သွက်လက်ဖျတ်လတ်သည်။ ကျွမ်းကျင်
သည်။

အသက်ငယ်သည်။

ပြီးတော့...... အဲလစ်သည် ဦးနော၏ အကြိုက်ကို နာ
လည်လွယ်၏။ အရိပ်ပြလျှင် အကောင်ထင်သည်။ ထို့ကြောင့် ဦးနော
သည် သမီးအရွယ်ကလေးအဲလစ်ကို အတိအလင်း ရာထူးတိုး
ပေးလိုက်ပါသည်။



သူ၏ တတိယမြောက် တရားဝင်ဇနီးကလေးအဖြစ် သိမ်း
ပိုက်လိုက်ခြင်းပဲ ဖြစ်ပါ၏။ မကြာခင် ဦးနောတစ်ယောက် 'ပန်းနာ'
ရောဂါ စွဲကပ်ပါလေတော့သည်။

အဲလစ်ကား ငယ်ငယ်ရွယ်ရွယ်နှင့် သူဌေးကတော်လေး
ဘွဲ့ကို ကျေကျေနပ်နပ် လက်ခံရရှိလိုက်ပါသည်။ မာစီဒီး Model
220 ကိုစီး၍ ငွေကို ရေလိုသုံးနိုင်သော ဘဝသို့ နွေချင်းညချင်း
ရောက်ရှိလို့လာပါသည်။

ဦးနောသည် အဲလစ်ဆိုမှ အဲလစ်၊ တလစ်ထဲ လစ်နေ
အောင် ကောင်မလေးကို စွဲလမ်းသွား၏။ အဲလစ်ကလည်း ဦးနော
၏အကြိုက်ကို ပို၍လိုက်သည်။ ဦးနော၏ သားသမီးတွေကို ဂရု
စိုက်သည်။ ချစ်ခင်တွယ်တာအောင် ပေါင်းတတ်သည်။

အားလုံးက အဲလစ်ကို ချစ်ခင်နေကြသည်။ ထိုရောအခါ
'ဓာတီကာ'သည် အဲလစ်၏ ခြေလက်ဖြစ်လာ၏။ ဓာတီကာ၏ မီးခံ
သေတ္တာသော့ကို အဲလစ်ကိုင်ခွင့်ရပြီ။ ကဲ...... ဘာလိုသေးသလဲ။

မလိုတော့ပါ။

ပိုလာပါပြီ။ အဲလစ်၏ ဝမ်းပြင်းသားသည် တဖြည်းဖြည်း
မို့မောက်လာ၏။ ထိုကာလမှ ဆယ်လကြာသောအခါ ယောကျ်ား
ကလေးတစ်ယောက်ကို အဲလစ်မွေးသည်။ အမည်သညာ ခေါ်စကား
'မောင်ရစ်ကီနော'၊ စနေနေ့ နေတက်တွင်ဖွား။ ထွန်းကားမည့် သား
လေးပေါ့။

ဦးနောသည် အသက်ကြီးမှ မြေးကလေးအရွယ် သားငယ်
ကလေးကို ချီ၍မဆုံး တပြုံးပြုံးနှင့် ဖြစ်နေသည်။

သို့ဖြင့်......

ဓာတီကာဂေဟာကြီးတွင် ဖအေတူ မအေကွဲ မောင်နှမ
လေးယောက်ဖြစ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရဝေမောင်လွန်းအိမ်' ရဝေခေင်ခင်ကြီး၏သား၊

'ချိုသက်ကြည် .....၊ ချိုသက်ရီ' မသော်တာ၏သမီး။

'ရစ်ကီနော' အဲလစ်၏ သားကလေး။

လေးယောက်သော မောင်နှမများသည် ဇောတိက အိမ်ကြီးတွင်နေရင်း ချိန်တန်ရွယ်ရောက် လူလားမြောက်သောကာလ၌ 'ဖလော်ရာ'မည်သော ချစ်စဖွယ် လုံမငယ်တစ်ဦးသည် 'ဇောတိက' စံအိမ်ကြီးသို့ ရောက်ရှိလာပါလေတော့သည်။

ထိုနေ့က မိုးတွေ ရွာနေသည်။

လေတွေ တိုက်နေ၏။

မုန်တိုင်း ကျနေသည်။

'ဖလော်ရာ'သည် 'ဟင်းဘက်'ကလေးကိုဆွဲရင်း ဇောတိက အိမ်ကြီးထဲသို့ မရဲတရဲ ဝင်လာသည်။ သူမသည် မိုးကာအင်္ကျီကို ဝတ်ထားသော်လည်း သည်းလွန်းသော မိုးကြောင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။

ဦးနောသည် ကနုတ်ပန်းခွယ်များ ထွင်းထုထားသော ရှေးဟောင်း ကုလားထိုင်အိုကြီးပေါ်တွင် ထိုင်နေရင်း တိုက်ကြီးအတွင်းသို့ ဝင်လာသော 'ဖလော်ရာ'ကို စိုက်ကြည့်နေသည်။

အဲလစ်၊ ကိုလွန်းအိမ်၊ ချိုသက်ကြည်၊ ချိုသက်ရီ၊ ရစ်ကီတို့သည် ဦးနော၏ဝဲယာနှစ်ဖက်တွင် ရပ်နေကြရင်း ဝင်လာသော မျက်နှာစိမ်းမိန်းမပျိုကလေးကို မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။ မိန်းမပျိုလေးသည် ဦးနောရှေ့တွင် ရပ်လိုက်၏။ ချမ်းလွန်းသောကြောင့် သူမတစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေရှာသည်။

"ကျွန်မ 'ဖလော်ရာ'ပါရှင်၊ မာသာ ဖလောရင့်စ်က ဦးနောဆီကို ဒီနေ့ဆယ်နာရီမှာ အရောက်သွားရမယ်ဆိုလို့ ကျွန်မ လာခဲ့ပါတယ်ရှင်"

"မင်းနာမည်က ဖလော်ရာတဲ့လား"



"ဟုတ်ကဲ့ရှင့်......"

"အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်ပါ"

"မြန်မာနာမည် မရှိဘူးလား"

"မရှိပါဘူးရှင်...... ငယ်ငယ်ကတည်းက ဖလော်ရာလို့ ခေါ်ကြပါတယ်"

"မင်း မိဘတွေကရော"

"ကျွန်မ...... ကျွန်မ မိဘတွေ မ...... မရှိ......"

'ဖလော်ရာ့'အသံက တုန်ယင်လာသည်။ မိုးရေနှင့်ရောရက် မျက်ရည်စကလေးများ ကျလာသည်။

"ဪ...... မင်းမှာ မိဘမရှိရှာဘဲကိုး။ အေး...... ဒီအိမ်ကြီးမှာ နေရမယ်နော်။ မင်း သိပ်ချမ်းနေပြီထင်တယ်။ ကိုယ်လုံးလဲ သိမ့်သိမ့်တုန်နေတာပဲ"

"ဟုတ်...... ဟုတ်ကဲ့၊ ကျွန်မ သိပ်ချမ်းနေပါတယ်"

ဦးနောသည် မိန်းမပျိုကလေးကိုကြည့်၍ ကရုဏာသက်မိသွားသည်။ သနားသွားသည်။

"ကဲ...... ကဲ...... အဲသလိုဆိုရင် အဝတ်အစားလေး လဲလိုက်ပြီး နွေးနွေးထွေးထွေးနေလိုက်ဦး။ ချိုသက်ကြည်...... သူ့ကို အခန်းတစ်ခန်းပေးလိုက်"

"ဟုတ်ကဲ့ ဒက်ဒီ"

"ဪ...... ဒါနဲ့ ကလေးမနာမည်က ဖလော်ရာတဲ့လား။ မင်းကို မြန်မာနာမည်ကလေးတစ်ခုပေးမယ်။ လက်ခံမလား"

"ဟုတ်...... ဟုတ်ကဲ့"

"သိမ့်သိမ့်ဆိုရင် ကောင်းမလား"

"သိမ့်သိမ့်...... သိမ့်သိမ့်၊ ဟုတ်ကဲ့...... ကျွန်မ ဒီနာမည်"

www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုက်ပါတယ်ရှင့်''

အားလုံး၏မျက်လုံးများသည် 'ဖလော့ရာ'ဘဝမှ 'သိမ့်သိ
ဘဝကို ကူးပြောင်းသွားသော သူနာပြုဆရာမကလေးကို ကြည့်
ကြသည်။ သိမ့်သိမ့်သည် အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်
ချိုသက်ကြည်၏နောက်မှ ခေါင်းကလေးငုံ၍ လိုက်ပါသွားသည်။

ယင်းသို့ဖြင့်.......

သိမ့်သိမ့်သည် အသိရခက်သော လူတစ်စု၏အလည်
သိုးငယ်ကလေးလို သိမ်မွေ့စွာရောက်ရှိသွားပါသည်။ စံနန်းတေ
တမျှ ကြီးကျယ်ခမ်းနားသော '...ာတိက'စံအိမ်ကြီးအတွင်းသို့ ရော
ရှိသွားပါသည်။

သည်တုန်းကမှ.......

လောဘသဏ္ဍာယ ထုပြောသော.......၊ ရမ္မက်များသေ
ကောက်ကျစ်စဉ်းလဲသော လူတစ်စု၏အလယ်သို့ ရောက်ရှိနေပြ
မိမိကိုယ်မိမိ စိုးစဉ်းမျှ မထင်မှတ်ခဲ့။

ယခုမူ.......



## အခန်း (၉)

ခွေးနက်ကြီးသည် ကျယ်လောင်သော အသံကြီးဖြင့် ဟိန်းဟိုက်ရင်း သိမ့်သိမ့်ရှိရာသို့ တစ်ဟုန်ထိုးပြေးလာသည်။ ဖြူဖွေးသော သွားကြီးတွေမှာ ကြောက်မက်ဖွယ် ကောင်းလှအောင် ပြူးထွက်နေသည်။

သိမ့်သိမ့်၏လက်ထဲမှ စပယ်ပွင့်ဖြူဖြူဖွေးဖွေးလေးများမှာ ထွက်ကျသွား၏။ သူမထံသို့ ပြေးလာသော ခွေးနက်ကြီးကို ကြောက်အားလန့်အားကြည့်ရင်း အော်လိုက်သည်။

"အမယ်လေး......."

ခွေးနက်ကြီးသည် သူမနှင့်တဖြည်းဖြည်း နီးလာပြီ။ သိမ့်သိမ့်သည် စပယ်ရုံများကို ပတ်၍ တအားပြေးသည်။ ခွေးနက်ကြီးက သူမနောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာသည်။ တဖြည်းဖြည်း နီးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးသည် သိမ့်သိမ့်လည်ပင်းကို နောက်ကနေ ခုန်
ဟပ်လိုက်ရန် အားယူလိုက်၏။ သည့်စဉ်မှာပင် စူးရှကျယ်လောင်
သော အသံကို ကြားလိုက်ရသည်။

"ဘလက်……ဘလက်……ပြန်လာခဲ့"

ခွေးနက်ကြီးသည် တုံ့ခနဲဖြစ်သွားပြီး နောက်သို့လှည့်၍
ပြန်ပြေးသည်။ သိမ့်သိမ့်ရင်တွေ လှိုက်ဖိုရင်း ကျန်ခဲ့သည်။

ကြောက်လိုက်တာ၊ သိမ့်သိမ့် ကြောက်လိုက်တာ။

မိန်းမချောကလေး တစ်ဦးသည် ခွေးနက်ကြီး၏ လည်
ပတ်သံကြိုးကို ဆွဲရင်း သိမ့်သိမ့်အနီးသို့ ရောက်လာသည်။ သူမ၏
မျက်လုံးတွေက စူးရှပြောင်လက်နေ၏။ မျက်နှာက တင်းမာနေ သည်။

"ညည်း……ငါ့ပေယ်ပန်းတွေကို ဘာဖြစ်လို့ ခူးတာလဲ"

"သိမ့်သိမ့် မသိလို့ပါ မမရယ်"

"ဘာမသိရမှာလဲ……ဒီခြံထဲမှာ ငါ့အမိန့်မရဘဲ ဘယ်ပန်း
မှ မခူးရဘူး။ နားလည်လား။ အေး……ငါ့အမိန့်မရဘဲ ပန်းခူးတဲ့
အတွက် ညည်းကို ဒဏ်ပေးရမယ်"

"မသိလို့ခူးမိတာပါ မမရယ်၊ ဒီတစ်ခါတော့ သိမ့်သိမ့်ကို
ခွင့်လွှတ်ပါ"

"ဘာမသိရမှာလဲ၊ ညည်း ဒီအိမ်ကြီးမှာလာပြီး လူစွာလုပ်
လို့ မရဘူးသိလား။ ကဲ……ညည်း ရှေ့က ပြေးပေတော့၊ 'ဘလက်'
က နောက်က လိုက်လိမ့်မယ်။ လွတ်အောင်လဲ ပြေးနော်။ 'ဘလက်'
ရဲ့သွားတွေက ချွန်ထက်တယ်။ ညည်းရဲ့ မျက်နှာလှလှ
ကလေး သွေးရဲရဲ သံရဲရဲ ဖြစ်မသွားချင်ရင်တော့ 'ဘလက်'ကို လွတ်
အောင်ပြေးပေတော့"

"ကြောက်ပါပြီ မမရယ်……သိမ့်သိမ့် ကြောက်လှပါပြီ
နောက်ကို ဘယ်ပန်းမှ သိမ့်သိမ့် မခူးတော့ပါဘူး။ ခွေးနက်ကြီးကို



လွှတ်ပါနဲ့တော့ မမရယ်"

သိမ့်သိမ့်အသံက ငိုသံပါနေသည်။

သူမက ဟားဟား အော်ရယ်ရင်း ဘလက်၏ လည်ပင်း
သံကြိုးကို ဖြုတ်လိုက်သည်။

သိမ့်သိမ့် ထွက်ပြေးသည်။

"ဘလက်……ရှူး……ရှူး"

သူမပါးစပ်မှ ရှူးတိုက်လိုက်သည်နှင့် ခွေးနက်ကြီးသည်
ဟိန်းရင်း သိမ့်သိမ့်နောက်သို့ ပြေးလိုက်လာသည်။ သိမ့်သိမ့်သည်
ခြေတွေကို ပစ်၍ပြေးသည်။ ခွေးနက်ကြီးက နောက်က တဟုန်
ထိုး ပြေးလိုက်လာသည်။ ခွေးနက်ကြီးသည် သိမ့်သိမ့်ဘေးမှ ကျော်
တက်လိုက်ပြီး သိမ့်သိမ့်ရှေ့သို့မှ ကြို၍ ဟိန်းလိုက်သည်။

သိမ့်သိမ့်နောက်သို့ လှည့်ပြေးသည်။ ခွေးနက်ကြီးက ထပ်
ကြပ်မကွာ လိုက်ပါလာသည်။ သိမ့်သိမ့်မမော့သော အောင် ရှေ့မှ ဆီး
ကြိုထားသည်။ မိထားသော ကြွက်ကလေးကို ကြောင်က လက်နှစ်
ဖက်နှင့် ပုတ်ဆော့၍ ကစားနေသကဲ့သို့ပင်။

ကြာတော့ သိမ့်သိမ့်ရင်တွေ ပေါက်ကွဲမတတ် မောဟိုက်
လာ၏။ သိမ့်သိမ့်အော်လိုက်သည်။

"ကယ်ကြပါ……ကယ်ကြပါ……သိမ့်သိမ့်ကို ကယ်ကြ

သိမ့်သိမ့်အသံကြောင့် သူနာပြုဆရာမလေး မာဂရက်သည်
သိမ့်လက်မောင်းကို ကိုင်လှုပ်၍ နှိုးလိုက်သည်။

"သိမ့်သိမ့်……သိမ့်သိမ့်……ဘာတွေ ယောင်နေတာ
လဲ၊ သတိရပြီလား။ ဆရာမလေ……ဆရာမ"

သိမ့်သိမ့်မျက်လုံးတွေ ပွင့်လာသည်။ သူမ လက်မောင်း
ကိုင်လှုပ်နေသော သူနာပြုဆရာမလေး မာဂရက်၏လက်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်အားတကြီးနှင့် ကိုင်ထားလိုက်သည်။

"ခွေးနက်ကြီး....... ခွေးနက်ကြီး....... သိမ့်သိမ့်ကို ကိုက်သတ်တော့မလို့......."

"ဘယ်က ခွေးနက်ကြီးလဲ သိမ့်သိမ့်၊ သိမ့်သိမ့် အိပ်မက်မက်ပြီး ယောင်နေတာပါ။ ဆရာမရှိတယ်လေ။ ဘာမှ မစိုးရိမ်နဲ့"

ဆရာမလေးက သိမ့်သိမ့်၏ လက်ကိုကိုင်ရင်း အားပေးစကားဆိုသည်။ သိမ့်သိမ့်မောနေသည်။

"သိမ့်သိမ့်....... သိပ်ကြောက်တာပဲ ဆရာမရယ်၊ သူက သိမ့်သိမ့်ကို ခွေးနက်ကြီးနဲ့ ရှူးတိုက်ပြီး အကိုက်ခိုင်းခဲ့တာ ရှင့်"

"အိပ်မက်မက်တာ ဖြစ်ပါလိမ့်မယ် သိမ့်သိမ့်ရယ်၊ အခု သိမ့်သိမ့်ဆေးရုံမှာလေ၊ သတိရပြီလား"

ဟုတ်ပါသည်။

သိမ့်သိမ့်၏ သိစိတ်နှင့်မသိစိတ် Concious mind and unconcious mind တို့သည် လွန်ဆွဲနေ၏။ အတိတ်၏ စိတ်ဝေဒနာတို့က မသိစိတ် Unconcious mind တွင် ဖြစ်ပေါ်လာသောအခါ နေ့နေ့လည် အိပ်မက်တွင် ထင်ဟပ်လာရသည်။ သူမ၏အမည်ကိုပင် သတိမရတော့သော သိမ့်သိမ့်သည် 'သိမ့်သိမ့်ကိုကယ်ကြပါ' ဟု ယောင်ယမ်းပြောဆိုခဲ့သည်။ ယခုတော့ သိမ့်သိမ့်သည် သူမအမည် သိမ့်သိမ့်ဖြစ်ကြောင်းကို သိသွားပြီ။

"သိမ့်....... သိမ့်......."

နူးညံ့သိမ်မွေ့သော အသံက သိမ့်သိမ့်နားထဲသို့ တိုးဝင်လာသည်။

သူသည် အပေါက်ဝမှ တစ်လှမ်းချင်း ဝင်လာသည်။

"အစ်ကိုမောင်လေ....... သိမ့်သိမ့်"

"အစ်ကိုမောင်....... အစ်ကိုမောင် "



"ဟုတ်တယ်....... သိမ့်သိမ့်ရဲ့ အစ်ကိုမောင်"

သူ့မျက်နှာပေါ်တွင် နစ်လိုမှုယ် အပြုံးတစ်ခုကို သိမ့်သိမ့် ...ရသည်။ ရင်ထဲတွင်လည်း အလိုလို အားရှိသွားသည်။ ...ကိုမောင် တဲ့....... သိမ့်သိမ့်ရဲ့အစ်ကိုမောင်တဲ့။

"သိမ့်သိမ့် နေကောင်းတယ်နော်"

"အင်း....... ကောင်းပါတယ်၊ ဒါပေမယ့် သိမ့်သိမ့် သိပ်...ကြောက်တာပဲ"

"ဘယ်သူ့ကိုကြောက်တာလဲ သိမ့်သိမ့်၊ အစ်ကိုမောင်လဲ ...ယ်၊ ဆရာမလေးလဲ ရှိတယ်"

"ခွေးနက်ကြီးကို......."

"ဟုတ်တယ်....... သိမ့်သိမ့် အိပ်မက်မက်ပြီး လန့်...သ...ရှင့်"

ဆရာမလေးက မောင်မောင့်ကို ခင်ပြောသည်။ ပြီးတော့ ...နှစ်ဦး လွတ်လွတ်လပ်လပ် စကားပြောနိုင်စေရန် သိမ့်သိမ့် ...မှ ထွက်ခွာသွားသည်။ မောင်မောင်သည် သိမ့်သိမ့်နဖူးပြင်မှ ...ဆံပင်စများကို အသာကလေး သပ်တင်ပေးသည်။ ခေါင်းတွင် ...ထားသော ပတ်တီးစကလေးများကို ပြုပြင်ပေးသည်။ သိမ့်...ခင်ဝယ် နွေးသွားပါသည်။

"သိမ့်သိမ့် ဘာတွေ အိပ်မက်မက်နေတာလဲ ဟင်......."

သူက မေးသည်။

သိမ့်သိမ့်သည် ခဏစောစောက မက်ခဲ့သော ကြောက်စရာ...တ်ကို သူ့အား ပြန်လည်ပြောပြလိုက်မိသည်။ မောင်မောင်...ည် 'စိမ်းရိပ်မြိုင်' အုန်းခြံသို့ သိမ့်သိမ့်စတင်ရောက်ခဲ့သည့်...ပြောခဲ့သော စကားအချို့ကို အမှတ်အထင်ရှိလာသည်။

"အဲဒီ ခွေးနက်ကြီးနာမည်က 'ဘလက်' မဟုတ်လား သိမ့်

www.burmeseclassic.com

www.burmeseclassic.com



သိမ့်"

"ဟုတ်တယ် အစ်ကိုမောင်၊ 'ဘလက်'တဲ့"

"ဘလက်ဆိုတဲ့ ခွေးနက်ကြီးရဲ့ပိုင်ရှင်ဟာ ချိုသက်ကြည်လေ၊ မှတ်မိလား"

"ချိုသက်ကြည်……ချိုသက်ကြည်၊ အင်း……ဒီနာမည်ကို သိမ့်သိမ့် ကြားဖူးသလိုပါပဲ အစ်ကိုမောင်"

"ဒါဖြင့် 'ဖေတိက'ကိုရော သိမှာပေါ့"

"ဟင့်အင်း"

"ဦးနောကိုရော"

"မသိဘူး"

"သိမ့်သိမ့် ဘာတွေ စဉ်းစားလို့ရလဲ ဟင်……"

"သိမ့်သိမ့်သတိရတော့ ပထမဆုံးတွေ့ရတဲ့လူဟာ မမစိန်စိပိုးနဲ့အစ်ကိုမောင်ပါပဲ။ တခြား ဘာမှ သိမ့်သိမ့် စဉ်းစားလို့ မရခဲ့ပါဘူး အစ်ကိုမောင်ရယ်၊ သိမ့်သိမ့်ဘဝဟာ ဘယ်ကလာလို့ ဘယ်ကိုသွားရမယ်ဆိုတာလဲ မသိပါဘူး။ သိမ့်သိမ့်ရဲ့အတိတ်က ဘာတွေဖြစ်ခဲ့တယ်။ အစ်ကိုမောင်နဲ့ မမစိန်စိပိုးတို့နဲ့ သိမ့်သိမ့်ဟာ ဘယ်လိုပတ်သက်နေသလဲ ဆိုတာလဲ တွေးလို့မရတော့ဘူး အစ်ကိုမောင်ရယ်"

သိမ့်သိမ့် ငိုချင်လာသည်။

အသံတွေ တုန်ယင်လာသည်။

"တွေးလို့မရရင်လဲ မတွေးပါနဲ့ သိမ့်သိမ့်ရယ်၊ စိတ်ပင်ပန်းလှပါတယ်။ တစ်နေ့ကျရင် သိမ့်သိမ့် အားလုံးကို ပြန်ပြီး သတိရလာမှာပါ။ အားမငယ်ပါနဲ့။ အစ်ကိုမောင်နဲ့ စိန်စိပိုးဟာ သိမ့်သိမ့်ကို ညီမရင်းလေးလို တွယ်တာစောင့်ရှောက်နေတယ်လို့ပဲ သိမ့်သိမ့်စိတ်ထဲမှာ သိထားရင် အစ်ကိုမောင်တို့ ကျေနပ်ပါပြီကွယ်……"



သိမ့်သိမ့်မျက်နှာတွင် အပြုံးရိပ်ကလေးတစ်ခု ဖြစ်ပေါ်လာသည်။ ခေါင်းကိုလည်း ညင်သာစွာ ညိတ်လိုက်မိပါသည်။ သူက သိမ့်သိမ့်လက်ကလေးကို ဆုပ်ညှစ်လိုက်သည်။ အလိုလို အားအင်တွေ ပြည့်လာသည်ဟု သိမ့်သိမ့်ထင်လိုက်မိသည်။

"သိမ့်သိမ့် ဘယ်တော့ ဆင်းရမှာလဲ"

"တစ်ရက်နှစ်ရက်အတွင်းပေါ့ သိမ့်သိမ့်ရဲ့ ခေါင်းက အနာကျက်တာနဲ့ ဆင်းနိုင်ပြီလို့ ဆရာဝန်ကပြောတယ်။ ကဲ……အစ်ကိုမောင် ပြန်ဦးမယ်၊ ညနေကျရင် စိန်စိပိုးလာလိမ့်မယ်"

မောင်မောင်သည် သိမ့်သိမ့်ကို နှုတ်ဆက်၍ ထွက်ခဲ့သည်။ သူသည် မစာစောကပင် ဆရာဝန်နှင့် တွေ့ခဲ့သေးသည်။ သိမ့်သိမ့်ခေါင်းမှာ ဒဏ်ရာကျက်လျှင် ဆေးရုံမှ ဆင်းနိုင်ပြီဖြစ်သော်လည်း သိမ့်သိမ့်ကို စိတ်ရောဂါအထူးကုပါရဂူနှင့် ဆက်လက်၍ ကုသရန် ဆရာဝန်က တိုက်တွန်းခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ သိမ့်သိမ့်၏ အခြေအနေမှာ အလွန်အမင်း အခိုးအငွေ့ကြီး မဟုတ်လှ၊ အရေးကြီးတာက မြေပုံပြသနား။

ယခုလောက်ဆိုလျှင် ချိုသက်ကြည်တစ်ယောက် ယမ်းပုံမီးကျဖြစ်နေလောက်ပြီ။ သူ့ကို ကမ္ဘာမြေအနှံ့ မြေလှန်ရှာပေတော့သည်။ ဒီကနေ့မနက် သူ ချိုသက်ကြည်အခန်းက ထွက်လာတော့ သူသည် နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်ရင်း ကျန်ရစ်ခဲ့သည်။

မောင်မောင်သည် ချိုသက်ကြည်၏ လှပသောခန္ဓာကိုယ်ပေါ်သို့ စောင်ပါးကလေးတစ်ထည်ဖြင့် ဖုံးလွှမ်းပစ်ခဲ့၏။ သို့စဉ်ပင် မောင် ချိုသက်ကြည်၏ လှတာတွေ ပတာတွေက မျက်လုံးထဲတွင် ဓာတ်ပုံရိုက်ထားသလို စွဲထင်နေသည်။

မောင်မောင်ဘခက်သည် ဆိုင်ကယ်ကို စီးရင်း ထွက်ခဲ့သည်။ မျက်လုံးတွေက မှေးစင်းချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကလည်း တစ်ညလုံး မအိပ်ရ။

သည်ကနေ့ မနက်ကျတော့လည်း မမှေးရသေး။

ထောက်ကြန့်ရှိ 'စိမ်းရိပ်ငြိမ်' အုန်းခြံတွင် ဘ,စိုးအောင်၊ စိန်စီပိုးတို့နှင့် စကားပြောပြီး သိမ့်သိမ့်ထံ လာခဲ့သည်။ တာဝန်ကျ ဆရာဝန်ကို အကျိုးအကြောင်း ပြောပြ ဝင်ခွင့်တောင်းပြီး သိမ့်သိမ့်ကို တွေ့ခဲ့သည်။ အားပေးခဲ့သည်။

ယခု ဘယ်သွားမလဲ။

မောင်မောင်တို့က အလုပ်တစ်ခုကို ဘယ်တော့မှ အကြွေး မထားတတ်။ ပြဿနာဆိုလျှင် ရှင်းပစ်လိုက်ရမှ ရင်ထဲမှာ လင်း သွားတတ်သည်။

သူသည် ချိုသက်ကြည်ထံမှ သတင်းအစအနတွေ ရခဲ့ သည်။ အရေးကြီးသော 'ကွင်းဆက်' တစ်ခုကို ဆက်မိခဲ့၏။

ချိုသက်ကြည်ကို အပိုင်ကိုင်ထားနိုင်လျှင် ဓာတ်ကနှင့် ရှုပ်ထွေးလှသော 'လျှို့ဝှက်မြေပုံ' ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည် ဟု သူယုံကြည်ထားသည်။

ယခုတော့ ချိုသက်ကြည်၏ မြေပုံက သူ့လက်ထဲတွင် ရောက်နေပြီ။ နိုင်ကွက်ကို ကိုင်မိပြီ။ ချိုသက်ကြည်ကို မလွှပ်သာ မရှုန်းသာအောင် အပိုင်ကိုင်မိပြီ မဟုတ်ပါလား။

'ကြားကား' တစ်စီးသည် 'မြေနီကုန်း..... မြေနီကုန်း။ တစ် ယောက် တစ်မတ်' ဟု အော်ရင်းဟစ်ရင်း သူ့ဆိုင်ကယ်ဘေးမှ ဖြတ် တက်သွား၏။

ဟုတ်တယ်.......

မြေနီကုန်းကိုပဲ သွားရမယ်.......

အဲဟိုမှာ ချိုသက်ကြည် ရှိတယ်မဟုတ်လား။



အခန်း (၁၀)

ချိုသက်ကြည်သည် အိပ်မက်လှလှကလေးကို မြန်လည် သ,မိရင်း အခန်းထဲသို့ ကြည့်လိုက်သည်။

တစ်ခန်းလုံး ဖြူဖွေးနေသည်။

မွေ့ရာ၊ ခေါင်းအုံးတို့မှ မှို့တွေဖြင့် ဖွေးဖွေးလှုပ်နေပါသည်။

ခြော်....... တိမ်တွေ မဟုတ်ပါလား။

မှို့တွေပဲ။

သည်မှို့တွေထဲတွင် လူးလှိမ့်ရသည်ကိုပင် တိမ်တိုက်တွေ င်မှတ်နေခဲ့ပါသည်။

ယခုတော့ သူ မရှိတော့။

မောင်မောင်ဘခက်သည် သူမကို တိမ်တိုက်တွေ ကြားထဲ ွင် ထားပစ်ခဲ့ဟန်တူသည်။ ချိုသက်ကြည်သည် အိပ်မက်လှလှ လေးကို အောက်မေ့တသရင်း ထသည်။ ထိုင်သည်။ မတ်တတ်

www.burmeseclassic.com



ရပ်သည်။

ပြီးတော့ ရေချိုးခန်းထဲသို့ဝင်ပြီး ရေပန်းပွင့်အောက်တွင် တဝကြီး ရေစိမ်ပစ်လိုက်သည်။ သည်တော့မှ လန်းသွား၏။ အမှုန်း ပြေသွား၏။ သူမသည် မွေးပွမျက်နှာသုတ်ပဝါကြီးဖြင့် ခန္ဓာကိုယ်ကို စည်းထွေးပြီး ရေချိုးခန်းမှ ထွက်ခဲ့သည်။

အနံ့အချို့ ပျံလွင့်လာ၏။

ဧည့်ခန်းထဲမှ ဖြစ်သည်။ စီးကရက်အနံ့။

သည်လိုဆိုလျှင် ဧည့်ခန်းတွင်း၌ သူ ရှိနေလေဦးမည်။

"သိကြရောပေါ့....... ဟွန်း"

"ကျောပြင်ကြီးကို တအားထုပစ်လိုက်မယ်"

"သူများကို မျောက်ဖြူကြီး လေးစီးပုံ ပြောပြပြီးတော့"

ချိုသက်ကြည်သည် ခန်းဆီးကို အသာကလေး လှစ်လိုက်သည်။

"အို"

အာမေဋိတ်သံနှင့်အတူ......

ဧည့်သည်နှစ်ယောက်နှင့် သေနတ်တစ်လက်။

မည်းနက်သော ပြောင်းဝသည် ချိုသက်ကြည်၏ ရင်ညွန့်တည့်တည့်တွင် ချိန်ထားသော်လည်း သူတို့တစ်တွေ၏ မျက်နှာတွေက ရေခဲတိုက်ထဲက လူသေတွေလို အေးစက်နေသည်။

"ကျွန်တော်တို့ ဧည့်သည်တွေပါ၊ ရောက်နေတာ ကြာပါပြီ"

"ဟုတ်....... ဟုတ်....... ဟုတ်ကဲ့ ဒီလိုဆိုရင် ထိုင်ကြပါဦး။ ချိုသက် အဝတ်အစားလဲလိုက်ပါရစေဦး"

သူမအသံက ထစ်ငေါ့တုန်ယင်နေသည်။

"ကိစ္စမရှိပါဘူးလေ၊ ဒီအတိုင်းလဲ ကြည့်လို့ကောင်းပါတယ်၊



ထိုင်ပါဦး။ စကားလေး နည်းနည်းပါးပါး ပြောကြရအောင်"

ချိုသက်ကြည်သည် မွေးပွမျက်နှာသုတ်ပဝါကြီးကို ရင်ညွန့်အထက်တွင် စည်းထွေးပြီး လက်ကလေးတစ်ဖက်ဖြင့် ထိန်းကိုင်ထားရင်း သူတို့နှစ်ယောက်ရှေ့တွင် ဒူးနှစ်ဖက်စေ့၍ မရဲတရဲ ထိုင်လိုက်သည်။

ပုလဲဥသဏ္ဌာန် ရေစက်ရေမှုန်ကလေးများသည် သူမ၏ နှမ်းနှစ်ရောင် အသားရေပေါ်တွင် ခိုတွဲနေသည်။ စီရရီကျနေသည့် အလင်းရောင်ကြောင့် သူမကိုယ်တွင် တလက်လက် ဖြစ်လို့နေပါသည်။

သူတို့တစ်တွေသည် ချိုသက်ကြည်၏ အလှအပကို နည်းနည်းကလေးမှ စိတ်ဝင်စားဟန် မပြကြ။

"ကျွန်တော်တို့ ချိုသက်ကြည်ဆီက ပစ္စည်းတစ်ခု ဝယ်ချင်ပါတယ်"

"ရှင်...... ဘာ...... ဘာပစ္စည်းများလဲ"

"စက္ကူစုတ်ကလေး တစ်ခုပါ"

ချိုသက်ကြည်ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ သို့ပေမယ့် ဟန်ကိုယ်ဖို့ မပျက်ပါလား။

"စက္ကူစုတ် ဝယ်ချင်ရင် ကုလားဆိုင်မှာ ရနိုင်ပါတယ်ရှင်၊ ကစ်ပိဿာမှ လေးကျပ် ငါးကျပ်လောက်ပဲ ပေးရပါလိမ့်မယ်"

"ကုလားဆိုင်က စက္ကူစုတ်ဟာ ကစ်ပိဿာမှ လေးငါးကျပ်ပေးရပေမယ့် ချိုသက်ကြည်ဆီက စက္ကူစုတ်ကလေးတစ်ခုကို ကျွန်တော်တို့က တစ်သိန်းတိတိ ပေးဝယ်မှာပါ"

သေနတ်သမားသည် စိတ်ရှည်လက်ရှည် ပြောပြီး သူ့အဖော်ကို မျက်ရိပ်ပြလိုက်သည်။

စားပွဲပေါ်သို့ 'ဓိတော့' လက်ဆွဲအိတ် အနက်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။

ပိတ်ထားသော 'ဖစ်'က ဖြဲခနဲ ပွင့်သွားသည်။

အထဲတွင် ထည့်ထားသော ငွေထုပ်တွေမှာ ချိုသက်ကြည် ရှေ့သို့ ရောက်လာသည်။ ငါးရာတန်အုပ်တွေချည်းပင်။ အုပ်ပေါင်း တစ်ရာခန့်ရှိမည်။

"အဲ...... ဒါ တစ်သိန်းရှိပါတယ်"

"ရှင်......"

"ကျွန်တော် မြန်မာစကားပြောနေတာပါ ချိုသက်ကြည်"

ချိုသက်ကြည်၏ ရင်မို့မို့တွေမှာ နိမ့်ချည်မြင့်ချည် ဖြစ်လာ သည်။ အသက်ရှူမြန်လာသည်။ သူတို့တစ်တွေသည် ခဏ္ဍစကား ကို ခဲခဲယဉ်းယဉ်း ကျင့်သုံးနေကြဟန်တူသည်။

"ကျွန်...... ကျွန်မဆီမှာ ဘာစက္ကူမှ မရှိပါဘူးရှင်"

သေနတ်သမား၏ သည်းခံနိုင်မှုအတိုင်းအတာသည် ဤတွင် မှာပင် ကုန်ဆုံးသွားဟန် တူပါ၏။ သူသည် သူ၏ အဖော်ကို မျက် ရိပ်ပြလိုက်သည်။

တစ်ယောက်သည် အိပ်ခန်းထဲသို့ ဝင်သွား၏။ ပြန်ထွက် လာတော့ မှိုတွေထွက်နေသော ခေါင်းအုံးတစ်လုံးကို ကိုင်လာသည်။

သေနတ်သမားသည် သူ့အဖော်၏ လက်ထဲမှ ခေါင်းအုံး ကို ယူလိုက်ပြီး သေနတ်ပြောင်းဝတွင် ဖိ၍ ပိတ်လိုက်၏။ ချိုသက် ကြည်၏ မျက်လုံးတွေက ပြူးအစ်လာသည်။ နှုတ်ခမ်းတွေ တဆတ် ဆတ်တုန်လာသည်။ သေနတ်ပြောင်းဝတွင် ခေါင်းအုံးနှင့်ခံ၍ပစ်လျှင် အသံသိပ်မမြည်ဟု ချိုသက်ကြည် ကြားဖူးထားသည် မဟုတ်လား။

"ကဲ......ရေဒီယိုကို ခပ်ကျယ်ကျယ်လေး ဖွင့်လိုက်ပါဦး"

တစ်ယောက်သည် အခန်းထောင့်ရှိ ရေဒီယိုရှိရာသို့ ထသွား



သည်။ ကျယ်လောင်သော အင်္ဂလိပ်တေးသွားတစ်ခု ထွက်ပေါ်လာ သည်။

"နေ...... နေပါဦးရှင်"

ချိုသက်ကြည်အသံက အထိတ်တလန့်။

"ဩ...... ဒါဖြင့် ရောင်းတော့မယ်ပေါ့"

"ဟုတ်...... ဟုတ်ကဲ့"

ချိုသက်ကြည်သည် စားပွဲပေါ်တွင် တင်ထားသော ဖန် ခန်းအိုးကလေးဆီသို့ တုန်တုန်ယင်ယင်ဖြင့် လက်လှမ်းလိုက်သည်။ ပြီး စက္ကူလိပ်ကလေးကို ပန်းအိုးထဲမှ ထုတ်ယူလိုက်၏။ သေနတ် သမားသည် ချိုသက်ကြည်၏ လှုပ်ရှားမှုတွေကို မျက်စောင်းမခတ် နိုက်ကြည့်နေသည်။

ချိုသက်ကြည်သည် စက္ကူလိပ်ကလေးကို နမြောတသစွာ ကြည့်ရင်း သေနတ်သမားလက်သို့ ကမ်းပေးလိုက်သည်။ သေနတ် သမားသည် စက္ကူလိပ်ကလေးကို ဖြန့်လိုက်၏။ သူ့မျက်နှာကြီး တစ် ခုလုံး ညိုမှုပ်သွားသည်။

"ဒါ...... ဘာလုပ်တာလဲ အဓိ"

"ချိုသက် ဘာလုပ်လို့လဲ အဲဒါ ရှင်တို့လိုချင်တဲ့ မြေပုံစက္ကူ လေ"

သေနတ်သမားသည် ဟက်ခနဲရယ်လိုက်ပြီး ဖြန့်ထားသော စက္ကူစုတ်ကလေးကို ချိုသက်ကြည်ရှေ့သို့ တွန်းပို့လိုက်သည်။ ချို သက်ကြည်သည် သူမရှေ့ရောက်လာသော စက္ကူစုတ်ကလေးကို ကြည့်ရင်း မျက်လုံးတွေ အဝိုင်းသား ဖြစ်သွား၏။ ပါးစပ် ဟသွား၏။ အံ့သြလွန်းသောကြောင့် တစ်ကိုယ်လုံး မှင်သက်မိသလို ဖြစ်သွား၏ မလား။

အထဲမှာ ဘာမှမပါ။

www.burmeseclassic.com

www.burmeseclassic.com



ရေးရာ ခြစ်ရာကလေးပင်မရှိသည့် ဗလာစာရွက်တစ်ရွက်။

ရွှေကိုယ်တော် သေနတ်သမားက မျက်တောင်မခတ် စိုက်ကြည့်နေသည်။

'ချိုသက်…… ချိုသက်…… ညကပဲ အဲဒီမြေပုံစက္ကူကို ဒီပန်းအိုးထဲမှာ ထည့်ထားခဲ့တာ အမှန်ပါပဲရှင်။ သူ ယူသွားတာပါး ချိုသက်ရဲ့ မြေပုံစက္ကူကို သူ ယူသွားတာ သေချာပါတယ် ရှင်''

''ဒီမှာ အမိ မှုရာမာယာတွေ သိပ်များမနေနဲ့။ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး''

''ချိုသက် တကယ်ပြောတာပါပဲရှင်၊ ဒါကို ရှင်တို့ မယုံရင်လဲ မတတ်နိုင်တော့ဘူး။ ညက ချိုသက်ပြန်လာတော့ သူပါလာတယ်။ တစ်ခန်းလုံးလဲ ပွနေအောင် ရှာထားကြတယ်၊ ချိုသက်တို့မရောက်ခင်မှာ သော့ကိုဖျက်ဝင်ပြီး မွှေသွားတာ၊ ဒါပေမယ့် မြေပုံစက္ကူကို ဒီပန်းအိုးထဲကို ပြောင်းပြီး ထည့်ထားလိုက်မိတယ်၊ ဒါကို သူ တစ်နည်းနည်းနဲ့ မြင်သွားပြီး ယူသွားတာ ဖြစ်မှာပါပဲရှင်''

''ဒီမှာ ချိုသက်ကြည်၊ မင်း ဒီနည်းမျိုးနဲ့ တို့ကိုပတ်လို့မရဘူး။ မင်းအသက်ကို နှမြောရင် မြေပုံစက္ကူကို တို့လက်ထဲကို အပ်လိုက်ပါ''

သည်တစ်ခါတော့ ချိုသက်ကြည် စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားမိသည်။

''သတ်ချင်လဲ သတ်လိုက်ပေါ့၊ ချိုသက်ဆီမှာ ရှိမနေတော့တဲ့ ပစ္စည်းတစ်ခုကို ရှင်တို့ကို ဘယ်လိုလုပ်ပြီး ပေးရမလဲ။ ချိုသက် ပြောပြီးပါပကော၊ မြေပုံစက္ကူကို သူ ယူသွားပါတယ်လို့''

''သူဆိုတာ ဘယ်သူလဲ''

''ကိုဘခက်ပါ…… မောင်မောင်ဘခက်တဲ့''

သေနတ်သမား၏မျက်နှာတွင် အပြောင်းအလဲတစ်ခု ဖြစ်



သွားသည်။ ရေဒီယိုဘေးတွင် ရပ်နေသော သူ့အဖော်အားလည်း အဓိပ္ပါယ်ကြွယ်ဝစွာ ကြည့်လိုက်ပါသည်။

ချိုသက်ကြည်သည် သူမကိုယ်မှ ပြောင်းဦးလွှဲသွားသော သေနတ်ကို လက်နှစ်ဖက်ဖြင့် မိုက်မိုက်ကန်းကန်း ဖမ်းကိုင်လိုက်လို သေနတ်သမား၏ မေးစေ့ကိုလည်း ခေါင်းနှင့်ပစ်ဆောင့်လိုက်သည်။ ပြီးတော့ ပါးစပ်ကလည်း အသံကုန်အော်သည်။

''ကယ်ကြပါဦး…… ဓားပြ ဓားပြ…… သတ်နေပါပြီ။ ယယ်လေး''

အခန်းထဲမှ တဝုန်းဝုန်းအသံတွေနှင့်အတူ အော်ဟစ်သံကိုကြားရသဖြင့် ချိုသက်ကြည်၏ အခန်းဝသို့ ရောက်နေပြီဖြစ်သော ဒန်နီဝိုသည့် ကုလားသည် ခုနစ်သံချီနှင့် ဟစ်လေတော့၏။

''အဘား အဘား…… ဓားပြ…… ဓားပြ''

''အဘား အဘား…… ဓားပြ…… ဓားပြ''

ကုလားသည် ဆွေ့ဆွေ့ခုန်ရင်း မရပ်မနား အော်သည်။ ဘက်ထပ်ကလူတွေ ပြေးတက်လာကြသည်။ အခြားအခန်းကလေးတွေ၏ အော်သံကာပါ စီစီညံသွားသည်။ ရေဒီယိုကလည်းက်ခင်း အင်္ဂလိပ်ပိုင်း ရေဒီယိုအစီအစဉ်ပင် မပြီးသေး။

တက်လာသော လူအုပ်ကြီးသည် ပိတ်ထားသော ချိုသက်ကြည်၏အခန်းကို တဝုန်းဝုန်းနှင့် ကိုယ်စောင်းတိုက်၍ ဖွင့်ကြ၏။

''ဟာ''

''ဟင်''

တံခါး ပွင့်သွားသည်နှင့် ဧည့်ခန်းအလယ်တွင် လဲကျနေသော ချိုသက်ကြည်ကို တွေ့လိုက်ရသဖြင့် မျက်လုံး ပြူးသွားကြသည်။

သူတို့တစ်တွေသည် ဓားပြကို ရှာကြ၏။ အခန်းအ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြ၏။ မတွေ့။ တစ်ယောက်သောသူသည် ရေချိုးခန်း ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။ လူနှစ်ယောက်သည် နောက် ဖေးရေပိုက်ကို ခက်ခက်ခဲခဲ တွယ်၍ ဆင်းနေကြသည်။

"ဟေးပြေး ဟေးပြေး ... နောက်ဖေး ပိုက်လုံးက ဆင်းနေပြီ"

စူးစူးဝါးဝါး မအော်လိုက်သောအသံကြောင့် နှစ်ကောင် မှာ ကမန်းကတန်း လျှောဆင်းကြသည်။ တစ်ဝက်လောက်အရောက် တွင် အပေါ်က နဲ့က လက်မမြဲတော့။ အောက်က နဲ့ပေါ်သို့ ခြေ ပစ်လက်ပစ် ပြုတ်ကျသွားသည်။

ထွေးခနဲ။

သူတို့နှစ်ယောက်စလုံး လေထီးမပါဘဲ ပိုးလိုးပက်လက် ကျသွားသည်။ တစ်ယောက်က လက်ဆွဲအိတ်ကိုကောက်၍ ထပြေး နိုင်သော်လည်း တစ်ဦး၏ ခြေသလုံးမှာ ဖျောင်းခနဲ ကျိုးပွက်သွား ၏။

ရဲတွေရောက်လာတော့ ချိုသက်ကြည် သတိရပြီ။ တိုက် နောက်ဖေးမှ အကျိုးသမားကိုလည်း မိပြီ။ သေနတ်သမားကတော့ ခြေလှမ်းလို့ မိုးပျံသွား၏။ ရှာမတွေ့တော့။

ချိုသက်ကြည်သည် သူမ၏လည်ကုပ်ကို တေဖောတင်း ဖြင့်နှိပ်ရင်း ဖြစ်သမျှအလုံးစုံကို အစစ်ခံ၏။ ရေချိုးနေစဉ် ဓားမြ နှစ်ယောက် ဝင်လာသည်။ သူမကို တစ်ယောက်က သေနတ်နှင့် ချိန်၍ တစ်ယောက်က ပစ္စည်းရှာသည်။ သူမက သေနတ်သမားကို ဝင်လုံးရင်း အော်သည်။ သူမလည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခုတ် ၍ ထွက်ပြေးသွားကြသည်။

ဒါပါပဲ။

မြေပုံစက္ကူအကြောင်းတော့ တစ်စက်ကလေးမှ မ...။ ပွရှုနေသော တစ်အိမ်လုံးကိုကြည့်၍ ရဲတွေက သူ့...



...ကို ယုံကြည်သွားကြသည်။

"တကယ်တမ်း ပြောရရင် ချိုသက်ဟာ သိပ်များများ... ...း ချမ်းသာလှတာ မဟုတ်ပါဘူးရှင်။ ဒါကို သူတို့က မယုံကြ... ...ိုင်းအုံးတွေ မွေ့ရာတွေကို ဓားနဲ့ခွဲပြီး ရှာကြတော့တာပဲရှင့်"

ချိုသက်ကြည်သည် ညက ကိစ္စကိုပါ ရောင်တော်ပြန်နှင့် ...၍ လွှတ်လိုက်၏။ စိတ်ထဲကတော့ ဘယ်ကျေလိမ့်မလဲ။

ဟင်း....... ဘခက်။

မောင်မောင်ဘခက်။

သိဝ်ကို လည်တဲ့သူ။

ပြီးတော့ သူများ၏ အသက်လောက် အရေး... ...ပုံစက္ကူကို ခိုးသွားသည်။ ချိုသက် သူ့ကို ရင်ထဲ၊ အသည်း... ...ုံးထဲ၊ အူသိမ် အူမထဲကအစ နာမိသည်။

သေနတ်တစ်လက်နှင့် ညှိသည်နှစ်ယောက်... ...ွန်းအိမ်တို့ လက်ချက်ပဲဟု ချိုသက်ကြည် အတတ်မ... ...ည်။ မောင်နှမချင်း ရက်ရက်စက်စက် လုပ်ရက်လေခြင်းဟုလည်း ...ကျုံးမရဖြစ်မိသည်။ ဒေါသအမျက် ချောင်းချောင်းထွက်ရသည်။

ယခုတော့.......

ချိုသက်ဆီမှာ ဘာမှမရှိတော့။

ပါသွားပြီ.......

သူ့လက်ထဲမှာ ပါသွားပြီ။

ချိုသက်ကြည်သည် အခန်းထဲ၌ တစ်ယောက်တည်း ... ...ခဲ့၏။ ရဲတစ်ဖွဲ့ဝင်တွေလည်း အမှုဖွင့်၍ ပြန်သွားပြီ။ ... ...လည်း ဖမ်းသွားကြသည်။ ပြီးတော့ တိုက်ခိုးချင်း အခန်းချင်း ...လည်း တစ်ဦးတစ်ယောက်မျှ မရှိတော့။

သည်တော့ .... နေ့လည် ခယ့်တစ်နာရီ...

www.burmeseclassic.com

www.burmeseclassic.com



ချိုသက်ကြည် ရင်မှာ မောနေ၏။ မြေရှင်းရ အစစ်ခံ... ဟိုကမေး ဒီကမေးဖြင့် လူ့ကို ဖတ်ဖတ်မောနေပြီ။

ရေပြန်ချိုးသည်။

မှန်တင်ခုံတွင် ထိုင်၍ အလှပြင်သည်။

"ဒေါက်...... ဒေါက်"

တံခါးခေါက်သံ ကြားရ၏။

ချိုသက်ကြည် လန့်သွားရသည်။ လာပြန်ပြီ။

"ဘယ်...... သူ...... လဲ"

သူမက အိပ်ခန်းတွင်းမှ ခပ်ကျယ်ကျယ် အော်လိုက်၏...

"မောင်...... မောင်"

"ဟင်"

"မောင်မောင်ဘခက်ပါ"

ချိုသက်ကြည်၏ မျက်ခုံးနှစ်ဖက်မှာ မြင့်တက်သွား၏။ မှ... တင်ခုံရှေ့မှ ဆတ်ခနဲ ထထိုင်လိုက်သည်။ ထဘီကို ကျစ်ကျစ်လ... လစ် ပြန်၍ ရင်လျားသည်။

ပြီးတော့ ခြေကို ဖော့နင်းရင်း အသံမကြားအောင် လျှော... လာ၏။ သူမ လက်ထဲတွင်တော့ 'ပိုက်လေဘယ်' ပုလင်းခွံကို ကို... ထားသည်။

"ဒေါက်...... ဒေါက်"

"ဂလောက်"

"ချလွမ်း"

မောင်မောင်ဘခက်၏ ဒူးတွေ ညွတ်ကျသွား၏။ မျက်... ထဲတွင် မီးရှူးမီးပန်းတွေ ပွင့်ထွက်သွားသည်။

ဆော်ပြီ။

သည်လောက်ပဲ သိလိုက်သည်။ ပြီးတော့ မေ့သွား၏။



ချိုသက်ကြည်သည် လက်ထဲမှ ပုလင်းလည်ပင်းပြတ်ကို ...ကြည့်လိုက်ရင်း နှစ်သိမ့်စွာ ပြုံးလိုက်သည်။

'ဒေါက်...... ဒေါက်' ဒုတိယမ္ဗိ တံခါးအခေါက်တွင် ချို...က်ကြည်က တံခါးဂျက်ကို 'ဂလောက်'ခနဲ ဖွင့်ပေးပြီး ဘေးသို့ ...ပ်လိုက်သည်။ သူဝင်လာသည်။ လက်ထဲမှ ပုလင်းနှင့် သူ့ခေါင်း ...ဦ 'ချလွမ်း'ခနဲ သယ်ထည့်လိုက်ခြင်းပင်။ ပုလင်း ကွဲသွားသလို ...လည်း ပုံကျသွားခဲ့သည်။

ချိုသက်ကြည်သည် တံခါးကို ပြန်ပိတ်လိုက်ပြီး သူ့ကို ...င်းနှစ်ဖက်က မနိုင်မနင်း တရွတ်ဆွဲ၍ အိပ်ခန်းတွင်းသို့ သွင်းခဲ့ ...ည်။ ရေချိုးခန်းထဲမှ ထဘီလှန်းသည့် နိုင်လွန်ကြိုးကို ဖြုတ်၍ ...တ်ပြန်တုတ်သည်။ ခြေထောက်ကို မလှုပ်နိုင်အောင် ချည်သည်။

မကျေနပ်သေး။ လက်ကို ထပ်တုပ်သည်။ ပြီးတော့ ခုတင် ...င်နှင့် ကပ်၍ ချည်လိုက်သေးသည်။

"ကဲ...... ဘာတတ်နိုင်သေးလဲ"

ချည်လဲပြီးရော လူ့ကို ဖတ်ဖတ်ကို မောပါရော။

ပြီးတော့မှ ချိုသက်ကြည် အလှဆက်ပြင်သည်။ ရင်ကို ...ည်သည်။ အကျီဝတ်သည်။ ထဘီလဲသည်။ လက်သည်းကို ပုလဲ ...ှင်ဆိုးရင်း သီချင်းကလေး တအေးအေးပင် အရွဲ့တိုက်၍ ညည်း ...တ်မိပါသည်။

အဲဒီအချိန်မှာပဲ သူ့ကိုယ်ကြီးက လူးလွန့်လာ၏။ သို့ပေ ...့် သူ့ခေါင်းထဲတွင် ဝိတုန်းသုံးကောင် ရန်ဖြစ်နေသလို တဒီးဒီး ...ကိုက်ခဲနေသည်။

(ရှင်တော်တော်ကဲတဲ့...... ကိုလူချွဲ...... အသည်းထဲမှာ ...ယားကျိကျိ ကလိတတ်တာပဲ) ရှင် တော်တော်ခက်တဲ့ ကိုလူ ...ဝ်...... အရှက်မရှိတဲ့ သူ့မျက်ခွက်..... တစ်သက်မှာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဲ ...... အသည်းထဲက ကိုလူချွဲ......

သူသည် မျက်စိကိုမှေးရင်း ချိုသက်ကြည်၏ အေးအေး ကြည်လင်သော အသံလွင်လွင်ကလေးကို နားသောတ ဆင်နေ သည်။

ယခုတော့ သီချင်းလည်း ဆုံးသွားပြီ။

သူ့မျက်လုံးတွေလည်း ပွင့်လာပြီ။

"ဘယ်လိုလဲ ကိုရွှေမောင်မောင်ဘခက်၊ သတိရပြီလာ ရှင့်"

"အင်း...... သတိရတာတော့ ကြာပါပြီ၊ ချိုသက် သီချင် ဆိုသံကို နားထောင်ကောင်းတာနဲ့ မှိန်းပြီး နားထောင်နေတာ"

"ဘယ့်နှယ်လဲ...... တော်တော်အီရဲ့လား"

"အား...... ခေါင်းပေါ်ကို အပိုလို အာကာသယာဉ်ကြ ပြုတ်ကျလာသလား အောက်မေ့ရတယ်"

ချိုသက်ကြည်သည် 'ဟက်'ခနဲ မခိုးမခန့် ရယ်လိုက်၏

"ရှင် ဘာဖြစ်လို့ ပြန်လာရတာလဲ ကိုဘခက်"

"ချိုသက်ကို သတိရလို့ပေါ့"

"တော်စမ်းပါ၊ ဘယ်မှာလဲ ချိုသက်မြေပုံ"

"မြေပုံ...... "

"ဟုတ်တယ်...... မြေပုံ၊ ဘာ အခုမှ မသိချင်ယော ဆောင်နေတာလဲ၊ ဒီမှာ တွေ့လား"

"အမယ်လေးဗျာ"

ချိုသက် လက်ထဲတွင်တော့ ပုလင်းလည်ပင်းပြတ်၊ အသွ တွေက စားသွားလို ထက်နေသည်။ မောင်မောင်သည် မျက်နှာ တွင် ကပ်လာသော ပုလင်းပြတ်ကိုကြည့်ရင်း 'အမယ်လေး' လိုက်သည်။



"အူကြောင်ကြောင် မလုပ်နဲ့။ ရှင့်မျက်ခွက်ကို ထိုးထည့် လိုက်မှာ၊ ဘာမှတ်လို့လဲ"

"ဘယ်လိုလဲ ချိုသက်၊ ခေါင်းကိုရိုက်တယ်၊ သတ်ခါနီး က်တစ်ကောင်လို ကြိုးနဲ့တုပ်တယ်။ အခု ဘယ်အမြှုးနဲ့ ပုလင်းနဲ့ ှ်းမလို့လဲ"

"လျှာမရှည်နဲ့၊ ဘယ်မလဲ ကျုပ်မ မြေပုံ'စက္ကူ' "။

"မြေပုံစက္ကူ ဟုတ်လား"

"ဟုတ်တယ်...... ညက ရှင် ပန်းအိုးထဲက ခိုးသွားတဲ့ ်စက္ကူ"

"အဲ...... ဒုက္ခပဲဗျ၊ မနေ့က ချိုသက်ဆီက အပြန် ဗျူလ ခြဲနားလဲရောက်ရော၊ ဗိုက်နာတာနဲ့ မြေအောက်အိမ်သာ ဝင် က်တယ်၊ အဲ...... စက္ကူကလဲ မပါတော့ အဲဒီ စက္ကူစုတ်ကလေး ......"

"ဟင်...... ရှင်...... ရှင်...... လိမ်တာ"

"မလိမ်ပါဘူးဗျာ၊ တကယ်ပြောတာပါ"

"ဒီမှာ ကိုဘခက်...... ရှင် ပေါကြောင်ကြောင် စကားတွေ မနေနဲ့၊ အဲဒီ မြေပုံစက္ကူလေးဟာ ချိုသက်ဘဝနဲ့ထက်ပြီး အရေး တယ်ရှင့် နားလည်လား။ ရှင့်ကို ချိုသက်အလိုလိုက်ပြီး ခေါ်လာ ာ မှားတာပါပဲရှင်၊ စောစောကပဲ အဲဒီစက္ကူလေးအတွက် ချိုသက် အသေသတ်ပြီး အရယူဖို့ လူနှစ်ယောက် လိုက်လာကြသေး ယ်"

သည်တစ်ခါတော့ ချိုသက်ကြည်အသံက တည်နေသည်။ မျက်နှာလှလှလေးတစ်ခုလုံး သုန်မှုန်လို့နေသည်။ ချိုသက် ကြည်'တော့။

"ဒါတွေအားလုံး ကိုယ်ကြားပြီးပါပြီ ချိုသက်၊ အောက်

www.burmeseclassic.com

www.burmeseclassic.com



သင်ကုလွေတွေ ပြောနေကြတာနဲ့ ကိုယ်ဝင်ပြီး နားထောင်ခဲ့တာ တာနပြတွေဆို"

"ဘယ်ကလာ ဓားပြဟုတ်ရမှာလဲ။ မြေပုံစက္ကူကို လိုချ သို့ လိုက်လာကြတဲ့သူတွေ၊ တစ်ယောက်တော့ မိသွားတယ်"

"သူတို့တစ်တွေဟာ ဘယ်သူတွေလဲ ချိုသက်၊ ချိုသက် ဆီမှာ မြေပုံစက္ကူရှိနေတယ်ဆိုတာ ဘယ်လိုလုပ် သိနေကြတာလဲ ဥကလဲ ရှာသွားပြီးကြပြီ မဟုတ်လား"

"ဒါ ရှင့်အပူမဟုတ်ပါဘူးလေ။ ရှင် ယူသွားတဲ့ ချိုသ မြေပုံကိုသာ ပြန်ပေးပါ"

သူမအသံက တောင်းပန်းခယသံတွေ နှယ်လာသည်။

"ပေးပါ့မယ် ချိုသက်၊ တစ်ခုမဟုတ်ဘူး နှစ်ခုပေးမယ်"

"ဟင်......"

"ဟုတ်တယ်၊ ကိုယ့်မှာလဲ ချိုသက်လို မြေပုံကလေးတ ခု ရှိနေတယ်"

ချိုသက်ကြည် ဟောင်းလောင်းဖြစ်သွားသည်။ ပါး ဟောင်းလောင်းဖြစ်သွားသည်။

"ပြီးတော့ ကိုယ့်ဆီမှာရှိတဲ့ မြေပုံက ချိုသက်ဆီမှာရှိ မြေပုံနဲ့ ဆက်လို့ရတယ်။ အံကိုက်ပဲ"

"ရှင်...... ရှင်...... ဒီမြေပုံကို ဘယ်ကရသလဲ"

ချိုသက်ကြည်က အံ့ဩတကြီး မေးသည်။ မောင်မောင် အေးအေးဆေးဆေး ဖြေသည်။

"ဖေတိက,က"

"ဖေတိက,က ဘယ်သူ့ဆီက ရသလဲ"

"ဦးနော"

"ဒက်...... ဒက်ဒီနဲ့ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ



ဘခက်"

"ဖြေမယ်လေ၊ ကြိုးတွေကို အရင်ဖြေပေးပါဦး"

"ဟင့်အင်း...... ချိုသက် ရှင့်ကို မယုံတော့ဘူး"

"ယုံပါ ချိုသက်၊ ကိုယ် တကယ်ပြောနေတာပါ၊ အဲဒီ မြေပုံကလေးတွေကို ဆက်လိုက်ရင် သိန်းပေါင်းများစွာတန်တဲ့...."

ချိုသက်ကြည် တွေဝေသွားသည်။

"ဆက်ပြောလေ ကိုဘခက်"

"ကြိုးဖြေပေးမှ"

"ကောင်းပြီ...... ချိုသက်ဖြေပေးမယ်၊ ရှင် ချိုသက်မြေပုံ ကို တကယ်ပြန်ပေးမှာလား။ ဘယ်မှာလဲ"

ချိုသက်ကြည်က သူ့ဘောင်းဘီအိတ်တွေကို နှိုက်ကြည့် သည်။ သူ့တစ်ကိုယ်လုံး ထိုးထိုးထွန့်ထွန့်ဖြစ်သွားသည်။ မြေပုံကို တော့ မတွေ့။

"ဒီကို ဘယ်ပါလာမလဲ ချိုသက်၊ အဲ...... တစ်ခုတော့ရှိ တယ်။ ကိုယ်က ချိုသက်ရဲ့မြေပုံကို အမှန်တကယ် ပြန်ပေးမယ်။ ချိုသက်ရဲ့မြေပုံအပြင် ကိုယ့်မှာရှိတဲ့ မြေပုံကိုလဲ ပေးမယ်။ ဒါပေ မယ့် ချိုသက် ကိုယ့်ကို ကတိတစ်ခုပေးရလိမ့်မယ်"

"ဘာကတိလဲ"

"ချိုသက်နဲ့ကိုယ် မဟာမိတ်ပြုရမယ်"

"ဘယ်လို ဘယ်လို"

"ဩော်...... ချိုသက်နဲ့ကိုယ် နှစ်ယောက်ပေါင်းပြီး မြေပုံ တစ်ခုလုံးကို လက်ထဲရောက်အောင် လုပ်ကြမယ်လေ၊ ဘယ့်နှယ် လဲ"

ချိုသက်ကြည် စဉ်းစားနေသည်။

ပြီးတော့ ခပ်ဆတ်ဆတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာဆိုင်လို့ ဒီအထဲမှာ ဝင်ပါနေရတာလဲ ကိုဘ ခက် ဟင်၊ ရှင်က ဒက်ဒီနဲ့ ဘယ်လိုများ ပတ်သက်နေခဲ့လို့လဲ"

"မေးပြီးပြီ ဒီမေးခွန်း။ ကြိုးဖြေပေးလေး ကိုယ့်လက်တွေ နာလှပြီ ချိုသက်ရဲ့"

ချိုသက်ကြည် သက်ပြင်းချရပြီ။

ကျွန်မ်လိုက်တဲ့ မောင်မောင်ဘခက်ပါတကား။

သူမသည် မောင်မောင်ဘခက်၏လက်မှ ကြိုးတွေကို မရဲတရဲ ဖြေပေးသည်။

"ခြေထောက်ကို ဖြေပါဦး။ ဒီမှာဖြင့် တစ်ကိုယ်လုံး တောင့်နေပြီ၊ ခုညှင်းလိုက်တာ"

ချိုသက်ကြည် မျက်စောင်းလေးနှင့်ထိုးရင်း ကြိုးကို ဖြေလိုက်၏။

သူ ထလာသည်။

❀ ❀ ❀ ❀ ❀



အခန်း (၁၁)

'စစ်ပွဲတစ်ပွဲကို တိုက်ခိုက်တဲ့နေရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မဟာမိတ်ပြုပြီး စုပေါင်းတိုက်ခိုက်မှ အောင်မြင်နိုင်တယ်။ ဒုတိယ ကမ္ဘာစစ်ကြီးတုန်းက အင်္ဂလန်၊ အမေရိကန်နဲ့ အနောက်ပိုင်းနိုင်ငံ တွေဟာ မဟာမိတ်ပြုကြသလို ဂျာမန်၊ အီတလီ၊ ဂျပန် အစရှိတဲ့ ဝန်ရိုးတန်းနိုင်ငံတွေဟာလည်း မဟာမိတ်ပြုပြီး တိုက်ကြတယ် ချို သက်၊ အခုဟာကလည်း စစ်ပွဲတစ်ပွဲလိုပါပဲ။ ချိုသက် တစ်ယောက် တည်း သူတို့တစ်တွေနဲ့ အပြိုင်ကြနေလို့ ဘယ်လိုလုပ်ပြီ နိုင်နိုင်ပါ့ မလဲ၊ ဒါကြောင့်မို့ ကိုယ်နဲ့ လက်တွဲပါလို့ ပြောနေရတာ"

မောင်မောင်ဘခက်သည် စကားအရာ၌ 'စကားအောင် တား' ဝင်စားသည်။ အပြောကြွယ်သည်။ အစ်တာ၊ ညွှစ်တတ် သည်။

www.burmeseclassic.com



ချိုသက်ကြည် ငိုင်နေပြီ။

"ကိုယ်ဟာ ဦးနော့ရဲ့အသက်ကို ကယ်ခဲ့ဖူးတယ်။ ဘယ်တုန်းက ဘယ်မှာကယ်ခဲ့သလဲဆိုတာတော့ ကိုယ့်ကို မမေးနဲ့။ ဦးနော့က ဒါကို လျှို့ဝှက်ခိုင်းထားခဲ့တယ် ချိုသက်၊ အဲ...... လွန်ခဲ့တဲ့ တစ်လလောက်ကတော့ မန္တလေးကို စာလေးတစ်စောင်နဲ့ မြေပုံတစ်ချပ် ရောက်လာခဲ့တယ်။ ဦးနော့ ပို့လိုက်တာပေါ့။ ကိုယ် ဒါကြောင့် ရန်ကုန်ကို ဆင်းလိုက်လာတာ"

မောင်မောင်ဘခက် ဖြီးလိုက်သည်။

"ဒါဖြင့် ဒက်ဒီနဲ့တွေ့ပြီးပြီပေါ့၊ ဟုတ်လား"

"ဟင့်အင်း...... မတွေ့ရသေးပါဘူး ချိုသက်၊ မနေ့က နေ့လယ်ကမှ ကိုယ် ရန်ကုန်ကို ရောက်ခဲ့တာ။ အဲ...... မနေ့ညက အန်တီလူစီရဲ့ဝိုင်းမှာ ချိုသက်နဲ့ မမျှော်လင့်ဘဲ တွေ့ခဲ့ရပြီး ခင်မောင်ဘိုက ပြောပြလို့ ချိုသက်ဟာ ဦးနော့ရဲ့သမီးမှန်း သိခဲ့ရတယ်။ ဒီကိုလိုက်လာတော့ ချိုသက်ရဲ့ မြေပုံတွေကို ပန်းအိုးထဲက တွေ့ခဲ့ရပြီး ကိုယ့်မြေပုံနဲ့ ဆက်ကြည့်တော့ အံကိုက်ဖြစ်နေတာနဲ့ ယူသွားခဲ့မိတာ...... "

"ဒါဖြင့်...... သူများ မြေပုံကိုဖွက်နေတုန်းက သူ အခန်းထဲက ချောင်းကြည့်နေတာပေါ့၊ ဟုတ်လား"

"အင်း...... "

"ဘာလို့ ချောင်းကြည့်တာလဲ"

"မသင်္ကာလို့ပေါ့၊ စာအိတ်ထဲက ထုတ်လိုက်တဲ့ စက္ကူလေးကို ချိုသက်က အသက်လောက် မြတ်နိုးနေတယ် မဟုတ်လား"

"အင်း...... ဆိုမှဆိုတတ်ပလေ ကိုဘခက်ရယ်"

"ကိုယ်လဲ ဒါကိုပဲ အံ့ဩနေပါတယ် ချိုသက်၊ ဒီမှာ ကြည့်



စမ်း...... "

မောင်မောင်ဘခက်သည် စည်းထားသော 'ရှမ်းပိုင်သားရေ' သည်ရှည်ဖိနပ်ကို ချွတ်လိုက်မိသည်။

မြေပုံကလေးနှစ်ချပ် ထွက်လာ၏။

ချိုသက်ကြည် ကမန်းကတန်း ယူကြည့်သည်၊ ဆက်ကြည့်သည်။

အံကိုက်ပါပဲ။

အထဲက စာလုံးတွေကအစ ဆက်စပ်နေသည်။

ချိုသက်ကြည် သူ့စကားကို ယုံသွားမိပါပြီ။

ပြီးတော့...... မြေပုံကလေးနှစ်ချပ်ကိုလည်း နှလုံးသားအလည်တွင် မြတ်မြတ်နိုးနိုး ကပ်ထားလိုက်သည်။

"အခု ဦးနော့ရဲ့အခြေအနေ ဘယ်လိုရှိနေသလဲ ချိုသက်"

"ဒက်ဒီအခြေအနေကတော့ သိပ်မကောင်းလှဘူး။ ကိုဘခက်၊ အစကတော့ 'ပန်းနာ' သက်သက်ပါပဲ။ အဲ...... နောက်တော့ လေဖြတ်ပြီး ကိုယ်တစ်ပိုင်းသေသွားတယ်"

ထွက်လာပြီ၊ ထွက်လာပြီ၊ စကားတွေ။

"ဒါနဲ့များ ချိုသက်က ဘာဖြစ်လို့ 'ဇောတိက'က ထွက်လာရတာလဲ"

"နေလို့မဖြစ်လို့ပေါ့ ကိုဘခက်၊ နေလဲ ဒက်ဒီကို တွေ့ရတာမှ မဟုတ်တာ။ အဲလစ်ကလွဲပြီး ဒက်ဒီကို ဘယ်သူနဲ့မှ မတွေ့ရဘူး"

"ဟာ...... ဒါတော့ ဘယ်တရားမလဲ"

"မတရားလဲ မတတ်နိုင်ဘူး။ ဇောတိကမှာ အဲလစ်ကို ဘယ်သူမှ မလှန်နိုင်ဘူး။ အစ်ကိုလွှမ်းအိမ်ဆိုတာယ် အဲလစ်ကြိုးဆွဲရာ ကနေရတဲ့ ရုပ်သေးပဲ၊ ဇောတိကတစ်ခုလုံးကို အဲလစ် ချယ်

www.burmeseclassic.com

www.burmeseclassic.com



လှယ်နေတာ ကြာလှပြီ……”

“အဲလစ်နဲ့ ကိုလွန်းအိမ်ဟာ မြေပုံတွေကို အပိုင်စီးမျှော်နေကြဟန်တူတယ် ချိုသက်”

ချိုသက်သည် ခေါင်းညိတ်လိုက်ပါသည်။

“အစတုန်းကတော့ သူတို့ဟာ ချိုသက်ရဲ့ မြေပုံရယ်၊ ချိုသက်ရဲ့ ညီမလေးရဲ့မြေပုံရယ် သူတို့ကို အပ်ပါ၊ ငွေနှစ်သိန်းပေးမယ်လို့ အချိုသက်ခဲ့ကြတယ် ကိုဘခက်၊ ဒါ…… သက်သက်လောဘကြီးဟာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီရတနာတွေသာ ရှာလို့တွေ့လိုက်မယ်ဆိုရင် တစ်လုံးကို အနည်းဆုံး ငါးသိန်းပဲထားဦး။ ကိုးလုံးဆိုတော့ လေးဆယ့်ငါးသိန်းလောက် တန်နေတာကလား။ အဲဒါတွေကို ကိုဘခက်လဲ သိပြီးရောပေါ့”

မောင်မောင်ဘခက် တစ်ကိုယ်လုံး မှင်းခနဲ ဖြစ်သွားသည်။

လေးဆယ့်ငါးသိန်း…… လေးဆယ့်ငါးသိန်းတန်……

ရတနာတွေတဲ့။

“အင်း.. …သိပြီးပါပြီ ချိုသက်၊ ဒါကြောင့်လဲ မန္တလေးက ရန်ကုန်ကို ဆင်းလာခဲ့တာပေါ့၊ ဒါနဲ့ ချိုသက် ညီမလေးရဲ့ မြေပုံကရော ဘယ်မှာလဲ၊ ကျြားမြေပုံတွေကရော ဘယ်သူ့လက်ထဲမှာရှိနေသလဲ ချိုသက်၊ ဒါကိုသိမှ ကိုယ်တို့ ရှေ့လျှောက် ဘာတွေဆက်လုပ်ရမယ်ဆိုတာ စဉ်းစားကြမယ်၊ ချိုသက် ကိုယ့်ကို ယုံတယ်မဟုတ်လား”

“ယုံပါလိမ့်မယ် အားကြီး”

မောင်မောင်ဘခက် ထသည်။

“ဒါက ဘယ်လဲ”

“ပြန်မယ်လေ…… ချိုသက်က ကိုယ့်ကို မယုံဘူးမို့လား”

“ကြည့်….. သိပ် အိုက်တင်ခံတာပဲ….. တကတည်းမှပဲ”



ချိုသက်ကြည် ထဆွဲသည်။ သူ့လက်ကိုဆွဲပြီး ကုလားထိုင်ပေါ်ကို ဆောင့်ချသည်။ သူက ပြုံးရင်း စီးကရက်တစ်လိပ်ကို ညှိရှိုက်ဖွာနေ၏။

“ချိုသက်ပြောပြပါ့မယ် ကိုဘခက်၊ မြေပုံစက္ကူတွေ အားလုံးဟာ ကိုဘခက်ဆီကဟာနဲ့ဆိုရင် ခြောက်ပိုင်းတောင် ဖြစ်နေပြီ”

“ခြောက်ပိုင်း…… များလှချည်လား”

“ဟုတ်တယ်…… ချိုသက်တို့ ညီအစ်မလက်ထဲမှာက နှစ်ပိုင်း၊ အစ်ကိုလွန်းအိမ်နဲ့ ရစ်ကီဆီမှာ နှစ်ပိုင်း။ နောက်တစ်ပိုင်းကတော့ သိမ့်သိမ့်လက်ထဲမှာ၊ အဲ……အခု ကိုဘခက်ဆီက မြေပုံနဲ့ဆိုရင် အားလုံး ခြောက်ပိုင်းပေါ့၊ ဒီခြောက်ပိုင်းစလုံးကို ဆက်လိုက်မှ ရတနာတွေမြှုပ်နှံထားတဲ့ နေရာအတိအကျကို သိရမှာ ကိုဘခက်”

ဒါပဲ…… ဒါပါပဲလေ။ မောင်မောင်ဘခက် သိချင်သော အဖြေကို ချိုသက်ကြည်ပါးစပ်က မမျှော်လင့်ဘဲ ပွင့်အန်ထွက်လာခဲ့ပါပြီကော။

ရတနာတွေ မြှုပ်နှံထားသည့်နေရာ၏ မြေပုံ။

တစ်လုံးလျှင် ငါးသိန်းတန်သည့် ရတနာကိုးလုံး။

ပြီးတော့ ချိုသက်ကြည်၊ ချိုသက်ရီ၊ ကိုလွန်းအိမ်၊ သိမ့်သိမ့်။

“သိမ့်သိမ့်က ဒီအထဲမှာ ဘယ်လိုပါနေရတာလဲ၊ ချိုသက်တို့နဲ့ ဆွေမျိုးမောင်နှမထဲကလား”

ချိုသက်ကြည်၏ နှုတ်ခမ်းကလေးက မသိမသာ မဲ့သွားသည်။

“ဒီကောင်မက အချောင်သက်သက် ရသွားတာပါ။ ဘာမှ ဆိုင်တာမဟုတ်ဘူး။ ဒက်ဒီကိုပြုစုဖို့ ငှားထားတဲ့ နပ်စ်မလေး……၊ ဒက်ဒီကို မူရာမာယာတွေနဲ့ ကပ်ခွဲပြီး ဘယ်လိုလုပ်သွားမှန်းမှ မသိ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ အဲ.......ဒက်ဒီက သိမ့်သိမ့်ဆိုရင် အသည်းစွဲပဲ"

မောင်မောင်သည် သိမ့်သိမ့်အတွက် အလိုလိုရင်မောလာရသည်။ သိမ့်သိမ့်ကို 'ဇောတိက'က လူတွေအားလုံးက လိုလားဟန်မတူကြ။

"အဲဒီ သိမ့်သိမ့်ဆိုတာ ဘယ်မှာလဲ"

"ဇောတိကမှာပဲပေါ့ ကိုဘခက်၊ ချိုသက် 'ဇောတိက'က ထွက်လာတော့ သိမ့်သိမ့်ကျန်ခဲ့တယ်။ သိမ့်သိမ့်ကိုလဲ အဲလစ်နဲ့ ကိုလွန်းအိမ်က မြေပုံမရဘဲ ဘယ်အတွက်ခံပါ့မလဲ ကိုဘခက်ရယ် ......."

သေချာသွားပြီ။

သိမ့်သိမ့်တစ်ယောက် 'ဇောတိက'ဂေဟာမှ အသက်ဆံဖျားထွက်ပြေးလွတ်မြောက်သွားသည်ကို ချိုသက်ကြည် မသိသေးသည်မှာ သေချာသွားပါပြီ။

သို့ကလိုဆိုလျှင် သိမ့်သိမ့်နောက်သို့ ကျားရဲတွေလို လိုက်ပါလာသူများမှာ ချိုသက်ကြည်နှင့် လုံးဝမပတ်သတ်သူများသာ ဖြစ်ရပေမည်။ ချိုသက်ကြည်သည် ထွက်လာကတည်းက တစ်ခါမျှ 'ဇောတိက'သို့ ပြန်ရောက်သေးဟန်မတူ။

မောင်မောင်ဘခက်သည် သိမ့်သိမ့်၏ မြေပုံစုတ်ကလေးကို ဦးနောက သူ့ကိုပေးခဲ့လေဟန်ဖြင့် မြားတစ်စင်း ရမ်းပစ်လိုက်၏။ ထိုမြားသည် ပစ်မှတ်ကို တည့်တည့်မတ်မတ်သွားစိုက်ခဲ့သည်။

ဒါလောက်ဆိုလျှင် 'ဇောတိက'၏ မြေပုံအရှုပ်အထွေးကို သူအတော်အသင့် သိခဲ့ပြီ။ မသိသေးသည်မှာ ထိုမြေပုံကလေးသည် မည်သူ့ထံမှ အစိတ်စိတ် အမြွာမြွာကွဲ၍ လူတစ်စု လက်ထဲသို့ ရောက်ခဲ့ရလေသနည်း။

မြေပုံ၏ တည်နေရာတွင် လေးဆယ့်ငါးသိန်းတန်ဖိုးရှိသော



ညီသည့်ရတနာတွေကို မြှုပ်နှံထားခဲ့လေသနည်း။

ဦးနောနှင့်ပတ်သက်နေမည်ကိုတော့ သူ စိတ်ချလက်ချ ကြည်ထားပြီးဖြစ်ပါသည်။ အရေးကြီးသည်မှာ မြေပုံနောက်သို့ သေနတ်တကားကားဖြင့် လိုက်နေကြသော လူမိုက်တစ်စုကို ခြေရာ မိုင်း၊ သိမ့်သိမ့်နောက်ကို လိုက်နေကြသော လူတစ်စုနှင့် ချိုသက် ကြည်နောက်တွင် လိုက်နေကြသော လူတစ်စုမှာ တစ်ဖွဲ့တည်းလား ခွဲတွေလား။

ဒါကို မောင်မောင်ဘခက်တို့ တိတိပပ မသိရသေး။

"ဘာတွေ တွေးနေတာလဲ ကိုဘခက်"

"ချိုသက်ဆီကို ဒီနေ့မနက် ရောက်လာတဲ့ သေနတ်နဲ့လူ ယောက်ကို ဘယ်သူတွေက ခိုင်းတာလဲ ဆိုတာကိုပေါ့ ချိုသက်"

"အဲလစ်တို့ ဖြစ်မှာပေါ့"

"ဒါက ချိုသက်အထင်ကိုး။ ကဲ....... ဒါဖြင့် မနေ့က ချို က်အခန်းကို လာရှာသွားတဲ့လူကရော"

"သူတို့တစ်တွေပဲ ဖြစ်မှာပေါ့၊ အဲလစ်ဟာ သူ့သား နစ်ကီ စ်ကိုလွန်းအိမ်ရဲ့မြေပုံကို ပိုင်ပြီးသားဆိုတော့ ချိုသက်တို့ ညီ မရဲ့မြေပုံနဲ့ သိမ့်သိမ့်မြေပုံကိုသာ ရလိုက်ရင် ဒီရတနာတွေအား း အဲလစ်အပိုင်စီးနိုင်ပြီပေါ့ ကိုဘခက်၊ ဒါပေမယ့် ကိုဘခက်မှာ ပုံတစ်ပိုင်း ရှိတယ်ဆိုတာကိုတော့ ချိုသက်တလွဲလို့ ဘယ်သူမှ သိသေးဘူး"

မောင်ဘခက် ပြုံးလိုက်သည်။

"ဒါပေါ့....... ဒါပေါ့.......၊ ကိုယ်ကလဲ ကိုယ့်တဝမှာ အချို း အဝှယ်တာရဆုံး 'သူ'ကလွဲလို့ ဒီမြေပုံကို ဘယ်သူမှ မပြ ဘူးလို့ သန္နိဋ္ဌာန်ချထားတာကိုး"

မောင်မောင်ဘခက်၏ လျှာတွင် အရိုးမရှိ သည်တော့

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ပြောဆိုလိုက်သည်။ ချိုသက်ကြည်သည် သူမ၏ မေး
ကစ်ကစ်ကလေးကို ကိုင်လာသော မောင်မောင့်လက်ကို ပုတ်
သည်။ ချစ်မျက်စောင်းကလေးနှင့် အသာအယာ ထိုးသည်။

"သွားပါ သိပ်မိုက်တာပဲ"

"တကယ်ပါ ချိုသက်ရယ်၊ ချိုသက်ကို မြင်မြင်ချင်း ကို
ရင်ထဲမှာ ဘယ်လိုကို ဖြစ်သွားမှန်း မသိဘူး"

"ခေါက်....... မယုံသေးဘူး"

"ဒါဖြင့် ပြောပြမယ်"

"တော်ပြီ.......သူပြောမယ့်ပုံတော့ ကြောက်သွားပြီ၊ 
ကိုညာတဲ့လူကြီး။ ဒီတစ်ခါဆိုရင် သူ့ရင်ဘတ်ကြီးကို တအုံးအုံး
ပစ်လိုက်မှာ သိလား။ အို....... ကြည့်ပါလား"

ရင်ဘတ်ကြီးကို တအုံးအုံး မထုရသေးခင် သူ့ရင်ခွင်ထဲ
ချိုသက်ကြည် ကျသွားသည်။

"အင်း"

"ကို ချိုသက်ကို တကယ်ချစ်သလားဟင်......."

"သိပ်ချစ်....... ခကွေးရရစ် စသတ်ခြစ်......."

"ဘာ 'ရရစ်' လဲ၊ ခကွေးရမင်း စသတ်ချစ်ပါ"

"အား....... ဟုတ်တာပေါ့၊ ကိုယ်က ကျောင်းတုန်
မြန်မာစာအဓိက မယူခဲ့လေတော့ သတ်ပုံမှားသွားလို့ပါ"

"တော်ပါ...... လျှာအရိုးမရှိတိုင်း လျှောက်ပြောမ
သိလား။ သူများတော့ သူ့ကိုယုံပြီး ဘဝကြီးတစ်ခုလုံး ပုံလို
နော်"

"သိပါတယ် ချိုသက်ရယ်၊ ချိုသက် ကိုယ့်ကို တွယ်
တယ်ဆိုတာ သိခဲ့လို့လဲ ချိုသက်ဆီကို ပြန်လာခဲ့တာပေါ့"

"ချိုသက်ကို သဘောလွယ်တဲ့ မိန်းကလေးဆိုပြီး အ



ကော မသေးမိဘူးလားဟင်"

"မေတ္တာဆိုတာ လွယ်ရင် ပေါ့တယ်၊ ခက်ရင် လေးတယ်
လို့ မရှိပါဘူး ချိုသက်ရယ်၊ ဆယ်နှစ်ဆယ်မိုး ချစ်သူဘဝနဲ့ နေခဲ့
ကြပြီး လက်ထပ်လို့ တစ်လအကြာမှာ ကွဲသွားတဲ့ ချစ်သူတွေရှိ
သလို ချမြင်ချကြိုက်ပြီး ယူတဲ့စုံတွဲတွေ မြဲနေတာ အများကြီးပါ"

"ဟုတ်တယ်၊ ခုအချိန်အထိ ကိုက ဘာလုပ်အေယ်၊ ဘာ
အိုင်တယ်ဆိုတာ ချိုသက် မသိသေးဘူး"

"အဲဒါ ညာတာ"

"မဟုတ်ဘူးလား။ ကိုယ့်ဟာ မြေပုံအတွက် မန္တလေးက
လိုက်လာတယ်။ ချိုသက်နဲ့ မမျှော်လင့်ဘဲ တွေ့တယ်၊ ချစ်ကြကြိုက်
ကြတယ်လေ"

"ဒါတော့ သိတာပေါ့၊ သူပြောမှလား"

သည့်နောက်တော့ ရင်သိမ့်တုန်ခါဖွယ် ချစ်စကားလေးတွေ
ကျူးရင့်မိကြသည်။ အပြုံးချင်း ဖလှယ်လို့ နှလုံးသားချင်း ထပ်မိ
ကြသည်။

ခြော်....... တတ်လည်း တတ်နိုင်တဲ့ မောင်မောင်ဘခက်။

မကြာမီ သူတို့နှစ်ဦး တူယှဉ်တွဲ၍ ချိုသက်ကြည်အခန်းမှ
ဆင်းခဲ့ကြသည်။ ရဲစခန်းသို့ သွားရောက်ပြီး ဖမ်းမိထားသော လူ
ဆိုး၏ အကြောင်းကို စုံစမ်းကြသည်။

သို့တစေ.......သူတို့သိလိုသော အကြောင်းအရာများကို
တိတိပပ မသိခဲ့ရ။ ခြေကျိုးသွားသော လူဆိုး၏ အစစ်ခံချက်အရ
သေနတ်နှင့် လွတ်မြောက်သွားသူမှာ လမ်းမတော်မှ ထောင်ထွက်
ကြောင်း၊ ချိုသက်ကြည် အခန်းသို့ လုယက်ရန် ဝင်ရောက်ကြောင်း
ခဲ့ကို အစစ်ခံခဲ့ကြသည်။ မင်းဇော်၏ နောက်သို့ ရဲဘပ်ဖွဲ့ဝင်များ
လိုက်လံစုံစမ်းနေသည်ကိုသာ သူတို့တစ်တွေ သိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သိလိုသည်က ငွေတစ်သိန်းပေး၍ ကျောက်စုတ်ကလေး ကို ဘယ်သူက ဝယ်နိုင်းလိုက်သနည်း။ ဒါကို သိချင်သည်။ သို့ တွင် ဖမ်းမိထားသော ငနဲသားက သည်အကြောင်းကို တစ်လုံးတေ ပါဒမှ ဖွင့်ဟခဲ့ဟန် မတူခဲ့။

မောင်မောင်ဘခက်နှင့် ချိုသက်ကြည်သည် ရဲစခန်း စိတ်ပျက်လက်ပျက် ထွက်ခဲ့ကြသည်။

ချိုသက်ကြည်သည် သူ့ပခုံးကို အသာကိုင်ရင်း မော်တော် ဆိုင်ကယ်နောက်မှ ထိုင်လိုက်လာသည်။

ရှေ့ခု၊ နောက်ထိုင် ညီသည်။

ကြည့်လို့ကောင်းသည်။

မိန်းကလေး လှလှတောင့်တောင့်၊ ယောကျ်ားလေးက မြ မြင့်မားမား။

"ဘယ်သွားဦးမလို့လဲ ကို"

"တစ်ခုခုစားရအောင် ချိုသက်၊ ကိုယ့်ဗိုက်ထဲက ပိုးမျိုး တစ်ရာက ဆန္ဒပြနေပြီ"

မောင်မောင်ဘခက်သည် လှူရှင်း၍ စားကောင်းသောက်ဖွယ် ရသော ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဆိုင်အတွင်းရှိ သီးသ ခန်းထဲသို့ ဝင်ခဲ့ပြီး ချိုသက်ကြည်အကြိုက် မှာစေသည်။

ပြီးတော့မှ စားရင်းသောက်ရင်း စကားပြောဖြစ်ကြ ရှေ့ဆက်လက်ပြီး ဘာတွေ လုပ်ကြမလဲဆိုသည့် ပြဿနာကို အဖြေ ရှာကြသည်။

မတွေ့။

"ကိုယ်တော့ ဖောတိက,က ကိုလွှန်းအိမ်နဲ့ အဲလစ်ကို မျက်နှာချင်းဆိုင်တွေ့ပြီး တိတိလင်းလင်းပဲ မေးလိုက်ချင်တယ် ချို သက်ရယ်"



မောင်မောင်ဘခက်က သူ့ဆန္ဒကို တင်ပြသည်။

"အဲသလိုဆိုရင် ပိုပြီး ရှုပ်ကုန်တော့မှာပေါ့။ ကိုမောင်မောင် က်ရယ်"

ချိုသက်ကြည်က ငေါ့တော့တော့ပြောသည်။

"မရှုပ်ရင် ဒီပြဿနာကို ဘယ်လိုရှင်းမလဲ ချိုသက်"

"အင်း....... တစ်နေ့တော့ သူတို့တစ်တွေနဲ့ မျက်နှာချင်း တွေ့ကို တွေ့ရမှာပါပဲ။ အခုတော့ အချိန်စောသေးတယ်လို့ က် ထင်တယ်"

မောင်မောင်ဘခက်သည် စားရင်းသောက်ရင်း သူဦးနှောက် အလုပ်ပေးထားခဲ့သည်။ သိသင့်သမျှလည်း အတော်အတန် ပြီ၊ ချိုသက်ကြည်ကိုလည်း အပိုင်ကိုင်ထားနိုင်ပြီ။ ချိုသက်ရှိ ယောက်သာ ကျန်တော့သည်။

"ချိုသက်ရဲ့ ညီမလေးက ဖောတိကမှာပဲလား"

"ဟုတ်တယ် ကို ဖောတိကမှာပဲ"

"သူ့မြေပုံကရော"

"သူ့လက်ထဲမှာပဲပေါ့၊ ဒါပေမယ့် ညီမလေးဟာ ချိုသက် ပါဘဲ ဘာမှမလုပ်ဘူးလို့ ချိုသက်ကို ကတိပေးထားတယ် ကို၊ ကိုလွှန်းအိမ်နဲ့ အဲလစ်ကလဲ ညီမလေးကို အကြမ်းပတမ်း ကိုင် ဟုတ်ဘူး။ ကောင်မလေးက စိတ်သိပ်မြန်တယ်၊ သူ့ကို မဟုတ် လုပ်ရင် မြေပုံကို မီးနဲ့ရှို့ပစ်မယ်လို့ ကြိမ်းထားလို့ သူ့ကို ချော ကြတယ်"

"ဒီလိုဆိုရင်လဲ အားလုံး စိတ်တူသဘောတူ မြေပုံတွေကို ပြီး ရတနာတွေကို ရှာကြပါလား ချိုသက်ရယ်၊ မောင်နှမတွေ ဟုတ်လား။ ရတော့လဲ အညီအမျှ ခွဲဝေယူကြပေါ့။ ကိုယ့်မှာ တဲ့ မြေပုံတစ်ပိုင်းကိုလဲ ချိုသက်ကိုပဲ ပေးပါ့မယ်။ ရတနာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရင် ချိုသက် သဒ္ဓါသလောက် ကိုယ့်ကိုပေးပေါ့"

"ချိုသက်တို့လဲ ကိုပြောသလို လုပ်ချင်ပါတယ် ကိုရယ်၊ ဒါပေမယ့် အဲလစ်က သိပ်လောဘကြီးနေတယ်။ အမှန်တော့ ဇော်တိကမှာ ချမ်းသာသမျှ အဲလစ်ဖြုန်းတာနဲ့ ကုန်သလောက် ဖြစ်နေပြီ မဟုတ်လား"

"အဲလစ်က ဘာတွေ ဒါလောက် သုံးနေတာလဲ ချိုသက်ဟင်"

မောင်မောင်ဘခက်က စိတ်ဝင်စားစွာ မေးလိုက်သည်။

"ဖဲရိုက်ပစ်တာပေါ့ ကိုရယ်၊ ချိုသက်ကိုလဲ အဲလစ်ကပဲ ဖဲရိုက်သင်ပေးခဲ့တာ"

သူ မအံ့ဩမိတော့ပါ။

သို့တစေ သူတို့နှစ်ယောက်၏ စကားတွေကို တစ်ဖက်ခန်းမှ ချောင်း၍ နားထောင်နေသူနှစ်ဦးကတော့ အံ့ဩနေပါသည်။

သူတို့နှစ်ယောက်သည် ချိုသက်ကြည်၏ 'ဘော်ဒါဆောင်ရှေ့ရှိ လမ်းထောင့်ကတည်းက နောက်ယောင်ခံ၍ လိုက်ခဲ့ကြသည်။ မောင်မောင်ဘခက်နှင့် ချိုသက်ကြည်သည် သူတို့ မော်တော်ဆိုင်ကယ်နောက်သို့ အရိပ်သဖွယ်လိုက်ပါလာကြသော ကားတစ်စီးနှင့် လူနှစ်ယောက်ကို စိုးစဉ်းမျှ သတိပြုမိခဲ့ဟန်မတူ။

မောင်မောင်ဘခက်သည် ချိုသက်ကြည်ကို သူမအခန်းသို့ လိုက်၍ ပို့ဆောင်ပေးခဲ့ပြီး ဟွန်ဒါနှင့် ထွက်ခွာလာသည်။ သူ၏ လိပ်စာကိုလည်း 'လွစွလမ်းမှ လောကနိဗ္ဗာန်' တည်းခိုခန်းဟု ချိုသက်ကြည်အား ပြောကြားခဲ့သည်။ အရေးအကြောင်းရှိလျှင် သူ့အား အမြန်ဆုံး ဆက်သွယ်မည်ဟုလည်း အယုံသွင်းခဲ့၏။

အင်း....... မိန်းမတွေ၊ မိန်းမတွေ။

နာခေါင်း ပါလို့သာပေါ့။ နာခေါင်းမပါရင် ဟိုဟာ ဒီဟာ



စားမလား မသိ။

"ယောက်ျားမာယာ သဲဆယ်ဖြာ" ဆိုသည့် ကျင့်စဉ်ကို မောင်မောင်ဘခက် အောင်မြင်စွာ ကျင့်သုံးခဲ့ပြီးသည့်နောက်......။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ညမှောင်တွင် ကြယ်ရောင်လက်နေသည်။

လမင်းကတော့ ကမ္ဘာ၏ ဟိုမှာဘက်ခြမ်းတွင် လင်းနေဟန်တူ၏။ မြန်မာပြည်ပေါ်တွင် လရောင်မရှိ။ ပကတိ မှောင်နေသည်။ မည်းနေသည်။

လကွယ်နေ့ည 'ကိုး'နာရီ။

မောင်မောင်ဘခက်သည် 'မရမ်းကုန်းရှစ်မိုင်လမ်းဆုံ'သို့ မရောက်မီ လေးဖာလုံခန့်အလိုတွင် မော်တော်ဆိုင်ကယ်ကို ရပ်ပစ်လိုက်သည်။

ခုနစ်မိုင်ခွဲ။

"ကဲ.......ခင်မောင်ဘို၊ မင်း ဒီကသာ စောင့်နေပေတော့



ဆိုင်ကယ်ကိုလဲ မှောင်ရိပ်မှာ ထိုးထားကွာ၊ သတိလဲထားနေပေါ့"

"ဖြစ်ပါ့မလား ဘခက်၊ တော်ကြာ ပိုင်နက်ကျူးလွန်မှုနဲ့ အဖမ်းခံနေရဦးမယ်"

"ဖြစ်ပါတယ်ကွာ၊ နည်းနည်းပါးပါးတော့ စွန့်စားရမှာပေါ့"

ဟုတ်ပါသည်။

မောင်မောင်ဘခက် စွန့်စားရပါတော့မည်။ သူသည် လမ်းမကြီး၏ ညာဘက်တွင် ဆင်းသွားသော မြေနီလမ်းကလေးမှတဆင့် သွက်သွက် လျှောက်ခဲ့၏။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သည်မို့ အသံဗလံကြားရအောင် ငြိမ်သက်နေပါသည်။ တစ်ခြံနှင့်တစ်ခြံ တစ်တိုက်နှင့်တစ်တိုက် သီးသန့်ကျလှသော နေရာကလေးပင်။

သူ့ကိုယ်ပေါ်တွင် စပို့ရှပ်အနက်ကိုဝတ်ထား၏ အောက်ပိုင်းတွင်တော့ ကျွေး၍ဆန့်၍ လွယ်ကူသော အနက်ရောင် အလတ်စားတစ် 'ဘဲလ်တော့တွန်'ကို စွပ်ထားသည်။ ဖိနပ်ကတော့ ခြင်းလုံးတ်သည့် အဝတ်ဖိနပ် အပျော့စား။ ဒီဖိနပ်မျိုးက ခုန်လို့ ပျံလို့ကောင်း၏။ ပေါ့ပါး၏။

သည် အဆင်တန်ဆာတွေကို ဝတ်ဆင်ပြီးသကာလ 'ဇောတိက'သို့ ချဉ်းကပ်ခဲ့ပါသည်။ အတွင်းပိုင်းကို အတော်ကလေး ဝင်သည်နှင့် မည်းမည်းကြီးဖြစ်နေသော ဇောတိကစံအိမ်ကြီးကို မလင်းလင်း လမ်းမီးရောင်တွေ လှမ်း၍ မြင်ရသည်။

မောင်မောင်ဘခက်သည် သရက်၊ ဝိန္ဒု၊ မာလကာ၊ ဩဇာပင်များနှင့် ရှုပ်ထွေးနေသော ဇောတိကစံအိမ်ကြီး၏ နောက်ဖေးသို့ သစ်နက်တစ်ကောင်လို ခြေသံလုံလုံထားရင်း ချဉ်းကပ်ခဲ့၏။ ကြီး၏အနေအထားကို နေ့ခင်းကတည်းက လေ့လာထားပြီးသားမို့ ခက်အခဲ မရှိလှ။

သူသည် ဝင်းခြံကိုကပ်၍ ပေါက်နေသော ဝိန္ဒုပင်ပေါ်သို့

www.burmeseclassic.com



တက်ခဲ့၏။ ခြင်္သေ့ထဲသို့ ထိုးထွက်နေသော ဝိန္နကိုင်းပေါ်တွင် မှောက်ရင်း အခြေအနေကို သုံးသပ်လိုက်၏။ တိုက်ကြီး၏ နောက်ဖေးတွင် မီးတစ်ပွင့်က ဝိုးတဝါး လင်းနေသည်။

သူသည် 'ဘလက်'ကို သတိထားပြီး ကြည့်လိုက်၏။ မတွေ့။

သူက 'လူနက်'။

ဟိုက 'ခွေးနက်'။

'ဘလက်'တစ်ကောင် ခြံထောင့်တစ်နေရာတွင် တော်သလင်းလကို အိပ်မက်မက်နေပါစေဟု ဆုတောင်းကာ ခြံထဲသို့ လွှားခနဲ ခုန်ချလိုက်သည်။ ပြီး တိုက်နောက်ဖေးရှိ ရေပိုက်လုံးရှိရာသို့ စွတ်ပြေးခဲ့၏။

ပိုက်လုံးကိုတွယ်ပြီး အပေါ်သို့ တက်ခဲ့သည်။ ပိုက်လုံးအဆုံးတွင် ရေချိုးခန်း ပြတင်းပေါက်တစ်ခု ရှိသည်ကို သူသိထားခဲ့ပြီး ဖြစ်သည်။

ရေပိုက်လုံး ဆုံးသွားသည်နှင့် သစ်သားပြတင်းပေါက်ကို တွေ့ရသည်။ မောင်မောင်ဘခက်သည် မျှော်လင့်ခြင်းကြီးစွာနှင့် တံခါးကို တွန်းဖွင့်လိုက်သည်။

မြတ်စွာဘုရား.......အတွင်းက ပိတ်ထားပါပကောလား။ ကံဆိုးသွားပြီ။

နေ့ခင်းတုန်းက သည်တံခါး ဖွင့်ထားသည်ကို သူ မြင်ခဲ့ရသည်။ ယခုတော့ ပိုက်လုံးထိပ်တွင် တွဲလောင်းကြီး ဖြစ်နေပြီ။ သူသည် ခါးတွင် အခွေလိုက်ချိတ်ထားသော နိုင်လွန်ကြိုးခွေကို ဖြုတ်လိုက်သည်။ ကြိုးအလုံးက တစ်မတ်လုံးလောက်သာ တုတ်ပေမယ့် ပေါင်သုံးရာတော့ ခံသည်။ ကြိုးအပြားတွင် သုံးပွင့်ဆိုင် သံချိတ်ကလေးတစ်ခု ရှိနေသည်။

မောင်မောင်ဘခက်သည် သံပိုက်လုံးကို ဘယ်ဘက်လက်



...င့် ခက်ခက်ခဲခဲ ထိန်းကိုင်ရင်း သံချိတ်ကို အစွန်းထွက်နေသော ...ခေါင်မိုးရှိ ထုပ်တန်းသို့ ပစ်ချိတ်လိုက်၏။ သည်တစ်ခါတော့ ကံ...ကောင်းသွားပြီ။

ချိတ်ကလေးသည် ခေါင်မိုးထုပ်တန်းကို 'ဂလောက်'ခနဲ ...သွားချိတ်သည်။ သူသည် ကြိုးစကို ချိုင်းအောက်တွင် ပတ်လိုက်...း ညာဘက်လက်ဖြင့် ဆွဲတင်းလိုက်သည်။ လက်ကို သုံးလေး...ထပ် ပတ်လိုက်သည်။ ထို့နောက် ပိုက်လုံးကို ကိုင်ထားသော ဘယ်...ဘက်လက်ကို ဖြုတ်လိုက်၏။

သူ့ကိုယ်ကြီးသည် ရုပ်ရှင်မင်းသား တာဇံ နွယ်ကြိုးစီးသလို ...ခနဲ လေထဲတွင် ရွေ့လျားသွားပြီး လှုသွားစကြံကော်ရစ်တာ၏ ...လက်ရမ်းပေါ်သို့ ရောက်ရှိသွား၏။

ယခုတော့ သူ့ခရီး ဆုံးပြီ။

ပွင့်နေသော တံခါးတစ်ချပ်က သူ့ရှေ့တွင် ရှိနေပါပြီကော။

မောင်မောင်ဘခက်သည် တံခါးဝတွင် ကာထားသော ...ခန်းဆီးထူကြီးကို အသာလှစ်လိုက်သည်။

သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွား၏။

ရှေ့မှာ ခုတင်ကြီးတစ်လုံးနှင့် လူကြီးတစ်ယောက်။

သူ့မျက်နှာက ကမ္ဘာ့နှစ်ရှုပ်ပေါက်နေသည်။ အရိုးပေါ်တွင် ...အရေပြားကလေး တင်ထားဘိသကဲ့သို့ ရှိသည်။ မျက်လုံးအိမ်ထဲတွင် ...မျက်ဆံမှ ရှိပါသေးရဲ့လားဟု သံသယဖြစ်လောက်အောင် မျက်လုံး...အစုံက ဟောက်ပက်နေသည်။ လူကြီးသည် ခုတင်ပေါ်တွင် အသေ...ကောင်လို မလှုပ်မယှက် ပက်လက်လှဲနေသည်။ စောင်ပါးကလေး...တစ်ထည်က သူ့ကိုယ်ခန္ဓာကို လွှမ်းခြုံထားသည်။

ဦးနော။

ဓာတုဗေဒကျွမ်းကျင်သူ သူဌေးကြီး ဦးနောပင် ဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဘခက်သည် ယခင်က ဦးနော့ကို မမြင်ဘူးခဲ့သော်လည်း ဦးနော၏ အခြေအနေမှာ သည်မျှ ဆိုးဆိုးရွားရွား ဖြစ်နေလိမ့်မည်ဟု မျှော်လင့်မထားခဲ့ချေ။

အခန်းတွင်း၌မူ ငါးဝပ်အား မီးလုံးလေးတစ်လုံး၏ အလင်းရောင်သာ ရှိသည်။ မောင်မောင်ဘခက်သည် အခန်းတွင်းသို့ ခြေကို ဖော့နင်းရင်း ဝင်ခဲ့၏။ ဦးနော၏ အိပ်ခန်းတံခါးမှာ စေ့ရုံတင်စေ့ထားသည်။ သူသည် တံခါးကို ညင်သာစွာ တွန်းဖွင့်လိုက်သည်။ ခေါင်းတစ်လုံးထွက်၍ အပြင်ကို အကဲခတ်လိုက်သည်။

မည်သူမှ မရှိ။ ပကတိ တိတ်ဆိတ်ငြိမ်သက်၍ နေပါသည်။

ဘယ်ရောက်ကုန်ကြပြီလဲ။ အဲလစ်၊ ကိုလွန်းအိမ်၊ ရစ်ကီး ချီသက်ရီတို့တစ်တွေ၏ အရိပ်အယောင်ကိုမျှ မတွေ့။ အသံဗလံကလေးမှ မကြားရ။

"ဒင် ဒင် ဒင် ဒင်"

ဦးနော၏ ခေါင်းရင်းတွင် ချိတ်ထားသော တိုင်ကပ်နာရီကြီးအသံကြောင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ ကိုယ့်ကိုကိုယ် ပြန်၍ သရော်ပြုံးလိုက်မိ၏။

မောင်မောင်ဘခက်သည် ဦးနောအခန်းမှ လှစ်ခနဲ ထွက်ခဲ့၏။ အောက်ထပ်သို့ဆင်းသော လှေကားကြီးကို လှမ်းမြင်ရသည်။ သူသည် လှေကားရှိရာသို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။

ခြင်းလုံးခတ် ဖိနပ်က သည်လိုနေရာမျိုးတွင် ခြေသံလုံသည်။ ခြေဖျားထောက်၍ လမ်းလျှောက်လိုက်သည်နှင့် ရှီးရှီးရှပ်ရှပ် အသံကလေးမှ မမြည်။

ခြေသံကြားရသည်။

သူ့ခြေသံမဟုတ်။

လှေကားမှ တက်လာသည့် အသံ။



ခြေသံက နစ်ချောင်းထက် ပိုများသည်။ လူနှစ်ယောက်ဖြစ်ရမည်။ မောင်မောင်ဘခက်သည် နောက်ကြောင်း ပြန်လှည့်ခဲ့၏။ ဦးနောအခန်းထဲကို ပြန်ဝင်သည်။ အတွင်းမှ နားစွင့်လိုက်သည်။ ခြေသံတွေသည် ဦးနော၏ အခန်းဆီသို့ ဦးတည်၍ လာနေ၏။

ဝိတ်မိ၍ နေပါပကောလား။

မောင်မောင်ဘခက်သည် ဦးနောကို ကြည့်လိုက်သည်။ ဦးနော၏မျက်ခွံတွေက လေးပင်စွာ တဖြည်းဖြည်း ပွင့်ဟသောစပြုနေပြီ။ သူသည် ဖျတ်ခနဲ ဝပ်ချလိုက်၏။ ပြီးတော့ လက်လှဲ ဒူးလှဲအနေအထားဖြင့် ခပ်စောစောက ဝင်ခဲ့သော ကော်ရစ်တာဆီသို့ သွားသွားခဲ့သည်။

ယခုတော့ သူလည်း အပြင်ရောက်ခဲ့ပြီ။ ခြေသံတွေကသည်း ဦးနော၏ အခန်းတွင်းသို့ ဝင်လာကြပြီ။ မောင်မောင်ဘခက်သည် နံရံကို ကျောပြင်နှင့်ကပ်ရင်း နားစွင့်ထားလိုက်၏။

"အဲလစ်လား"

တိုးညှင်းဖျော့တော့လှသော အသံကို ကြားရသည်။

"ဟုတ်ပါတယ် အစ်ကိုကြီး အဲလစ်ပါ၊ မောင်လွန်းအိမ်လဲ [illegible]တယ်"

"ခပ်စောစောက ခြေသံကြားရသလိုပဲ"

"စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ် အစ်ကိုကြီး။ အဲလစ်တို့ အခု[illegible] တက်လာကြတာပါ"

"အစ်ကိုကြီး နေလို့ကောင်းရဲ့လား"

"သိပ်မထူးလှပါဘူးကွယ်၊ ဒါနဲ့ သိမ့်သိမ့်တစ်ယောက် [illegible]ခန်းကို မလာတာ သုံးလေးရက်လောက် ရှိနေပြီ။ သိမ့်သိမ့်[illegible] [illegible]နေသလဲ"

တခဏ တိတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသံတစ်ခု ထွက်ပေါ်လာသည်။

"သိမ့်သိမ့် သူ့အမေ နေမကောင်းလို့ ခွင့်ယူထားပါတ[...]
မေမေ"

"မညာပါနဲ့ သားရယ်၊ သိမ့်သိမ့်မှာ မိဘရှိရှာတာ မဟု[...]
ဘဲ၊ မင်းတို့ သိမ့်သိမ့်ကို နှင်ချလိုက်ကြတာလား"

"မဟုတ်ပါဘူး မေမေ၊ သူ ကိစ္စရှိလို့ ခွင့်ယူသွားတာ[...]
တစ်ရက်နှစ်ရက်အတွင်း ပြန်ရောက်လာမှာပါ"

သူတို့တစ်တွေ ညာနေကြကြောင်း မောင်မောင်ဘခ[...]
သိပါသည်။ ဒါကို ဦးနောကလည်း ရိပ်စားမိဟန် တူသည်။ စကား[...]
သံတွေ ခေတ္တတိတ်ဆိတ်သွားသည်။ မောင်မောင်ဘခက်သည် ခ[...]
ဆီးအလှူကြီးကြားမှ မျက်လုံးတစ်ဖက် ထွက်၍ အခန်းတွင်း[...]
ကြည့်လိုက်၏။

မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်။

သို့မဟုတ် အဲလစ်နှင့် ကိုလွန်းအိမ်။

အဲလစ်က ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ရင်း ဦးနော[...]
လက်တစ်ဖက်ကို အသာကိုင်ထားသည်။ ကိုလွန်းအိမ်က မတ်တ[...]
ရပ်နေသည်။

သူတို့နှစ်ယောက်စလုံး မောင်မောင်ဘခက်ထက် အသ[...]
ကြီးကြသော်လည်း ရုပ်ရည်က မကျ။ လှလှပပ ခန့်ခန့်ညားညား[...]

"အစ်ကိုကြီး အိပ်မပျော်ရင် 'မြူရှိမိုက်ဖင်း' သောက်လို[...]
ပါလား။ စိတ်ငြိမ်သွားအောင်"

"ငါ ရင်တွေ သိပ်တုန်တယ် အဲလစ်"

"ဒါဖြင့် 'ဒိုမိုင်း' သောက်ပြီး မှေးနေလိုက်ပါလား အစ်[...]
ကြီးရယ်"

"ဟင့်အင်း ငါဘာဆေးမှ မသောက်ချင်ဘူး။ သိမ့်သိမ့်[...]



ပဲ တွေ့ချင်တယ်၊ သိမ့်သိမ့်ကို စကားပြောချင်တယ်။ သိမ့်သိမ့်ကို ခေါ်ပေးကြပါကွယ်"

ကိုလွန်းအိမ်က အဲလစ်ကို မသိမသာ မျက်စိမှိတ်ပြသည်။ အဲလစ်က ခေါင်းညိတ်လိုက်သည်။

"ခေါ်ပေးပါ့မယ် အစ်ကိုကြီး၊ မနက်ဖြန်ကျရင် သိမ့်သိမ့်ကို ခေါ်ပေးမယ်နော်၊ အစ်ကိုကြီး ဘာစားချင်လဲ ဟောလစ်ကလေး သောက်လိုက်ပါလား၊ အားရှိသွားအောင်"

"ဟင့်အင်း.......ငါ ဘာမှမစားချင်ဘူး"

ကိုလွန်းအိမ်နှင့် အဲလစ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်လုံးချင်း စကားပြောကြသည်။ မျက်ခုံးတွေ မြင့်တက်သွားသည်။ အဲလစ်၏ သက်ပြင်းရှိုက်သံက ထွက်ပေါ်လာပါသည်။

"အစ်ကိုကြီး"

"ဘာလဲ အဲလစ်"

"အဲလစ် တစ်ခုပြောချင်လို့ပါ အစ်ကိုကြီးရယ်"

သူမအသံက သိသိသာသာ နွဲ့ပျောင်းလာသည်။ သိမ်မွေ့လာသည်။ လိုသည်ထက်ပို၍ ညှုသံပါလာပါသည်။ ဦးနော၏ မျက်လုံးများက အရောင်တလက်လက် တောက်ပလာသည်ကို မောင်မောင်ဘခက် မြင်လိုက်ရသည်။

"မြေပုံကိစ္စ ပြောမလို့ မဟုတ်လား"

"ဟုတ်.......ဟုတ်ပါတယ် အစ်ကိုကြီး၊ အဲဒီလို မြေပုံတွေ ဘာတွေ လုပ်နေမယ့်အစား ပစ္စည်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ အဲလစ်နဲ့ မောင်လွန်းအိမ်ကို ပြောပြလိုက်ပါလား အစ်ကိုကြီးရယ်၊ အဲလစ်တို့ ရှာဖွေတူးဖော်ပြီး အညီအမျှ ခွဲဝေပေးလိုက်ပါ့မယ်"

"ဟုတ်ပါတယ် မေမေ၊ ကျွန်တော့်မှာ သားအကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျွန်တော် မဟာရားမလုပ်ပါဘူး။ ကျွန်တော့်ညီ ညီမလေးတွေ အစ်ကိုကြီးတစ်ယောက်အနေနဲ့ ဦးစီးဦးဆောင်လုပ်ပြီး ဒီပစ္စည်းတွေကို ခွဲဝေပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ် ဖေဖေ”

ဦးနောသည် ခေါင်းကို လှုပ်သည့်ဆိုရုံကလေး ရမ်းခါလိုက်သည်။

“ဖေဖေ ပြောခဲ့ပြီးပါပကောလား သားရယ်၊ မင်းတို့ မောင်နှမတစ်တွေ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်နဲ့ စုပေါင်းပြီး နေတာ၊ ထိုင်တာ၊ လုပ်တာကိုင်တာတွေကို ဖေဖေ လိုလားတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြတာကို ဖေဖေ မသေခင် မြင်သွားချင်တယ် သားရယ်၊ ဒါကြောင့် ဖေဖေ့ရဲ့ နောက်ဆုံးအမွေအနှစ်ဖြစ်တဲ့ ပတ္တမြားကြီးကိုးလုံးကို စုပေါင်းပြီး ရှုမဝအောင် မြေပုံစက္ကူလေးတွေကို တစ်ယောက်တစ်ပိုင်းစီ ပေးခဲ့တာပေါ့ သားရယ်၊ အဟွတ်……ဟွတ်”

မောင်မောင့်တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားရသည်။

ယခု ရှုပ်ထွေးလှသော ‘မြေပုံစက္ကူ’ ကလေးတွေ၏ အဓိပ္ပာယ်မှာ တစ်နေရာတွင် လျှို့ဝှက်စွာ မြှုပ်နှံထားသော ပတ္တမြားကြီးကိုးလုံး၏ ရာဇဝင်ကို မောင်မောင်ဘခက် သဘောပေါက်မိပါပြီ။

ဦးနောသည် သူ၏နောက်ဆုံးအမွေအနှစ်ဖြစ်ဟန်တူသော ကိုးလုံးအနေနှင့် ထိုက်တန်သည့် ပတ္တမြားကြီးကိုးလုံးကို တစ်နေရာတွင် လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့ပြီး ထိုနေရာကို မြေပုံဆွဲခဲ့၏။ ထိုမြေပုံကို ကိုးပိုင်းပိုင်း မြှုလုပ်ကာ သားသမီးတွေကို တစ်ယောက်တစ်ပိုင်းစီ ခွဲဝေပေးခဲ့သည်။ သိမ့်သိမ့်သည် မြေပုံစက္ကူတစ်ပိုင်း ရခဲ့၏။ ထိုမြေပုံစက္ကူလေးအတွက် အသက်ဘေးမှ ပြေးခဲ့ရသည် မဟုတ်ပါလား။

ဦးနော၏ ရည်ရွယ်ချက်ကား ကောင်းမွန်လှပါပေ၏။



မောင်နှမတစ်တွေ ချစ်ချစ်ခင်ခင် စုစုပေါင်းပေါင်း ဖြစ်စေ

သို့တစေ……

“တစ်ခုတော့ ရှိတယ် အစ်ကိုကြီး။ အစ်ကိုကြီးရဲ့ သား တွေဟာ ချစ်ချစ်ခင်ခင် ရှိကြပေမယ့် သိမ့်သိမ့်တစ်ယောက်က ဒီအထဲမှာ ဆွေမတော် မျိုးမစပ်နဲ့ အချောင်ပါနေပြန်တော့”

“ဆက်မပြောနဲ့တော့ အဲလစ် ငါသိတယ်။ သိမ့်သိမ့်ဟာ ည်းတွေကို အချိုးကျ ရထိုက်တယ်ထင်လို့ သူ့ကို မြေပုံတစ် ပေးခဲ့တာ။ သိမ့်သိမ့်ကို ငါတွေ့ချင်တယ်။ သိမ့်သိမ့်ကို ရှာပြီး ခဲ့ကြပါ။ ငါ သူ့ကို ပြောစရာစကားတွေ အများကြီးရှိနေတယ် ယ်”

စကားဆုံးသည်နှင့် ဦးနောမှာ ချောင်းတဟွတ်ဟွတ် ဆိုး သည်။ အမောဖောက်လာသည်။ အဲလစ်သည် ဦးနောကို နောက် မှ သိုင်းမွေ့ရင်း ရင်ဘတ်ကို ဖိထားသည်။ ကိုလွှမ်းအိမ်က က်ထဲသို့ ရေတစ်ဝက်ထည့်လိုက်ပြီး ဆေးမှုန့်ဖြူဖြူကလေးများ ရေထဲသို့ သွန်ထည့်လိုက်၏။

“ရော့……ဖေဖေ ရေသောက်လိုက်ပါဦး”

ဦးနောသည် ပါးစပ်တွင် တေ့ကပ်ထားသော ဖန်ခွက်ကို က်ဂွတ် သောက်ချလိုက်၏။ သူတို့သည် ဦးနောကို ပြန်သိပ် ည်။ စောင်ခြုံပေးသည်။

“ငါ့သမီးတွေ ငါ့သမီးတွေ၊ ချိုသက်တို့တစ်တွေလဲ မမြင် ကြာပါပကောလားကွယ်”

ဦးနော၏ ညည်းညူသံသဲ့သဲ့ကို နောက်ဆုံး ကြားလိုက်ရ ည်။ မကြာခင် တခေါခေါဖြင့် အိပ်ပျော်သွားသည်။ သူ့ဘေးနှစ် က်သည် သက်ပြင်းချရင်း အခန်းတွင်းမှ တိတ်ဆိတ်စွာ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ခွာသွားခဲ့ကြ၏။

မောင်မောင်ဘခက်သည် နံရံကို ကျောဖြင့်မှီရင်း ငူငူ
ရပ်နေမိသည်။ တောင့်တောင့်ကြီး ရပ်နေမိသည်။

ယခုမှ မှန်တရီ ပိုးတဝါးနိုင်လှသော ဖြစ်ရပ်တွေက တိ
ပြတ်သားလာခဲ့ပါပြီ။ ဇောတိက၏ မြေပုံအရှုပ်တော်ပုံကို သူ သဘေ
ပေါက် နားလည်ခဲ့ရပါပြီ။

လေးဆယ့်ငါးသိန်းတန် ပတ္တမြားကြီး ကိုးလုံး။

မောင်နှမလေးယောက်နှင့် သနားစဖွယ် မိန်းမချောကလေ
တစ်ဦး။

သူတို့တစ်တွေထဲတွင် ယုတ်မာသော၊ ကောက်ကျစ်သေ
လောဘရမ္မက် ထူပြောသော လူတစ်စုက ဖါဝင်ပတ်သက်လာသေ
အခါ.......

မောင်မောင်ဘခက်သည် ဇောတိက စံအိမ်ကြီးမှ ဖယ်ခွ
ဖို့ အချိန်တော်ပြီကို သတိရလိုက်မိသည်။ အပြန်ခရီးသည် အလ
ခရီးထက် ခက်ခဲလိမ့်မည်။ သူသည် ထုပ်တန်းတွင် ချိတ်မနေသေ
နိုင်လွန်ကြိုးကို ခပ်တင်းတင်းဆွဲ၍ သူ့ကိုယ်ပေါ်တွင် ပတ်ချည်လိုက်
သည်။ ကော်ရစ်တာ၏ သံလက်တန်းကို ကျော်ရန် ဟန်ပြင်လိုက်
၏။

သည်ကာလမှာပင် မြေပြင်ပေါ်က ငုတ်တုတ်ထိုင်စောင့်
နေသော သတ္တဝါကြီးကို ပိုးတဝါး မီးရောင်အောက်တွင် လှမ်းမြင်
လိုက်ရခြင်းပေပဲ။

'ဘလက်'ပဲ ဖြစ်ပါသည်။ အင်းခွေးကြီး 'ဘလက်'သည်
သူ့ကို စိန်ပြေနပြေ ထိုင်စောင့်၍ နေပါပကောလား။ ဘလက်သည်
ခေါင်းကြီးကို မော့ထားပြီး သူ၏ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေ
သည်။



မောင်မောင်ဘခက် 'အခက်'တွေ့သွားပြီ။ မလွယ်.......
လွယ် ဆင်းဖို့ရာ မလွယ်။ ဘယ့်နှယ်လုပ်ရပါ့။

သည်စဉ်မှာပင် ငိုရှိုက်သံသဲ့သဲ့ကို စတင်ကြားရသည်။
သံါးကို တဝုန်းဝုန်းထုသံ သဲ့သဲ့ကို စတင်ကြားရသည်။ အောက်
ထပ်ကပဲဖြစ်မည် ထင်သည်။ ငိုသံက မိန်းကလေးတစ်ယောက်၏
အသံ။

မောင်မောင်ဘခက်သည် ဦးနော၏ အခန်းထဲသို့ ပြန်ဝင်
ခဲ့သည်။ အဘိုးကြီးသည် တခေါခေါဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်
ပျော်နေပြီဖြစ်၏။ အိပ်ဆေးတွေကို ရေနှင့်ရော၍ တိုက်သွားခဲ့ဟန်
ရှိသည်။

သူသည် ဦးနောအခန်းထဲမှ ထွက်၍ အောက်ထပ်သို့ ဆင်း
သော လှေကားကြီးဆီသို့ ဒုတိယမ္ပိ ချဉ်းကပ်ခဲ့ပြန်သည်။ လှေကား
ထိပ်မှ အောက်သို့ ကြည့်လိုက်သည်။ နံရံတွင်ကပ်ထားသော မီး
တစ်ပွင့်မှအပ မည်သူ့မျှ မတွေ့။ ငိုရှိုက်သံသည် ပို၍ ကျယ်လာ
သည်။ အိမ်ကြီး၏ အောက်ထပ် တစ်နေရာမှဖြစ်သည်။ သူ၏ခြေ
ထောက်များက လှေကားထစ်များကို အလိုအလျောက် ဆင်းရက်
သားဖြစ်နေသည်။

အောက်ထပ်သို့ ရောက်သွားခဲ့သည်။ ပိုးတဝါးအလင်း
ရောင်တွင် ခမ်းနားသော ပရိဘောဂများ၊ ဆက်တီများကို တွေ့ရ
၏ ဧည့်ခန်းကြီးပင်။ သူသည် ဆိုဖာကြီးတစ်ခု၏နောက်တွင် 'မျက်
ကွယ်'အနေအထားကို ယူလိုက်ပြီး အခြေအနေကို စောင့်ကြည့်
နားစွင့်နေသည်။ အိမ်ကြီး၏ အခန်းတစ်ခုထဲမှ ပျံ့လွင့်လာသော
ငိုသံသည် ပို၍ ကျယ်လောင်လာသည်။

အသည်းနှလုံးထဲမှ ညှစ်၍ အစ်၍ ထွက်ပေါ်လာသော ငို
ရှိုက်သံသည် ချောက်ချားဖွယ်ကောင်းလှသည်။ တိတ်ဆိတ်ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com



သော လောကကြီးတစ်ခုလုံးတွင် ရင်ထဲမှ လှိုက်လှဲ ပေါက်ထွက်လာသော ဆွေးမြည့်ဖွယ်ရာ ငိုရှိုက်သံက ပျံ့လွင့်နေသည်။

မောင်မောင်ဘခက်သည် ငိုသံကြားရာဘက်သို့ ခြေကို ဖော့၍ နင်းခဲ့သည်။ ပိတ်ထားသော အခန်းတစ်ခုရှေ့အရောက်တွင် အတွင်းမှ လူ့သံလိုမ့်သံတွေ ကြားရသည်။ ရှိုက်ရှိုးရှုတ်ရှုတ်နှင့် တီးတိုးသံတွေ ကြားရသည်။

"ကောင်မလေး ငိုနေတယ်"

"ငိုပေ့စေ မပေးနဲ့။ ဒါလောက်တောင် ခေါင်းမာတဲ့ဟာ။ ပစ်ထားလိုက်၊ ဖိမ်ပျက်တယ်.......ကဲ"

အသံက တိုးတိုးလေးသာ ဖြစ်သော်လည်း သည်လိုနေရာမျိုးတွင် မောင်မောင်ဘခက် နားက သိပ်ပါးသည်။ ကိုလွန်းအိမ်နှင့် အဲလစ်တို့ပဲ ဖြစ်ပါ၏။ စကားသံတွေ ပျောက်သွားသည်။ ငိုသံသည် ပို၍ကျယ်လောင်လာသည်။ တံခါးကို လက်နှင့်တဝုန်းဝုန်း ထုသံ ကြားရသည်။

"အင့်....... ချို....... ချိုသက်ကို ဟိုဟာပေးပါဦး မ....... မမကြီးရယ်၊ ချိုသက် မနေနိုင်လို့ပါ၊ ချိုသက်ကို သနားပါဦး မမကြီးရယ်၊ အင့်....... အဟင့်"

ငိုသံနှင့်အတူ စကားသံတွေ ပျံ့လွင့်လာသည်။

ချိုသက်ရီ ဟုတ်ပြီ၊ ချိုသက်ရီပဲဖြစ်ရမည်။ ချိုသက်ရီသည် အသည်းနှလုံးပေါက်မတတ် ရှိုက်ရင်း 'ဟိုဟာ'ကို တ,တမ်းတမ်း တ,တတ မက်မက်မောမော တောင်းဆိုနေသည်။ 'ဟိုဟာ'ဆိုသည်ကို မောင်မောင်ဘခက် မသိ။

မောင်မောင်ဘခက်သည် ငိုသံကြားရာအခန်းသို့ ရွှေ့လျား ခဲ့သည်။ တံခါးကို အပြင်မှ တရုတ်နီ သော့ခလောက်ကြီးဖြင့် ခတ်ထားသည်။ ချိုသက်ရီသည် ငိုရင်းရှိုက်ရင်း 'ဟိုဟာ'ကို ထပ်ခါ



ထပ်ခါ တောင်းဆိုနေရှာသည်။

ငါးမိနစ်ခန့်အကြာတွင် 'ဂလောက်'ခနဲ တံခါးဂျက်ဖွင့်သံ ကြားရပြီး အဲလစ်၏ အခန်းမှ ပန်းနုရောင်တွေ ဖြာထွက်လာသည်။ မောင်မောင်သည် ချိုသက်ရီ၏ အခန်းဘေးတွင်ရှိသော လူတစ်ရပ် အခန့်ရှိ ကြွေပန်းအိုးကြီး၏ ဘေးတွင် ကပ်ရင်း 'မျက်ကွယ်'အနေအထားကို ယူလိုက်သည်။

အဲလစ်ပါပဲ။

တစ်ကိုယ်လုံး ရဲနေသည်။

ပန်းနုရောင်မီးရောင်ကြောင့် တစ်ကိုယ်လုံး ရဲနေသည်။ သူမသည် အတွင်းခံထဘီပါးကလေးကို ရင်လျားထားသည်။ အဲလစ်သည် ဒူးယားစီးကရက် ငါးဆယ်ဝင်ဘူးကိုကိုင်ရင်း ချိုသက်ရီအခန်းသို့ လျှောက်လာ၏။

မောင်မောင်ဘခက်၏ရင်သည် အခုန်မြန်လာ၏၊ သူ့ကိုများ မြင်တွေ့သွားလေမလားဟူသော စိုးရိမ်စိတ်က ဖုံးလွှမ်းလာ၏။ သို့သော် မီးရောင်က ဝင်းဝင်းပပ မဟုတ်လှ။ မှုန်မှုန်မှိန်မှိန်သာ ဖြစ်သည်။ ပြီးတော့ သူရပ်နေသည့် ကြွေပန်းအိုးကြီးဘေးက မှောင်ကျနေသည်။ သူ့တစ်ကိုယ်လုံးလည်း အနက်တွေချည်း ဝတ်ထားတော့ အမှောင်နှင့်အနက်က ရောထွေးနေ၏။

"ဘာလို့ ဒါလောက် ဆူနေတာလဲ ချိုသက်ရီ ဘယ်အချိန်ရှိပြီလဲ....... အိပ်တော့"

"ချိုသက် အိပ်လို့မပျော်လို့ပါ မမရယ်၊ ချိုသက်ကို ဟိုဟာ တစ်လိပ်လောက် ပေးပါဦး။ ချိုသက် မနေနိုင်လွန်းလို့ပြော

"မပေးဘူး၊ ဆူမနေနဲ့"

"ပေးပါ မမရယ်၊ ချိုသက် တစ်ကိုယ်လုံး ကိုက်ခဲနေလို့

www.burmeseclassic.com

www.burmeseclassic.com



တောင်းတာပါ၊ တစ်လိပ်တည်း.......တစ်လိပ်တည်း"

"ငါမေးတာ ဖြေမှ ပေးမယ်၊ မြေပုံ ဘယ်မလဲ"

အခန်းတွင်းမှ အသံ ငြိမ်သွားသည်။

"ပြောလေ မြေပုံ ဘယ်မလဲလို့၊ ပြောရင် တစ်လိပ်မက ဘူး။ တစ်ဘူးလုံး ပေးမယ်"

"ဟင့်အင်း....... ဟင့်အင်း။ မပြောဘူး။ ဒါ ချိုသက်ပိုင် တဲ့ ပစ္စည်း။ မပေးဘူး....... မပေးဘူး"

ချိုသက်ရီ ငိုရင်းရှိုက်ရင်း အော်လိုက်သည်။ တံခါးကို တဝုန်း ဝုန်း ထုသည်။

"မပေးဘူး....... မပေးဘူး။ အသေခံမယ်၊ နားလည်လား"

"မိချိုသက်ရီ....... ဒါ မသာအိမ် မဟုတ်ဘူး၊ ဒါလောက် အော်မနေနဲ့။ မြို့နီးချင်းတွေ ကြားကုန်လိမ့်မယ်"

ချိုသက်ရီသည် အဲလစ်စကားကို နားမထောင်၊ ချုံးပွဲချ ငိုသည်၊ အော်သည်။ ကိုလွန်းအိမ်သည် အခန်းထဲမှ ကမန်းကတန်း ပြေးထွက်လာ၏။

"ပေး....... ပေးလိုက်စမ်း အဲလစ်ရယ်။ နားငြီးလွန်းလို့ ဟော်တော်ကြာ ဘေးကတိုက်တွေ ကြားရင် မကောင်းဘူး"

"အင်း....... တော်တော် အလိုလိုက်၊ ဒါကြောင့် ဒီကောင် မက ကမ်းတက်နေတာ သိလား၊ ဟဲ့....... အော်မနေနဲ့ ပေးမယ်"

အဲလစ်သည် လက်ထဲမှသော့နှင့် အခန်းတံခါးကို ဖွင့်လိုက် သည်။ ထို့နောက် ဒူးယားစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို နှိုက်၍ လှမ်းပေးလိုက်သည်။

"ရော့....... သောက်၊ ညည်းလဲ ဒီပုံအတိုင်းဆိုရင် ကြာ ကြာခံမှာ မဟုတ်ဘူး"

"ဒါတော့....... ဒါတော့ မမပဲ အစလုပ်ပေးတဲ့ဥစ္စာ၊ ချို



[…]် အခု စွဲနေပြီ၊ အဲဒါ မမအပြစ်"

"တော်စမ်း"

အဲလစ်က ဒေါသဖြင့် အော်လိုက်သည်။

"ညည်း ပေါက်တတ်ကရတွေ လျှောက်ပြောမနေစမ်းနဲ့ [ည]ည်းအသံ ငါ မကြားချင်ဘူး"

အဲလစ်သည် တံခါးကို ဆောင့်ပိတ်၍ အပြင်မှ သော့ခတ် [လိုက်]၏။ ယခုတော့ ချိုသက်ရီ အခန်းတွင်းမှ ဘာသံမှမကြားရတော့

ချိုသက်ရီတစ်ယောက် နံပါတ်ဗိုး စွဲနေပါပကောလား။ [..]မြို့ စွဲနေပါပကောလား။

မောင်မောင့်ရင်တွင် နင့်သွား၏။

အဲလစ်တို့၏ အကြံပက်စက် ဇကောလောက်မှ ဖောက် [..]ပုံတွေက ယခုတော့ တိတိလင်းလင်း ပေါ်လာပါပြီ။ ချိုသ[က်] [..] ဇောတိကအိမ်ကြီးမှ မထွက်ခွာနိုင်အောင် 'ဘိန်းဖြူ' နှင့် ထိန်း [..]၏။ အခန်းတံခါးကို သော့နှင့်ပိတ်ထား၏။ သိမ့်သိမ့်တစ်ယောက် [..]ည်း ဘယ်လိုနှိပ်စက်ကြသည်မသိ။

မောင်မောင်ဘခက်သည် အဲလစ်နှင့် ကိုလွန်းအိမ်ကို ရွံမုန်း [..]ကြည့်လိုက်မိပါသည်။

အင်း....... စိတ်ပျက်စရာကောင်းလိုက်သည့် ဇောတိကပါ [..]လား။

အပေါ်ထပ်တွင် သေမင်းငင်နေသော လူနာတစ်ယောက်။ အောက်ထပ်တွင် အကျဉ်းခံနေရရှာသည့် မိန်းမပျိုကလေး [..]ဦး။

မောင်မောင်ဘခက်သည် ချိုသက်ရီအခန်းဘေးမှ ထွက် [..]ခဲ့သည်။ အဲလစ်တို့အခန်းကတော့ ပန်းနုရောင် မီးရောင်တွေ ဖြာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေခဲ့။

သူသည် အဲလစ်တို့အခန်းကို တစ်ဝက်ဟစ်ပျက် ချထ
သော ခန်းဆီးကြားမှ ကြည့်လိုက်သည်။

"ဓာတ်ကမှာ အဲလစ်ကို ဘယ်သူမှ မလှန်နိုင်ဘူး။ အစ်
လွန်းအိမ်ဆိုတာလဲ အဲလစ် ကြိုးဆွဲရာ ကနေရတဲ့ ရုပ်သေးပဲ"

မောင်မောင်ဘခက်သည် ချိုသက်ရီ၏အစ်မ ချိုသက်ကြ
က သူ့ကိုပြောခဲ့သော စကားအချို့ကို ပြန်လည်ကြားယောင်လာ
ရင်း ပြုံးလိုက်မိ၏။

တကယ်ဆိုတော့ ချိုသက်ကြည် စကားက မှန်သင့်
လောက် မှန်၍ မှားသင့်သလောက်လည်း မှားခဲ့ပါသည်။

အဲလစ်သည် ကိုလွန်းအိမ် စကားကို နားထောင်သင့်
လောက် နားထောင်ခဲ့သည်။ ချိုသက်ရီကို သူမ စိတ်တိုင်း
အကြမ်းပတမ်း မကိုင်ဝံ့သည်ကို ကြည့်။

မောင်မောင်ဘခက်သည် သူတို့အခန်းရှေ့မှ ခပ်တည်တည်
ဖြတ်ခဲ့၏။ သို့ပေမယ့် သူ့ကို မြင်ကြလေမည်တော့ မဟုတ်ပါ။
သည် ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ထွက်ပေါက်ရှာသည်။ သံဘာ
တံခါးကို အတွင်းမှ သော့ခတ်ထားသည်။

သည်လိုပုံနှင့် မိုးလင်းရလျှင် မဖြစ်ရေးချ မဖြစ်။ နော
ဖေဘာက်သို့ လျှောက်ခဲ့ပြန်သည်။ တစ်ခန်းဝင် တစ်ခန်းထွက်
ပုလင်းများ အစီအရီ တင်ထားသော အခန်းသို့ ရောက်သွားသည်

ဘားခန်း....... အရက်ခန်း။

အဟမ်း....... နေရာကျလိုက်ပါဘိ။

မွဲချင်တဲ့ခွေး ပြာပုံတိုးမိသော်လည်း သောက်ချင်သည
ဘခက် အရက်နှင့်တိုးလေပြီ။ သည်တော့ ညဆယ်နာရီ။

သူသည် ဘရမ်ဒီကို ပုလင်းလိုက် မော့ချလိုက်၏။ ပင်ပ



သမျှ အနွမ်းပြေသွားသည်။ ဘားကောင်တာပေါ်မှ စီးကရက်ဘူးကို
ယူ၍ အေးအေးဆေးဆေး မီးညှိရှိုက်ဖွာနေလိုက်သည်။

သူတို့တစ်တွေလည်း လောကကြီးကို မော့နေကြပြီဆိုတော့
ကိုယ့်အိမ်ကိုယ်ယာလို သဘောထားလိုက်သည်။ မကြာပါ။ သိပ်
မကြာလိုက်ပါ။ ကိုယ့်အိမ်ကိုယ်ယာမဟုတ်မှန်း မောင်မောင်ဘခက်
သိလာရသည်။

ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာသံ။

ဘလက်၏ ဟောင်သံ။

အဲလစ်နှင့် ကိုလွန်းအိမ်တို့၏ ခြေသံ။

အလိုလေး ဘယ်ပြေးရပါ့။

အဲလစ်နှင့်ကိုလွန်းအိမ်သည် ကမန်းကတန်း အခန်းခွဲလိုက်
ကြ၏။ သူတို့၏ ပျာယာခတ်နေသော ခြေသံတွေကို မောင်မောင်
ဘခက် ကြားရသည်။ သူသည် အရက်ပုလင်းများ စီရရီတင်ထား
သော ကောင်တာနောက်တွင် ဝင်၍ ပုနေလိုက်သည်။ သံတံခါး
ကို ဆွဲ၍ ခပ်ကြမ်းကြမ်း လှုပ်လိုက်သောအသံနှင့်အတူ လျှာလေး
အာလေး ခေါ်သံကို ကြားရသည်။

"မာမီ....... မာမီ....... တံခါးဖွင့်ပေးစမ်းပါ"

"လာပြီ......ရစ်ကီ၊ သိပ်အော်မနေနဲ့ ဖွင့်ပေးမယ်"

အဲလစ်၏ မကျေမနပ်သံက ထွက်ပေါ်လာ၏။ အနောင့်
အယှက်တွေက တယ်များတာကလား။ ဟုတ်သားပဲ။ တံခါးဖွင့်သံ
နှင့်အတူ ခြေသံတွေကို မောင်မောင်ဘခက် ကြားရသည်။

"ဒီအရည်တွေကို သောက်မလာပါနဲ့လို့ နင့်ကို ငါ ဘယ်
နှစ်ခါ ပြောရမလဲ ရစ်ကီ ဟင်"

"အာ....... မာမီကလဲဗျာ၊ ဘော်ဒါတွေနဲ့ တွေ့လို့ နည်း
နည်းပါးပါး သောက်မိတာပါ။ ရစ်ကီ မာမီ့ကိုစွတွေကို ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနေတယ်ဆိုတာ မာမီ သိရက်သားနဲ့ ရစ်ကီ့ကို မဆူစမ်းပါနဲ့"

"ဆူတာ မဟုတ်ဘူး ရစ်ကီ၊ နင် ဒီအရည်တွေ သောက်နေရင် ငါမိုင်းတဲ့ကိစ္စတွေ မအောင်မြင်မှာစိုးလို့ ပြောနေတာပဲ့၊ နားလည်လား"

"ခုနံ့ဝါရီ မာမီ၊ ဘာမှမပူနဲ့၊ ရစ်ကီ အားလုံး ပြောပြမယ်လာ"

"ဘယ်ကို သွားဦးမလို့လဲ၊ ဒီမှာ ထိုင်ပြောစမ်း။ နင့် တစ်ကိုယ်လုံး ယိုင်နေပြီ ရစ်ကီ"

"ဘာ့ခန်းသွားပြောမယ် မာမီရယ်၊ ရစ်ကီ တစ်ပက်လောက် သောက်ချင်သေးတယ်"

"သောက်.......သောက်.......အနံ့ပတ်ဆိုအောင် သောက်၊ သားတစ်ယောက်ရယ်လို့ ဘာမှ အားမကိုးရဘူး"

"နီး.......နီး.......မာမီ၊ ရစ်ကီကို ဒီလိုမပြောနဲ့။ ရစ်ကီ မာမီလိုချင်တဲ့ မြေပုံတွေအားလုံးကို တစ်ပတ်အတွင်း ရအောင်ယူပြမယ်"

"နင် တကယ်ပြောနေတာလား ရစ်ကီ၊ ငါ့ကို မပတ်နဲ့နော်"

"ယူဘီလီမီး မာမီ.......လာပါ မာမီရယ်၊ ရစ်ကီတို့ မြေပုံတွေကို ရတော့မှာပါ။ သိပ်.......မ.......မကြာတော့ပါဘူး ဝမ်းပက်၊ ဝမ်းပက် အုန်းလီးဝမ်းပက်နော် မာမီ"

ရစ်ကီ၏ လျှာလေး အာလေးသံကြီးနှင့်အတူ အရက်ခန်းသို့ ဦးတည်ရွေ့လျားလာသော ခြေသံတွေကို မောင်မောင်ဘခက် ကြားရသည်။ သူသည် ဘားကောင်တာနောက်တွင် ငြိမ်သက်စွာ ဝပ်နေရင်း ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်၏။



မဟုတ်သာသည်အဆုံး ပင့်လက်သီးတွေ၊ ဒိုက်လက်သီးတွေ အသုံးပြုတော့မည်။ မေဂါရီ ကင်ဂါရီတွေ သုံးတော့မည်။ ရှူတိုတွေ၊ ခြေစောင်းတွေ ပြရတော့မည်။ ချောင်ပိတ်မိနေသည့် ကြောင်ရိုင်းတစ်ကောင်လို တိုက်ရင်းခိုက်ရင်း ထွက်ပေါက် ရှာရတော့မည် မဟုတ်ပါလား။

သူတို့နှစ်ယောက် အရက်ခန်းထဲ ရောက်လာသည်။ ဘားကောင်တာရှေ့ရှိ စားပွဲပေါ်တွင် ထိုင်ကြသည်။ ပြီးတော့ ပုလင်းဖွင့်သံ၊ ဖန်ခွက်ထဲသို့ လောင်းထည့်သံ။

"ဘရာသာကြီးကော အိပ်ပြီလား မာမီ"

"အိပ်ပြီပေါ့၊ ဘယ်အချိန်ရှိပြီလဲ"

"နှိုးလိုက်ပါလား မာမီ၊ သူလဲ တစ်ခါတည်း သိသွားရအောင်၊ အခု ရစ်ကီပြောမယ့်စကားတွေက သိပ်အရေးကြီးတယ် မာမီရဲ့ ဟဲ့.......ဟဲ"

"ကဲ.......ဒါဖြင့် ငါ သွားနှိုးလိုက်ဦးမယ်"

အဲလစ် မုသာဝါဒပြောမှန်း မောင်မောင်ဘခက် သိ၏။ ကိုလွန်းအိမ် နိုးနေသည်။ အဲ.......အိပ်ကို မအိပ်သေး။ အဲလစ် ထွက်သွားသည်နှင့် တဂွတ်ဂွတ် မော့ချနေသော ရစ်ကီ၏ အသံကို ကြားရသည်။ ယခုတော့ ကိုလွန်းအိမ်နှင့်ပါ ရင်ဆိုင်ရတော့မှာပါလား။ သို့တစေ အမူးသမား ရစ်ကီကိုတော့ မောင်မောင်ဘခက် မှုလှ။

ကိုလွန်းအိမ်သည် အဲလစ်နောက်မှ ပါလာသည်။ ရစ်ကီက နှုတ်ကိုမြှောက်၍ နှုတ်ဆက်လိုက်သည်။

"လာ အစ်ကိုကြီး။ သတင်းထူးပါတယ်"

"ဘာသတင်းများလဲ ရစ်ကီ"

ရစ်ကီက အဖြေမပေးသေးဘဲ ဖန်ခွက်ထဲသို့ အရက်များ

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ထည့်လိုက်ပြီး ကိုလွန်းအိမ်ကို လှမ်းပေးလိုက်၏။ ကိုလွန်းအိမ်က တစ်ကျိုက်မော့လိုက်ရင်း ရစ်ကီ့စကားကို စောင့်မျှော်နေသည်။

"မမချိုသက်ကြည်ကို ကျွန်တော် ရှာလို့တွေ့ခဲ့တယ် အစ်ကိုကြီး။ သူဟာ မြေနီကုန်းက ချောင်ကျကျ ဘော်ဒါဆောင်တစ်ခုမှာ အခန်းငှားနေတယ်ဆိုတာ ကျွန်တော် သိခဲ့ရတယ်။ သူမရှိတုန်းမှာ ကျွန်တော့်ဘော်ဒါတွေနဲ့ သူ့အခန်းကို ဝင်ပြီး အသေးစိတ် ရှာခဲ့တယ်။ မြေပုံကို မတွေ့ခဲ့ရဘူး။ အဲဒီတော့ မမချိုသက်ကြည်ဟာ မြေပုံကို သူ့ကိုယ်ပေါ်က မချခဲ့ဘူးဆိုတာ ကျွန်တော် တွက်လိုက်မိတယ်"

ရစ်ကီက တစ်ကျိုက် မော့လိုက်သည်။

"ဒါနဲ့ ကျွန်တော် ဆရာကြီးက သူ့တပည့်နှစ်ယောက်ကို သေနတ်တစ်လက်နဲ့ မမချိုသက်ကြည်အခန်းကို လွှတ်လိုက်တယ် အစ်ကိုကြီး။ ငွေအတုတွေလဲ ယူသွားတယ်။ ချေ့လို့ ရရင်ရ မရရင်လဲ အကြမ်းကိုင်ဖို့ပေါ့။ ကျွန်တော်တော့ လိုက်မသွားဘူး။ လမ်းထိပ်ကပဲ အဖော်တစ်ယောက်နဲ့အတူ အခြေအနေကို စောင့်ကြည့်နေခဲ့တယ်"

ရစ်ကီသည် ဖန်ခွက်ကို ပါးစပ်ရှိရာသို့ မြှောက်လိုက်ပြန်၏။ အဲလစ်က သူ့လက်ကို ဖမ်းထားလိုက်သည်။

"ပြီးမှ သောက်စမ်း ရစ်ကီ၊ ပြောမှာကို ဆက်ပြောစမ်း"

"ပြောပါ့မယ် မာမီရယ် စိတ်ချပါ၊ အဲဒါနဲ့ အတော်လေးလဲ ကြာရော တအုပြ...... တအုပြနဲ့ အော်သံကြားရပြီး ကျွန်တော့်ကောင်နှစ်ယောက် နောက်ဖေးရေပိုက်က ဆင်းအပြေးမှာ မြတ်ကျပြီး တစ်ယောက်ကို ရဲတွေမိသွားတယ်။ တစ်ယောက်ကတော့ လွတ်လာတယ်"

"ဒါဖြင့် မြေပုံရခဲ့တယ်ပေါ့"



"မရခဲ့ပါဘူး မာမီ"

"ဟင်...... ဒါဖြင့် နင့်ဟာက ပိုက်ဆံကုန်ပြီး အလကားပေါ့။ နင့်ကို ငွေငါးထောင် ပေးလိုက်ရတာ အလကားပေါ့"

အဲလစ်က မကျေမနပ်ဖြင့် အော်လိုက်သည်။

"အလကား မဖြစ်ပါဘူး မာမီ၊ မမချိုသက်ကြည်ဟာ လူတစ်ယောက်နဲ့ မြေပုံကိစ္စကို တိုင်ပင်နေတာ ရစ်ကီ နားနဲ့ ဆတ်ဆတ်ကြားခဲ့ရပါတယ်။ အံ့သြစရာကောင်းတာက အဲဒီလူဆီမှာလဲ ရတနာတွေကို မြှုပ်နှံထားတဲ့ မြေပုံတစ်ခု ရှိနေတယ်တဲ့"

"ဘာ...... ဘာ"

ကိုလွန်းအိမ်က အံ့သြစွာ ဝင်မေးလိုက်၏။

"ကျွန်တော်ပြောတာ အရှင်းလေးပါ အစ်ကိုကြီး။ မမ ချိုသက်ကြည်နဲ့ အဲဒီလူဟာ နှစ်ယောက်ပေါင်းပြီး ရတနာတွေကို ရှာဖို့ တိုင်ပင်နေသံကို ကျွန်တော်ကြားခဲ့ရပါတယ်"

"အင်း...... သိမ့်သိမ့်...... သိမ့်သိမ့်၊ ငါထင်တဲ့အတိုင်း သိမ့်သိမ့်လက်ထဲက မြေပုံဟာ ဒီကောင့်လက်ထဲကို ရောက်နေခဲ့ပြီပြီး။ အခုတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာလို ဖြစ်နေပြီ။ ဒီကိစ္စဟာ ပေါ့ပေါ့လုပ်နေလို့ မရတော့ဘူး။ သိမ့်သိမ့်ဟာ ဘာတိက,က ထွက်ပြေးသွားပြီး ဒီကောင်နဲ့ မမျှော်လင့်ဘဲ သွားတွေ့တယ်။ ထောက်ကြန့်က အုန်းခြံတစ်ခြံကို ရောက်သွားခဲ့တယ်။ ဒီလူတွေဟာ သိမ့်သိမ့်ဆီက မြေပုံကိုတော့ ပြန်ရခဲ့ပါတယ်။ ဒါနဲ့ ချိုသက်ကြည်နဲ့ တိုင်ပင်နေတဲ့ လူရဲ့နာမည်ကို မင်းသိခဲ့ရသလား ရစ်ကီ"

"သိခဲ့ရပါတယ် အစ်ကိုကြီး"

"ဘယ်သူတဲ့လဲ ရစ်ကီ"

"သူ့နာမည်က မောင်မောင်ဘခက်တဲ့ မာမီရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်ဘခက် မောင်မောင်ဘခက်၊ သူ့ကို ငါ ကိုယ်တိုင် တွေ့လိုက်ချင်စမ်းတယ် ရစ်ကီရာ၊ တောက်"

ကိုလွှန်းအိမ်က တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်၏။ သူ၏ တောက်ခေါက်သံအဆုံးတွင် အရက်ဘားကောင်တာနောက်မှ လူတစ်ယောက် ထလာသည်။

"ဟုတ်ကဲ့....... မောင်မောင်ဘခက်ဆိုတာ ကျွန်တော်ပါပဲ"



အခန်း (၁၃)

သူတို့သုံးယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အံ့ဩသွားသည်။ တွေဝေသွားသည်။ အကြောအချဉ်တွေ ဆိုင်းသွားသလို ဖြစ်သွားသည်။

နွေခေါင်ခေါင် မိုးကြိုးပစ်ဘိသကဲ့သို့။

ကောင်းကင်မှ နေဝန်းကြီး ပြုတ်ကျလာဘိသကဲ့သို့.......

စကြာနို့၏ လေးမုံတစ်ပုံလောက် ကြောင်သွားသည်။

မောင်မောင်ဘခက်၏ ညာဖြတ်လက်သီးသည် ကိုလွှန်းအိမ်၏ မေးရိုးဆီသို့ ခုတ်ခနဲ ပြေး၍ မိတ်ဆက်လိုက်၏။ ကိုလွှန်းအိမ်သည် ထိုင်နေသော ခွေးခြေပေါ်မှ တစ်ပတ်လည်၍ ကြမ်းပေါ်သို့ ပစ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာပြီးတော့ ဘယ်၊ ဘယ် လက်ပြန်စောင်း။

ရစ်ကီ၏ နားသယ်သည် မြင်းအကန်ခံလိုက်ရသလို အုန်းခနဲ ခံစားလိုက်ရပြီး သူ့ကိုယ်ခန္ဓာကိုယ်မှာ ဝိုင်းကြီးပတ်ရှာလည်ချင်း ကြမ်းပြင်ပေါ်သို့ ပုံကျသွား၏။

"အဟဲ"

မောင်မောင်ဘခက်က အဲလစ်ကိုကြည့်ရင်း စပ်ဖြဲဖြဲနှင့် ကောင်တာပေါ်မှ အရက်ခွက်ကို ကောက်၍ မော့လိုက်ပြီး ဘားကောင်တာအပြင်သို့ ထွက်လိုက်၏။ ထို့နောက် သူ့ခန္ဓာကိုယ်တွင်ရှိသော အကြောအချဉ်တွေကို လိုသလို တိုက်ခိုက်သတ်ပုတ်နိုင်ရန် ဖြေလျှော့ထားရင်း အသင့်အနေအထားကို ယူလိုက်သည်။

ကိုလွှမ်းအိမ် ထလာသည်။ ရစ်ကီက မတ်တစ်ရပ်သည်။ အဲလစ်သည် ဘရမ်ဒီပုလင်းကို ကိုင်၍ ဘားကောင်တာကို ရိုက်ချလိုက်သည်။

"ချလွှမ်း"

ပုလင်းလည်ပင်းပြတ်သည် အဲလစ်၏ ညာဘက်လက်ထဲသို့ ရောက်သွား၏။ အသွားတွေက ဓားသွားလို မြနေသည်။

သူတို့သုံးယောက်သည် မောင်မောင်ဘခက်ကို ဝိုင်းလိုက်ကြ၏။ စင်စစ် ကိုလွှမ်းအိမ်က သိုင်းပြောင်းပြန်။

ရစ်ကီက ခါးပတ်အစိမ်းလောက်ကို ဈေးပေါပေါနှင့် ရထားသည့် ကရာတေးသမား။ အဲလစ်ကလည်း တတ်ပုံရသည်။ ဘာတတ်သည်ကိုတော့ သူ မသိ။

ကိုလွှမ်းအိမ်က ခြေထပ်နှင့် ကပ်လာသည်။ သိုင်းပြောင်းပြန်သမားတို့၏ ထုံးစံအတိုင်း ဒူးနှင့်ခြေထောက်ကို သုံးရင်း ဝင်လာသည်။ ဝိုးခနဲ ဝိုးခနဲ အသံနှင့်အတူ ကိုလွှမ်းအိမ်၏ ခြေထောက်တွေက ဘယ်ပြန်ညာပြန်ခတ်ရင်း တိုက်စစ် ဆင်ပါလေတော့သည်။



"ယား"

ကျယ်လောင်သော မာန်သွင်းသံကြီးနှင့်အတူ ရစ်ကီသည် ...ခြေထုတ်ရင်း သူ့နံသို့ ခုန်ဝင်လာ၏။

မောင်မောင်ဘခက်သည် လှစ်ခနဲ ပုံထွက်လိုက်သည်။ ဆို...နောက်သို့ ကျသွားသည်။ ကိုလွှမ်းအိမ်နှင့် ရစ်ကီသည် ထွေးခနဲ...သွား၏။ 'အား'ခနဲ အသံနှင့်အတူ ရစ်ကီ ပုံကျသွား၏။

ကိုလွှမ်းအိမ်၏ ခြေဖျားက ရစ်ကီအချိုက်ကို ခတ်မိသွား...ပင်။

မိုက်ကန်းလိုက်တဲ့ ကောင်လေး။

တိုက်ကွက်ထဲကို အရမ်းကာရော ဝင်ရမည်ဟု သူ့ကို ဘယ်...က သင်ပေးထားသလဲတော့ မသိ။ မင်း နုပါသေးတယ် ရစ်ကီ။

ယခုတော့ ပွဲကြီးပွဲကောင်း စပြီ။

ကိုလွှမ်းအိမ်၏ ပညာက မသေးလှ။

မောင်မောင်ဘခက်ကလည်း၊ 'မြန်မာ့လက်ဝှေ့'နှင့် 'ကရာ...'ကိုတွဲပြီး သုံးသည်။ 'စန်းသိမ်းခုန်'ကိုလည်း သူက တတ်ထား... စန်းသိမ်းခုန်ဆိုသည်မှာ တိမ်ကော ပျောက်ကွယ်နေပြီဖြစ်သော ...၏ အပျံ့ အရှောင်အတိမ်းသက်သက် ပညာသာဖြစ်၏။ တိုက်...သည့် ပညာမဟုတ်။

ရန်သူ၏ တိုက်ခိုက်မှုက လွတ်အောင်ရှောင်ရင်း ရန်သူကို ...ထိုးစေသည့် နည်းဖြစ်သည်။ သူ့ကို ရှမ်းအဘိုးကြီးတစ်ယောက် ...သင်ပေးသွားခြင်းဖြစ်သည်။ စန်းတော်တစ်ခုလုံးကို တစ်ယောက် ...ည်းနှင့် သိမ်းနိုင်သော အခုန်၊ အပျံ့ ပညာဟု တဆိုရှိသည်။

ကိုလွှမ်းအိမ်သည် မောင်မောင်ဘခက်ကို အရမ်းကာ...ရော ...သမဲ့ လိုက်လံတိုက်ခိုက်သည်။ ပတ်ခြေတွေ ဝိုက်ခြေတွေသုံးရင်း ...နောက်ကို လိုက်သည်။ မောင်မောင်ဘခက်သည် ...ကောလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖတ်လို့ လှစ်ခနဲ လှစ်ခနဲ တိမ်းရှင်း ချန်ရှင်း တစ်နေရာ တစ်နေရာသို့ ရွေ့လျားသွား၏။ ပျံထွက်သွား၏။ တစ်ချက်ကလေးမှ မထိ။

ကိုလွန်းအိမ် မောလာပြီ။ မောင်မောင်သည် သူ့နောက်သို့ ခုန်လိုက်ရင်း ပြန်အကျတွင် ကျောပြင်ကို တံတောင်နှင့် ထောင် လိုက်သည်။ အွတ်ခနဲ အသံနှင့်အတူ ကော့ထွက်သွားသည်။

'မဂ္ဂါဂါရီ' တစ်ချက် ပေးလိုက်၏။ ဝုန်းခနဲ ပုံကျသွား၏ ပြန်ထလာသည်။ အချိုက်ကို လက်စောင်းသွင်းလိုက်သည်။ အိခနဲ အသံနှင့်အတူ ငိုက်ကျလာသော နှာရောင်ကို လက်ပြန်ခေါက်ထည့် လိုက်၏။ နှာခေါင်းထဲမှ နီနီရဲရဲ အရည်တွေ ပန်းထွက်လာသည် သွေးတွေ။

"တော်လောက်ပါပြီ ကိုလွန်းအိမ်၊ ကျွန်တော့်ကို သွားခွင့် ပေးပါတော့"

ဒယိမ်းဒယိုင် ရပ်ရန် ကြိုးစားနေသော ကိုလွန်းအိမ်ကို မောင်မောင်ဘခက်က ခွင့်ပန်လိုက်သည်။ မရ။ အဲဒီတော့မှ ညာ လက်ဝါးစောင်းကို ကိုထည့်လိုက်ပြီး နားထင်ကို 'ရှူးတို' တစ်လုံး ခုတ်ထည့်လိုက်၏။

ကိုလွန်းအိမ်သည် ဖွဲအိတ် တစ်အိတ်လို ပုံကျသွားသည်။ အဲလစ်သည် ပုလင်းလည်ပင်းပြတ်ကြီးကို ကိုင်ရင်း သူ့နောက်မှ ကပ်လာ၏။ သူ့လည်ပင်းကို တအား စိုက်ချလိုက်သည်။ ငြိမ်ခနဲ ငြိမ်သွား၏။

"အမယ်လေး"

အဲလစ်သည် လေထဲတွင် တစ်ပတ်လည်၍ ဝဲပျံသွားပြီး တစ်ယောက်ထိုင် ဆိုဖာအိအိကြီးပေါ်တွင် ထိုင်ရက်သားကျသွားသော် လည်း အဲလစ်၏ အင်္ကျီတစ်ပိုင်းသည် မောင်မောင်ဘခက်၏ လက်



ထဲတွင် ကျန်ရစ်ခဲ့သည်။

"ရှင်.......ရှင်"

"ကျွန်တော် မောင်မောင်ဘခက်ပါလို့ ပြောပြီးပါပကော လား အဲလစ်"

"ရှင် ဇာတိကကို ဘာလို့လာတာလဲ"

"မြေပုံကိစ္စပဲပေါ့ အဲလစ်၊ ရတနာတွေကို မြှုပ်နှံထားတဲ့ မြေပုံကလေးတွေရဲ့ ကိစ္စပါပဲ"

အဲလစ်သည် ခေတ္တ စဉ်းစားလိုက်၏။

သိပ်သည်းကျစ်လျစ်သော အပြုံးရိပ်တစ်ခုက သူမ၏ထူရှ နှုတ်ခမ်းထောင့်တွင် စွန်းထင်လာသည်။

"ဒီလိုဆိုရင် အဲလစ်နဲ့ နည်းနည်းပါးပါး ဆွေးနွေးရအောင် လား မောင်မောင်ဘခက်"

သူက ခေါင်းညိတ်လိုက်၏။

ပြီးတော့ ပြုံးရင်း ဆိုလိုက်သည်။

"ကျွန်တော် အဲလစ်ထက် ငယ်ပါသည်။ မောင်မောင်လို့ ခေါ်မယ်ဆိုရင် ပါးစပ်ချောင်း သက်သာလိမ့်မယ် ထင်ပါတယ်။ ကဲ ..... ဆွေးနွေးပွဲစရအောင်"

အဲလစ် ထလာသည်။

ကိုလွန်းအိမ်နှင့် ရစ်ကီ မထလာ။

အဲလစ်သည် ဘားကောင်တာရှေ့သို့ ရောက်သွား၏။ ခုံ ကလေးပေါ်တွင် ထိုင်သည်။

စီးကရက် မီးညှိသည်၊ ရှိုက်ဖွာသည်။

မောင်မောင်ဘခက်သည် ဘားကောင်တာပေါ်သို့ ခုံ နောက်ပြန်ခုန်၍ ထိုင်လိုက်၏။ ရန်သူကို ကျောမပေးကောင်း။

"ဆိုပါ အဲလစ်၊ မောင်မောင် နားထောင်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်.......မောင်း အဲ.......မောင်မောင့်ဆီမှာ မြေပုံ တွေရှိနေသလား"

"ရှိနေပါတယ်"

"ဘယ်သူ့ကို ကိုယ်စားပြုသလဲ"

"မောင်မောင် မပြောသင့်ဘူး ထင်ပါတယ် အဲလစ်"

"ဘယ်နှစ်ခု ရှိသလဲ"

"နှစ်ခုပါ"

"ဆယ်သိန်းပေးမယ်"

"ဗျာ"

"အဲဒီမြေပုံနှစ်ခုအတွက် အဲလစ်က မင်းကို ဆယ်သိန်း တိတိပေးမယ် မောင်မောင်၊ ကက်ရှ်.....ကက်ရှ် ချက်ချင်းပေးမှာ"

"ဆယ်သိန်း.......ဆယ်သိန်း။ နည်းတာပေါ့ အဲလစ်"

"မင်းက ကြားလူပါ၊ မြေပုံတွေနဲ့ ဆိုင်တဲ့လူ မဟုတ်ပါ ဘူး။ ဆယ်သိန်းဆိုတာ အချောင်ရမယ့် ပိုက်ဆံပါ မောင်မောင်၊ မြေပုံပိုင်ရှင်တွေကို မေ့ထားလိုက်ပေါ့"

"ဒါကို မောဟိုက ကိုလွှန်အိမ်နဲ့ ချစ်ကီက သဘောတူ မှာတဲ့လား အဲလစ်"

"အို.......သူတို့ကို မေ့ထားလိုက်စမ်းပါ၊ အလကားဟာ တွေ ထထိ ဝတ်ပေးထားရို ကောင်းတယ်၊ နှစ်ယောက်နဲ့တစ်ယောက် တောင် မနိုင်ဘူး။ အဲလစ်တော့ မင်းကို သိပ်ချစ်ကျူးမိတာပဲ မောင် မောင်၊ မင်းကိုယ်ကြီးဟာ သံချောင်းလို မာပြီး ဖွံ့စကာလေးလို ပေါ့တယ်နော်"

"အဟက်"

မောင်မောင်ဘခက် ရယ်လိုက်သည်။ အရေထဲ ဟီမဝန္တာ ချိုးမွှမ်းခန်း ဖွင့်နေပြန်ပြီ။



အဲလစ်သည် အရက်တစ်ခွက်ကိုဖြည့်၍ သူ့အား ကမ်းပေး လိုက်သည်။ သူက တစ်ကျိုက်တည်းနှင့် အပြတ်ရှင်းလိုက်သည်။ နောက်တစ်ခွက် ထပ်ထည့်သည်။ မောင်မောင်သည် ရှေ့သို့ ကြည့် ရင်း စဉ်းစားနေ၏။ အဲလစ်၏ လက်သူကြွယ်တွင် ဝတ်ထားသော မိုလာလက်စွပ်ကလေး၏ အဖုံးမှာ မသိမသာ ပွင့်ဟသွားပြီး အဆိပ် အိုးတွေက မောင်မောင်ဘခက်၏ အရက်ဖန်ခွက်ထဲသို့ ကျသွားသည်။ ဒါကို မောင်မောင်ဘခက် လုံးဝမသိလိုက်။

လျှင်လိုက်တဲ့ အဲလစ်။

"ဘယ့်နှယ်လဲ မောင်မောင်၊ အဲလစ်ရဲ့ အပေးအယူကို သဘောကျရဲ့လား။ ကဲ.......ပြောပါဦးလေ မင်းဆန္ဒကို"

မောင်မောင်ဘခက်သည် အရက်ခွက်ကို ကောက်ကိုင် လိုက်သည်။

"ဒါလောက်နဲ့တော့ မကျေနပ်နိုင်သေးဘူးလို့ မောင်မောင့် ရင်ထဲက တောင်းဆိုနေတုန်းပဲ အဲလစ်"

"ဒါတင်မကပါဘူး မောင်မောင်၊ အဲလစ်က အဆစ်ပေး ဦးမှာပါ၊ ဒီမှာကြည့်စမ်း မောင်မောင်.......အဲလစ် မလှဘူးလား"

ဟုတ်ပါသည်။

အဲလစ် လှပါသည်။

သူ့ကိုလည်း ညို့နေပြီ။ သို့ပေမယ့် အဲလစ်၏ မြူးယာယ် ပုံ က ရှင်းလွန်းသည်။ ရဲတင်းလွန်းသည်။ ပြောင်။

ကြေဝဠာကြီးတွင် မာယာရှင် မိန်းမချောကလေးတွေကြောင့် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားရသော အင်ပါယာဘုရင်ကြီးတွေ၊ ဧက ရာဇ်တွေက အစ၊ နွားကျောင်းသားအဆုံး ပုရိသတွေ၏ ဇာတ်ပုံကို မောင်မောင်ဘခက် ကြားဖူးသည်။

ထရှိုင်က ဟယ်လင်မင်းသမီး။

www.burmeseclassic.com

www.burmeseclassic.com



ရောမက ကလီယိုပါထရာ။

ရှေးသရောအခါက မုဒုလက္ခဏာ။

ဇောတိက,က အဲလစ်။

"ဒီလိုလုပ်ပါလား အဲလစ်၊ မောင်မောင့်ကို စဉ်းစားဖို့ အချိန်ပေးပါလား။ တစ်ရက်နှစ်ရက်အတွင်း အကြောင်းပြန်မယ်ဆိုရင် အဲလစ် ကျေနပ်ရောပေါ့"

"ကျေနပ်ပါတယ် မောင်မောင်"

ရစ်ကီသည် တအီးအီး ညည်းညူစ ပြုလာသည်။

"ကြားရတာ ဝမ်းသာပါတယ် အဲလစ်၊ ကဲ..... ဝမ်းသာတဲ့ အထိမ်းအမှတ်ကလေးပေါ့"

မောင်မောင်ဘခက်သည် ဖန်ခွက်ကို မြှောက်လိုက်၏။ ခွက်ထဲတွင် အရက်က အတော်များနေသည်။ သူသည် အရက်တစ်ဝက်ကို အဲလစ်၏ ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။ အဲလစ် မျက်နှာပျက်သွားသည်။

"ဪ......."

မောင်မောင်ဘခက်က ဖန်ခွက်ကို မြှောက်လိုက်သည်။ အဲလစ်ကလည်း မြှောက်သည်။ ဖန်ခွက်နှုတ်ခမ်းချင်း ချလွင်ခနဲ ထိသွားသည်။ မောင်မောင်သည် ဖန်ခွက်ကို နှုတ်ခမ်းတွင် တေ့လိုက်၏။

အဲလစ်သည် ဖန်ခွက်ကိုကိုင်ရင်း သူ့ကို မြုံးကြည့်နေသည်။ မျက်လုံးတွေက တစ်မျိုးဖြစ်နေ၏။ သည်မျက်လုံးတွေကို မောင်မောင် မသင်္ကာ။

"သောက်လေ အဲလစ်"

"တော်ပြီကွယ်၊ အဲလစ် များနေပြီ"

ပြော.......



သည်လိုကိုး.......

"အဲလစ် နှုတ်ခမ်းကလေးက သိပ်လှတာပဲဗျာ"

"တကယ်"

"အင်း.......တကယ်ပေါ့၊ ဘားဒေါ့ နှုတ်ခမ်းထက်တောင် …သေးတယ်"

"ဟုတ်ရဲ့လား သေသေချာချာ ကြည့်ပါဦးကွယ်"

"အမယ်လေး"

အဲလစ် တအား အော်လိုက်၏။

သွေးတွေ ဖြာကျလာသည်။

"မှတ်ထား....... မောင်မောင်ဘခက်ကို ဒီလိုစမ်းလို့ မရ…"

မောင်မောင်ဘခက်သည် အဆင်သင့်ပွင့်နေသော သံဘာ…ာတံခါးမှ မြားတစ်စင်း ပစ်လွှတ်လိုက်သလို လှစ်ခနဲ ပြေးထွက် …ပါ၏။

နေရစ်တော့ ဇောတိက။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

သည်ကနေ့ သိမ့်သိမ့် ဆေးရုံက ဆင်းရပါသည်။

အစ်ကိုမောင်နှင့် မမစိန်စိုးတို့က သိမ့်သိမ့်ကို လာရောက်ကြိုဆိုကြသည်။ ထောက်ကြန့်မှ 'စိမ်းရိပ်ငြိမ်' အုန်းခြံကို ခေါ်ဆောင်သွားကြသည်။

သိမ့်သိမ့်ရင်ထဲတွင် လှိုက်ဖိုနေသည်။

'စိုးရိမ်စရာတွေ ဖြစ်မနေပါနဲ့ သိမ့်သိမ့်ရယ်၊ သိမ့်သိမ့်ဘဝဟာ ဒီကနေ့ကစပြီး စိတ်သစ်၊ လူသစ်၊ ဘဝသစ် တစ်ခုထဲကို ရောက်လာပြီလို့ပဲ သဘောထား။ သာယာချမ်းမြေ့တဲ့ ဘဝကလေး တစ်ခုကို တည်ဆောက်မိပြီလို့ မှတ်ယူ၊ အစ်ကိုမောင်တို့ 'စိမ်းရိပ်ငြိမ်'ဟာ သိမ့်သိမ့်ဘဝအတွက် နားခိုစရာ ရိပ်ကွန်းကလေးတစ်ခုပဲ သိမ့်သိမ့်၊ သာယာတယ်၊ အေးချမ်းတယ်၊ ထိတ်ငြိမ်တယ်''



အစ်ကိုမောင်၏ နူးညံ့သိမ်မွေ့သော အသံက သူမ၏ စိုးရိမ်သောက စိတ်ကို လျော့ပါးစေသည်။ ညှိုးငယ်နွမ်းပါးစိတ်ကို အားရှိလာစေသည်။

''လူ့ဘဝဆိုတာ ဗေဒါပန်းကလေးလိုပဲ၊ လောကဆိုတာက ရေပြင်ကြီးပေါ့ သိမ့်သိမ့်ရယ်။ လှိုင်းလေငြိမ်ပြီး သာယာတဲ့အခါတွေရှိသလို၊ လှိုင်းလေထန်တဲ့အခါမှာလဲ ကြံကြံခံနိုင်ဖို့လိုတယ် သိမ့်သိမ့်၊ သိမ့်သိမ့်ဘဝဟာ လှိုင်းလေထန်တဲ့ဒဏ်တွေ အလူးအလဲ ခံခဲ့ရပေမယ့် အခုတော့ မှန်တိုင်းစဲသွားပါပြီ သိမ့်သိမ့်ရယ်''

''အစ်ကိုမောင် ပြောသလို မုန်တိုင်းစဲသွားပါစေလို့ပဲ သိမ့်သိမ့် ဆုတောင်းရပါတယ် အစ်ကိုမောင်ရယ်၊ ဟုတ်ပါတယ်၊ ဒီနေ့ဟာ သိမ့်သိမ့်ရဲ့ဘဝစတဲ့ နေ့ပါ၊ အဲ....... ဒုတိယဘဝဆိုပါတော့ အစ်ကိုမောင်၊ သိမ့်သိမ့်ရဲ့ သိခဲ့၊ မှတ်ခဲ့၊ ခံစားခဲ့ရတဲ့ ပထမဘဝကတော့ သိမ့်သိမ့်ရဲ့ အတိတ်မှာပဲ လုံးဝဥဿုံ ကျန်ရစ်ခဲ့ပါပြီ အစ်ကိုမောင်၊ သိမ့်သိမ့်ရဲ့ စိုးရိမ်မိတဲ့ အချက်တစ်ခုကတော့ သိမ့်သိမ့်ရဲ့ အတိတ်ဘဝက ဖြစ်ခဲ့တဲ့ ပြဿနာတွေ၊ ဖြစ်ရပ်တွေဟာ အခု သိမ့်သိမ့်တည်ဆောက်ရမယ့် ဒုတိယဘဝကို လိုက်ပါလာပြီး ရောင်ပြန်ဟပ်လာမှာကိုပါပဲ အစ်ကိုမောင်၊ တကယ်တော့လဲ သိမ့်သိမ့်ဘဝဟာ ဒီကနေ့မှစတင်ပြီး မွေးဖွားလာတဲ့သူလို အတိတ်က ဖြစ်ရပ်တွေ မှန်သမျှ သိမ့်သိမ့်မသိတော့ဘူး။ အိုး....... အဆုံးပြောရရင် သိမ့်သိမ့်ကိုယ် သိမ့်သိမ့်တောင်မှ ဘာဆိုတာကို မသိတော့ပါဘူး အစ်ကိုမောင်ရယ်''

သိမ့်သိမ့် ဝမ်းနည်းလာပါသည်။

မျက်ရည် ဝဲလာပါသည်။ သူက သိမ့်သိမ့်၏ လက်ဖမိုးကလေးကို ညင်သာစွာ ဆုပ်ညှစ်လိုက်ပါသည်။

''အစ်ကိုမောင် ပြောပြီးပါပကောလား သိမ့်သိမ့်၊ ဒီနေ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်ရဲ့ ဘဝသစ် စတဲ့နေ့ပါ။ အားမငယ်ပါနဲ့။ သက္ကိမွေးစမ်းပါ။ အားတင်းစမ်းပါ။ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်စမ်းပါ။ အားငယ်တဲ့ စိတ်တွေကို သိမ့်သိမ့်ရင်ထဲက မောင်းထုတ်ပစ်လိုက်စမ်းပါကွယ်၊ ကဲ ....... ပြုံးစမ်း"

သူက အပြုံးခိုင်းသည်။ အရည်လဲ့နေသော မျက်ဝန်းအိမ်မှ မျက်ရည်စတွေကို မျက်တောင်ကော့ကြီးတွေနှင့် တဖျပ်ဖျပ်ခတ်၍ ထိန်းရင်း သိမ့်သိမ့်ပြုံးလိုက်ပါသည်။

ဖယ်မလီယာ အငှားကားကလေးသည် မဟာရန်ကုန်၏ အဝင်ဝဖြစ်သော ထောက်ကြန့်လမ်းဆုံကို ဖြတ်လာသည်။ စိန်စီပိုးက ရှေ့ခန်းမှထိုင်ပြီး သိမ့်သိမ့်နှင့်သူက နောက်ခန်းက လိုက်ပါလာခဲ့သည်။ အတန်ငယ် မောင်းမိသည်နှင့် 'စိမ်းရိပ်ငြိမ်'ရွာသို့ ရောက်ရှိသွားပါသည်။

'စိမ်းရိပ်ငြိမ်' တဲ့။

ဆိုင်းဘုတ်လှလှကလေးတစ်ခုက ခြံဝတွင် ချိတ်ဆွဲထားသည်။

ဟုတ်ပါသည်။ တစ်ခြံလုံး စိမ်းနေသည်။ အစိမ်းရောင် အရိပ်သည် ဖြန့်ကျက်နေပါသည်။ ပြီးတော့ တိတ်ဆိတ် ငြိမ်သက်သည်။ 'စိမ်းရိပ်ငြိမ်'သည် သီးခြားကမ္ဘာကလေးတစ်ခုလို သာယာလိုက်ပါဘိ။

ဘ,စိုးအောင်သည် ခြံဝမှ စောင့်ကြိုနေ၏။ မောင်မောင်သည် ဘ,စိုးအောင်နှင့် သိမ့်သိမ့်ကို မိတ်ဆက်ပေးသည်။ ရိုးသားပွင့်လင်းသော အပြုံးတစ်ခုကို ဘ,စိုးအောင် မျက်နှာတွင် သိမ့်သိမ့်တွေ့ရသည်။

"အိမ်း....... ဘ,စိုးအောင်လဲ မိန်းကလေး ဒီနေ့ ဆေးရုံက ဆင်းလာမယ်ဆိုလို့ ခြံဝက လာကြိုနေတာကွယ့်။ မိန်းကလေးက



ယ်လှတာကိုး"

ဘ,စိုးအောင်၏ ပွင့်လင်းသောစကားကြောင့် သိမ့်သိမ့် မနေ တ် မထိုင်တတ် ဖြစ်သွားရသည်။ ရှက်ပြုံးလေးနှင့်လည်း တုန့် လိုက်မိပါသည်။ စိန်စီပိုးသည် သိမ့်သိမ့်ကို ကြည့်ရင်း ပီတိတွေ နေသည်။ ယခုတော့ 'စိမ်းရိပ်ငြိမ်'တွင် မိန်းကလေးတစ်ဦး တိုး ပါပြီ။ အဖော်ရလာပါပြီ။ တစ်ကိုယ်တည်း ငြီးငွေ့စွာ နေခဲ့ရသော ဝမှာ သည်ကနေ့ အဆုံးသတ်သွားပြီဟု စိန်စီပိုး ရင်ထဲတွင် ခံစား ိုက်ရသည်။

"လာ....... သိမ့်သိမ့်"

သိမ့်သိမ့်သည် ခြံကြီးထဲသို့ ဝင်ခဲ့၏။ သာယာလိုက်ပါဘိ။ ယ်နေရာကြည့်ကြည့် စိမ်းနေသည်။ လှနေသည်။ ဖြောင့်တန်းနေ သာ လမ်းကလေးသည် ပိတောက်ပင်ကြီး၏ ခြေရင်းတွင် အဆုံး တ်သွားသည်။ ခေတ်မီလှပသော တစ်ထပ်တိုက်သေးသေးကလေး စ်လုံးက ပိတောက်ပင်ကြီး၏နောက်တွင် တည်ရှိနေပါသည်။

တိုက်ကလေးထဲသို့ ဝင်မိသည်နှင့် ခေတ်မီသပ်ရပ်သော ိမ်ထောင်ပရိဘောဂများကို သိမ့်သိမ့်မြင်ရသည်။ စိန်စီပိုးသည် သူမ ို အခန်းတစ်ခုထဲတွင် နေရာချပေးသည်။ ရေမိုးချိုး သန့်စင်စေ ည်။ ပြီးတော့ အဝတ်သစ် အစားသစ်များကို ထုတ်ပေးသည်။

"ဟင်....... ဒီအဝတ်အစားတွေက အသစ်တွေချည်းပါ ား မမစိန်စီပိုး"

"ဟုတ်တယ် သိမ့်သိမ့်၊ သိမ့်သိမ့်ဆေးရုံက ဆင်းရင် ဝတ်ဖို့ ဲ့၊ အမောင် ဝယ်ထားတာတွေ။ အဲ....... အကျီတွေကတော့ မှန်း း ချုပ်ထားတာ၊ တော်မှ တော်ပါ့မလား မသိဘူး"

အတွင်းခံအကျီ ထဘီ အစရှိသည်တို့ကအစ စုံနေသည်။ ဆံညှပ်၊ ကလစ်၊ ပေါင်ဒါ၊ မိတ်ကပ်၊ နှုတ်ခမ်းနီတွေပင် ပါသည်။

www.burmeseclassic.com



စက္ကူအိတ်ကလေးတစ်ခု ... တော့ ... တစ်ဆုပစာ မှို
လွန်အင ... အမြှုကလေးတစ်ထည် ထွက်လာသည်။
သိမ့်သိမ့်ရှက်သွားသည်။

"အစ်ကိုမောင့်ကို သိမ့်သိမ့်အားနာလိုက်တာ မမစိန်စိုး
ရယ်၊ ဒီလိုဆိုရင် သိမ့်သိမ့် 'စိမ်းရိပ်ငြိမ်'ကို ရောက်လာတုန်းက
အကျီတစ်ထည် ကိုယ်တစ်ခုနဲ့ပေါ့"

"ဒါတွေ နောက်တော့မှ ပြောကြတာပေါ့ သိမ်သိမ့်ရယ်
ကဲ....... အဝတ်အစားတွေ လဲလိုက်ပါဦး။ စိန့် ိုးတို့ ထမင်းစားခန်း
ထဲက စောင့်နေမ ... သိမ့်သိမ့်"

သိမ့်သိမ့်ခေါင်းညိတ်လိုက်သည်။

ပြီးတော့ ဆံပင်ကို တစ်ပတ်ရစ်ကလေး ထုံးသည်။ တဘ
သိုလ်သနုပ်ခါးမိတ်ကပ်ကို ခပ်ပါးပါးလေး လူးသည်။ ပါးကလေး
ကို ဘဲကြားကွက်လိုက်သည်။ သူဝယ်လာတဲ့ ဘရာစီယာကို ရင်မှာ
စည်းလိုက်တော့ အံ့ဩရ၏။ ကိုယ်နှင့် တိုင်းဝယ်ထားသလိုပါပဲကလား။
ကြည့်တတ်လိုက်တဲ့ အစ်ကိုမောင့်နှယ်။

...အဖြူ လက်ပွကလေးကလည်း အံကိုက်။ ထဘီက
တော့ ကီမိုနို အပြာနု မြောင်။ သိမ့်သိမ့်သည် အတွင်းခံဘောင်းဘီ
ပါးပါးကလေးကို မရဲတရဲ ဝတ်လိုက်သည်။ ဒါတစ်ခုပဲ နည်းနည်း
ကျပ်သည်။ တင်းသည်။ မည်သို့ပင်ဆိုစေ ယခုတော့ လှနေသည့်
သိမ့်သိမ့်မှာ ပို၍ လှသွားသည်။

သူတို့တစ်တွေသည် စားပွဲဝိုင်းကြီးတွင် ဝိုင်းထိုင်နေကြရင်း
ဝင်လာသော သိမ့်သိမ့်ကို တအံ့တဩ ကြည့်နေကြ၏။ သိမ့်သိမ့်
မနေတတ်တော့။

"သိမ့်သိမ့်က သိပ်လှသွားပြီ"

"အိမ်း........ဒီလိုဆိုတော့လဲ မိန်းကလေးက သိပ်ချော



...သွားတာပ"

စိန်စိုးနှင့် ဘ,စိုးအောင်က နှုတ်မှမွှင်၍ ချီးကျူးကြ၏။
...ကတော့ သိမ့်သိမ့်ကို ပြုံးကြည့်နေသည်။

"သိပ်လဲ မပြောက်နဲ့နော်။ ခေါင်းမိုးကို ခေါင်းနဲ့တိုက်မိပြီး
...ရဲ့ ပြန်တက်နေရဦးမယ်"

သိမ့်သိမ့်က ပြုံးပြုံးလေး ပြန်ပြောရင်း စားပွဲဝိုင်းတွင် ဝင်
...လိုက်မိသည်။ စားပွဲပေါ်တွင်မူ ဘ,စိုးအောင်၏ လက်ရာတွေက
...နေ၏။

"ကဲ.......စား မိန်းကလေး အားမနာနဲ့။ ဘ,စိုးအောင်က
...ကြိုက်တယ်။ ဒီနေ့ မိန်းကလေး ဆေးရုံက ဆင်းမယ်ဆိုလို့
...စိုးအောင်က စပယ်ရှယ်တွေ လုပ်ထားတာ"

ဟုတ်သည်။

ဟင်းတွေက စုံနေသည်။

ငါးသလဲထိုးကို အုန်းနို့တိုက်ပြီး နှပ်ထားသည်။

ဟားပေါင်ကလေးတွေကို ကြော်ထားသည်။

ငါးရှဉ့်အရှင်ကို အရက်နှင့် တစ်ညစိမ်ပြီး အရေခွံခွာ၍
...လာနိုင်ချင်းနှင့် ချက်ထားသည်။ ပြီးတော့ ကြက်သားရှိုးစီး

ထမင်းဝိုင်းအလည်တွင် တိုက်ပန်းကန်ပြားကြီးနှင့် ထည့်
...သော မြုံမြုံအကောင်လေးတွေကိုတော့ပြင့် မောင်မောင်လည်း
...သေး။ ပြီးတော့ ခြံထဲမှထွက်သည့် ဟင်းရွက်စုံနှင့် ငါးချေ
...ရေ။ ပဲကြီးဟိုကော် နီနီရဲရဲ။ ရေတံသီးစိမ်းကလေးတွေကိုလည်း
...ဖိတ်ကွဲ ထောင်းထားသည့်မှာ သင်းသင်းကလေး မွှေးနေသည်။
...ဝိစည်းကလည်း ပါလိုက်သေးသည်။ တို့စရာကတော့ မြင်းခွက်
...ရက်သီး၊ ဆတ်ထတ်ကလေးတွေနှင့် ဖိန့်သီးနုနုကလေးတွေကို
...တွင်းလိုက် လှီး၍ ရေဓွေးရောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်စားကောင်းသည်။

မောင်မောင်ကတော့ ခေါင်းမဖော်တော့။

စိန်စီပိုးကတော့ ခြံအကြောင်းကို သိမ့်သိမ့်ကို ပြောပြရင်း ဖြည်းဖြည်းပင် စားနေသည်။

မောင်မောင်သည် ပန်းကန်ကြီးထဲမှ အကောင်မြူးမြူးကလေးတွေကို ခံတွင်းတွေ့နေသည်။ သိမ့်သိမ့် ထမင်းပန်းကန်ထဲသို့လည်း ဖွန်းနှင့်ကလော်၍ ထည့်ပေးနေသည်။ ဘ,စိုးအောင်ကတော့ တပြုံးပြုံးနှင့်။

"အင်း…… ဘ,စိုးအောင်ရဲ့ လက်ရာကတော့ ဒီနေ့ စံချိန်သစ်တင်သွားပြီ။ သိပ် စားလို့ကောင်းတာပဲ။ သိမ့်သိမ့်ရော စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် အစ်ကိုမောင်၊ သိမ့်သိမ့် သိပ်ကြိုက်တာပဲ၊ နှစ်ပန်းကန်တောင် စားလိုက်တယ်"

"အဲဒါ ဘ,စိုးအောင်ရဲ့ လက်ရာပေါ့ သိမ့်သိမ့်ရဲ့။ ဘ,စိုးအောင်က ထူးထူးဆန်းဆန်း စားဖို့သောက်ဖို့ဆိုရင် အင်မတန် ဝါသနာကြီးတယ် သိမ့်သိမ့်။ နောက်တော့ သိမ့်သိမ့် တွေ့ပါလိမ့်မယ်"

ဘ,စိုးအောင်သည် ပြုံးနေ၏။

သိမ့်သိမ့်က ပါးစပ်သုတ်လိုက်ပြီး ရေသောက်လိုက်သည်။

စိန်စီပိုးက ထမင်းကို လက်စသတ်နေ၏။

"ဪ…… ဘ,စိုးအောင်……၊ ဟို ပန်းကန်ထဲက မြူးမြူးအကောင်လေးတွေက ဘာလဲ၊ အမောင် တစ်ခါမှ မစားဖူးသေးဘူး"

"ဟုတ်တယ်၊ သိမ့်သိမ့်လဲ ကြိုက်တယ်၊ သိပ် စားကောင်းတာပဲ ဘ,စိုးအောင်"



သိမ့်သိမ့်က ရင်းရင်းနှီးနှီး ဝင်ပြောသည်။

"အဲဒါ ကြက်လောက်လေ"

"ကြက်လောက်…… ကြက်လောက်ဆိုတာ ဘာကောင်လဲ ဘ,စိုးအောင်"

သိမ့်သိမ့်မျက်လုံးပြူးစ ပြုလာပြီ။

"ကြက်လောက်ဆိုတာ ကြက်ရဲ့ လောက်ပေါ့ကွယ်။ အဲ —…… ကြက်တစ်ကောင်လုံးကို အမွေးနုတ်၊ ရေစင်စင်ဆေး၊ အူတွေ အသည်းအမြစ်တွေထုတ်၊ ပြီးတော့ တံစို့ထိုးပြီး တိုင်ကလေးနှစ်တိုင်ပေါ်မှာ တင်ထား။ အောက်က ဂျုံမှုန့်နယ်ကလေးတွေကို ပန်းကန်ထဲထည့်ပြီး ခံထားရတယ်။ ပြီးတော့မှ အပေါ်ကနေ လေလုံအောင် ဓနိပေါင်းချောင်နဲ့ အုပ်ပြီး နှုတ်ခမ်းတွေကို ရွှံ့နဲ့မံပြီး ထားရတယ်"

သိမ့်သိမ့်သည် တံတွေးကို ဂလွတ်ခနဲ မျိုချလိုက်သည်။

—မောင်မောင့်လျှာတွေ ချွဲကျိုကျိုဖြစ်လာ၏။

"အဲ…… ရက်အတော် ရလာတော့ ကြက်က ပုပ်ပြီး လောက်တွေ တွယ်လာရော၊ လောက်တွေဟာ ကြက်သားတွေကို အကုန်လုံးစားပြီး စားစရာမရှိတဲ့အခါမှာ အောက်ကခံထားတဲ့ ဂျုံမှုန့်ပန်းကန်ထဲကို ပြုတ်ကျပြီး ဂျုံမှုန့်တွေကို ဆက်စားနေကြပြန်ပါရော။ အဲ…… ဂျုံမှုန့်တွေလဲ ကုန်သွားရော အဲဒီ ဝဝဖြိုးဖြိုးနဲ့ စားလို့ အင်တော် အရသာရှိတဲ့ အကောင်ကလေးတွေ……"

"ဝေါ့"

ဘ,စိုးအောင် စကားမဆုံးမီ သိမ့်သိမ့်ပါးစပ်ထဲမှ စားပြီးသား ထမင်းနှင့်ဟင်းတွေ အန်ထွက်လာပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ယင်းသို့ဖြင့်.......

သိမ့်သိမ့်သည် 'စိမ်းရိပ်ငြိမ်'၏ အိမ်သားတစ်ဦးမဟာ ဖြစ်လာရတော့သည်။ သာယာချမ်းမြေ့သော ဘဝကလေးတစ်ခုထဲတွင် အမြစ်တွယ်မိသည်၊ အခြေချမိသည်။

အစ်ကိုမောင်ပြောသလို အတိတ်ကို မေ့ထားခဲ့ပြီး ပစ္စုပ္ပန်ကာလ၏ ဘဝကလေးတစ်ခုကို ပြုစုပျိုးထောင်နေခဲ့ပါသည်။ သို့တစေ တစ်ခါတစ်ရံတွင်တော့ မပီပိုးတဝါး နိုင်လှသော မိမိဘဝကို စိတ်ပျက်မိ၏။ 'စိမ်းရိပ်ငြိမ်'သို့ မရောက်မီကာလ ဘာတွေ ဖြစ်ခဲ့သနည်း။ 'စိမ်းရိပ်ငြိမ်'သို့ မည်သို့မည်ပုံ ရောက်ရှိလာခဲ့ရသနည်း။ ခေါင်းက ဒဏ်ရာသည် မည်သည့်အတွက်ကြောင့် ရရှိခဲ့ပြီး အတိတ်ကို မေ့သွားခဲ့ရသနည်း။



သည့်မေးခွန်းတွေ ခေါင်းထဲဝင်လာတိုင်း သိမ့်သိမ့်မျက်နှာကလေးမှာ မှိုင်းညို့သွားတတ်သည်။ စိန်စီပိုးကိုလည်း မေးမိသည်။

"သိမ့်သိမ့်ဟာ မမတို့ 'စိမ်းရိပ်ငြိမ်'ကို ဘယ်လိုက ဘယ်လိုရောက်လာတယ်ဆိုတာ မမစိန်စီပိုး သိသလောက် ပြောပြပါလားဟင်"

"စောပါသေးတယ် သိမ့်သိမ့်ရယ်၊ သိမ့်သိမ့် အေးအေးဆေးဆေးအနားယူပါဦး။ တစ်နေ့တော့ သိမ့်သိမ့်သိချင်တဲ့အကြောင်းတွေကို စိန်စီပိုး ပြောပြမှာပေါ့ကွယ်။ အခုနေမှာ ဘာမှ မစဉ်းစားနဲ့ဦး။ ခေါင်းအေးအေးထားပြီး စိတ်ချမ်းသာသလိုနေပါ သိမ့်သိမ့်"

စိန်စီပိုးက သို့ကလို နှစ်သိမ့်ခဲ့သည်။ မောင်မောင်ကလည်း သိမ့်သိမ့်ကို မည်သည့်အကြောင်းကိုမျှ မပြောပါနှင့်ဦးဟု သူမကို ပြောထားခဲ့သည် မဟုတ်ပါလား။

သို့ဖြင့် သုံးလေးရက်အကြာတွင် 'စိမ်းရိပ်ငြိမ်'တွင် သိမ့်သိမ့်တစ်ယောက် နေသားကျလာ၏။ ပျော်လာ၏။ နံနက်မိုးလင်းသည်နှင့် သနွှေပင်၊ ကိုးလုံးကွင်း၊ ဆပ်သွား တောရွာများမှ ဘ,စိုးအောင်၏ လူငယ်လူရွယ် စိုက်ပျိုးရေးသမားကလေးများ ရောက်လာသည်။ အရွယ်ကလေးတွေက ဆယ့်ငါး၊ ဆယ့်ခြောက်၊ ဆယ့်ခွန်လောက်သာ ရှိကြဦးမည်။ မိန်းကလေးနှစ်ယောက် ပါသည်။

သူတို့ကလေးတွေမှာ မိဘမရှိကြ။ ဦးကြီး ဦးလေး၊ ကြီးဒေါ် အဒေါ်များနှင့် ကပ်ရပ်နေကြရသော မိဘမဲ့ကလေးတွေဖြစ်၏။ သူတို့ကို 'စိမ်းရိပ်ငြိမ်'တွင် အလုပ်ပေးထားခဲ့သည်။ အခစားတော့ မဟုတ်။ ဝိုင်းလုပ်ဝိုင်းစားသော ဖြစ်သည်။ အဝတ်အစားကအစ ဆေးဝါး ကျန်းမာရေးအဆုံး မောင်မောင်က တာဝန်ယူထားသည်။ အလုပ်သိမ်းချိန် ညနေရောက်သည်နှင့် အားကစားတစ်မျိုးကို လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com



စေသည်။ ဘ,စိုးအောင်က မြန်မာ့လက်ဝှေ့သင်ပေးသည်။ မောင်မောင့်က ကုလားကျော့ ပြပေး၏။ မောင်မောင်သည် ရွှေမုန်း ကျော တေးကာလစ်တွင် ခါးပတ်နက်အထိ တက်ခဲ့သူဖြစ်သဖြင့် နည်းပြ အဆင့်သို့ ရောက်နေပြီ။

သူတို့ကလေးတွေသည် အမြဲ တက်ကြွနေ၏။ ပျော်ရွှင်နေ၏။ စိမ်းရိပ်မြိုင်သို့ရောက်သည်နှင့် ဝတ်ထားသမျှကို တူညီဝတ်စုံနှင့် လဲရသည်။ စိမ်းပြာရောင် ကီဝတ်စုံ အပွကြီးများကို ဝတ်ကြသည်။ ရင်ဘတ်တွင်လည်း အုန်းပင်တံဆိပ်နှင့် 'စိမ်းရိပ်မြိုင်'ဟု စာတန်းထိုးထားသည်။ အားလုံး ခြောက်ယောက်ရှိသည်။

သူတို့လေးတွေကို ဘ,စိုးအောင်က ဦးဆောင်သည်။ မြက်နွတ်၊ ပေါင်းသင်၊ ရေလောင်း၊ အုန်းသီးခွတ်၊ မိန်းကလေးနှစ်ယောက်ကတော့ သစ်ခွမြို့နှင့် ပန်းခင်းကို တာဝန်ယူရသည်။

မောင်မောင်သည် ရသမျှဝင်ငွေထဲမှ အမြတ်မယူဘဲ သူတို့ကလေးတွေကို လုပ်အားခ ခွဲဝေပေးသည်။ ရေစုပ်စက်ကလေး တစ်လုံးကိုလည်း ဝယ်ထားပေး၏။ သူတို့တစ်တွေ၏ နေ့စဉ်ဝင်ငွေမှာ ငါးကျပ်ထက် မလျော့ကြ။

သူတို့လေးတွေသည် ဘ,စိုးအောင်ကို ရိုသေသည်။ မောင်မောင့်ကို လေးစားကြ၏။ စကားကိုလည်း မြဲဝယ်မကျ နားထောင်ကြသည်။ သိမ့်သိမ့်သည် သူတို့၏ သွက်လက်ဖျတ်လတ်သော အမူအရာကလေးတွေကို နှစ်သြိုက်မိ၏။ ပြုံးရွှင်နေသော မျက်နှာကလေးများကို ချစ်ခင်မိ၏။

နှစ်ရက်လွန်မြောက် သုံးရက်မြောက်သော နေ့တွင်တော့ သိမ့်သိမ့် မနေနိုင်တော့။

"အစ်ကိုမောင်"

"ဟင်.......သိမ့်သိမ့်"



"သိမ့်သိမ့် အစ်ကိုမောင့်ကို တစ်ခုပူစာမလို့"

"နှစ်ခုပူစာ ရတယ်"

"ဟိုလေ....... သိမ့်သိမ့်ကို သူတို့လို အကျႌနဲ့ဘောင်းဘီ ကိုပေးပါလားဟင်"

"သိမ့်သိမ့်က ဘာလုပ်ဦးမလို့လဲ"

"သိမ့်သိမ့်လဲ သူတို့လို အလုပ်လုပ်ချင်တယ် အစ်ကိုမောင် ...သိမ့် ထိုင်နေရတာ သိပ်ငြီးငွေ့တာပဲ"

မောင်မောင်သည် သိမ့်သိမ့်၏ ဖြူဝင်းနေသော အသား ...ညိုနှင့် နုနယ်သော လက်ကလေးတွေကိုကြည့်ရင်း ပြုံးဖြစ်သည်။

"သိမ့်သိမ့်က နုနုကလေးပါကွယ်။ တော်ကြာ အသားတွေ ... လက်တွေကြမ်းပြီး မည်းမည်းဝဝ ခြံသမလေးဖြစ်သွားပါဦး ...ပြီးတော့ သိမ့်သိမ့်ခေါင်းက ဒဏ်ရာကလဲ ကောင်းကောင်း ...တ်သေးတာ မဟုတ်ဘူး"

"ဟင့်အင်း.......ဟင့်အင်း။ သိမ့်သိမ့် သူတို့လို အလုပ် ...ချင်တယ်။ သိမ့်သိမ့်ကို အဝတ်တစ်စုံသာပေး"

သိမ့်သိမ့်က ညီမဆိုးလေးလို နွဲ့သော်လည်း မောင်မောင် ...ခေါင်းခါလိုက်သည်။ သိမ့်သိမ့်ကို ပင်ပင်ပန်းပန်း မလုပ်စေချင်။

သည်တော့ သိမ့်သိမ့်က စိန်စိပိုးကို သွားအပူကပ်သည်။ ...အတင်းပြောသည်။ သည်အတိုင်းနေရလျှင် သူမဘဝကြီးတွေး ...တ်မကောင်းဖြစ်နေရပါသည်ဟု တင်ပြသည်။ စိန်စိပိုးက မောင် ...င်နှင့် တိုင်ပင်သည်။ ဘ,စိုးအောင်နှင့် ဆွေးနွေးသည်။

"ကိုင်း.......ဒါလောက် လုပ်ချင်တဲ့ ဟာမလေး။ လုပ်ပေး ...တော့"

မောင်မောင်သည် လက်လျှော့လိုက်သည်။ ပြီးတော့ အဆင် ...ရှိ ချုပ်ထားသော ကီဝတ်စုံကိုလည်း ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ……မမ၊ ထဘီချတ်ပြီး ဘောင်းဘီဝတ်၊ ဟောဒါက အပေါ်အင်္ကျီ၊ အတွင်းက ဘာမှမခံနဲ့၊ ဒီအတိုင်းဝတ်"

"အို……အစ်ကိုမောင်"

"ဟုတ်တယ် သိမ့်သိမ့်၊ ဒီမှာက ပူတယ်မဟုတ်လား။ ဈေး… တလုံးလုံးနဲ့ လုပ်ရမှာဗျ"

"သွား"

"ဟုတ်တယ်၊ ဒါ စိမ်းရိုမ်ငြိမ်ရဲ့ စည်းကမ်းပဲ။ ဟိုကလေး… လေးတွေကို ကြည့်ပါလား"

ဟုတ်တော့လည်း အဟုတ်သား။

သူ့စကားက မှန်သည်။ သိမ့်သိမ့် လက်ခံလိုက်သည်။

"ကဲပါ……အစ်ကိုမောင့် စည်းကမ်းအတိုင်း လိုက်နာ… မယ်တဲ့ ရှင်"

မောင်မောင်သည် မြို့သမ အသစ်စက်စက်ကလေး သိမ့်… သိမ့်ကို လက်ဆွဲရင်း မြို့ထဲသို့ ဆင်းခဲ့သည်။ သိမ့်သိမ့်၏ ခန္ဓာကိုယ်… မှာ ကီဝတ်စုံအစိမ်းနှင့် လိုက်ဖက်သည်။ မြေသလုံးအလယ်လောက်… တွင် ရောက်နေသော ဘောင်းဘီပွ၊ ကြိုးကြယ်သီး တပ်ထားသော… ရင်ထပ်အင်္ကျီ၊ သေးသိမ်သော ခါးကို အဝတ်ခါးပတ်နှင့် ပတ်ချည်… လိုက်တော့ လှသွားသည်။ အပေါ်ပိုင်းက လှုပ်ရှားလိုက်တိုင်း အနည်း… ငယ် တုန်ခါသည်မှအပ ပြောစရာမရှိ။ နေရတာ ချောင်ချောင်ချိ… ရှိသည်။ လွတ်လပ်သည်။

မောင်မောင်အခက်သည် သိမ့်သိမ့်ခေါင်းပေါ်တွင် ဝါးဖတ်… ခမောက်ပိုင်းကြီးကို ဆောင်းပေးလိုက်သည်နှင့် ဗီယက်နမ်မကလေး… ဖြစ်သွားတော့၏။

"ဟေး……"

မောင်မောင်က အသံပေးလိုက်သည်။ ဘ,စိုးအောင်နှင့် သူ့…



…မွဲ့သားများ ဝိုင်းစုလာကြသည်။ သိမ့်သိမ့်ကိုလည်း အံ့ဩစွာ …ကြည့်နေကြသည်။

"မင်းတို့ကို မိတ်ဆက်ပေးဦးမယ်၊ ဟောဒါ ဒီနေ့ကစပြီး …းလိုက်တဲ့ မြို့သမ အသစ်ကလေး သိမ့်သိမ့်၊ အဲ…… မမသိမ့် …ဲ့ ခေါ်ကြပေါ့ကွာ။ သူတို့တစ်တွေကတော့……"

မောင်မောင်သည် တန်းစီရပ်နေကြသော သူ့တပည့်တွေ …း သိမ့်သိမ့်ကို လက်ဆွဲရင်း ကပ်သွားသည်။

"ဟောဒါက ဗိုးသွား သချွားသီး အားကြီးကြိုက်တယ်။ သူ …ာ မျောက်ပု အုန်းပင်တက် သိပ်ကျင်လည်တယ်။ သူက သံကျော် …ချင်းဆို အားကြီးတော်တယ်"

သူတို့သုံးယောက်က သိမ့်သိမ့် လက်နှစ်ဖက်ကို ဆုပ်ကိုင် …၍ အားရဝမ်းသာ ပြုံးလိုက်ကြသည်။

"သူလေးကတော့ မိပဲတဲ့။ ပဲသိပ်ကြိုက်သလို အီးလဲ သိပ် …ပေါက်တယ်"

ရယ်သံတွေ ညံသွားသည်။

"ဟွန့်……အစ်ကိုမောင်ကလဲ"

အပျိုပေါက်မလေးက ရှက်ပြုံးလေးနှင့် သိမ့်သိမ့်လက်ကို …အားရဝမ်းသာ ကိုင်လိုက်၏။

"ဟောဒီ မမကတော့ ရုပ်ရှင်မင်းသမီးကလေးလေး၊ အဲ…… သူ့ကိုယ်သူ မှည့်ထားတဲ့ နာမည်ကတော့ မေသန္တာတဲ့။ ဒါပေမယ့် အစ်ကိုမောင်ကတော့ ဘုတ်ဆုံလို့ပဲ ခေါ်တယ်"

အားလုံးက ဘုတ်ဆုံကို ပြုံးပြီး ကြည့်နေကြသည်။ ဘုတ် …ဆုံက အစ်ကိုမောင့်ကို မျက်စောင်းထိုးသည်။ နှုတ်ခမ်းစူသည်။ …ပြီးတော့မှ နှစ်လို့ဖွယ် အပြုံးကလေးနှင့် သိမ့်သိမ့်ကို နှုတ်ဆက် …သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမသိမ့်က သိပ်လှတာပဲနော်။ ရုပ်ရှင်မင်းသမီး လုပ်
လားဟင်"

"မမသိမ့် ဝါသနာ မပါပါဘူးကွယ်"

သိမ့်သိမ့်က ဘုတ်ဆုံ၏ ဖိုးဝရုပ်လို ဝဝကစ်ကစ် ခန္ဓာကို
ကို ကြည့်ရင်း ပြုံးမိသည်။ ယခုတော့ အားလုံး၏အပြုံးက တော
ပနေကြပြီ။

"ကဲ....... မိပဲနဲ့ ဘုတ်ဆုံက မင်းတို့ မမသိမ့်ကို ခေါ်သွ
ပြီး လက်တွေ့သင်တန်း ပေးလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ အစ်ကိုမောင်၊ လာ....... မမသိမ့်၊ ဒီနေ့ ကျွ
တို့ နှင်းဆီတွေ မျိုးပွားကြမလို့၊ အကိုင်းဆက်နည်းကို ပြပေးမယ်

ဘ,စိုးအောင်သည် မိပဲနှင့် ဘုတ်ဆုံနောက်ကို တပြုံး
နှင့် လိုက်ပါသွားသော သိမ့်သိမ့်ကို ကြည့်ပြီး သဘောကျနေ

"ဩော်....... ဘ,စိုးအောင်၊ ဒီနေ့ အုန်းသီးတစ်ရာ စ
ရှယ်မှာထားတာ ရှိတယ်နော်၊ ဖွန်ခြစ်က အလုံးအစိတ် ပါရမယ်

"အိမ်း....... ငါ့ကို မိပိုး ပြောထားပြီးပါပြီကွယ့်။ ဒါနဲ့ မ
ကရော ဒီနေ့ ခြေစကြာ ဖြန့်ဦးမလို့လား"

"ဒီနေ့တော့ နားလိုက်ဦးမယ် ဘ,စိုးအောင်၊ မောင်လဲ
ထဲ မဆင်းတာ အတော်ကြာသွားပြီ"

"ဟုတ်တာပေ့၊ ကဲ....... ချာတိတ်တွေ၊ ဒီနေ့တော့ သိ
သိမ့် ခြံထဲဆင်းတဲ့ အထိမ်းအမှတ်နဲ့ အုန်းထမင်းနဲ့ ကြက်သားဟ
ချက်ကျွေးမပေ့"

"ဒါမှ တို့ ဘ,စိုးအောင်ကွ"

ချာတိတ်တွေ အူမြူးသွားကြသည်။ ပြီးတော့ သူတို့ တာ
ကျရာ နေရာများသို့ ခုန်ပေါက်ပြေးလွှားရင်း ထွက်သွားကြ၏။ မိ
စိုးသည် သူတို့နှစ်ယောက်ရှိရာသို့ လျှောက်လာသည်။



ဘ,စိုးအောင်က အုန်းထမင်းချက်ရန် စီစဉ်ထားကြောင်း
ပြောသည်။

"အင်း....... ဒီနေ့တော့ စိမ်းရိပ်မြိုင်ရဲ့ ပျော်ပွဲစားကလေး
တစ်ခုပေါ့။ ကောင်းတယ်....... ကောင်းတယ်၊ ပိတောက်ပင်ကြီး
အောက်မှာပဲ အားလုံး ဝိုင်းစားကြတာပေါ့။ အမောင်လဲ ဘယ်
မသွားဘူး မဟုတ်လား"

"မသွားပါဘူး စိန်စီပိုး။ ဒီနေ့တော့ နားလိုက်ဦးမယ်၊ မောင်
ခြံထဲဆင်းမလို့"

စိန်စီပိုးသည် မိပဲတို့နှင့်အတူ နှင်းဆီခြံထဲတွင် အလုပ်ရှုပ်
နေသော သိမ့်သိမ့်ကို လှမ်းကြည့်ပြီး မောင်မောင့်ကို ပြုံးကြည့်မိ
သည်။

"ဘာပြုံးတာလဲ စိန်စီပိုး"

မောင်မောင် အိုးမလုံတော့ အုံပွင့်သွားသည်။

"ဟဲ့....... ငါဟာငါ ပြုံးတာ နင်နဲ့ ဘာဆိုင်လို့တုန်း"

ဘ,စိုးအောင်ကပါ တဟားဟား ရယ်သည်။

"ဟာဗျာ....... ဘာတွေ ဒါလောက် သဘောကျနေသလဲ
မသိဘူး"

မောင်မောင်သည် ရှက်ရှက်နှင့် တိုက်ထဲသို့ ဝင်ခဲ့သည်။
သူတို့နှစ်ယောက် တီးတိုး တီးတိုးလုပ်ရင်း ကျန်ခဲ့ကြသည်။

မိပဲနှင့်ဘုတ်ဆုံသည် သိမ့်သိမ့်ကို မြင်မြင်ချင်း ခင်တွယ်
သွားကြသည်။ မမသိမ့်....... မမသိမ့် တသိမ့်ထဲ သိမ့်နေကြသည်။
သိမ့်သိမ့်သည် သူတို့နှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ရင်း စိတ်
ကြည်သာလန်းဆန်းလာရသည်။

"နှင်းဆီပန်းတွေက သိပ်လှတာပဲကွယ်။ အမွှေးကလဲ
စိုလိုက်တာ။ အပွင့်ကြီးတွေကလည်း သိပ်ကြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမသိမ့်၊ ဒီပန်းတွေကို အစ်ကိုမောင် ရောက်လာမှ စိုက်တာ၊ အရင်က ဒီခြံမှာ အုန်းပင်ကလွဲလို့ ဘာမှရှိတာ မဟုတ်ဘူး မမသိမ့်ရဲ့။ ဟောဟိုဘက်မှာ သစ်ခွပန်းတွေ ရှိသေးတယ်"

ဘုတ်ဆုံက ပြောသည်။

"အစ်ကိုမောင် ရောက်လာမှတဲ့" အစ်ကိုမောင် ဘယ်က နေ သည်ကို ရောက်လာရသနည်း။

"အစ်ကိုမောင် ဒီကို ရောက်မလာခင်က ဒီခြံကြီးမှာ ဘယ်သူတွေ နေကြသလဲ ဟင်၊ အစ်ကိုမောင်ကရော ဘယ်ကလဲ၊ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ဩော်...... မမသိမ့်က ဒါတွေကို မသိသေးဘူးနဲ့ တူတယ်။ အစက ဒီခြံကြီးမှာ မမစိန်စီပိုးတို့ သားအမိပဲ တဲကလေးတစ်လုံးနဲ့ နေကြတယ် မမသိမ့်ရဲ့။ ဒီလို စိုစိုပြေပြေ သာသာယာယာ ဘယ်ဟုတ်ဦးမလဲ၊ အဲ...... အစ်ကိုမောင်လဲ ရောက်လာရော ခြံကို တိုးချဲ့ပြီး နှစ်ရှည်ပင်တွေ ထပ်ချတယ်။ လောလောဆယ် ဝင်ငွေရမယ့် အပင်တွေ ထပ်စိုက်တယ်။ စပျစ်ပင်တွေဆိုရင် နောက်နှစ်ခါမှာ သီးတော့မယ်။ နောက်ပြီးတော့ မမစိန်စီပိုးတို့နေတဲ့ တဲကလေးကိုဖျက်ပြီး အခုနေတဲ့ တိုက်ကို ဆောက်တာ မမသိမ့်ရဲ့"

လျှာသွက် အာသွက်မကလေး မိပဲက ဆိုသည်။ ဘုတ်ဆုံက မိပဲစကားကို ပြန်ဆက်သည်။

"တိုက်ဆောက်လို့ ပြီးတဲ့နှစ်မှာပဲ မမစိန်စီပိုးရဲ့ အမေဟာ လူကြီးရောဂါနဲ့ ဆုံးသွားရှာတယ် မမသိမ့်၊ အခုဆိုရင် သုံးနှစ်လောက် ရှိသွားပြီပေါ့"

"ဩော်...... ဖြစ်မှ ဖြစ်ရလေကွယ်။ ဒါနဲ့ မမစိန်စီပိုးနဲ့ အစ်ကိုမောင်က ဘာတော်သလဲ၊ ဆွေမျိုးတွေလား"



"ဘုတ်ဆုံကို့ သိတာကတော့ ဘာမှမတော်ဘူးတဲ့။ အစ်ကိုမောင်ဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်က ဒီခြံကို မော်တော်ဆိုင်ကယ်တစ်စီးနဲ့ ရောက်လာခဲ့တာတဲ့"

"ဒါဖြင့် အစ်ကိုမောင်က ရန်ကုန်က မဟုတ်ဘူးပေါ့"

"ဘယ်ဟုတ်လိမ့်မလဲ မမသိမ့်၊ အစ်ကိုမောင်က မန္တလေးက သူဌေးသား။ စိုက်ပျိုးရေးဘွဲ့ရပြီးသား ဆိုလားပဲ"

သိမ့်သိမ့် အံ့ဩသွားရသည်။

သူမသည် အစ်ကိုမောင် အကြောင်းကို စဉ်းစားရင်း 'ဝိမ်းနိုင်ငြိမ်'သို့ မိမိကိုယ်မိမိ မည်သို့မည်ပုံ ရောက်ရှိလာရသည်ကို သိရှိလိုလာပါသည်။

"မမသိမ့်ကရော ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

သိမ့်သိမ့်၏အမေးကို မိပဲနှင့်ဘုတ်ဆုံ အံ့အားသင့်သွားကြသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ မျက်လုံးကလေးတွေ မှုးရင်း သူမကို ကြည့်နေကြ၏။

"မသိရင်လဲ ပြီးတာပါပဲကွယ်၊ ကဲ...... မမသိမ့်ကို သစ်ခွပန်းတွေ လိုက်ပြကြပါဦး"

နောက်ဆုံးတွင် သိမ့်သိမ့်က လျှော့ချလိုက်ရသည်။

ဩော်...... မပီပိုးတဝါး နိုင်လိုက်တဲ့ ဘဝပါလားကွယ်၊ မတွေးတာပဲ ကောင်းပါတယ်လေ။

မကြာခင် မောင်မောင်ရောက်လာသည်။ သိမ့်သိမ့်ကို ခြံအနှံ့ လိုက်လံပြသသည်။ သည်တော့လည်း သိမ့်သိမ့်စိတ်မှာ ရွှင်လန်းလာရသည်။ သူတို့တစ်တွေနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ရင်း ချွေးတပြိုက်ပြိုက်ကျလာရသည်။ သည်တော့မှ အတွင်းခံ အင်္ကျီတိုင်းခဲ့သော အစ်ကိုမောင့်ကို ကျေးဇူးတင်ရတော့၏။ တကိုယ်လုံးကို ရွှဲရွှဲနစ်လို့ရယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ကျတော့ သူတို့တစ်တွေ ဝိတောက်ပင်ကြီးအောက်
ရှိ မြက်ခင်းပြင်တွင် ဝိုင်းစုကြသည်။ ဘ,စိုးအောင်နှင့် စိန်စိုပို
၏လက်ရာ အုန်းထမင်းကို ငှက်ပျောရွက်ခင်း၍ လွေးကြသည်
အုန်းရည်သောက်ကြသည်။

စားသောက်ပြီးကြသည်နှင့် အစ်ကိုမောင်က ဂစ်တာ
သည်။ သံကျော်က သီချင်းဆိုသည်။ ဘုတ်ဆုံက တင်ဆုံက
ကို လှုပ်၍ လှုပ်၍ ကသည်။ အားလုံးက လက်ခုပ်တီးပေးကြသည်

ပျော်စရာကောင်းလိုက်ပါဘိ။

သိမ့်သိမ့်ရင်ဝယ် ကြည်နူးလာသည်။ ချမ်းမြေ့သည်။ သာ
ယာတဲ့ လောက,ကလေး တစ်ခုပါကလား။

သို့တစေ.......

စာတစ်စောင် ရောက်လာ၏။ စာပို့သမားက လာပေးသွား
ခြင်းပင်။ အစ်ကိုမောင်သည် စာကိုဖတ်ရင်း မျက်နှာတည်သွားသည်
ကို သိမ့်သိမ့် အကဲခတ်မိသည်။

ဘ,စိုးအောင်နှင့် စိန်စိုပို့တို့က မောင်မောင့်မျက်နှာကို ကြည့်
နေကြသည်။ ပြီးတော့ သူတို့သုံးယောက်စလုံး တိုက်ကလေးထဲသို့
ဝင်သွားကြသည်။ မကြာခင် အစ်ကိုမောင်တစ်ယောက် မော်တော်
ဆိုင်ကယ်နှင့် 'စိမ်းရိပ်မြိမ်'မှ ထွက်ခွာသွားသည်ကို သိမ့်သိမ့် မြင်
လိုက်ရပါသည်။



အခန်း (၁၆)

ဟွန်ဒါမော်တော်ဆိုင်ကယ်ကလေးသည် ထောက်ကြန့်
ရန်ကုန်တွင် ပြေးနေသည်။ မောင်မောင်ဘခက်သည် ဆိုင်ကယ်ကို
ခွစီးထား၏။ ထို့ကြောင့် သူ့ခန္ဓာကိုယ်သည် ရန်ကုန်နှင့် တဖြည်း
ဖြည်း နီးလာသည်။

သူ့စိတ်ထဲတွင် စာတစ်စောင် ပါလာသည်။

စာထဲတွင် စကားလုံးလေးတွေ ပါလာ၏။

ကိုမောင်မောင်ဘခက်

စောစောကကို အမြန်ဆုံး လာခဲ့ပါ။ မီလေးဆို ရှင့်ကို
တွေ့ချင်ပါတယ်။ အေးအေးဆေးဆေးချင်ပါတယ်။ တောင်းပန်စရာ မိတ်ဆွေကြီးလို့
ရှင့်စိတ်ထဲမှာ စိတ်ချလက်ချ ယုံကြည်ထားစေချင်ပါတယ်။ ရှင့်အိမ်မှာရှိ

www.burmeseclassic.com



တဲ့ မြေပုံနဲ့ပိုင်ရှင်ဟာ ချိုသက်ကြည်နဲ့ အိမ့်သခင်ရဲ့ မြေပုံတွေ ဒိုက်တာကို အဲလစ်တို့ သိပြီးပါပြီ။ သူတို့နှစ်ယောက်ဟာ ရှင်နဲ့ပတ်သက်နေတယ်ဆိုရင် သူတို့ကိုပါ ခေါ်လာနိုင်ပါတယ်။ မြေပုံတွေအားလုံးကို အကြီး ရတနာတွေကို ရှာဖွေတွေ့ရှိတဲ့အခါမှာ အားလုံး အချိုးကျ အညီအမျှ ခွဲဝေယူကြဖို့ အဲလစ် ရှင့်ကို ကတိပေးပါတယ်။

အဲလစ်

ဓောတီကလေ

စာကလေးက ဒါပဲဖြစ်သည်။

သို့သော်လည်း အဓိပ္ပါယ်တွေက ကြွယ်ဝသည်။ များပြားသည်။

အဲလစ်သည် သူ့ကို အချိုသတ်ပြန်ပါပကော။ သူ၏ အစွမ်းအစ လက်ရှည်၊ ခြေရှည်ကို အဲလစ်တို့ ဓောတီကက လူတွေ သိကြဟန် တူသွားပြီ။

အဲလစ်တို့ဆိုသည့်စကားတွင် ကိုလွန်းအိမ်၊ ရစ်ကီတို့ကို ကိုယ်စားပြုထားသည်ကို မောင်မောင်ဘခက် သိထားပါသည်။ သို့တစေ အိပ်ပျော်နေသော မြွေပွေးကို အထင်သေးပြီး ခေါင်းကို သွားပုတ်လျှင် ပေါက်ခနဲ ကိုက်ထည့်လိုက်မည်။ အဲလစ်သည် မြွေပွေးထက် ကြောက်စရာကောင်း၏။

သည်အတောအတွင်း မောင်မောင်ဘခက်သည် တစ်ဦးကို ရှောင်၍ တစ်ယောက်ကို တွေ့အောင်ရှာခဲ့သည်။

ရှောင်သူဆိုမှ ချိုသက်ကြည်ဖြစ်ပြီး ရှာသူမှာ ရစ်ကီ၏ ဆရာကြီးဆိုသူကို ဖြစ်၏။ ရစ်ကီသည် သူ၏ဆရာကြီးဆိုသူအား ငွေငါးထောင်ပေး၍ အစ်မဖြစ်သူ ချိုသက်ကြည်၏မြေပုံကို အနည်းငယ် အကြမ်းနည်းပါ အသုံးပြုပြီး အယူခိုင်းခဲ့သည်။ မရခဲ့။

မရခဲ့ရုံသာမက ဆရာကြီး၏ တပည့်တစ်ဦးမှာ ခြေတစ်



ချောင်းကျိုး၍ သံတိုင်နောက်သို့ ရောက်သွားခဲ့လေသည် မဟုတ်ပါလား။

ဆရာကြီးကို ရှာဖွေရာတွင် ရစ်ကီသည် 'ခြေရာ'ဖြစ်၏။ ရစ်ကီ့နောက်ကို အရိပ်လိုလိုက်နိုင်လျှင် ဆရာကြီးကို တွေ့မည်ဟု မောင်မောင်ဘခက် ယုံကြည်ထားသည်။

ထို့ကြောင့် သူသည် လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက ရစ်ကီကို စောင့်ကြည့်ခဲ့သည်။

သူ့နောက်ကို အရိပ်လိုလိုက်ပါခဲ့သည်။ ဒါကို ကာယကံရှင်ဖြစ်သူရစ်ကီက သိရှိလိမ့်မည် မဟုတ်ပါ။

ရစ်ကီသည် လမ်းသရဲတစ်ယောက် ဖြစ်သည်။ အရက်လည်း သောက်သည်။ မိဘ၏ အဆုံးစွန်ဆုံးသော အလိုလိုက်မှုတွေ၊ ဥပက္ခာပြုမှုတွေကြောင့် တိတ်တဆိတ် ပျက်စီးနေသော လူငယ်တစ်ယောက်ဖြစ်သည်။

ရစ်ကီသည် ဂေါ်လီမလေး မိစန္ဒာနှင့် တွဲနေသည်ကို မောင်မောင်ဘခက် တွေ့ခဲ့ရသည်။ မိစန္ဒာကို သူ သိ၏။ တစ်ခါက ခင်မောင်ဘိုအခန်းဝတွင် တွေ့ခဲ့ဖူးသည် မဟုတ်ပါလား။

မိစန္ဒာ၏လိပ်စာကို ခင်မောင်ဘိုမှတစ်ဆင့် စုံစမ်းလိုက်သောအခါ ကုက္ကိုင်းတွင်နေသည်ဟု သိရသည်။ ဂေါ်လီမလေး မိစန္ဒာသည် 'ကြည်'လျှင် လိုက်သည်။ 'အချဉ်'ဆိုလျှင် 'ဖောက်'သည်။ တွေ့ကရာ လျှောက်လိမ့်နေသော်လည်း ကြေးစားအဆင့်အထိ မရင့်သေး။

မောင်မောင်ဘခက်သည် မိစန္ဒာကို အလွယ်တကူပင် ချိတ်ဆက်နိုင်ခဲ့၏။ ဗိုလ်ချုပ်ဈေးတွင် ပတ်၍ ဖောတစ်စုံစာလောက် ဝယ်ပေးလိုက်သည်နှင့် မိစန္ဒာ 'ကြည်'သွားသည်။ အဲဒီတော့မှ ရစ်ကီ့အကြောင်း စုံစမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရစ်ကီသည် တရုတ်တန်းမှ 'ဘသန်းကျော်' ဆိုသော လူကြီးတစ်ယောက်နှင့် အဆက်အသွယ်ရှိကြောင်း၊ ဘသန်းကျော်သည် အဝေးပြေးကုန်တင်ကားများအတွက် ကုန်လက်ခံသည့် ကိုယ်စားလှယ်လောင်းတစ်ယောက်ဖြစ်ပြီး မိုက်တိမိုက်ကန်း တပည့်တပန်းတွေမွေးထားပြီး ငွေရလျှင် ဘာမဆိုလုပ်တတ်သူဖြစ်ကြောင်း မိစန္ဒာထံမှ တစ်စွန်းတစ်စ ကြားသိခဲ့ရသည်။

သို့ဆိုလျှင် ရစ်ကီ၏ ဆရာကြီးဆိုသူမှာ ဘသန်းကျော်ပင် မဖြစ်နိုင်သလော၊ ချိုသက်ကြည်၏ အခန်းသို့ ရောက်လာသော လူနှစ်ယောက်မှာ ဘသန်းကျော်၏ တပည့်တွေပင် မဖြစ်နိုင်သလော။

သိဝ်ကို ဖြစ်နိုင်ပါသည်။

မောင်မောင်ဘခက်သည် ရစ်ကီ့အကြောင်းကို အတော်အတန် သိရပြီးသည့်နောက် 'ဖောတိက' ၏ တုန့်ပြန်မှုတွေကို အေးအေးဆေးဆေး စောင့်ကြည့်နေခဲ့ပါသည်။ သူ့ကို ကိုလွန်းအိမ်နှင့် အဲလစ်တို့က အကြမ်းနည်းနှင့် ပြန်လည်တုန့်ပြန်လိမ့်မည်ဟု မောင်မောင်ဘခက်က ယူဆထားခဲ့၏။

သို့တစေ....... အဲလစ်၏ နည်းဗျူဟာက နူးညံ့သည်။ သူ့ကို 'မလွယ်ကူကြောင်း' အဲလစ်တို့ သိသွားကြလေပြီတင့်။ အထင်တော့ မသေးမိ။ ရန်သူကို အထင်သေးလျှင် သေဘေးနှင့် နီးတတ်ကြောင်း မောင်မောင်ဘခက် လက်ခံထား၏။

အဲ....... ချိုသက်ကြည်ကိုတော့ဖြင့် ယခုရက်ပိုင်းအတွင်း 'ဝေရာမထိ' ရှောင်ကြဉ်ထားပါသည်။ ချိုသက်ကြည်ကို အယုံသွင်းပြီး သူမ၏ မြေပုံတစ်ပိုင်းကို ရရှိခဲ့သည့်အချိန်မှစ၍ မောင်မောင်ဘခက် ခြေရာဖျောက်ထားလိုက်၏။

ချိုသက်ကြည်တစ်ယောက် သူ့အပေါ်တွင် ဒေါသအမျက်ချောင်းချောင်း ထွက်နေမလားတော့မှသိ။ နေပစေဦး။ အရေးကြီး



...က သိမ့်သိမ့်တစ်ယောက် အတိတ်ကို ပြန်လည်၍ သတိရဖို့ပင်။ ...ရင်တွင် သိမ့်သိမ့်နှင့် စပ်လျဉ်း၍ ကြင်နာရသော ခံစားမှုလေးတွေ ...င်နေသည်။

သိမ့်သိမ့်ကို သနားမိသည်။ 'စိမ်းရိုပ်ငြိမ်' တွင် သိမ့်သိမ့် ...စ်ယောက် ပျော်ပျော်ရွှင်ရွှင်နေရင်း သူမ၏အတိတ်ကို ပြန်လည် ...တိရပါစေဟုသာ ရင်ထဲက ဆန္ဒပြုမိသည်။

ယခုတော့ အဲလစ်က သူ့ကို မြောင်စိန်ခေါ်လိုက်ပြီ။

သူ့ကို ဖောတိကသို့ အတိအလင်း ဖိတ်ခေါ်လိုက်ပါပြီ။

သူသည် လွန်ခဲ့သည့် မိနစ်ပိုင်းအတွင်းက အဲလစ် ရေး...တ်သော စာတိုကလေးကို ရရှိခဲ့၏။ ထို့နောက် ဘ,စိုးအောင် ...ိုးတို့နှင့်တိုင်ပင်ပြီး ဟွန်ဒါနှင့် ထွက်ခဲ့ခြင်းပင်။ အကွက်ဆင် ...သည်ဆိုလျှင်ဖြင့် မိုက်မိုက်ကန်းကန်း ဝင်တော့မည်ဟု သူ့စိတ် ...ဆုံးဖြတ်ထားပြီးဖြစ်၏။

လာမယ့်ဘေး....... ပြေးတွေ့။

မထိပ်မနေ....... အသက်သေ။

မေးပါများ....... စကားများ ဆိုထားသည် မဟုတ်ပါလော။

ဆိုင်ကယ်လေးသည် မရမ်းကုန်းကို ကျော်လာ၏။ ဖောတိ...င့် နီးလာပြီ။ သို့တစေ....... သူက ဖောတိကကို ကျော်ပြီး မြေ...န်းအထိ ဆက်လိမ့်လာခဲ့သည်။ ချိုသက်ကြည်၏ အခန်းရှေ့တွင် ...ထိုက်သည်။ အပေါ်ထပ်သို့ တက်ခဲ့ပြီး ချိုသက်ကြည် အခန်း...ကို ခေါက်လိုက်သည်။

"ဘယ်သူလဲ"

"မောင်မောင်ဘခက်......."

ဝုန်းခနဲ တံခါးပွင့်သွားပြီး ဒါးထောက်၍ ကြည့်နေသော ...က်ကြည်ကို တွေ့ရသည်။ သို့ပေမယ့် သူမမျက်နှာမှာ တစ်စက်

www.burmeseclassic.com



ကလေးမှ မကြည်။ မီးဝင်းဝင်းတောက်နေသည်။

"ရှင်....... လူလိမ်....... လူညာ....... ဖြန်း"

ချိုသက်ကြည်၏ လက်ဝါးက သူ့ပါးပြင်တွင် အရှိန်ပြင်းပြင်း ထိကပ်လာ၏။

ပါးရိုက်လိုက်ခြင်းပင်။

မနာပါ....... မောင်မောင်ဘခက် မနာပါ။

ချိုသက်ကြည်သည် သူ့လက်ထဲမှ ဆောင့်ရုန်းလိုက်သည်။ ဒေါသဖြစ်နေသည်။ မောင်မောင်ဘခက်ကတော့ ပြုံးနေ၏။

"ရှင့်ကို အစိမ်းလိုက် ဝါးစားပစ်ချင်တယ်"

"အစိမ်းလိုက်တော့ မစားပါနဲ့ ချိုသက်ရယ်......၊ ရေနွေးကလေးတော့ ဖျောလိုက်ပါဦး"

"ကိုဘခက်နော်....... ချိုသက်ကို နောက်မနေနဲ့။ ချိုသက် တကယ်စိတ်ဆိုးတယ်"

"ဘာဖြစ်လို့......."

"ရှင် ဘယ်ပျောက်နေတာလဲ....... ရှင့်ကို ချိုသက် လိုက်ရှာနေတာ သုံးရက်ရှိပြီ သိလား။ လွှစ္စလမ်းက လောကနီဗွာန်တည်ဆိုခန်းလဲ ရောက်တယ်။ အဲဒီမှာ မောင်မောင်ဘခက်လဲ မရှိဘူး။ ကြောင်ကြောင်ဘခက်လဲ မရှိဘူး။ ရှင် ချိုသက်ကို လိမ်သွားတာ"

"အင်း....... ဆိုပါဦး"

"ခင်မောင်ဘိုတို့ဆီလဲ ရောက်တယ်။ ရှင်နေတဲ့နေရာကို မသိဘူးတဲ့။ ရှင်တို့ လူလိမ်တွေချည်းပဲ၊ ဘယ်မလဲ....... ချိုသက် မြေပုံ ပြန်ပေး"

"ရော့......."

မောင်မောင်ဘခက်သည် အိတ်ထဲမှ မြေပုံစက္ကူနှစ်ရွက်ကို



ထုတ်၍ ပေးလိုက်သည်။ ပြီးတော့ စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး မီးညှိရှိုက်ဖွာနေသည်။ ချိုသက်ကြည်သည် မြေပုံတွေကို တစ်လှည့်၊ သူ့မျက်နှာကို တစ်လှည့် ကြည့်နေသည်။

"ကိုယ် ဓောတိကကို ရောက်ခဲ့ပြီးပြီ ချိုသက်"

"ဟင်....... ရှင် ဓောတိကကို သွားတယ်"

"ဟုတ်တယ် ချိုသက်၊ အဲဒီမှာ သေလုမြောပါး ဖြစ်နေတဲ့ ...မာတစ်ယောက်ရယ်၊ ဘိန်းဖြူစီးကရက် မသောက်ရရင် သေမ ...တက်ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ရယ် ကိုယ်တွေ့ခဲ့ရ ...ယ်"

မောင်မောင်ဘခက်သည် သိမ့်သိမ့်အကြောင်းမှလွဲ၍ ဓော ...တိကတွင် ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်အစုံကို ချိုသက်ကြည်အား ...လည်ပြောပြလိုက်ပါသည်။ သူ့စကားဆုံးသည်နှင့် ချိုသက်ကြည် ...က်ပြင်းချသည်။

"ပြီးတော့ ကိုယ်ဟာ ရစ်ကီနောက်ကို လိုက်ပြီး စုံစမ်းခဲ့ ...ယ် ချိုသက်၊ ချိုသက်အခန်းကို ရောက်လာတဲ့ လူနှစ်ယောက်ဟာ ...ရုတ်တန်းက ဘသန်းကျော်ရဲ့ တပည့်တွေပေါ့၊ ရစ်ကီဟာ ဘသန်း ...ကျော်ကို ငွေငါးထောင်ပေးပြီး ချိုသက်ရဲ့မြေပုံကို အရယူနိုင်ခဲ့တာ ... ချိုသက်။ ဒါတွေကို လိုက်စုံစမ်းနေရလို့ ချိုသက်ဆီကို ရောက် ...လာနိုင်တာပါ"

"ရှင် ပြောတာတွေဟာ တကယ်ပဲလား ကိုဘခက် ဟင်"

"ခက်လိုက်ပါဘိ ချိုသက်ရယ်၊ ခေါင်း ဆင်နင်းပါတယ် ...ိမှ သေပလားလို့ မေးစရာ လိုသေးသလား။ အခုလဲပဲ ချိုသက် ...ို လာခေါ်တာ"

"ဘယ်ကို"

"ဓောတိကကိုလေ၊ အဲလစ်က သူနဲ့ အမြေအသည် လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆွေးနွေးဖို့ ကိုယ့်ဆီကို စာရေးခဲ့တယ်။ ချိုသက်ကိုလဲ ခေ
ပါတဲ့''

ချိုသက်ကြည် တွေဝေသွားသည်။ စဉ်းစားသွားသည်။
တော့ ပျော့ပျောင်းညင်သာစွာ ဆိုသည်။

''ဖြစ်ပါ့မလား ကိုရယ်'' တဲ့။

''ဖြစ်ပါတယ် ချိုသက်၊ အဲ...... ချိုသက်ရဲ့ညီမလေး
သေလုမျောပါးဖြစ်နေတဲ့ ချိုသက်ရဲ့ ဒက်ဒီကို သနားရင်တော့ ကို
နဲ့ဓာတီကာကို လိုက်ခဲ့ပေတော့၊ မြေပုံတွေကိုလဲ ကိုယ့်ကို ပြ
ထား။ သူတို့တစ်တွေက ယုံရတဲ့ မဟုတ်ဘူး ချိုသက်''

ဟုတ်ပါသည်။

ဒါပဲရှိတော့သည် မဟုတ်လား။

ထို့ကြောင့် ချိုသက်ကြည် သူနှင့်အတူ လိုက်ပါလာခဲ့
ဓာတီကာသို့ ရောက်ခဲ့ကြသည်။

ခွေးနက်ကြီး ဘလက်သည် ချိုသက်ကြည်ကို မြင်သည်
နှင့် အူယားဖားယား ပြေးလာ၍ ဆီးကြိုနှုတ်ဆက်နေသော်လည်း
ကိုလွန်းအိမ်နှင့် အဲလစ်တို့က ဖော်ဖော်ရွေရွေ မရှိလှ။

''ကျွန်တော် ရောက်လာပါပြီ အဲလစ်''

အဲလစ်သည် ချိုသက်ကြည်ကို ခပ်စိမ်းစိမ်းကြည့်ရင်း ခေ
လိုက်သေးသည်။

''ဪ...... ညည်းလဲ ပါလာသကိုး''

''ဒါပေါ့ မမအဲလစ်၊ ဖအေတစ်ယောက်လုံး ရှိနေသေး
ဓာတီကာကို ချိုသက် လာခွင့်ရှိပါသေးတယ်''

သူတို့တစ်တွေ ညှိနှိုင်းဆောင်၌ ထိုင်ကြသည်။

''ကျွန်တော်...... အဲလစ် ရေးလိုက်တဲ့စာကို ဒီနေ့ပဲ ရ
ပါတယ်။ ဒါကြောင့် ချိုသက်ကြည်ကို ခေါ်ပြီး လာခဲ့တာပါပဲ''



''မြေပုံတွေလဲ ပါခဲ့တယ် မဟုတ်လား''

ကိုလွန်းအိမ်က ဝင်မေးသည်။

မောင်မောင်ဘခက်က ခေါင်းညိတ်လိုက်၏။

''ဟဲ..... စကားကို ပြတ်ပြတ်ပဲပြောတော့မယ် မောင်မောင်
ဘခက်၊ ငါ့မြေပုံနဲ့ ရစ်ကီရဲ့မြေပုံဟာ အခု ငါ့လက်ထဲမှာ ရှိနေတယ်။
သိမ့်သိမ့်နဲ့ ချိုသက်ကြည်ရဲ့မြေပုံဟာ မင်းလက်ထဲမှာ ရှိနေတယ်
အခု လိုနေတာက ချိုသက်ရီရဲ့ မြေပုံပဲ။ ချိုသက်ရီရဲ့မြေပုံကိုရရင်
အားလုံးစုံပြီ။ လျှို့ဝှက်တဲ့နေရာမှာ မြှုပ်ထားတဲ့ ရတနာတွေကို ငါ
တို့တစ်တွေ ရှာနိုင်ပြီ''

ကိုလွန်းအိမ်၏ စကားအဆုံးတွင် ချိုသက်ကြည်၏ မျက်
နှာမှာ အပြောင်းအလဲဖြစ်သွားပြီး မောင်မောင်ဘခက်ကို နားမလည်
နိုင်သလို ကြည့်နေသည်။ ယခုတော့ အလိမ်ပေါ်တော့မည်။

''သိမ့်သိမ့် မြေပုံက ဘယ်လိုလုပ်ပြီး ကိုဘခက်ဆီကို
ရောက်နေတာလဲ။ ရှင် ပြောတော့ ဒက်ဒီက ရှင့်ကို ပေးသွားတာ
ဆို''

''ဒါတွေ နောက်တော့မှ ရှင်းပြပါရစေလား ချိုသက်၊ ကဲ
...... ဆက်ပြောပါဦး ကိုလွန်းအိမ်''

''တကယ်ဆိုတော့ မင်းဟာ ကြားလူပဲ ဘခက်၊ ဘာမှ
အကျိုးခံစားခွင့် မရှိဘူး။ အေး...... ဒါပေမယ့် မင်းက သိမ့်သိမ့်ရဲ့
မြေပုံကို ကိုင်ထားနိုင်တော့ သိမ့်သိမ့်ရဲ့ ကိုယ်စားလှယ်ပဲ ထားလိုက်
တော့။ ကဲ...... တို့ရဲ့သဘောကတော့ ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်
လိုက်ပြီး မြေပုံတွေ အားလုံးဆက်ပြီး ရတနာတွေကို ရှာကြမယ်။
ရရင် အားလုံး အညီအမျှခွဲဝေယူကြမယ်။ ဘယ့်နှယ်လဲ ချိုသက်
ကြည် သဘောတူရဲ့လား''

''ချိုသက်က အစကတည်းက ဒီလိုလုပ်ချင်နေတာပါ အစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုလွန်းအိမ်၊ မမအဲလစ်က လောဘကြီးနေလို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရတာ”

“ညည်း ငါ့ကို ဒီလိုမပြောစမ်းနဲ့ ချိုသက်ကြည်၊ ငါတာ ညည်းတို့ ယေ်ယက်ကတည်းက ထိန်းကျောင်းလာရတဲ့သူပါ။ ဒီရတနာ တွေကို ငါလဲ ဆိုင်သင့်သလောက်တော့ ဆိုင်သေးတာပဲ”

“ဘာပဲဖြစ်ဖြစ် မိထွေးဟာ မိထွေးပါပဲ မမအဲလစ်၊ မမ အဲလစ်သာ စိတ်ကောင်းရှိမယ်ဆိုရင် ဒက်ဒီကို ဒီလို ဘယ်ထားလိမ့် မလဲ။ ပြီးတော့ ညီမလေးကို အခန်းထဲမှာ ပိတ်လှောင်ထားတာကရော ဘာသဘောလဲ”

ချိုသက်ကြည်က ဒေါနှင့်မောနှင့် ပြောသည်။

အဲလစ်၏ မျက်နှာမှာ နီရဲသွားပြီး ကုလားထိုင်ပေါ်မှ ဝုန်းခနဲ ထလိုက်သည်။ ချိုသက်ကြည်ကလည်း အဲလစ်ကို ရဲရဲတောက် ရင်ဆိုင်လိုက်သည်။

“တော်ကြစမ်း...... နှစ်ယောက်စလုံး တော်ကြစမ်း။ အင် ပြယ်မရှိတာတွေ လျှောက်ပြောမနေကြနဲ့”

ကိုလွန်းအိမ်က ခပ်ထန်ထန် တားမြစ်လိုက်သည်။ မောင်မောင်ဘခက်ကတော့ ပွဲကြည့်ပရိသတ်ပေါ့။

“မတော်နိုင်ဘူး အစ်ကိုလွန်းအိမ်၊ အစ်ကိုလွန်းအိမ်လဲ မမ အဲလစ်နဲ့ တစ်စိတ်တစ်ဝမ်းတည်းပဲ မဟုတ်လား။ အခု ဒက်ဒီနဲ့ ညီမလေးကို ချိုသက် တွေ့ချင်တယ်”

ကိုလွန်းအိမ်သည် အနားပေါ် ခဲကျသွားဟန် တူ၏။ မျက်နှာကြီးတစ်ခုလုံး ညိုပုပ်သွားသည်။ ရှုံ့မဲ့သွားသည်။ ချိုသက်ကြည်ကို ထရိုက်တော့မည့်ပုံသဏ္ဌာန်မျိုး ဖြစ်လာသည်။ မောင်မောင်ဘခက် ဝင်ရတော့၏။

“ကဲ...... ခင်ဗျားတို့ ကိုယ်ရေးကိုယ်တာ ဆွေးနွေးဖို့ဆို



င် ကျွန်တော့်ကို ပြန်ခွင့်ပြုကြပါဦး”

ဒီတော့မှ အားလုံး ငြိမ်သွားသည်။

“ကောင်းပြီလေ...... မြေပုံကိစ္စကို သက်ပြီး ဆွေးနွေးကြ တာပေါ့......”

“ဟုတ်တယ်...... ဒါ အရေးကြီးတယ်”

ကိုလွန်းအိမ်၏ အဆိုကို အဲလစ်က ထောက်ခံသည်။ သူ နှင့်လေးယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့် ပြီး ခေတ္တငြိမ်သွားသည်။

“ညီမလေး ချိုသက်ရီကို ခေါ်လိုက်ပါ...... မမအဲလစ်”

“သူ...... သူ...... အိပ်နေတယ်”

“အိပ်နေတယ်ဆိုရင်လဲ နှိုးလိုက်ပေါ့၊ သူပါမှဖြစ်မယ့်ကိစ္စ မမအဲလစ်”

အဲလစ် ထသွားသည်။ မကြာမီ ဒယီးဒယိုင်ဖြင့် နွမ်းဖျော့ သော ချိုသက်ရီကို အဲလစ်က တွဲခေါ်လာပါသည်။

“ချိုသက်...... ဇလင်အောက်တယ်ကွယ်...... ဘာလုပ် ဖို့ ချိုသက်ကို ခေါ်တာလဲ...... လို့”

အစ်မဖြစ်သူကို မြင်လိုက်သည်နှင့် ချိုသက်ရီ မျက်ရည်တွေ လာတော့သည်။ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ချိုသက်ကြည်က ချော့သည်။ အတန်ကြာတော့မှ ချိုသက်ရီ ငိုတိတ်သွားပါသည်။

“ကဲ...... ညီမလေး ငိုနေလဲ ဘာမှထူးမှာ မဟုတ်တော့ ညီမလေးအကြောင်းကို မမ အားလုံးကြားပြီးပြီ၊ ရတနာတွေ ရှာတွေ့လာတာနဲ့ ညီမလေးကို မမခေါ်သွားပါမယ်”

“တကယ်ပြောတာလား မမရယ်...... ညီမလေးကိုတော့ ခေါ်သွားပါနော်တော့နော်”

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်…… မမ ညီမလေးကို ခေါ်သွားမှာပါ၊ ကဲ…… ညီမလေးရဲ့မြေပုံကို မမကို ပေးပေတော့"

ချိုသက်ရှိ စီးထားသော ဖိနပ်အဖြူကလေး၏ အောက်ခံရာဘာဆိုးကို ခွဲခွာလိုက်သည်။ မြေပုံကလေးတစ်ချပ်ထွက်လာ၏။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေသည်။ တစ်ခန်းလုံး ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ သို့တစေ လူသားအားလုံး၏ အရွတ်သွေးကြောများက လှုပ်ရှားနေကြသည်။ လှုပ်ခတ်နေကြသည်။

မောင်မောင်ဘခက်သည် သိမ့်သိမ့်နှင့် ချိုသက်ကြည်၏ မြေပုံစက္ကူနှစ်ပိုင်းကို ဆက်၍ စားပွဲပေါ်တွင် ချလိုက်၏။ ဒုတိယ…… ချိုသက်ရှိ၏ မြေပုံစက္ကူကလေး ရောက်လာသည်။ မြေပုံစက္ကူသုံးပိုင်းသည် တိတိကျကျ ဆက်စပ်နေ၏။

ကိုလွန်းအိမ်သည် အဲလစ်မျက်နှာကို အကဲခတ်သလို ကြည့်သည်။ အဲလစ်က ခေါင်းကို အသာညိတ်လိုက်၏။

ကိုလွန်းအိမ်သည် သူ့ထံတွင်ရှိနေသော မြေပုံနှစ်ပိုင်းကို စားပွဲပေါ်သို့ တုန်ယင်စွာ ဖြန့်ခင်းလိုက်သည်။ မြေပုံစက္ကူငါးပိုင်းကို တစ်ခုနှင့်တစ်ခု ကွာဟခြင်းမရှိဘဲ ဆက်စပ်သွား၏။ သူတို့ငါးဦး၏ မျက်လုံးတွေက အရောင်တလက်လက် တောက်ပလာသည်။ ပေါ်လွင်လာသော မြေပုံစက္ကူကိုလည်း အငမ်းမရ ကြည့်လိုက်ကြသည်။

"ဟာ"

"ဟင်"

"အို……"

အာမေဋိတ်သံအချို့ ထွက်အန်လာသည်။

မြေပုံစက္ကူပေါ်တွင်တော့ မြားစိုက်နေသော အသည်းနှလုံးပုံကြီးတစ်ခု ဖြစ်ပေါ်လာသည်။ မြားစိုက်နေသော နေရာတွင် ကြက်



ခြေတ် အမှတ်အသားတစ်ခု ပြုလုပ်ထားပြီး 'ဤနေရာတွင် ရတနာကို မြှုပ်နှံထားသည်'ဟု စာတန်းထိုးထားသည်။

သူတို့တစ်တွေ၏ မျက်နှာများတွင် အံ့သြခြင်း မယုံကြည်ခြင်းတို့သည် အထင်းသား ပေါ်လွင်နေကြ၏။ ပတ်ဝန်းကျင်ကို တခဏ မေ့လျော့သွားကြသည်။ ခြံထဲသို့ ကားတစ်စင်း ဝင်လာသည်။ သူတို့ မသိလိုက်ကြ။

"ဒါက ဘာလုပ်နေကြတာလဲ"

ရစ်ကီပါပဲ။

ရစ်ကီသည် အပေါက်ဝတွင်ရပ်ရင်း သူတို့ကို မေးလိုက်၏။ ခန္ဓာကိုယ်က အနည်းငယ် ယိုင်သွားသည်။ ရစ်ကီ မူးလာဟန်တူသည်။

"မြေပုံတွေအားလုံး ဆက်မိပြီ ရစ်ကီ၊ ငါတို့ ရတနာတွေ ရှာရုံပဲ ကျန်တော့တယ်"

ကိုလွန်းအိမ်က ဝမ်းသာအားရ ဆိုလိုက်၏။ ရစ်ကီသည် ခြေလှမ်းကျဲကြီးများဖြင့် သူတို့ရှိရာသို့ ရောက်ရှိလာ၏။

"ရတနာတွေ…… ရတနာတွေ…… ဟုတ်လား"

"ဟုတ်တာပေါ့ ရစ်ကီ၊ သိန်းပေါင်းမြောက်မြားစွာ တန်ဖိုးရှိ ရတနာတွေပေါ့"

ရစ်ကီ၏ မျက်လုံးတွေမှာ ဝင်းပြောင်လာသည်။

ထိုအခိုက်မှာပင် လှေကားကြီးမှ တဒုန်းဒုန်းဆင်းကျလာသံကြီးကို ကြားလိုက်ရ၏။

ဦးနော……

ဟုတ်ပါသည်။ ဦးနောသည် သဲများ၏အသံကို ကြားသဖြင့် အခန်းထဲမှ အားခဲပြီး ထွက်လာခဲ့သည်။ အောက်ဆုံးအဆင်းတွင် လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ကျလာရင်း ကြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ငြိမ်သက်သွားေ၏။

"ဒက်ဒီ......."

ချိုသက်ရီက တအားအော်လိုက်ပြီး လှေကားရင်းသို့ ပြေး သွားသည်။ ဦးနောကို ပွေ့သည်။ သူတို့တစ်တွေသည် ဦးနော့ရှေ့ သို့ ရောက်ရှိသွားကြ၏။ မောင်မောင်ဘခက်က ဦးနော၏ လက် ကောက်ဝတ်ကို ကိုင်၍ သွေးခုန်နှုန်းကို စမ်းကြည့်သည်။ နှလုံးသား နေရာတွင် လက်ထောက်ကြည့်သည်။ ပြီး....... အေးအေးဆေးဆေး ပြောလိုက်မိပါ၏။

"အသက် မရှိရှာတော့ပါဘူး ချိုသက်ကြည်......."

ထိုအခု စားပွဲပေါ်တွင် တင်ထားသော မြေပုံစက္ကူပါးပိုင်း နှင့် ရစ်ကီမှာ ပျောက်ခြင်းမလှ ပျောက်သွားပါတော့သည်။

❀ ❀ ❀ ❀ ❀



အခန်း (၁၅)

"ရစ်ကီ မြေပုံတွေကိုယူပြီး ထွက်ပြေးသွားပြီ အဲလစ်၊ ဒီကောင့်နောက်ကို ချက်ချင်းလိုက်မှ ဖြစ်လိမ့်မယ်"

ကိုလွှမ်းအိမ်၏ အသံက မာနေ၏။

"အင်း....... ရစ်ကီ....... ရစ်ကီ၊ အတော်မိုက်တဲ့သားပဲ။ မအေတစ်ယောက်လုံးကိုတောင် အာခံဝံ့တဲ့ သတ္တိတွေ မွေးထားပြီး ပြီကိုး။ သူ့ကို ဘယ်သူကများ မြှောက်ပေးလိုက်ပါလိမ့်"

"သူ့ဆရာကြီးပဲ ဖြစ်မှာပေါ့ အဲလစ်၊ ဒီမြေပုံသာ သူတို့ လက်ထဲရောက်သွားရင် ရတနာတွေကို တို့ထက်အရင် ရှာလို့ တွေ့ သွားကြလိမ့်မယ်"

"အဲဒီ ရတနာတွေ မြှုပ်ထားတဲ့ နေရာကို ချိုသက်တို့ ဦး အောင် သွားတော်ကြမယ်။ အဲဒီနေရာကို ချိုသက် စဉ်းစားလို့ ရပြီ အစ်ကိုလွှမ်းအိမ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုသက်ကြည်က ပြောသည်။

ဟုတ်ပါသည်။ ချိုသက်ကြည် ပြောသကဲ့သို့ပင် ရတနာတွေ မြှုပ်နှံထားသော နေရာကို သူတို့အားလုံး စဉ်းစားမိသွားကြပါပြီ။

ထိုနေရာကို ကိုလွန်းအိမ် သိသည်။

အဲလစ်၊ ချိုသက်ကြည်၊ ချိုသက်ရဲ့ ရစ်ကီတို့တစ်တွေလည်း သိကြသည်။ မောင်မောင်ဘခက်တစ်ယောက်သာ ဘယ်နေရာမှန်း မသိ ဖြစ်နေသည်။

“ကဲ....... ဒီလိုဆိုရင် ရတနာတွေကို ရစ်ကီထက် ဦးအောင် ငါသွားမော်ပြီး ဒီကိုယူခဲ့မယ်။ ဒီကျတော့မှ အညီအမျှ ခွဲယူကြတာပေါ့”

“ဟင့်အင်း....... အစ်ကိုလွန်းအိမ် ချိုသက် မယုံဘူး။ ချိုသက်လဲ လိုက်ခဲ့မယ်”

ချိုသက်ကြည်၏ စကားကို အဲလစ်က လိုလားဟန် မပြ။

“အဲလစ်လဲ နေခဲ့လို့ ဘယ်ဖြစ်မလဲ။ တစ်ခါတည်း လိုက်ခဲ့မှာပေါ့”

မောင်မောင်ဘခက်သည် သူတို့တစ်တွေကိုကြည့်ရင်း စိတ်ပျက်သွားသည်။ ဖအေတစ်ယောက်လုံး လောလောလတ်လတ် သေဆုံးသွားသည်ကို ဂရုမစိုက်ဘဲ လောဘဇောတိုက်နေသော သားသမီးများ။

လင်သားတစ်ယောက်လုံး မျက်စိအောက်တွင် သေဆုံးသွားပါလျက်နှင့် ဥပက္ခာပြုရက်နိုင်သော ဇနီးမယား။

ဘယ်လိုဟာတွေလဲကွယ်။

မေတ္တာတရား ခေါင်းပါးလှချည်ကလား။

ချိုသက်ရဲ့တစ်ယောက်သာ ဖခင်၏ အလောင်းကို ပွေ့ဖက်



ရင်း ဘရုံရုံ ငိုနေရှာသည်။ သူတို့တစ်တွေကတော့ လောဘဇော တိုက်နေကြပြီ။

စည်းစိမ်ဥစ္စာနှင့် မေတ္တာ စေတနာကို ချိန်ခွင်နှင့် စက်သော်မှ မေတ္တာက အလေးမသာ။ သားသမီးနှင့် မိဘ၊ ညီအစ်ကို မောင်နှမ၊ အမိနှင့်သား၊ လင်သားနှင့် မယားသော်မှ ‘လောဘရမ္မက်’ သျှမ်းလျှမ်းတက်၍ ‘မြင်’လျက်နှင့် ‘ကန်း’ကုန်ကြပါပြီကော။

အရှင်မောဂ္ဂလာန် နစဉ်ဘဝက မျက်မမြင် မိခင်အိုအား သံပရာသီးကို ကြိုးကြာ၍ လုပ်၍ပေးခဲ့၏။ ခိုးသားငါးရာယောင်ဆောင် ဘာ မိခင်အိုအား ရိုက်သတ်ခဲ့သည်။

“သားရေ...... ပြေး...... ပြေး၊ အမေ့ကိုထားခဲ့ သားရဲ့ မင်းသာ လွတ်အောင်ပြေးပေတော့ လူကလေးရဲ့”လို့ မိခင်အို မျက်မမြင်မကြီးက သားလူမိုက်အပေါ် အနန္တမေတ္တာကို ပြသရင်း သားသတ်ချက်မြင့် အသက်ထွက်ရရှာ၏။

ယခုလည်းပဲ သူတို့တစ်တွေ ဥစ္စာရူးကုန်ကြပြီ။ မျက်စေ့များ ကန်းကုန်ကြပြီ။

“သွားကြ......သွားကြ၊ အားလုံး သွားကြပေတော့၊ အဲ တစ်ခုတော့ မှာလိုက်ပါရစေ၊ အဲဒီ ရတနာတွေကိုတွေ့ခဲ့လို့ရှိရင် မောင်မောင်ဘခက်နဲ့ သိမ့်သိမ့်ကိုတော့ ထည့်မစဉ်းစားကြပါနဲ့၊ ခင်ဗျားတို့တစ်တွေပဲ ဝေယူကြပါတော့၊ ဘယ့်နှယ်ဗျာ.....ဖအေတစ်ယောက်လုံး မျက်စိအောက်မှာ သေနေတာကို မြင်ရက်နဲ့ ခင်ဗျားတို့မှိုလို့ ဝစ်ပစ်ခါခါ လုပ်ရက်ပလေ’

မောင်မောင်ဘခက် ရင်ပွင့်သွားသည်။

ရင်နာနာနှင့်လည်း ပက်ပက်စက်စက် ပြောလိုက်သည်။

“ဒီလို မဟုတ်ပါဘူး ကိုဘခက်ရယ်၊ သေပြီးတော့ မထူးတော့ဘူး မဟုတ်လား၊ ဒါကြောင့် ချိုသက်က ပြောရတာပါ”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အဲဒါကြောင့် ပြောပါပကောလား။ သွားကြပါလို့ က်စွမ်ရှိဘူး ဦးနော့ရဲ့ အလောင်းကို ကျွပ် ကြည့်ရှုပြီးစီစဉ်ထားလိုက် ပါ့မယ်"

"ချိုသက်တော့ မလိုက်ဘူး။ ဘယ်ကိုမှမလိုက်ဘူး။ ရတနာ တွေကိုလဲ မလိုချင်ဘူး"

ချိုသက်ရီက ငိုရင်းရှိုက်ရင်းဆိုပြီး

"ကဲ……မလိုက်ချင်လဲ နေခဲ့ကြ။ ငါကတော့ ရစ်ကီထက် ဦးအောင်သွားရမှာပဲ"

ကိုလွန်းအိမ်သည် ပြောပြောဆိုဆို ထွက်သွား၏။ သူ့နောက် မှ အဲလစ်၊ အဲလစ်နောက်မှ ချိုသက်ကြည်က ပြေးလိုက်သွားသည်။ မကြာခင် မြို့ထဲမှ ကားတစ်စင်း အပြင်းမောင်းနှင်သံကို ကြားရသည်။

"သူတို့ ဘယ်ကိုသွားကြတာလဲ ချိုသက်ရီ"

"ပဲခူးကိုပေါ့ အစ်ကို၊ ပဲခူးမှာ အစ်ကိုလွန်းအိမ်ရဲ့အမေ ရဝေခင်ခင်ကြီး နေသွားတဲ့ တိုက်ကြီးတစ်လုံးရှိတယ်၊ အဲဒီ တိုက်ကြီး ရှေ့မှာ အသည်းကို မြှားစိုက်နေတဲ့ ပုံသဏ္ဌာန် လုပ်ထားတဲ့ အုတ်ရေ ကန်ကလေး တစ်ခုရှိတယ် အစ်ကို၊ ဒက်ဒီဟာ ရတနာတွေကို အဲဒီ အုတ်ရေကန်ကလေးထဲမှာ မြှုပ်ထားခဲ့တာ ဖြစ်မှာပေါ့"

"ချိုသက်ရီကတော့ အဲဒီကို ဘာလို့ လိုက်မသွားတာလဲ"

"ချိုသက် ဒီပစ္စည်းတွေကို မမက်မောပါဘူး အစ်ကိုရယ်၊ ဒက်ဒီကို ပစ်ပြီး ချိုသက် ဘယ်ကိုမှ မသွားရက်ပါဘူး"

မောင်မောင်ဘခတ်သည် သူမကို သနားသွားမိသည်။

"အစ်ကို ဘာအကူအညီ ပေးရမလဲ ချိုသက်၊ ချိုသက်တို့ မေမေ မသေဘဲတာကရော ဘယ်မှာလဲ၊ အစ်ကို သွားခေါ်ပေးမယ် လေ"

"မာမီက စက်ကိုင်းချောင်မှာ ယာဂီဝတ်ရင်း တရားအားထုတ်



နေတယ် အစ်ကို၊ ခြောက်လလောက်ရှိသွားပြီ"

"အင်း……ချိုသက်တို့ ဘဝက တယ်ဆိုးပါလား။ ကဲလေ လိုအပ်တဲ့ အကူအညီ မှန်သမျှ အစ်ကို တတ်နိုင်သလောက် ကူညီ ပါ့မယ်၊ ချိုသက် ဘာမှ အားမငယ်နဲ့၊ အခုတော့ အစ်ကို ခဏပြန် လိုက်ပါဦးမယ်၊ တစ်နာရီ အတောအတွင်း အစ်ကို ပြန်လာခဲ့ပါမယ်"

မောင်မောင်ဘခက်သည် ဦးနော၏ အလောင်းကို ခုတင်ပေါ် တွင် ပြင်ဆင်ပေးခဲ့ပြီးနောက် ဇောတိကမှ ထွက်ခွာခဲ့သည်။

ယောက်ကြန်ရှိ 'စိမ်းနိမ့်ငြိမ်' အုန်းခြံသို့ ဆိုင်ကယ်ကို အပြင်း စီးခဲ့သည်။ လေးဆယ့်ငါးမိနစ်အတွင်း သူ ရောက်ရှိသွားပါသည်။ ဘ,စိုးအောင်၊ စိန်စိုးနှင့် သိမ့်သိမ့်တို့သည် မောင်မောင်၏ ပျာယီး ပျာယာ အမူအယာကိုကြည့်ရင်း တစ်ခုခု ထူးခြားလာပြီဟု အတတ် သိလိုက်ကြပါသည်။

"ဘာဖြစ်လာတာလဲ အမောင်၊ နင့်ကြည့်ရတာ တစ်မျိုး ပဲ……"

"ဖြစ်တာတွေကတော့ အများကြီးပဲ စိန်စိုးရေ၊ ကဲ…… သိမ့်သိမ့်လဲ သိမ့်သိမ့်ရဲ့အတိတ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သိ သင့်ပြီလို့ အစ်ကိုမောင် ထင်တယ်၊ လာ……အစ်ကိုမောင် အားလုံး ပြောပြမယ်"

သူတို့တစ်တွေ တိုက်ပုကလေးထဲသို့ ဝင်ခဲ့ကြသည်။ စား ပွဲဝိုင်းတွင် ထိုင်မိကြသည်။

အတိတ်။

သိမ့်သိမ့်ရဲ့ အတိတ်တဲ့။

သိမ့်သိမ့်၏ အတိတ်က ဘာတွေဖြစ်ခဲ့လေသနည်း။

သိမ့်သိမ့်ရင်တွင် အခုန်မြန်လာသည်။ အစ်ကိုမောင် ပြော ညှဲ့စကားတွေကိုလည်း ရင်တမမဖြင့် နားစွင့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာရဲ့အစကတော့ 'ဇောတိက'ဆိုတဲ့ အိမ်ကြီးမှာ နေတဲ့ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးကာဝ်ယောက်ဟာ"

မောင်မောင်ဘခက်သည် သည်ကဲ့သို့နှယ် စကားစသည်။ ပြီးတော့ ဇောတိက လူတွေအကြောင်း၊ မြေပုံစက္ကူလေးများ အကြောင်း၊ သိမ့်သိမ့်အကြောင်း။

သိမ့်သိမ့်သည် လုံးဝဥဿုံ ဖမ့်ပျောက်နေပြီဖြစ်သော အတိတ်သို့ ရောက်ရှိသွား၏။ မြေပုံကလေး တစ်ပိုင်းနှင့် သေပြေး ရှင်ပြေး ထွက်ပြေးလာချင်း 'စိန်းနိုင်ငြိမ်'သို့ ရောက်ရှိလာခဲ့ရပုံများကို သိလာရ၏။ ချိုသက်ကြည်၊ ချိုသက်စီ၊ ရစ်ကီ၊ အဲလစ်နှင့် ကိုလွန်း အိမ်တို့၏ စရိုက်များကို ကြားလာရ၏။

သို့တစေ.....

အိပ်မက်ဆိုးကြီး မက်ခဲ့နေရသကဲ့သို့ ဖြစ်နေသည်။

ဘာကိုမှ ပီပီပြင်ပြင် စဉ်းစားလို့မရ။

အတိတ်၏ သင်းမသည် အကွေ့အကောက်၊ အချိုးအကွေ့ တွေ များပြားလှချေကလား။

❀ ❀ ❀ ❀ ❀



အခန်း (၁၈)

သို့တစေ ပဲခူးလမ်းသည် ဖြောင့်တန်းနေ၏။

ထောက်ကြန့်မှ ရောက်သည်မှစ၍ မျဉ်းဖြောင့်တစ်ကြောင်း ချထားသလို ဖြောင့်တန်းနေသည်။ ကိုလွန်းအိမ်သည် မာစီဒီးကား ကို ဘီးကြွမတတ် မောင်းနှင်နေသည်။ လက်က စတီယာရင်ကို ထိန်းကိုင်နေသော်လည်း စိတ်က သူ့မိခင် ရဝေခင်ခင်ကြီး နေထိုင် သွားခဲ့သော တိုက်ကြီးရှေ့ကို ရောက်နေသည်။ တိုက်ကြီး၏ရှေ့တွင် အသည်းကို မြားစိုက်နေသည့် ပုံသဏ္ဌာန်ပြုလုပ်ထားသော အုတ် ရောက်ကလေးတစ်ခုရှိနေသည် မဟုတ်ပါလား။

ဂျစ်ကားတစ်စင်းသည် ကိုလွန်းအိမ်၏ ကားနောက်မှ အပြင်း မောင်းလိုက်နေ၏။ တစ်စင်းနှင့်တစ်စင်း မမြင်ရ ငါးမိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကျန်နေသည်။

ဂျစ်ကားပေါ်တွင်တော့ ရစ်ကီနှင့် သူ့ဆရာကြီး ဘသန်းကျော်တို့ပင်ဖြစ်ပါသည်။ ဘသန်းကျော်သည် ရစ်ကီထံမှတဆင့် ရတနာမြေပုံအကြောင်းကို တစ်စွန်းတစ်စ ကြားသိခဲ့ရသည်။ ရစ်ကီက သူ့ကို ငွေငါးထောင်ပေး၍ ချိုသက်ကြည်ထံမှ ရတနာမြေပုံကလေးတစ်ခုကို အယူခိုင်းခဲ့သည်။

သည်ကတည်းက ရတနာမြေပုံကို ဘသန်းကျော် စိတ်ဝင်စားခဲ့မိခြင်းပင်။ တစ်နေ့တော့ ရစ်ကီကို မူးအောင်တိုက်၍ အစ်အောက်မေးကြည့်သည်။ ရစ်ကီသည် မူးမူးရူးရူးနှင့် ရတနာမြေပုံအကြောင်းကို တစ်လုံးမကျန် ပြောပြမိခဲ့၏။

ဘသန်းကျော်အတွက် အကွက်ဝင်သွားသည်။

တစ်လုံးကို ငါးသိန်းခန့်တန်သော ပတ္တမြားကြီး ကိုးလုံးဆိုပါကလား။

သူ့အတွက် မဟာလာဘ်ကြီးတစ်ပါးပေပေ့။ အဲဒီတော့ ရစ်ကီကို တစ်ဖက်လှည့်ဖြင့် မြှောက်ပေးခဲ့သည်။

"ဒီမှာ ရစ်ကီ၊ လေးဆယ့်ငါးသိန်းဆိုတဲ့ ငွေတွေဟာ မင်းတစ်သက် သုံးလို့ဖြုန်းလို့ မကုန်နိုင်တဲ့ ငွေတွေကွ။ ဒီငွေတွေကိုသာ မင်းတစ်ယောက်တည်း ရလိုက်ရင် လောကကြီးမှာ မင်း ဘာလုပ်ချင်သလဲ။ သောက်မလား။ စားမလား။ လှပေ့ဆိုတဲ့ မိန်းကလေးတွေ ဆိုတာတော့ ခြေထောက်နဲ့တောင် ကန်ထုတ်ပစ်ရဦးမယ်။ အဲ ....... မင်းအမေကိုလဲ ရွှေဘုံပေါ်တင်ထားလိုက်ဦး ရသေးတယ်၊ အဲ ဒီတော့ မြေပုံကိုသာ ရအောင်ယူ၊ မင်းလိုတဲ့ အကူအညီမှန်သမျှ ငါပေးမယ်။ အဲ....... မင်းအနေနဲ့ ကျေးဇူးသိတတ်မယ်ဆိုရင် ငါ့အတွက် နည်းနည်းပါးပါးကြည့်ပြီး စွန့်ကျဲပေါ့ကွာ၊ ဘယ့်နှယ်လဲ"

ရစ်ကီသည် ဘသန်းကျော်၏စကားကို အလေးအနက်ထား



ပြီး စဉ်းစားခဲ့သည်။ ငွေကို လက်ဖြန့်ခံ၍ တောင်းသုံးနေရသည့် ဘဝမှ မီလျံနာပေါက်စကလေးအဖြစ်ကို တွေး၍ကြည့်မိသည်။ ဆီနဲ့ရေ မိုးနဲ့မြေလို ကွာခြားလိုက်ပါဘိ။

"သိပ်တော့ မလွယ်လှဘူး ဆရာကြီး။ မြေပုံတွေက မောင်မတွေအားလုံး လက်ထဲမှာ ဖြန့်နေတယ်။ အဲ....... ဒါပေမယ့်လို့ အခွင့်အရေးရတာနဲ့ တစ်ပြိုင်နက် ကျွန်တော် ဆရာကြီးကို အကြောင်းကြားပါ့မယ်"

ရစ်ကီက ယင်းကဲ့သို့ အဖြေပေးခဲ့၏။

သည်ကနေ့တော့ အခွင့်အရေးပေါ်ခဲ့ပြီ။ ရစ်ကီသည် ပေါ်လာသည့် အခွင့်အရေးကို လက်မနှေးဘဲ အသုံးချခဲ့ပါ၏။ ရတနာမြေပုံငါးပိုင်းကို လစ်ပြေးခဲ့ပြီး သူ့ဆရာကြီး ဘသန်းကျော်ထံ ရောက်ရှိသွားသည်။

ယခုတော့ ရတနာတွေ မြှုပ်နှံထားသော နေရာသို့ ဦးတည်နေလို့ သွားနေပါပြီ။ ရစ်ကီ့စိတ်ထဲတွင် အူမြူးနေသလို၊ ဘသန်းကျော်ကလည်း မနေသာခွေ့နေပါ၏။

သို့ရာတွင်.......

ရဝေခင်ခင်ကြီး၏ တိုက်ကြီးရှေ့သို့ ရောက်သွားသည်နှင့် ရစ်ကီနှင့် ဘသန်းကျော်မှာ မမျှော်လင့်သော လူတစ်စုကို တွေ့လိုက်ရပါသည်။

အဲလစ်၊ ကိုလွန်းအိမ်နှင့် ချိုသက်ကြည်တို့သည် အသည်းအုတ်ရေကန်ကလေးကို သဲသဲမဲမဲ ရွှေးသံ့ရွှံ့ဖြင့် တူးဖော်နေကြသည်။ လောဘဇော တိုက်နေကြသဖြင့် ရစ်ကီတို့ကိုပင် ဂရုမစိုက်နိုင်အားကြ။

ဘသန်းကျော်သည် ကားကို တိုက်ကြီးကိုကျော်ပြီး ရပ်လိုက်သည်။ သူတို့နှစ်ယောက်စလုံး ကားပေါ်မှ ကမန်းကတန်း ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြ၏။

"ဘယ်လိုလုပ်မလဲ ဆရာကြီး။ သူတို့ ကျွန်တော်တို့ထ
အရင်ရောက်နေကြပြီ"

"ကိစ္စမရှိဘူး ရစ်ကီ၊ တို့ တစ်နေရာကနေ အခြေအ
ကို စောင့်ကြည့်ကြတာပေါ့"

ဘသန်းကျော်က ပခုံးစလွယ်အိတ်ထဲမှ ပစ္စတိုကို မသိမသ
စမ်းလိုက်ရင်းဆိုသည်။ ထို့နောက် ပြုမာနေသော ခြုံစည်းရိုးကို ဖ
ဝင်ခဲ့ပြီး စပယ်ရုံကြီးတစ်ခုကို အကာအကွယ်ယူရင်း စောင့်ကြ
နေကြသည်။

တစ်နာရီခန့် ကြာသည်အထိ အကြောင်းမထူးလှသေး။

နေရောင်သည် မှေးမှိန်လာ၏။ နေပျောက်တော့မည်။

သို့ရာတွင် ပျောက်နေသော ပတ္တမြားကြီးကိုးလုံး၏ အရိ
အရောင်ကိုမှ မတွေ့ရသေး။ အုတ်ရေကန်ကလေးကား အစိတ်စိ
အမြွာမြွာ ပြိုကွဲသွားပါပြီ။ ချိုသက်ကြည်၊ အဲလစ်နှင့် ကိုလွန်းအိ
တို့တစ်တွေလည်း အမောဆို့နေကြပါပြီ။

"တောက်"

ကိုလွန်းအိမ်သည် လက်ထဲမှ ပေါက်ချွန်းကို ပစ်ချလိုက်
ပြီး တောက်ခေါက်လိုက်၏။

"ဒီလောက်မှ ရှာလို့မတွေ့ရင် ဒီနေရာ မဟုတ်တော့ဘူ
အဲလစ်"

"မြေပုံထဲမှာ အသည်းပုံရေးထားတာပဲ၊ ဒီနေရာကလွဲလို့
တခြား ဘယ်မှာသွားရှာမလဲ"

"ဟုတ်တယ် အစ်ကိုလွန်းအိမ်၊ မြေပုံထဲမှာ မြားစိုက်နေ
တဲ့ အသည်းပုံကို အသေအချာ ဆွဲထားတာပဲဥစ္စာ"

ရစ်ကီသည် စပယ်ရုံဘေးမှ ထလာ၏။ ဘသန်းကျော်က



န်းကွယ်နေရစ်သည်။

"ဟင်...... ခွေးကောင် နင် ဒီအထိ လိုက်လာသလား"

အဲလစ်က သားတော်မောင်ကို မရဲလာရှိုးစွာ နှုတ်ဆက်
ိုက်သည်။

"လိုက်လာတာပေါ့ မာမီ၊ ဒီရတနာတွေဟာ ရစ်ကီနဲ့လဲ
က်ဆိုင်နေတာပဲ မဟုတ်လား"

"နေစမ်းပါဦး။ မင်းက မြေပုံတွေကို ဘာသဘောနဲ့ လစ်
ပြသွားတာလဲ ရစ်ကီ၊ ဘာလဲ မင်းတစ်ယောက်တည်း အပိုင်စီး
င်လို့လား။ ပြောစမ်း"

ကိုလွန်းအိမ် ဒေါသဖြစ်နေ၏။

ရတနာတွေကို ရှာလို့မတွေ့ရသည့်အထဲ ရစ်ကီ့ကို မြင်
ာ့ ယမ်းပုံမီးကျ ဖြစ်သွားသည်။ ရစ်ကီ၏ ရင်ဘတ်မှ အင်္ကျီစ
ို စုကိုင်လှုပ်လိုက်သည်။

"ကျွန်...... ကျွန်တော့်ကို ခွင့်လွှတ်ပါ အစ်ကိုကြီး။ ကျွန်
တ် ရတနာတွေကို တွေ့ချင်တဲ့ဇောနဲ့ မြေပုံကို ယူခဲ့မိတာပါ၊
ာ နာတွေကို တွေ့တာနဲ့ အစ်ကိုကြီးနဲ့ မာမီ့ကို အပ်မလို့ပါပဲ"

ရစ်ကီသည် မခုတ်တတ်သည့် ကြောင်ကလေး ဖြစ်သွား
ည်။ မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းနှင့်ပြောသည်။ ကိုလွန်း
မ်က ရစ်ကီကို ဆောင့်တွန်းပစ်လိုက်သည်။

"အေး...... ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ်လိုက်မယ်
ကီ၊ ဒါ့ကို အံတုလို့ မရဘူးဆိုတာ မင်းစိတ်ထဲမှာ မြဲမြဲမှတ်ထား"

"ကဲ...... သူ့ကို မေ့ထားလိုက်စမ်းပါ၊ အရေးကြီးတာက
တနာတွေကို ရှာဖို့ပဲ မဟုတ်လား။ တခြား ဘယ်နေရာမှာ ဖြစ်နိုင်
လဲဆိုတာ စဉ်းစားစမ်းပါဦး"

အဲလစ်က ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ချိုသက်တော့ စဉ်းစားလို့ မရဘူး။ မတွေ့တဲ့အတူ ဖောတိကကိုပဲ ပြန်ကြရအောင် အစ်ကိုလွှမ်းအိမ်၊ ဒက်ဒီ့ကို ပစ် ခဲ့ရတယ်ဆိုတာလဲ သတိရကြဦး"

"ဟုတ်တယ်၊ ဒို့ ပြန်ဖို့သင့်ပြီ၊ မိုးချုပ်တော့မယ်"

ကိုလွှမ်းအိမ်က လက်မှနာရီကို ကြည့်လိုက်၏။

သူ့လက်တွင် နာရီမပါလာ။ ကမန်းကတန်း ထွက်ခဲ့သ ကျန်နေခဲ့ခြင်းပင်။

ကိုလွှမ်းအိမ်သည် လက်ကို မြှောက်ကြည့်ရင်း သတ် တွန့်သွားသည်။ သူ့မျက်နှာတွင်လည်း အပြောင်းအလဲ ဖြစ်သွ ၏။ ပြီးတော့ တိုးညှင်းစွာ ရေရွတ်လိုက်သည်။

"နာရီ....... နာရီ ဖောတိက,က တိုင်ကယ်နာရီ"

အဲလစ်၊ ချိုသက်ကြည်နှင့် ရစ်ကီတို့သည် တစ်ပြိုင်တည် ဆိုသလိုပင် အသံထွက်လာကြ၏။

"ဖောတိက,က တိုင်ကပ်နာရီ"

ကိုလွှမ်းအိမ်သည် ကားဆီသို့ အတင်းပြေး၏။ အဲလစ် ချိုသက်ကြည်တို့ ကမန်းကတန်း လိုက်ပါသွားကြသည်။ မာ ကားကြီးသည် အပြင်းမောင်းနှင်၍ ထွက်ခွာသွားသည်။

ဘသန်းကျော်သည် စပယ်ရုံအကွယ်မှ ထလာ၏။

"ဘယ်လိုဖြစ်တာလဲ ရစ်ကီ၊ ရှုသွားကြတာလား"

"မရှုးဘူး ဆရာကြီး။ သူတို့ ဖောတိက,က တိုင်ကပ်နာ ကြီးဆီကို သွားကြတာ"

"တိုင်ကပ်နာရီ ဟုတ်လား။ တိုင်ကပ်နာရီက ဘာလုပ် လဲကွ"

"ဘာလုပ်ဖို့လဲတော့ ကျွန်တော် မသိဘူး။ အဲဒီ တိုင်က နာရီကြီးကို အသည်းပုံမှာ မြားစိုက်နေတဲ့ ကျွန်းသားပြာကြီးမှာ က



ဒက်ဒီ့ခေါင်းရင်းက နံရံမှာ ချိတ်ထားတယ်"

"ဟော....... အဲသလိုဆိုရင် မင်းကကော ဘာဖြစ်လို့ ကြောင် ရပ်နေရတာလဲလို့"

ဘသန်းကျော်က တွေတွေကြီး ရပ်နေသော ရစ်ကီ၏ တင် ကို ဆောင့်ကန်လိုက်၏။

"အေး ဟုတ်တယ်ဗျို့၊ ကျွန်တော်တို့ ဖောတိက,က နာရီ ဆီကို သူတို့ထက်ဦးအောင် သွားကြစို့"

ဘသန်းကျော်နှင့် ရစ်ကီတို့သည် ရပ်ထားသော ဂျစ်ကား ဆီသို့ မီတာတစ်ရာ ပြေးပွဲဝင်သလို ပြေးခဲ့ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မိုးတွေ ရွာနေသည်။

လေတွေ တိုက်နေ၏။

မုန်တိုင်း ကျနေသည်။

လျှပ်ပန်းနွယ်များ ဖြာနေသည်။

သိမ့်သိမ့်သည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေသည်။ ရွှဲရွှဲနစ်နေသည်။ မောင်မောင်ဘခက်သည် မော်တော်ဆိုင်ကယ်ကို ဇောတိက ခြံကြီးထဲသို့ ချိုးကွေ့၍ ဝင်လိုက်သည်။ သိမ့်သိမ့်သည် သူ့ခါးကို ဖက်တွယ်ရင်း ဆိုင်ကယ်နောက်တွင် လိုက်ပါလာ၏။

ယခုမူ အတိတ်ခြေရာများဖြင့် ပြည့်နှက်နေသော ဇောတိကသို့ သိမ့်သိမ့် ပြန်လည်ရောက်ရှိခဲ့ရပါပြီ။ မောင်မောင်သည် သိမ့်သိမ့်၏ ဖြစ်ကြောင်းကုန်စင်ကို သူမအား ပြောပြခဲ့ပြီး ဇောတိကသို့ ခေါ်လာခဲ့ခြင်းပင်။



ဇောတိကသည် သုသာန်တစပြင်လို ဟာတိ တိတ်ဆိတ် -
သက်လို့နေပါသည်။ မောင်မောင်သည် သိမ့်သိမ့်လက်ကိုဆွဲရင်း ဇောတိကစံအိမ်ကြီးထဲသို့ ဝင်ခဲ့၏။

ညည့်ခန်းရှိ ခုတင်ပေါ်တွင် ဦးနော၏အလောင်းကို မြင်ထား ည်။ သိမ့်သိမ့်၏ ခြေလှမ်းတွေက တုံ့ခနဲ ရပ်သွားသည်။ ဦးနော အလောင်းကို တွေတွေကြီး ရပ်ကြည့်နေသည်။ သူမ တစ်ကိုယ် လည်း တဆတ်ဆတ် တုန်နေသည်။

"သိမ့်သိမ့် သိပ်ချမ်းနေပြီထင်တယ်"

မောင်မောင်က မေးသည်။

"သိမ့်သိမ့်....... သိပ်ချမ်းနေပြီ ထင်တယ်တဲ့"

ဒီလိုအမေးစကားမျိုးကို သိမ့်သိမ့် ဒီနေရာမှာ ကြားဖူးခဲ့ ည်။ အဲသည်တုန်းကလည်း မိုးတွေရွာနေသည်။ လေတွေ တိုက် သည်။ မုန်တိုင်းကျနေသည်။ သူမ တစ်ကိုယ်လုံးလည်း ရွှဲရွှဲနစ် ပါသည်။

ယခုလည်းပဲ မိုးတွေ ရွာနေသည်။ လေတွေ တိုက်နေသည်။ တိုင်းကျနေသည်။ သူမ တစ်ကိုယ်လုံးလည်း ရွှဲရွှဲနစ်နေပါသည်။

သိမ့်သိမ့်ဦးနှောက်ထဲတွင် အတိတ်၏ မမေ့နိုင်စဖွယ် ဖြစ် တစ်ခုက ဝင်းခနဲ လက်ခနဲ တွေးတောမိလာ၏။ စဉ်းစားမိလာ ၏ စကားသံအချို့ကို ကြားယောင်မိလာ၏။

"ဪ....... မင်းမှာ မိဘမရှိရှာဘဲကိုး။ အေး....... မင်း အိမ်ကြီးမှာ နေရမယ်နော်၊ မင်း သိပ်ချမ်းနေပြီထင်တယ်၊ တစ် ယ်လုံးလဲ သိမ့်သိမ့်တုန်နေတာပဲ"

"ဟုတ်....... ဟုတ်ကဲ့၊ ကျွန်မ သိပ်ချမ်းနေပါတယ်"

"ကဲ....... ကဲ....... အဲသလိုဆိုရင် အဝတ်အစားလေး ဘာ းလဲပြီး နွေးနွေးထွေးထွေးနေလိုက်ဦး။ ချီသက်ကြည် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်း ပေးလိုက်"

"ဟုတ်ကဲ့ ဒက်ဒီ"

"ဩော်...... ဒါနဲ့ ကလေးမနာမည်က 'ဖလော်ရာ'တဲ့ လား။ မင်းကို မြန်မာနာမည်ကလေးတစ်ခု ပေးမယ် လက်ခံမလား"

"ဟုတ်...... ဟုတ်ကဲ့"

"သိမ့်သိမ့်ဆိုရင် ကောင်းမလား"

"သိမ့်သိမ့်...... သိမ့်သိမ့်...... ဟုတ်ကဲ့။ ကျွန်မ ဒီနာမည်ကို ကြိုက်ပါတယ်ရှင်"

သိမ့်သိမ့်သည် ခုတင်ပေါ်တွင် ပက်လက်ကလေး လဲလျောင်းနေသော ဦးနောကိုကြည့်ရင်း မူးခနဲ မေ့ခနဲ ဖြစ်သွားပါသည်။ ယိုင်လဲသွားသည်။

"အို...... သိမ့်သိမ့်...... ဘယ်လိုဖြစ်တာလဲကွယ်"

မောင်မောင်သည် သိမ့်သိမ့်ကို ဖေးပွေ့လိုက်၏။ မောင်မောင့်ရင်ခွင်မှာပင် သိမ့်သိမ့် ပြန်လည်၍ သတိရလာသည်။

ဟုတ်ပါသည်။

အားလုံးကိုပဲ သိမ့်သိမ့် သတိရခဲ့ပါပြီ။

"ဒက်...... ဒီ"

သိမ့်သိမ့်သည် ရင်ထဲအသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်မိပြီး ဦးနော၏အလောင်းစင်သို့ ပြေးသွားခဲ့၏။ ထိုနောက် ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။

မောင်မောင် သိမ့်သိမ့်၏ ပခုံးကလေးကို ညင်သာစွာ ဆုပ်ကိုင်ရင်း တိုးညင်းစွာ ပြောလိုက်ရ၏။

"သတိထားပါ သိမ့်သိမ့်ရယ်၊ သိမ့်သိမ့်ရဲ့စိတ်ကို ထိန်းစမ်းပါဦးလားကွယ်"

"သိမ့်သိမ့် စိတ်မထိန်းနိုင်တော့လို့ပါ အစ်ကိုမောင်ရယ်၊



အခုတော့ သိမ့်သိမ့်အားလုံးကို သတိရပါပြီ။ ဖေတိကမှာ နေခဲ့ရသမျှတွေနဲ့အတူ သိမ့်သိမ့်ရဲ့ မေ့နေတဲ့အတိတ်ကို အားလုံး သတိပြန်ရခဲ့ပါပြီ အစ်ကိုမောင်"

မောင်မောင်၏ မျက်နှာတွင် အံ့သြဝမ်းသာခြင်း မယုံကြည်နိုင်ခြင်းတွေက အထွန်းသားပေါ်လွင်လာသည်။

"သိမ့်သိမ့် သတိရပြီ၊ ဟုတ်လား။ သိမ့်သိမ့်အားလုံးကို သတိပြန်ရပြီဆိုတာ တကယ်လားဟင်"

"တကယ်ပါ အစ်ကိုမောင်၊ ဖေတိကဟာ သိမ့်သိမ့်နေခဲ့တဲ့ အိမ်ကြီးပါ၊ အခု သိမ့်သိမ့် ဒီကိုပြန်ရောက်နေပြီလေ၊ ဟောဒီက သိမ့်သိမ့်ကို သမီးအရင်းကလေးလို ချစ်ခင်စောင့်ရှောက်ခဲ့တဲ့ ဒက်ဒီ ဦးနောပေါ့။ ဒါပေမယ့် အစ်ကိုမောင်ရယ်...... သိမ့်သိမ့် အလာကောင်းပေမယ့် အခါနှောင်းသွားခဲ့ပါပြီ"

သိမ့်သိမ့်က ကြေကွဲဝမ်းနည်းစွာ ပြောမိသည်။ ချိုသက်ရီသည် သူတို့နှစ်ဦးကို ငြိမ်သက်စွာ ကြည့်နေရာမှ သိမ့်သိမ့်ကို ဝမ်းတနည်း ဖက်ပွေ့သည်။

"အစ်ကိုလွန်းအိမ်တို့တစ်တွေကော"

"ပြန်မရောက်ကြသေးဘူး သိမ့်သိမ့်၊ သူတို့ ရတနာတွေကို သွားဖော်နေကြတယ်"

ချိုသက်ရီက ပြောသည်။

"ဒင်..... ဒင်..... ဒင်..... ဒင်..... ဒင်..... ဒင်..... ဒင်....."

အပေါ်ထပ်ရှိ ဦးနောအခန်းမှ တိုင်ကပ်နာရီကြီး၏ အသံက ထွက်ပေါ်လာသည်။

ခုနစ်နာရီ။

တိုင်ကပ်နာရီ။

မောင်မောင်သည် တစ်စုံတစ်ခုကို တွေးတောမိသွား၏

www.burmeseclassic.com

www.burmeseclassic.com



ချိုသက်ရီနှင့် သိမ့်သိမ့်၏ မျက်နှာတွေကိုလည်း တစ်လှည့်စီ ကြည့်လိုက်မိသည်။

"ချိုသက်ရီ"

"ရှင်......"

"သိမ့်သိမ့်"

"အစ်ကိုမောင်"

"အခု မြည်သွားတဲ့ ဦးနောအခန်းထဲက တိုင်ကပ်နာရီကြီးကို သတိထားမိသလား"

ချိုသက်ရီမျက်နှာတွင် အံ့သြခြင်းလား၊ ဝမ်းနည်းခြင်းလား မသိနိုင်အောင် ပြောင်းလဲသွားသလို သိမ့်သိမ့်က ခေါင်းညိတ်လိုက်သည်။

မောင်မောင်သည် အပေါ်ထပ်သို့ တက်ခဲ့သည်။ ချိုသက်ရီနှင့် သိမ့်သိမ့်သည် သူ့နောက်မှ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါသွားကြသည်။

ဖောတိကအိမ်ကြီး၏ အောက်ထပ်ရှိ အလောင်းစင်ပေါ်တွင်တော့ ပတ္တမြားကြီးကိုးလုံးကို လျှို့ဝှက်စွာ ထားပစ်ခဲ့သော ဦးနောသည် မလှုပ်မယှက် ငြိမ်သက်စွာ လဲလျောင်းနေပါသည်။



အခန်း (၂၀)

ကိုလွန်းအိမ်သည် ကားကို ဂရုစိုက်၍ မောင်းနေသည်။ နိုးလုံလေလုံ မှန်လုံကားကြီးမို့ အထဲသို့ ရေမဝင် လေမတိုက်သော်လည်း အပြင်တွင် မှန်တိုင်းကျနေသည်။ လျှပ်စီးတွေ လက်နေသည်။ မိုးခြိမ်းသံတွေက ကားအတွင်းသို့ ဖောက်ထွင်းဝင်ရောက်လာသည်။

ကားမီးရောင်သည် မိုးစက်ရေမှုန်များကို ထိုးဖောက်ခြင်းငှာ မစွမ်းသာဘဲ မိုးတဝါးဖြစ်သည်။ ကားမှန်ရှေ့ရှိ မိုးရေသုတ် 'ဝိုက်ပါ'ကလေးက တဖျပ်ဖျပ်ခတ်နေသလို ကားပေါ်တွင် ပါလာသော မနုဿလူသားသုံးယောက်၏ စိတ်တွေက လှုပ်ရှားနေပါသည်။

"ဒီထက် မြန်မြန်မောင်းလို့ မရတော့ဘူးလား"

"မရတော့ဘူး အဲလစ်၊ ဒါ အမြန်ဆုံးပဲ၊ မိုးက သိပ်ရွာနေတော့ ရှေ့ကို ဘာမှမမြင်ရဘူး"

"နောက်က ကားတစ်စင်း လိုက်လာတယ်"

ချိုသက်ကြည် နောက်ကို လှည့်ကြည့်ရင်း ပြောသည်။

"ရစ်ကီဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် တစ်ယောက်တည်းတော့ ဟုတ်ဟန်မတူဘူး။ သူ့ဆရာကြီးပါ ပါလိမ့်မယ် ထင်တယ်။ ရစ်ကီဟာ ဒ မြေပုံတွေကို လစ်သွားတာ မရှိဘူး အဲလစ်၊ သူ့ဆရာကြီးရဲ့ အကြံဉာဏ်တွေ ပါလိမ့်မယ်။ ငါ အစက ဒါကို မစဉ်းစားမိခဲ့တာ သိပ်မှားတာပဲ"

"ချိုသက်ရီနဲ့ မောင်မောင်ဘခက်တို့နှစ်ယောက် ဇောတိကမှာ ကျန်ခဲ့တယ်ဆိုတာလဲ ထည့်စဉ်းစားဦး။ သူတို့ နာရီကြီးကို တွေ့သွားပြီး စဉ်းစားမိကြမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ကိုလွန်းအိမ်၏စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသလို အဲလစ်နှင့်ချိုသက်ကြည်တို့ မျက်နှာပျက်သွားကြသည်။

"ဒီအကောင်သာ ရတနာတွေကို တွေ့သွားရင် လစ်ပြေးသွားမှာ သေချာတယ် ချိုသက်ကြည်၊ နင့်အကောင်ဟာ သိမ့်သိမ့်ရဲ့မြေပုံကို ရထားပြီး ရတနာတွေကို အပိုင်စီးချင်နေလို့ ဇောတိကကို လိုက်လာတာဆိုတာ ငါသိတယ်"

ကိုလွန်းအိမ်အသံက မာနေသည်။

"သိမ့်သိမ့်က သူနဲ့ဘယ်လိုပတ်သက်နေရတာလဲ အစ်ကိုလွန်းအိမ်၊ သိမ့်သိမ့်မြေပုံက သူ့ဆီကို ဘယ်လိုရောက်သွားခဲ့တာလဲ။ ချိုသက်ကို ပြောတော့ ဒက်ဒီက သူ့ကိုပေးခဲ့တာဆိုပဲ"

"အလကား ဖြီးတာ၊ သိမ့်သိမ့်ဟာ ဇောတိက,က ထွက်ပြေးသွားခဲ့လို့ ငါတပည့်တွေကို အလိုက်ခိုင်းခဲ့တယ် ချိုသက်၊ ဒါပေမယ့် မြေပုံအတုကြီးကိုပဲ ပြန်ရလာပြီး အစစ်က ဒီကောင့်ဆီကို ရောက်သွားခဲ့တယ်။ သိမ့်သိမ့်က ခေါင်းမှာ ဒဏ်ရာရပြီး အတိတ်ကို လုံးဝမေ့သွားခဲ့တော့၊ ဒီကောင်က မြေပုံကိုကိုင်ပြီး အမြတ်ထုတ်သွားတာပေါ့ ချိုသက်ကြည်၊ နင်အသုံးမကျတဲ့ အပိုင်းတွေလဲ ပါတယ်"

"ကဲပါ...... ဒါတွေ ပြောမနေစမ်းပါနဲ့၊ ဇောတိက မြန်မြန်



ရောက်ဖို့ပဲ အရေးကြီးတယ်"

အဲလစ်က စိတ်မရှည်သလို ဝင်ပြောသည်။ ကိုလွန်းအိမ်သည် ကားကို ပို၍မြန်လိုက်၏။

မာစီဒီးကားကြီးသည် မိုးနှင့်မုန်တိုင်းကို ဖောက်ထွင်းကာ ပြေးနေသည်။ ဂျစ်ကားကလေးက နောက်က လိုက်နေ၏။ ကားပေါ်မှ လူနှစ်ယောက်မှာ ကြက်စုတ်ဖြစ်နေကြပြီ။ တစ်ကိုယ်လုံး ခွဲခွဲစင်နေသလို တခိုက်ခိုက် တုန်နေကြပြီ။

ရစ်ကီသည် ဒက်ချ်ဘုတ်အတွင်းမှ ဘရမ်ဒီပုလင်းပြားကလေးကို ထုတ်၍ မော့လိုက်ပြီး ဘသန်းကျော်ကို ကမ်းပေးလိုက်သည်။ ဘသန်းကျော်သည် လက်တစ်ဖက်က စတီယာရင်ကို ထိန်းကိုင်ရင်း မော့လိုက်သည်။

"အား...... ချမ်းလိုက်တာ၊ မြောက်ဝင်ရိုးစွန်း ရောက်နေသလား အောက်မေ့ရတယ်"

"ချမ်းတာက အရေးမကြီးဘူး ရစ်ကီ၊ ငါတို့ ဇောတိကကို အရင်ရောက်ဖို့က ပိုပြီး အရေးကြီးတယ်ကွ၊ သူတို့ထက် ဦးအောင် တိုင်ကပ်နာရီကြီးကို လစ်ပြေးနိုင်ရင် မင်း သူဌေးဖြစ်ပြီ"

"အဲသလိုဆိုရင်လဲ မောင်းလေဗျာ၊ သူတို့ကားကို ကျော်တက်စမ်းပါ"

"ဟာ..... ဒီထက်မောင်းရင် စလစ်ဖြစ်ပြီး မာလကာကုန်တော့မှာပေါ့ ရစ်ကီရာ၊ မိုးက ဒါလောက်သည်းနေတဲ့ဥစ္စာ"

ရစ်ကီသည် စိတ်မရှည်နိုင်အောင် ဖြစ်နေ၏။

အရက်ကိုသာ တစ်ကျိုက်ပြီးတစ်ကျိုက် မော့ချနေသည်။

ဂျစ်ကားကလေးသည် ရှေ့က ကားကြီးနှင့် ပို၍နီးသည်ထက် နီးလာသည်။ ဒါကို ရှေ့က ကားကြီးပေါ်မှ လူတွေက ရိပ်စားမိသွားကြဟန်ဖြင့် ပါဝါကို ပို၍တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မာစီဒီးနှင့် ဂျစ်ကား စက်အားက ကွာလွန်းသည်။ ဂျစ်ကားလေးသည် နောက်တွင် ပြတ်၍ကျန်ခဲ့၏။ ကားကြီးသည် ကတ္တရာလမ်းပေါ်တွင် ဘီးကြွမတတ် ပြေးနေ၏။

လှည်းကူးကို ကျော်လာပြီ။

ရန်ကုန်ဘက်မှလာသော လှည်းကူးနှင့်ပဲခူး အဝေးပြေးဘတ်စ်ကားကြီးများသည် ပြိုင်ပွဲဝင်သလို အတင်းမောင်းလာသော မာစီဒီးကားကြီးနှင့် ဂျစ်ကားကလေးကို ဝေးဝေးက ရှောင်ပေးကြ၏။

တောက်ကြန့်နှင့် နီးလာခဲ့ပြီ။ ကိုလွန်းအိမ်သည် ဖြောင့်တန်းနေသော လမ်းတစ်လျှောက် စက်ကုန်ဖွင့်လိုက်၏။ လောဘရမ္မက်ဇောက သူ့တစ်ကိုယ်လုံးတွင် အဆိပ်တက်နေပြီဖြစ်သည်။

ကုန်တင်ကားကြီးတစ်စင်းသည် ရှေ့မီးကြီးနှစ်လုံးကို ထိန်လင်းနေအောင် ဖွင့်ရင်း မောင်းလာ၏။ ကိုလွန်းအိမ်က ကားမီးကို အဖွင့်အပိတ်လုပ်၍ အချက်ပြသည်။ ကားကြီး၏ မီးသီးကြီးနှစ်လုံးက မှိတ်မသွား။ သူ့မျက်လုံးတွေ ပြာသွားသည်။

ကိုလွန်းအိမ်သည် ရှေ့မီးကို ပြန်ဖွင့်ရင်း မျက်နှာချင်းဆိုင်မှ ကုန်တင်ကားကြီးကို ခက်ခက်ခဲခဲ ပွတ်ကာသီကာ ရှောင်လိုက်သည်။

"အမယ်လေး"

ကားကြီး၏ ဖင်မြီးနှင့် အနည်းငယ် ပွတ်သွားသော်လည်း လမ်းမအလယ်ခေါင်သို့ ပြန်၍ ဦးတည်မိသည်။

ရှေ့မှာ 'ဘားလားချောင်း'။

ချောင်းကူးတံတားထိပ်တွင် စက်ပျက်၍ ရပ်ထားသော ကားကြီးတစ်စင်းက ရှိနေသည်။ ကိုလွန်းအိမ်သည် မည်းခနဲ မှိုးရေထဲတွင် မြင်လိုက်ရသော ကားကြီးကို ရှောင်လိုက်ပါသည်။



သို့တစေ သူ့ကား၏ အမြန်နှုန်းက စတီယာရင်ကို ထိန်းသိမ်းနိုင်လောက်အောင် အချိန်မရတော့။

"အ....... မယ်လေး"

ဒုတိယမ္ပိ ရုးရုးဝါးဝါးအော်သံနှင့်အတူ ကားကြီးသည် ချောင်းကူးတံတားကြီး၏ ကာရံထားသော တန်းတွေကို တိုက်ချိုးကာ မာန်ဟုန်ပြင်းစွာ စီးဆင်းနေသော 'ဘားလားချောင်း'ထဲသို့ ဝုန်းခနဲ ထိုးကျသွားတော့၏။

လျှပ်စီးတွေ ဝင်းထိန်သွားသည်။

မိုးကြိုး ပစ်လိုက်သည်။

တစ်လောကလုံးသည် အုံးအုံးကျွတ်ကျွတ် ဆူညံသွားတော့၏။ တဝေါဝေါစီးဆင်းနေသော 'ဘားလားချောင်း'ရေပြင်သည် မာန်ဟုန်ပြင်းနေဆဲပင်။

လောဘသက္ကာယဒိဋ္ဌိ စိုးနေသော လူသားသုံးဦးနှင့် မာစီဒီးကားကြီးကို ဘားလားချောင်းက ဝါးမျိုသွားခဲ့ပါပြီ။

ရစ်ကီတို့၏ ဂျစ်ကားလေးသည် ဘားလားချောင်းထိပ်တွင် ရပ်သွားသည်။ ချောင်းကူးတံတား၏ ဟိုမှာဘက်တွင်လည်း ရန်ကုန်ဘက်မှမောင်းလာသော ဘတ်စ်ကားကြီးတစ်စင်းမှာ မီးထိုးရင်း ရပ်သွားသည်။

ကားပေါ်မှလူတစ်ချို့ ပြေးဆင်းလာကြသည်။

"မာစီ....... မာစီ......."

ရစ်ကီသည် အသည်းနှလုံးပေါက်မတတ် ဟစ်အော်လိုက်ရင်း ဂျစ်ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ မာစီဒီးကားကြီးသည် ချောင်းရေပြင်တွင် ပေါ်လောကြီး ပြန်ပေါ်လာ၏။ နောက်တော့ တဖြည်းဖြည်း ပြန်လည်နစ်မြုပ်သွားသည်။

ရစ်ကီသည် ချောင်းထဲသို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူတွေက ဝိုင်းဆွဲထားသည်။

"ကျွန်တော် ဆင်းမယ်၊ ကျွန်တော့်ကို မဆွဲကြနဲ့၊ ကားထဲမှာ ကျွန်တော့်အမေ ပါသွားတယ်၊ ကျွန်တော် ဆင်းကယ်ပါရစေဗျာ၊ ကျွန်တော့်အမေ....... ကျွန်တော့်အမေ......."

ရစ်ကီသည် အရူးတစ်ယောက်လို ငိုရင်း အော်ဟစ်နေသည်။ ရုန်းကန်နေသည်။ မိခင်ဆိုသည့် သံယောဇဉ်က ရစ်ကီမှင်တွင် ရှိနေပါသေးကလား။ လူတွေက သူ့ကိုဝိုင်းဆွဲထားကြသည်။

မှန်တိုင်းစဲသွားပြီ။

မိုးလည်း တိတ်သွား၏။

သို့တစေ......, ရစ်ကီ့ရင်တွင် ဗလောင်ဆူနေဆဲ။

ရစ်ကီသည် လမ်းပေါ်သို့ ကြည့်လိုက်သည်။ ဂျစ်ကားကလေးလည်း မရှိတော့။ ဆရာကြီးလည်း မရှိတော့။

ဟုတ်ပါသည်။

ဂျစ်ကားကလေးသည် ထောက်ကြန့်-ရန်ကုန် လမ်းပေါ်တွင် အပြင်းမောင်းနှင်နေပါသည်။ ဘသန်းကျော်တို့ ကောင်းစားချင်တော့ မှတ်ဆိတ်များစွဲပြီ။

ယခုတော့ အစစအရာရာ သူ့အတွက် အဆင်ပြေသွားပြီ။

လမ်းပွင့်သွားပြီ။ ကြိုတင်စီစဉ်ထားလျှင် ဒီအတိုင်း ဖြစ်ချင်မှ ဖြစ်မည်။ ဘယ်လောက်များ ဟန်ကျလိုက်သလဲ။ အကုန်လုံးကိုစွရောကုန်ကြလေပြီ မဟုတ်လား။ ဇောတိကကို သွားရုံပဲရှိတော့တာပေါ့။ ရစ်ကီတစ်ယောက်လောက်ကိုတော့ ဘသန်းကျော်တို့က မမှုလှသေး။ အေးအေးဆေးဆေးကလေးနှင့် ရတနာတွေကို လစ်သွားရုံပင် ကျန်တော့သည်မဟုတ်ပါလား။

ဘသန်းကျော်၏ ဂျစ်ကားသည် ရှစ်မိုင်ကိုကျော်ခဲ့၏။ ခုနစ်မိုင်ခွဲရောက်သည်နှင့် ဇောတိက စံအိမ်ကြီးရှိရာ ဘယ်ဘက်သို့ ချိုး



ကွေ့၍ ဝင်လိုက်သည်။ သူသည် နာရီကို ကြည့်လိုက်၏။

ခုနစ်နာရီတိတိပင်။

သူသည် ကားစက်ကိုပိတ်၍ မှောင်ရိပ်တွင် ရပ်လိုက်သည်။ ထို့နောက် ကားပေါ်မှ ပေါ့ပါးစွာဆင်းခဲ့ရင်း ဇောတိကခြံကြီးအတွင်းသို့ ဝင်ခဲ့သည်။ သို့တစေ....... မမျှော်လင့်သော ရန်သူက သူ့ကို စောင့်ကြိုနေခဲ့ပါသည်။

အင်းခွေးကြီးဘလက်သည် မြွေထဲသို့ ခိုးခိုးဝှက်ဝှက် ဝင်လာသောသူ့ကို ခုန်၍အုပ်လိုက်သည်။ ခွေးနှင့်လူမှာ လုံးထွေးသွား၏။

"ဒိုင်း"

စူးရှသော သေနတ်သံနှင့်အတူ အင်းခွေးကြီးဘလက်မှာ ငြိမ်သက်သွား၏။

မောင်မောင်ဘခက်သည် ခေါင်းကို ဆတ်ခနဲ ထောင်လိုက်၏။ ပြီးတော့ သူ့ဘေးတွင်ရပ်နေသော သိမ့်သိမ့်နှင့်ချိုသက်ရီကို ကြည့်လိုက်သည်။

"သေနတ်သံနဲ့တူတယ်"

"ဟုတ်တယ် သိမ့်သိမ့်၊ ဒါ မိုးကြိုးသံမဟုတ်ဘူး။ သေနတ်သံပဲ....... တိုက်ရှေ့က"

"အစ်ကိုလွှန်းအိမ်တို့ထင်တယ်"

ချိုသက်ရီက ဆိုသည်။ မောင်မောင်သည် အသည်းကို ဆိုက်နေသော ပုံသဏ္ဌာန် ပြုလုပ်ထားသည့် ကျွန်းသားပြားကြီး ငုံတွဲ၍ကပ်ထားသော တိုင်ကပ်နာရီကြီးကို ကိုင်ရင်း ဦးနှောက်ခန်းထဲမှ ထွက်ခဲ့သည်။ သူ့နောက်မှ သိမ့်သိမ့်နှင့် ချိုသက်ရီတို့ လိုက်လာကြသည်။

လှေကားထိပ်သို့ ရောက်သည်နှင့် လှေကားအောက်မှ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တွေ့ရ၏။ သူ့လက်ထဲတွင် သေနတ်တစ်လက်
မည်းနက်သော ပြောင်းဝက အပေါ်ကို ချိန်ထားသည်။

"ဆင်းခဲ့ပါ မိတ်ဆွေ၊ စိတ်အေးအေးထားပြီးသာ အော
ကို ဆင်းခဲ့ပါတော့"

"ခင်ဗျား ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာထက်....... မင်းလက်ထဲက နာရီ
ကို ယူဖို့က ပိုပြီးအရေးကြီးပါတယ်ကွာ၊ ကဲ....... သိပ်လှုပ်လှုပ်
ရှား မလုပ်နဲ့တော့။ ငါ့လက်ထဲက 'ဘရောင်နီ'က သိပ်စိတ်ရှည်တ
တာ မဟုတ်ဘူး"

"ဟုတ်....... ဟုတ်ကဲ့၊ ဆင်းခဲ့ပါပြီခင်ဗျာ"

မောင်မောင်ဘခက်သည် ကျည်ဆံကို ကြောက်သွားသည်
လှေကားထိပ်မှ တစ်ထစ်ချင်း ဆင်းလာသည်။ သိမ့်သ
နှင့် ချိုသက်ရှိသည် လှေကားထိပ်တွင် ပါးစပ်အဟောင်းသား
ရပ်နေခဲ့ကြသည်။

အောက်သို့ရောက်ခါနီးတွင် မောင်မောင်ဘခက် ရပ်လ
၏။

"ဟေ့ကောင်....... အောက်ကို မြန်မြန်ဆင်းခဲ့လေ"

အောက်ကို မောင်မောင်ဘခက်တော့ ရောက်မသွား။

ကိုင်ထားသော နာရီကြီးက အောက်သို့ အရှိန်နှင့် ကျ
သည်။ သေနတ်သမားဆီသို့ တန်းတန်းမတ်မတ် ဝင်သွားသည်

"ဒိုင်း"

ကျည်ဆံတော့ ထွက်လာ၏။

ကျည်ဆံဆိုတာမျိုးကလည်း လူနှင့်မတိုးမိမှတော့ သေ
စာလုံးလောက်တောင် ကြောက်စရာမလို။ မောင်မောင်ဘခက်
ခန္ဓာကိုယ်ကြီးက အောက်သို့ ပျံ့ဝဲရင်း ဆင်းသွားသည်။ နှစ်ဦး



းရစ်ပတ်ရင်း ကြမ်းပြင်ပေါ်တွင် လိမ့်သွားသည်။

လူချင်းမှုမိသည်နှင့် သူ့လက်က ဘရောင်နီပစ္စတို၏ ကျည်
က်တံကို လက်နှင့်ဖိအုပ်ရန် ကြိုးစားသည်။ သေနတ်သမားက
သေနတ်ကိုပဲ အမိအရလုနေစဉ် ကျည်ရိုက်တံကို အုပ်၍ ကိုင်မိ
ည်။ သည်တော့ သူ့တစ်ကိုယ်လုံး သေနတ်သမားအောက်သို့
ောက်နေပြီ။

ဘရောင်နီ ပြောင်းဝသည် ပါးစပ်သို့ ရောက်လာ၏။
သေနတ်မောင်းကို ညှစ်လိုက်စဉ်။ အခုတော့ မောင်မောင်ဘခက်
မမှုတော့၊ ရန်သူ့နှာခေါင်းကို လက်ထိပ်စောင်းနှင့် ပင့်ထိုးလိုက်
ည်။

"အား"

ဇွဲ ပါး ရောဂါတွေ စုပြုံခံစားလိုက်ရသလို အသံထွက်
လန့်ထွက်သွားသည်နှင့် နံဘေးကို ဒူးနှင့်တိုက်လိုက်သည်။ သေ
ည်ရော လူပါ လွင့်ထွက်သွားတော့၏။

ရန်သူသည် အမှတ်မရှိ လွင့်ထွက်သွားသော သေနတ်
အလုအယက် ပြေးကောက်သည်။ ဒါကိုက မဟာအမှား။

မောင်မောင်ဘခက်တို့က သေနတ်ကို ဘယ်တော့မှ မယက်။
မျက်ခွက်ကို 'ကစ်' တစ်ချက် သွင်းလိုက်သည်ဆိုလျှင်ပင် အချိန်
အစောနှင့် ပွဲသိမ်းရတော့မလောက် ဖြစ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

လက်ထဲတွင် သူ့ပစ္စတိုကို ကောက်ကိုင်ထားပြီဆိုတော့
ာင်မောင်ဘခက် အိုက်တင်က ဖာတ်လိုက်ဟန် ပေါက်နေပြီ။

"ပြောလေ....... ဒီသေနတ်ထဲမှာ ၉ မမ ကျည်ဆံတွေ
နေတယ်ဆိုတာ ခင်ဗျားသိသားနဲ့"

"ငါ....... ငါ....... ဘာသနားကျော်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်....... ရစ်ကီရဲ့ ဆရာကြီးကို။ ဘယ့်နှယ်ကြေ
ခင်ဗျားက ဒီနာရီကို မက်မက်မောမော လာလုနေရတာလဲ။ လ
စသတ်တော့ ရစ်ကီက လက်ထောက်ချလိုက်ပြီ ထင်တယ်။ ဟု
လား။ ရစ်ကီ ဘယ်မလဲ၊ ပြောစမ်း"

"သူ....... သူ....... ဘားလားချောင်းမှာ"

"ဘားလားချောင်းမှာ ငါးမျှားနေသလား"

"မဟုတ်ဘူး။ ကိုလွန်းအိမ်တို့ကားကြီး ဘားလားချေ
ထဲ ကျသွားလို့"

မောင်မောင်ဘခက်သည် လှေကားမှ ဆင်းလာသော
သိမ့်နှင့်ချိုသက်ရီကို အမိပွါယ်ပါပါ ကြည့်လိုက်မိ၏။

ကံကြမ္မာဆိုးသည် ကိုလွန်းအိမ်၊ အဲလစ်၊ ချိုသက်ြ
တို့အပေါ် မညှာမတာ ကျရောက်သွားပြီဖြစ်ကြောင်း သူတို့ သေ
ပေါက်လိုက်ကြ၏။ စက္ကန့်အနည်းငယ်လောက် ဘခက် တွေဝေ
သည်။ တစ်နည်းပြောရလျှင် ရန်သူကို အထင်သေးမိခြင်း။

ဘသန်းကျော်သည် သူ့ခြေရင်းမှ စားပွဲကလေးကို ေ
မောင့်ထံ ကန်သွင်းလိုက်၏။ လက်မှသေနတ်မှာ လွတ်ကျလွင့်
သွားသည်။

ယခုတော့ နစ်ယောက်တည်း။

အလဲလဲ အကွဲကွဲ။

ဗလာ လက်ဗွေပွဲပေါ့။

တကယ်ဆိုတော့လည်း ဘသန်းကျော်သည် အသ
အပုတ် ဆိုးလှသူမဟုတ်။ ဘခက်နှင့် လက်ရည်တူသည်။ တ
တွင် ဘခက် ပက်လက်ကျသွားသည်။ သူ့နဖူးပေါ်သို့ ဗီရိုပေါ်
တင်ထားသော ကြွေပန်းအိုးကြီး ပြုတ်ကျလာသည်။ ကံဆိုးလို
ပါဘိ။



မိုက်ခနဲ့ ပြာခနဲ။

သဲသဲကွဲကွဲ မမြင်ရအောင် ငိုးတဝါးဖြစ်သွားသည်။

ဘသန်းကျော်သည် ကျနေသော တိုင်ကပ်နာရီကြီးကို
ကောက်၍ လစ်ပြေးရန် ပြင်လိုက်သည်။

"နိုင်း"

သေနတ်သံတစ်ချက် ထွက်လာသည်။ ဘက်ထဲတွင် ယမ်း
ငွေ့ဝေနေသော ပစ္စတိုကို ကိုင်ထားသော လူတစ်ယောက်သည်
ပေါက်ဝတွင် ရပ်နေ၏။ ရစ်ကီပင် ဖြစ်ပါသည်။ ရစ်ကီသည်
ခါးပေါက်အနားသို့ လျှောတိုက်ရောက်ရှိသွားသော ဘခက်၏
က်မှ လွတ်ကျသွားသည့် ပစ္စတိုကိုကိုင်ထားသည်။ သူ့အသွင်
ကွာနိုက ပေါက်တော့မည့် မြွေဟောက်တစ်ကောင်သာ။

"ခင်ဗျားကြီး ဘယ်ကို လစ်ပြေးမလို့လဲ ဆရာကြီး ဘသန်း
ကျော်၊ ဒီတစ်ခါတော့ ရစ်ကီကို သူငယ်နှပ်စားလုပ်လို့ ရတော့ဘူး
အခု ကျုပ်အမေနဲ့အစ်ကို အစ်မတွေ ဘားလားချောင်းထဲကျပြီး
သေကုန်ပြီ။ ခင်ဗျားကတော့ ကျုပ်ကို ပစ်ထားခဲ့ပြီး ရတနာတွေကို
ပိုင်စိုးမလို့ပေါ့လေ။ ဟား ဟား ဟား"

ရစ်ကီသည် အရူးတစ်ယောက်လို အော်ဟစ်ရင်း တဟား
ား ရယ်လိုက်သည်။ ယခုတော့ သူတို့အားလုံး ကိုလွန်းအိမ်တို့၏
ကြာဆိုးကို သိကြရပြီ။ ဘခက်သည် မလှုပ်မယှက် ငြိမ်သက်စွာ
နားထောင်နေသည်။ ချိုသက်ရီနှင့် သိမ့်သိမ့်တို့သည် လှေကား
ကွယ်၍ ရင်တမမဖြင့် စောင့်ကြည့်နေကြသည်။

ဘသန်းကျော်သည် နာရီကြီးကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း
ကီကို တုန်လှုပ်စွာ ကြည့်နေသည်။ သည်ကောင်လေး စိတ်
က်လာပြီး မိုက်ရူးရဲလုပ်တော့မည်ကို သိဟန်တူသည်။

မောင်မောင်ဘခက်ကတော့ ပက်လက်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မျက်စိကိုမှေး၍ ကြည့်နေသည်။ မြင်နေသည်။ ကြားနေသည်။ သို့ပေမယ့် အသေကောင်လို အငြိမ်ဆောင်နေလိုက်သည်။

"မင်း ငါ့ကို အထင်မလွဲပါနဲ့ ရစ်ကီရာ၊ ငါ……ငါ…… လစ်ပြေးတာ မဟုတ်ပါဘူး။ ဒီနာရီကြီးကို ယူပြီးတာနဲ့ မင်းဆီကို ပြန်လာမလို့ပါဘဲ။ အခု ဒီနာရီကြီးကို ယူပြီး တို့တစ်တွေ လစ်သွားကြရအောင်"

"ဘယ်သွားမှာလဲ သေမင်းနိုင်ငံကိုလား။ ခင်ဗျားကြီးဟာ ကျုပ်ကို အရက်နဲ့ ခွယ်ခဲ့တယ်။ အခုလဲ ကျုပ်မိတ္တနဲ့အစ်ကို အစ်မတွေ အသေသတ်နဲ့သေကုန်ပြီ။ ဒါတောင်မှ ကျုပ်ကို လှည့်စားဦးမလို့လား။ ဒီတစ်ခါတော့ မရတော့ဘူး ဆရာကြီး ဘသန်းကျော်၊ ကျုပ် အခု နောင်တရခဲ့ပြီဗျ"

"ဒီလိုဆိုရင် ငါ့ကိုတော့ ချမ်းသာပေးပါ ရစ်ကီရာ၊ မင်းလက်ထဲက သေနတ်ကို ချလိုက်ပါ"

"ခင်ဗျားလက်ထဲက နာရီကြီးကို အရင်ချလိုက်စော် ကျုပ် ပစ်ထည့်လိုက်တော့မယ်"

ရစ်ကီ၏လက်ထဲမှ သေနတ်သည် တဖြည်းဖြည်း မြင့်တက်လာသည်။ ဘသန်းကျော်သည် နာရီကြီးကို မချသေးဘဲ ရစ်ကီကို တစ်နည်းတစ်ဖုံ လှည့်စားရန် ကြံလိုက်သည်။

"ဒါ……ဒါတွေအားလုံး လေးဆယ့်ငါးသိန်းတောင် တန်တယ် ရစ်ကီ၊ ဒီနာရီကြီးကို ဖွင့်လိုက်တာနဲ့ လေးဆယ့်ငါးသိန်းကြီးများတောင် တို့တစ်တွေ ပိုင်တော့မှာကွ"

မရတော့ပါ။

ရစ်ကီ၏ လက်ညှိုးသည် သေနတ်မောင်းကို ဆွဲညှစ်ရန် အကြောအချဉ်တွေပင် တင်းစပြုလာပါသည်။



"ဟော့ ……ရစ်ကီ မပစ်နဲ့"

အသေ[illegible]ကောင်လို ငြိမ်သက်နေသော မောင်မောင်ဘခက်ထံမှ အသံထွက်လာသည်။

"ဗြော……ခင်ဗျားကြီးလဲ မသေသေးဘဲကို[illegible]ကတော်ပေါ့။ ခင်ဗျားကို ကျုပ် လက်စားချေချင်နေ[illegible]ဘ ကြာ[illegible]"

"မလုပ်ပါနဲ့ ရစ်ကီ၊ မင်း ဘသန်းကျော်ကို ပစ်[illegible]တ်မယ်၊ [illegible]တော့ ငါ့ကိုလဲ သတ်ဦးမယ်ဆိုရင် တရားခွင်[illegible]အကြောင်း မင်းကို [illegible]န်းသာပေးမှာတဲ့လား ရစ်ကီ၊ လက်စားချေတယ်ဆိုတာ[illegible]ကောင်း[illegible]ဆုံးအလုပ်တစ်ခု၊ လူ့လောကမှာ မလုပ်သင့်တဲ့အလုပ်ကွ"

"ဟုတ်ပါတယ် ရစ်ကီ၊ မချိုသက်ရှိနဲ့ ပေါ်ဟိုက ဒက်ဒီအလောင်းကြီးကို တွေ့ကတော့ပါပြီ။ အခု မင်းတို့တစ်တွေ လောဘကြီးကြလို့ အားလုံး ဒုက္ခရောက်ကုန်ကြပြီ မဟုတ်လား"

မှင်သင်မိ၍ တစ်ချိန်လုံး ငြိမ်သက်နေသော [illegible]သက်ရှိက သတိရလာဟန်ဖြင့် ဝင်ပြောသည်။ ရစ်ကီ တွေဝေသွား[illegible]ရှိသည်။

ဘသန်းကျော်သည် ဒုတစ်ဖက် ထောက်ချင်[illegible] နာရီကြီးကို ရစ်ကီ့ထံသို့ ပစ်ပေါက်လိုက်သည်။ ဘခက်သည် ဘသန်းကျော်နောက်သို့ ဝှီးခနဲ ခုန်ပျံရင်း ရောက်ရှိသွားပြီး သူ့ခေါင်းကို ထံတောင်ဖြင့် ခပ်ဆဆ ထောင်းချလိုက်သည်။

"မပစ်နဲ့ ရစ်ကီ၊ မပစ်နဲ့"

သိမ့်သိမ့်ကူ ကမန်းကတန်း အော်လိုက်သည်။

"ဟုတ်ပါတယ်၊ မင်းပစ်ဖို့ မလိုတော့[illegible] တို့တစ်တွေ ရောက်လာပြီပဲ"

ရဲတပ်ဖွဲ့ဝင်တစ်ဦးက ရစ်ကီ့လက်မှ သေနတ်ကို ဆတ်ခနဲ သိမ်းယူလိုက်၏။ ရဲအုပ်တစ်ဦးနှင့် အဖွဲ့ဝင်နှစ်ယောက်သည် တောင်[illegible]က

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးအတွင်းသို့ ဝင်လာကြ၏။

လဲလျောင်းနေသော အလောင်းတစ်လောင်း။

မေ့မြောနေသော လူတစ်ယောက်။

သွေးပျက်နေသော မိန်းမပျိုတစ်ဦးနှင့် သေနတ်တစ်လက်နှင့် ပစ်မည့်တကဲကဲဖြစ်နေသော လူငယ်တစ်ဦးကို သူတို့တွေ့ကြရသည်။

"ကဲ......... ဘယ်လိုတွေ ဖြစ်ကြတာလဲ၊ ကျွန်တော်တို့ ရဲစခန်းကို ဟောဒီ ဇောတိကအိမ်ကြီးထဲက သေနတ်သံတွေ ကြားတယ်။ ဓားပြတွေ ဖြစ်နိုင်တယ်ဆိုပြီး တယ်လီဖုန်းရလို့ ချက်ချင်း လိုက်ခဲ့ကြတာပဲ။ ကျွန်တော် ရဲအုပ် ဦးတင်ငွေပါ"

"ဟုတ်ကဲ့ ဦးတင်ငွေ၊ ကျွန်တော် မောင်မောင်ဘခက်ပါ။ ဖြစ်ပျက်ပုံကို ပြောရရင်တော့ ဟောဟိုမှာ ကွဲအက်နေတဲ့ နာရီပျက်ကြီးကြောင့်ပဲ ဆိုပါတော့ခင်ဗျာ၊ အဲဒီ နာရီကြီးအတွက်နဲ့ ဇောတိက မိသားစုတစ်ခုလုံးဟာ အချင်းချင်း မုန်းတီးကြ၊ အငေါက်ကြဲကြနဲ့ လောဘဒေါသတွေ ဖက်ခဲ့ကြတယ်။ အခုလဲ သေတဲ့လူသေ၊ နာဘဲ့လူနာနဲ့ မိသားစုတစ်စုလုံး ဒုက္ခရောက်ခဲ့ကြရပါတယ်"

မောင်မောင်ဘခက်သည် ကွဲအက်နေပြီဖြစ်သော နာရီပျက်ကြီးကို ကောက်၍ စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒီ.......ဒီနာရီကြီးက ဇောတိကမိသားစုကို ဒုက္ခ၊ သုက္ခ ရောက်စေခဲ့တယ် ဟုတ်လား"

ရဲအုပ် ဦးတင်ငွေက မယုံနိုင်သလို မေးသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ဇောတိက မိသားစုအပြင် ဇောတိကနဲ့ ပတ်သက်သမျှ လူအတော်များများဟာ ဒုက္ခရောက်ခဲ့ကြရပါတယ်"

"ဘာဖြစ်လို့လဲ၊ ဒီနာရီကြီးက ဘယ်လောက်များ တန်ဖိုး



ရှိနေလို့လဲ ကိုမောင်မောင်ဘခက်"

"လေးဆယ့်ငါးသိန်းလောက်ပါ ဦးတင်ငွေ၊ ဇောတိက သူဌေးကြီး ဦးနော်ဟာ တစ်လုံးကို ငါးသိန်းတန်တဲ့ ပတ္တမြားကြီး ကိုးလုံးကို အဲဒီနာရီထဲမှာ လျှို့ဝှက်စွာ ထည့်ထားခဲ့ပြီး အသည်းပုံ ပတ္တမြားကြီးမှာ ကပ်ပြီးတော့ နံရံမှာ ချိတ်ဆွဲထားခဲ့လို့ပါပဲ ခင်ဗျာ"

မောင်မောင်ဘခက်သည် ဇောတိက မောင်နှမများနှင့် နာရီပုံ အရှုပ်တော်ပုံကို ရဲအုပ်ဦးတင်ငွေအား ရှင်းလင်း ပြောလိုက်သည်။

သို့စကားမူ ပြီးပြည့်စုံပြီဟု မဆိုသာသေး။ သူ မသိသေးသော ဖြစ်ရပ်တွေက ရှိနေသေးသည်။ ရဲအုပ် ဦးတင်ငွေသည် ရစ်ကီ၊ ချိုသက်ရီတို့ကို စစ်မေးသည်။ နောက်ပြီးတော့ ရစ်ကီ၏ ဆရာ ဘသန်းကျော်။

ဘသန်းကျော်သည် ကိုးမီလီမီတာ ဘရောင်နီ ပစ္စတို တစ်လက်ကို တရားမဝင် လိုင်စင်မဲ့ ကိုင်ဆောင်ထား၏။ သည်တစ်ခုနှင့်ပင် လက်ထိပ်စာ မိသွားသည်။

ရဲအုပ် ဦးတင်ငွေသည် 'ဇောတိက' မောင်နှမများနှင့် နာရီပုံအကြောင်းကို အံ့ဩတကြီး ကြားသိရပြီးသည့်နောက် လေးဆယ့်ငါးသိန်းတန် ပတ္တမြားကြီးကိုးလုံး ထည့်သွင်းထားပါသည်ဆိုသော တိုင်ကပ်နာရီကြီးကို ကြည့်၍ ပြောသည်။

"ကဲ.......ဒီလိုဆိုရင် ကျွန်တော်တို့ ဒီနာရီကြီးကို ဖွင့်ကြည့်ရအောင်လား"

"ဟုတ်ကဲ့.......ဖွင့်ပါ၊ ကျွန်တော် သဘောတူပါတယ်"

ရစ်ကီက ပြောသည်။

"ချိုသက်ရီနဲ့ သိမ့်သိမ့်ကရော"

"ချိုသက် သဘောတူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“သိမ့်သိမ့်အနေနဲ့ကတော့ ဒါလောက်ဘောင် ကြိုပ်မွှေ့လှတဲ့ ရတနာတွေကို မက်မောနိုင်တဲ့စိတ် မရှိတော့ပါဘူးရှင်၊ ရှင်တို့သဘောပါပဲ”

ရဲအုပ်ဦးတင်ငွေသည် မှန်ကွဲနေပြီဖြစ်သော နာရီအိမ်ကြီးကို အသည်းပုံတွင် မြှားစိုက်နေသော ကျွန်းသားပြားကြီးမှ ခွာထုတ်လိုက်၏။ ထို့နောက် ဒိုင်ခွက်ကို ခွာလိုက်သည်။ စက်တွေကို ထုတ်လိုက်သည်။

ဝင်းပြောင်နေသော ပတ္တမြားကြီးကိုလုံး မဆိုထားဘိ။ စီဝေ့ ကိုးရေမျှပင် မတွေ့။

သူတို့အားလုံး အံ့သြသွားသည်။

“ဟုတ်ပြီ……. ကျွန်တော် စဉ်းစားမိပြီ”

“ဘာလဲ”

“ဟောဒီ ကျွန်းသားပြားကြီးထဲမှာ ရှိရမယ်”

မောင်မောင်ဘခက်က လက်တစ်ဖက်စာခန့်နှင့် ထု ဒုံး လက်မခန့်ရှိသော အသည်းပုံ ကျွန်းသားပြားကြီးကို ကြည့်၍ ကောက် ဒိဋ္ဌဆိုသည်။

ကျွန်းသားပြားကြီးကို ခွဲလိုက်သည်။ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားသည်နှင့်…….

မတွေ့။

ဘာကိုမှ မတွေ့ပါ၊ ဗလာနတ္ထိ။



အခန်း (၂၁)

‘ဇောတိက’မိသားစု၏ အသုဘမှာ စည်စည်ကားကား မရှိဘဲ ပြီးဆုံးသွားသည်။ ဦးနော၊ ကိုလွန်းအိမ်၊ အဲလစ်၊ ချိုသက်ကြည်တို့၏ ကြွင်းကျန်ရစ်သော ခန္ဓာကိုယ်များကို ကြံတောသုသာန်ရှိ တစ်ခုသော ကုက္ကိုပင်ကြီးအောက်တွင် မြှုပ်နှံလိုက်ကြသည်။

အသုဘပို့သူများထဲတွင် ချိုသက်ကြည်၏ မိခင် မသော်တာ၊ ချိုသက်ရီ၊ ရစ်ကီ၊ သိမ့်သိမ့်၊ ဘခက်နှင့် စိန်စိုးတို့ ပါဝင်ကြသည်။

သူတို့တစ်တွေသည် ‘ဇောတိက’နှင့် အဓိက ပတ်သက်နေကြသူများပင်။ သို့တစေ အိုမင်းရင့်ရော်လှပြီဖြစ်သော အဘိုးကြီးတစ်ယောက်သည် အုတ်ဂူတစ်ခုအကွယ်မှ သူတို့ လူသိုက်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခါးကိုင်းနေပြီဖြစ်၏။ မျက်စိအနံ့မှာ မှုန်မွှားဝေ သီနေပြီ။ သို့တစေ သူ၏ အမူအသွင်မှာ တစ်စုံတစ်ခုသော အကြောင်းအရာအတွက် အလွန်အမင်း ထိခိုက်နာကျည်းနေဟန်ရှိ သည်။

အသုဘ လိုက်လံပို့ဆောင်သူများ ရှင်းလင်းသွားသည့်တိုင် အောင် သူတို့လူသိုက်မှာ ကျန်နေကြပေသေးသည်။ မြေကျင်းများ ကို ကြည့်၍ ငိုနေကြသည်။ အုတ်ဂူတည်ရန် စီစဉ်နေကြသည်။

သိမ့်သိမ့်သည် ဖခင်ရင်းပမာ သူမကို ချစ်ခင်တွယ်တာ သွားခဲ့ရှာသော ဦးနော်အတွက် စိတ်မကောင်းဖြစ်ရသလို ယောဂီ ဝတ်နှင့် တရားအားထုတ်နေရာမှ အကြောင်းကြား၍ လိုက်လာရ သော မသော်တာမှာ ကံဆိုးရှာသော မိသားစုအတွက် တရားရနေ ရှာသည်။ ရစ်ကီနှင့် ချိုသက်ရီတို့မှာ မျက်ရည်တွေတွေကျရင်း အမိုက်ဇာတ်ခင်းခဲ့ကြသော 'ဇာဝတိက'မိသားစုအတွက် နောင်တ ရပြီး ဖြေမဆည်နိုင်ကြ။

သူတို့လူစုထံသို့ ခါးကုန်းကုန်းနှင့် အဘိုးကြီး ရောက်လာ သည်။ ခပ်စောစောကတည်းက သူတို့ကို စောင့်ကြည့်နေသော လူ ကြီးပင်။

"ဟင်....... ဦး....... ဦးတိုင်းကျော်"

စိန်စီပိုးသည် အဘိုးကြီးကို မြင်သည်နှင့် အာမေဋိတ်သံ ထွက်သွားသည်။

"အေး....... ဟုတ်တယ်၊ ငါ တိုင်းကျော်ပဲ"

"ရှင်....... ရှင်....... ဒီကို ဘာလာလုပ်တာလဲ"

"ငါလဲ မောင်နော်ကို နောက်ဆုံးအနေနဲ့ လိုက်ပို့တာပေါ့ စိန်စီပိုး။ ပြီးတော့ နင့်ကိုလဲ ပြောစရာစကားလေးတွေ ရှိနေသေး လို့"



စိန်စီပိုးသည် အဘိုးကြီးကို တွေ့လိုက်ကတည်းက အကြီး အကျယ် မျက်နှာပျက်သွားသည်။

"ရှင် ကျွန်မကို ဘာမှပြောစရာမလိုတော့ပါဘူး ဦးတိုင်း ကျော်၊ ရှင်ပြောမယ့် စကားတွေကိုလဲ ကျွန်မ နားမထောင်နိုင်ဘူး။ ရှင့်မျက်နှာကိုလဲ မကြည့်ချင်ဘူး"

စိန်စီပိုး၏ မျက်နှာမှာ မကြုံဖူးအောင် ဒေါသထွက်နေဟန် ရှိသည်။ အသံကလည်း မာကျောနေသည်။ အားလုံးသည် ဦးတိုင်း ကျော်ဆိုသူအဘိုးကြီးနှင့် စိန်စီပိုးတို့ကို အာရုံစိုက်သွားကြသည်။

"မပြောလို့ မဖြစ်လို့ ငါလာခဲ့တာပဲ စိန်စီပိုး။ ငါလဲ သေ ခါနီးနေပြီ။ ငါ သေသွားတောင်မှ ဒီစကားတွေ ပြောမသွားရရင် ငါ့ အသေဖြောင့်မှာ မဟုတ်လို့ လာခဲ့ရတာပဲ။ အခု သေသွားတဲ့ ဦးနော ဟာ နင့်ယောကျ်ားပဲ စိန်စီပိုး"

"ရှင်....... ဦးနောဟာ ကျွန်မယောကျ်ား ဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ 'ဖလော်ရာ'လို့ခေါ်တဲ့ ဟောဒီ 'သိမ့်သိမ့်'ဆိုတာက နင့်သမီးအရင်း"

"အို....... သိမ့်သိမ့်ဟာ ကျွန်မ သမီးကလေးလား။ ကျွန် မရဲ့ ပျောက်ဆုံးသွားတဲ့ သမီးကလေးဟာ သိမ့်သိမ့်လား"

"ဟုတ်တယ်၊ ဖလော်ရာလို့ခေါ်တဲ့ သိမ့်သိမ့်ဟာ နင်နဲ့ ဦးနောနဲ့ရတဲ့ သမီးအရင်း"

ကျိုးလည်း မပြို။

တော်လည်း မလဲ။

မြေလျှင်လည်း မလှုပ်။

သို့စဉ်လျက် အားလုံးသည် ကျိုးပြိုသကဲ့သို့ လည်းကောင်း၊ တော်လဲသကဲ့သို့လည်းကောင်း၊ မြေလျှင်ကဲ့သို့လည်းကောင်း အံ့ သြခြင်း၊ တုန်လှုပ်ခြင်း၊ မယုံကြည်နိုင်ခြင်းတို့ဖြင့် လျှမ်းလျှမ်းတက်

www.burmeseclassic.com

www.burmeseclassic.com



၍ သွားသည်။ သိမ့်သိမ့် တုန်၍သွားသည်။ လှိုက်လှိုက်လှဲ၍ သွားသည်။

ပထမဆုံး စတင်လှုပ်ရှားလာသူမှာ သိမ့်သိမ့် ဖြစ်သည်။ သူမ၏ နှလုံးသားထဲမှ ဖျစ်ညှစ်ထွက်ပေါ်လာသော အသံက လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာတော့သည်။

"မေမေ"

"သမီး"

"အို...... မေမေရယ်၊ မေမေ့ကို ရှာခဲ့တာ သမီးဘဝ တစ်သက်တာလုံးပါပဲ မေမေရယ်"

"သမီး....... သမီး....... သိမ့်သိမ့်"

နှစ်ဦးသား ဖက်တွယ်မိကြသည်။

'ဇာတိက' မိသားစုသည်လည်းကောင်း၊ 'ဇာတိက' မောင်နှမများသည်လည်းကောင်း သချိုင်းတွင် လာရောက် ဆုံဆည်းကြလေပြီ တကား။



အခန်း (၂၂)

အဲသည်ညက.......

ဟုတ်တယ်....... အဲသည်ညကပေါ့။

မိုးတွေ ရွာနေတယ်၊ လေတွေ တိုက်နေတယ်။ 'ဝါးနက်ချောင်း'တစ်ရွာလုံး မိုးအုံလေအုံအောက်မှာ တိတ်ဆိတ်ငြိမ်သက်လို့ရယ်ပေါ့။ အချိန်က ည ဆယ်နာရီလောက်ပဲ ရှိဦးမယ်။ အဲဒီအချိန်မှာပဲ တံခါးခေါက်သံနဲ့အတူ အပြင်က အော်ခေါ်သံကို ကြားရတယ်။

"စိန်စိပိုး....... စိန်စိပိုး....... တံခါးဖွင့်ပါဦး"

"ဘယ်သူလဲ....... ဘာကိစ္စလဲ"

"ငါပါဟ....... တိုင်းကျော်ပါ"

မိုးသံလေသံတွေ ကြားထဲမှာ ဦးတိုင်းကျော်ရဲ့အသံကို ကြားရတာနဲ့ စေတနာ့ဝန်ထမ်း ဆရာမလေး စိန်စိပိုးဟာ [illegible] တံခါးကို ဖွင့်ပေးလိုက်တယ်။ စိန်စိပိုးဟာ ငယ်ငယ်ကတည်းက ဝမ်းဆွဲဆရာမကြီးတစ်ယောက်နဲ့ အတူနေခဲ့ဖူးလို့ ဗျာမျှတော့ ဆရာမလေးတစ်ယောက် ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးတိုင်းကျော် မိုးထဲလေထဲ ဘာကိစ္စလဲ"

"အရေးကြီးလို့လာခဲ့တာပဲ စိန်စိပိုးရေ၊ အိမ်မှာ မော်တီက လာလည်တဲ့ ဝါတူမလေးတစ်ယောက် မီးဖွားခါနီး ဗိုက်နာနေလို့ဟ"

"ဟုတ်လား။ နေဦး...... နေဦး။ ခဏလေးနော်"

စိန်စိပိုးလည်း ယူစရာရှိတဲ့ပစ္စည်းလေး ဘာလေး ယူပြီး အမေ့ကို ပြောလိုက်ရတယ်။

"အမေ ကျွန်မ လူနာတစ်ယောက် အရေးကြီးလို့ ဦးတိုင်းကျော်ကြီး လာခေါ်နေလို့ လိုက်သွားလိုက်ဦးမယ်နော်"

"ဖြစ်ပါ့မလား သမီးရယ်၊ မိုးချုပ်လှပြီ၊ မိုးတွေလဲ ရွာနေတယ်၊ အမေလိုက်ခဲ့ရမလား"

"မလိုက်ပါနဲ့ အမေ၊ ဦးတိုင်းကျော်တစ်ယောက်လုံး ပါနေသားပဲ၊ အမေလဲ သိပ်နေကောင်းလှတာမှ မဟုတ်တဲ့၊ မိုးမိပြီး ဖျားနေပါဦးမယ်"

"အေး...... အေး။ မောင်တိုင်းကျော်ဆိုရင်တော့ စိတ်ချရပါတယ်"

ဟုတ်တယ်။

ဦးတိုင်းကျော်ဟာ ရွာမှာတော့ အများက လေးစားရလောက်အောင် ရိုးသားတည်ကြည်တယ်။ ယာကလေးတစ်ကွက်လောက်လုပ်ပြီး တစ်ဦးတည်းနေတဲ့သူ ဖြစ်တယ်ပေါ့။ သူ့မှာ လိုင်စင်နဲ့ကိုင်တဲ့ ဗိုင်ပေါင်မောင်းနဲ့ နှစ်လုံးပြူးတစ်လက်ရှိပြီး မြို့ကလာတဲ့ မုဆိုးတွေနဲ့ အပျော်တမ်း တောလိုက်တယ်။ အဲ...... နည်းနည်းပါးပါး သောက်သောက်စားစားတော့ ရှိတယ်"

ဦးတိုင်းကျော်ဟာ မီးအုပ်ဆောင်းကိုကိုင်ပြီး ရှေ့ကသွားတယ်။ စိန်စိပိုးကလည်း ဝါးဖက်ခမောက်ကြီးဆောင်းပြီး သူ့နောက်က လိုက်သွားတယ်။ ဦးတိုင်းကျော်ရဲ့တဲဟာ ရွာအစွန်မှာဆိုတော့



တော့်ကို သွားရတယ်။ တခြားအိမ်တွေနဲ့လည်း အတော်လှမ်းတယ်ပေါ့။

"တစ်တဲလုံးလဲ မှောင်နေပါလား ဦးတိုင်းကျော်"

"အေးဟာ...... လေတိုက်လို့ မီးခွက်ငြိမ်းသွားပြီ ထင်တယ်...... တက်...... တက်"

စိန်စိပိုးဟာ ကဲလားကိုဖွင့်ပြီး တက်လိုက်တယ်။ ဦးတိုင်းကျော်က မီးအုပ်ဆောင်းကို ပြပေးရင်း တက်လိုက်လာပြီး ကဲလားခါးကို ပိတ်လိုက်တယ်။

ဦးတိုင်းကျော်ရဲ့ တဲထဲမှာတော့ သမင်ချိုတွေ၊ ချေငြောင်ချိုတွေ၊ ကျားရေတွေနဲ့ ကြောက်စရာကြီးပေါ့။

"သူ့အမေကလဲ ဒီနေ့ညနေမှ ကိစ္စတစ်ခုရှိလို့ ပြန်သွားတာ၊ ငါ့မလဲ ဒုက္ခပါပဲ"

"လူနာက ဘယ်မလဲ၊ အသံလဲ မကြားပါလား"

"အခန်းထဲမှာ သတိများမေ့နေပြီလား မသိဘူး။ ကဲ...... ငါ ရေနွေးကျိုလိုက်ဦးမယ်"

စိန်စိပိုးလည်း အခန်းထဲ ဝင်လိုက်ရော တစ်တဲလုံး မှောင်သွားတယ်။ စိန်စိပိုးရဲ့အော်သံက မိုးသံလေသံကို ဖောက်ထွင်းမတတ်ကျယ်လောင်လှပေမယ့်......

"အမယ်လေး ကယ်ကြပါဦး။ ရှင် ဘယ်သူလဲ၊ လွှတ်...... လွှတ်...... ကျွန်မကိုလွှတ်၊ ဦးတိုင်းကျော် ကယ်ပါဦး။ ကျွန်မကို ......ကို"

စိန်စိပိုးဟာ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ အကြောက်ကန်ရုန်းကန်ရင်း အသံကုန် အော်ဟစ်ပေမယ့်......

မိုးတွေ ထစ်ချုန်းလာတယ်။ လေပြင်းတွေ ကျလာတယ်။ ......လေသံတွေ ကြားထဲမှာပဲ စိန်စိပိုးရဲ့ အော်ဟစ်သံဟာ တစ်စ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခ တိုးညှင်းသွားပေမယ့်.......

ဦးတိုင်းကျော်ရဲ့တဲဟာ သမင်ချိုတွေ၊ ပြောင်ချိုတွေ၊ ကျား
သစ်ရေတွေနဲ့ ကြောက်စရာကောင်းလှပါတယ်။ သို့ပေမယ့်လည်း
ဒါတွေထက် ကြောက်စရာကောင်းလှတဲ့ အမှောင်ထဲက လူသား
တး ကျားကြီးရဲ့ရင်ခွင်ထဲမှာ စိန်စီပိုးရဲ့ သန့်စင်မှုမြတ်လှတဲ့ အ
စင်ဘဝတစ်ခုကို မြှုပ်နှံလိုက်ရပေမယ့်.......

ကယ်မယ့်သူ မပေါ်လာ။

ဦးတိုင်းကျော်လည်း ပျောက်နေတယ်။

အို....... လောကကြီးတစ်ခုလုံး ပျောက်နေတယ်။

သနားစရာကောင်းလိုက်တဲ့ စိန်စီပိုးရယ်၊ ညည်းဘမှာ
ကယ်မယ့်သူ ဝေးပြီပေါ့။ ဦးတိုင်းကျော်ရဲ့တဲက ပြန်ထွက်လာတော့
တစ်ကိုယ်လုံး ရွှဲနေတယ်။

မိုးရေရော၊ မျက်ရည်ရော၊ ပြီးတော့.......

ဆံပင်ဖားလျားနဲ့ အပျိုသည်မကလေး အိမ်ကိုပြန်ရောက်
သွားပါပြီ။ ဒီတော့ ည ဆယ့်တစ်နာရီ။

"အမေရယ် သမီးတော့ ဘဝဆုံးခဲ့ပြီ"

အမေ့ရင်ခွင်မှာ ငိုတယ်၊ ရှိုက်တယ်။

"ဘယ်သူလဲ၊ ငါ့သမီးကို ဘယ်သူက စော်ကားလိုက်တာ
လဲ"

အမေက မျက်ရည်လည်ရွဲနဲ့ မေးတယ်။ မပြောနိုင်ပါ
မပြောနိုင်ပါ။ အမှောင်ထဲက ကျားရဲ၊ ကျားမိုက်၊ ကျားယုတ်။ ဒါ
သိပါတယ်လေ၊ ဒါပါပဲ။

အသည်းနဲ့ အသက်ထက် အရှက်နဲ့လူလုပ်တဲ့ မုဆိုးမသာ
အမိ၊ တစ်ရွာလုံးက ဖူးဖူးမှုတ်အောင် မေတ္တာထားခံကြရတဲ့ သာ
အမိခများမှာ.......



"ငါ မှားပါတယ် စိန်စီပိုး။ ဒီအမှားအတွက် ငါ့အသက်ကို
ပေးဆပ်ဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ။ ရွာက လူတွေသာ ဒီအကြောင်း
သိသွားမယ်ဆိုရင် ငါ့တစ်ကိုယ်လုံး စိစိညက်ညက် ကျေသွားမယ်
ဆိုတာလဲ ငါသိပါတယ်။ အဲဒီတော့ ရွာလူကြီးတွေကိုပဲ တိုင်တိုင်၊
ကိုပဲ တိုင်တိုင် နင်တို့သားအမိ သဘောအတိုင်းပါပဲ"

နောက်တစ်နေ့ နံနက်စောစောမှာ ဦးတိုင်းကျော်က သည်
ယ် ပြောလာခဲ့တယ်၊ သူ့အမှားကို သတိရှိရှိ ဝန်ခံလာတယ်။ လည်
င်းဒပ်ခဲ့တယ်။

"ကျွန်မတို့ဟာ အသက်နဲ့လူလုပ်တာ မဟုတ်ပါဘူး ဦးတိုင်း
ကျော်၊ အရှက်နဲ့ လူလုပ်တာပါ၊ ကျွန်မတို့ ထိုက်နဲ့ ကျွန်မတို့ကံပဲ
ပါစေ။ ဒီကိစ္စကိုသာ ဘယ်သူ့ကိုမှ အသိမပေးလိုက်ပါနဲ့"

"ဒီလိုနဲ့ ဘယ်ဟုတ်ဦးမလဲ၊ အဲဒီလူဟာလဲ နှယ်နှယ်ရရ
ဟုတ်ပါဘူး။ ရန်ကုန်က ကျိုကျိုတက်အောင် ချမ်းသာတဲ့ သူဌေး
တစ်ယောက်ပါ။ တောပစ်လာရင်း နင့်ကိုမြင်တော့ အရူးအမူး
ပြီး ကြံမိကြံရာ ကြံလိုက်တာပါ။ ငါမှာလဲ သူ့ကျေးဇူးတွေ ဆပ်
မကုန်နိုင်အောင် ရှိနေခဲ့တယ်။ ပြီးတော့ ညဘ အရက်ကလဲ
တော်မူလိုက်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့တာပေါ့ စိန်
ရယ်။ သူက ငါ့ကို အပြောခိုင်းတယ်။ နင်တို့ သားအမိသာ
သဘောတူမယ်ဆိုရင် ရန်ကုန်မှာ တိုက်တစ်လုံး ကားတစ်စင်းနဲ့
ချမ်းသာသာ ထားပါ့မယ်တဲ့။ သူ့နာမည်က သူဌေးကြီး.......

"တော်ပါတော့ ဦးတိုင်းကျော်....... တော်ပါတော့ ကျွန်
မ ထက်မကြားချင်တော့ဘူး"

စိန်စီပိုးက အော်ပြီလိုက်တယ်။

ရင်ထဲ အသည်းထဲကကို နာနာကျည်းကျည်း အော်ငေ့က်

www.burmeseclassic.com

www.burmeseclassic.com



မီတာပါပဲ။ ဘယ့်နှယ်ရှင် ဘဝတစ်ခုလုံးကို တိုက်တစ်လုံး၊ ကား တစ်စီးနဲ့ လဲရမယ်လို့။

"သွားတော့.......အခု ကျွန်မအိမ်က ထွက်သွားစမ်းပါ ဦးတိုင်းကျော်၊ ရှင့်မျက်နှာကိုလဲ တစ်သက် မမြင်ပါရစေနဲ့။ အဲ တစ်ခုတော့ မှာလိုက်ပါရစေရှင်၊ ကျွန်မတို့သားအမိ လူ့လောကမှာ ဆက်ပြီး အသက်ရှင်နေစေချင်ရင်တော့ ဒီအကြောင်းကို ရှင့် ရင်ထဲမှာပဲ ထားပါ၊ ဘယ်သူမှ မသိပါစေနဲ့"

အမေက သည့်နှယ်ပြောတယ်။

အဲသည်နေ့ကစလို့ ဦးတိုင်းကျော် ပျောက်သွားခဲ့တယ်။

ဒါပေမယ့်လို့.......

အမှောင်ထဲက ကျားရဲ့ သခွေသားက စိန်စီပိုးရင်မှာ စိုက်ဝင်လာတယ်။ မိခင်စိတ်ရှိတဲ့ စိန်စီပိုးဟာ ရင်ထဲက သွေးကို မငြိုငြင် ရက်ခဲ့ပါဘူး။ မသတ်ရက်ပါဘူး။

မမြင်ဘူးလိုက်တဲ့ ရင်ထဲက သွေးသားရဲ့ဖခင်ကို မေတ္တာနှင်း ရွာအလယ် တဲတွေးခွက်မှာ ပက်လက်မျောရင်း အရှက်ကွဲခဲ့လိုက်ပါတယ်။

တစ်ရွာလုံး ဖအေမပေါ်တဲ့ ရင်သွေးကို မွေးရဲတဲ့ စိန်စီပိုးတို့ သားအမိကို ကဲ့ရဲ့အပြစ်တင်၊ ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး။

ဒီတွင်ရှိပါတယ်ကွယ်။

အသက်ထက် အရှက်က အရေးကြီးပေမယ့်လို့ အရှက်ထက် အသက်ကို သတ်ရမှာ ပိုပြီး ရှက်လှပါတယ်။

သမီးလေး မွေးတယ်။

လှလိုက်တာ။ တစ်ပါးမှာလည်း အသည်းယုံသရွာနှမ်းအမှတ်ကလေးနဲ့ ချစ်စရာကောင်းလိုက်ပါဘိ။



သို့ပေမယ့်လို့.......

မီးတွင်းထဲမှာပဲ ရွာကို ဓားပြတွေ ဝင်တိုက်တယ်။ စိန်စီပိုးရဲ့ သမီးကလေးကို ငွေငါးထောင်နဲ့ ရွေးရမယ်ဆိုပြီး ရင်ခွင်ထဲက ဆွဲလုသွားကြတယ်။ အဲသည်တုန်းက ရွေးစရာလည်း ငွေမရှိ၊ ပေးစရာ ရွေမရှိ။ စိန်စီပိုး ရင်ကွဲခဲ့ရတယ်ပေါ့။

"အဲဒီကတည်းက သမီးလေး ပျောက်သွားတာ အခုအထိပေါ့ကွယ်။ အဲဒီကတည်းက နှစ်ပေါင်းမြောက်မြားစွာ ကွဲကွာသွားခဲ့တာပေါ့"

ဟုတ်ပါသည်။ သယ့်ကိုးနှစ်တိတိ ကြာမြင့်ခဲ့ပြီပဲ။

'စိမ်းရိပ်ငြိမ်' တွင် ဇာတ်မြုပ်၍ နေခဲ့သော စိန်စီပိုး၏ ဘဝကား ရင်နာစရာ ကောင်းလိုက်ပါဘိ။

စိန်စီပိုး၏စကားအဆုံးတွင် သူတို့၏ ဘဝဇာတ်ခုံ၌ အစမှ အဆုံးတိုင် ပါဝင်ခဲ့သော ဦးတိုင်းကျော်က ဆက်ပြောသည်။

"ဟုတ်တယ်၊ ဦးနော့ဟာ စိန်စီပိုးတို့သားအမိကို အိမ်တစ်ဆောင် မီးတစ်ပြောင်ထားဖို့ ကြိုးစားခဲ့ပေမယ့် စိန်စီပိုးက လက်မခံခဲ့ဘူး။ သူ့သမီးကလေး မွေးလာတော့ ကျုပ်ကိုပဲ ဓားပြယောင်ဆောင်ခိုင်းပြီး သူ့သမီးကလေးကို ပြန်ယူခိုင်းတယ်။ ပြီးတော့ ခရစ်ယာန်သီလရှင်မကြီး 'မာသာဇလော်ရင်း'ရဲ့ မိတမဲ့ကျောင်းမှာ ကောင်းကောင်းမွန်မွန်ပဲ အပ်ထားခဲ့ပါတယ်။ အဲ.......ဖလော်ရာ အသက် သယ့်ကိုးနှစ်ပြည့်တဲ့အခါမှာ 'ဇောထိက'ကို သူနာပြုဆရာမလေး အဖြစ် ပြန်ခေါ်ခဲ့တာပါပဲ။ ဒါတွေကို ကျုပ်သာ ပြန်မပြောရင် သေသည်အထိ သိကြမှာ မဟုတ်ဘူး။ အခုတော့ အားလုံးကို ပြောပြလိုက်ရလို့ ကျုပ်ရင်ထဲမှာ ပေါ့သွားပါပြီ။ သေပျော်ပါပြီ"

ယခုတော့ မိုးတစ်ညတွင် စိန်စီပိုး၏ အပျိုဝင်ကိုကို ဖျက်စီးခဲ့သူကား 'ဦးနော့'မှန်း သိသွားကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ သိမ့်သိမ့်သည် ဖောတိက အနွယ်ဝင်တစ်ယောက်၊ ဖောတိက၏ မြေးသားတစ်ယောက်။

ဆက်ပြောရဦးမယ်ဆိုရင်တော့....... အခု စိန်စီဝိုးတို့နေတဲ့ 'စိမ်းရိပ်ငြိမ်' ခြံကြီးဟာ ဦးနောဝိုင်တဲ့ ခြံကြီးပါပဲ။ ဦးနောဟာ ဒီခြံကြီးကို စိန်စီဝိုးတို့သားအမိ ပိုင်အောင် နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့တာပါပဲ"

"ဟုတ်တယ် ဦးတိုင်းကျော်....... ကျွန်မသမီးလေး တစ်ပြလက်မှာ ပါသွားပြီးတဲ့နောက် ရွာမှာ မနေချင်လောက်အောင် စိတ်ပျက်နေတုန်းမှာ အဒေါ်ကြီးတစ်ယောက် ရွာကို ရောက်လာပြီး ကျွန်မတို့သားအမိကို ခြံစောင့်အဖြစ် တစ်လကို တစ်ရာ့ငါးဆယ်ပေးပြီး ငှားခဲ့တယ်။ အဲ....... 'စိမ်းရိပ်ငြိမ်' ကိုရောက်ပြီး ခြောက်လလောက်အကြာမှာ အဲဒီအဒေါ်ကြီးဆုံးပြီ။ ဒီ'စိမ်းရိပ်ငြိမ်'ခြံကြီးကိုလဲ ကျွန်မတို့သားအမိကို စာချုပ်စာတမ်းနဲ့ လွှဲပေးခဲ့တယ်ဆိုပြီး ရှေ့နေတစ်ယောက်က လာပြောတယ်၊ ခြံကိုလွှဲပေးခဲ့တဲ့ စာချုပ်စာတမ်းတွေကိုလဲ ပေးသွားခဲ့ပါတယ်"

စိန်စီပိုးသည် ဘဝတစ်ခုလုံး အဆုံးခံလိုက်ရသော်လည်း ဦးနော၏ စေတနာကိုကား လေးစားမိသွားသည်။ သူမထံသို့ ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာသော သမီးကလေး သိမ့်သိမ့်နှင့် သူမ၏ ဘဝရေစက်ကိုလည်း အံ့ဩရသည်။

သို့တစေ

ဖောတိကမိသားစု ပြန်လည်ဆုံတွေ့ရပုံမှာ ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါသည်။ ထို့ပြင် –

ပျောက်ဆုံးနေသော ပတ္တမြားကြီးကိုးလုံး။



အခန်း (၂၃)

'စိမ်းရိပ်ငြိမ်'

အားလုံး အားလုံးသော အဖြစ်အပျက်တွေ ပြီးဆုံးခဲ့ပြီးသည့်နောက် 'စိမ်းရိပ်ငြိမ်' သည် သိမ့်သိမ့်၏ ဘဝလေးတစ်ခု ဖြစ်လာပါသည်။ မုန်တိုင်းစဲသောအခါ သာယာလာ၏၊ ချမ်းမြေ့လာ၏၊ သည့်လိုဘဝကလေးကို တစ်ဆယ့်ကိုးနှစ်တိတိ အိပ်မက်မက်ခဲ့ရလေသည် မဟုတ်ပါလား။ တကယ်ဆိုတော့လည်း 'စိမ်းရိပ်ငြိမ်' သည် သိမ့်သိမ့်၏ ဖခင်အရင်းက ပေးခဲ့သော အမွေအနှစ်။

သည်မြေသည်ဒေသတွင် မိခင်အရင်းနှင့် အတူနေသော သိမ့်သိမ့်ဘဝက ချမ်းမြေ့လိုက်ပါဘိ။ အနေကြာလာသည်နှင့် စိတ်ကပို၍ ချမ်းသာလာသည်။

"သမီးလေး သိမ့်သိမ့်"

"မေမေ"

"သမီးလေး ဖောတိကကို မပြန်ချင်ဘူးလားကွယ်"

"ဟင့်အင်း သိမ့်သိမ့် တိုက်ကြီးကားကြီးတွေနဲ့ နေရတာထက် မေမေနဲ့ အတူနေရတာ ပိုပြီး မက်မောပါတယ် မေမေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဇာတိကကို သမီးလေး မေ့လိုက်ပြီ၊ မမချိုသက်ရှိတို့တစ်တွေပဲ နေကြပါစေတော့၊ သိမ့်သိမ့်လေ အစ်ကိုမောင်တို့တစ်တွေနဲ့ မြို့သဲမှာ လုပ်ရကိုင်ရတာ သိမ့်သိမ့်သိပ်ပျော်တာပဲ မေမေရယ်"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ အင်း......သမီး အိမ်ကြီးကို စပြီးရောက်လာကတည်းက သမီးအရင်းလေးလို ချစ်ခဲ့ရတယ် သွေးက စကားပြောတာ ထင်ပါရဲ့ ဪ......ဒါနဲ့ သမီးတင်ပါးက အမှတ်ကြီးကော ရှိသေးရဲ့လား"

"ရှိတာပေါ့ မေမေရယ်၊ ဒီမှာကြည့်ပါလား"

"အင်း ဟုတ်ပါရဲ့ကွယ်၊ ငယ်ငယ်တုန်းက အတိုင်းပါပဲလား"

အခန်းထဲသို့ မောင်မောင် ဝင်လာသည်။

"ဟာ အစ်ကိုမောင်ကလဲ အသံမပေး ဘာမပေးနဲ့"

"ဘာလဲ အသည်းပုံအမှတ်ကို ပြနေတာလား"

သိမ့်သိမ့်က ထဘီကို ကမန်းကတန်း ပြန်ဝတ်လိုက်သည်။

"သွား......မပြောနဲ့၊ သိမ့်သိမ့် စိတ်ကောက်ပစ်လိုက်မှာ သိလား"

"အင်း......မင်းနမကတော့ အခုမှ ကလေး ပြန်ဖြစ်နေပြီ အမောင်ရေ"

"ဟုတ်တာပေါ့ စိန်စိုး၊ သူ့ခမျာ ဆယ့်ကိုးနှစ်လုံးလုံး မိဘမဲ့ ဖမဲ့ နေခဲ့ရရှာတာ မဟုတ်လား"

"တော်ပါတော့ အစ်ကိုမောင်ရယ်......၊ အဟောင်းတွေ အသစ်ဖြစ်အောင် ထပ်ပြောမနေပါနဲ့တော့၊ သိမ့်သိမ့် အားလုံး မေ့ပစ်လိုက်ပြီ"

"ကောင်းပါပြီဗျာ...... နောက် ဘယ်တော့မှ မပြောတော့ပါဘူး။ ဪ......ဒါနဲ့ စိန်စိုးရေ မောင် ဒီနေ့ လှော်ကားသွားလိုက်ဦးမယ်၊ စိတ်ပြေလက်ပျောက် ငါးမျှားမလို့"



"သိမ့်သိမ့်လဲ လိုက်မယ်"

"မခေါ်ဘူး"

"ဟင့်အင်း လိုက်မှာပဲ မေမေ သိမ့်သိမ့် လိုက်သွားမယ်နော်"

"အမောင်...... ခေါ်ရင်လိုက်ပေါ့"

မောင်မောင်သည် Glass Fiber ငါးမျှားတံကို ထုတ်၍ ဆိုင်ကယ်နှင့် ထွက်ခဲ့သည်။

"အစ်ကိုမောင်...... နေဦး......နေဦး"

သိမ့်သိမ့်က ဂျင်းဘောင်းဘီကလေးကို ဝတ်၍ ဆိုင်ကယ် နောက်မှ ပြေးလိုက်လာသည်။ မောင်မောင်က ရပ်၍ စောင့်နေသည်။ သိမ့်သိမ့်က ဆိုင်ကယ်နောက်ကို တက်ခွသည်။ အတင်း တက်ထိုင်သည်။ သူ့ခါးကို ကိုင်ထားသည်။

ဘ စိုးအောင်၊ မြောက်ပု၊ ဗိုးသွား၊ သံကျော်နှင့် မိပဲ ဘုတ်ခုံ တို့လူစုက ဆိုင်ကယ်ကို ဝိုင်းထားသည်။

"ဘာလဲဟေ့...... ငါးဝယ်သွားမလို့လား"

"ဟာဗျာ......ဘ,စိုးအောင်ကလဲ ပါးစပ်ပုပ်ကြီးနဲ့ ငါးကြင်း သွားမျှားမလို့ဗျ"

"သိမ့်သိမ့်ရေ......တစ်ပိဿာ ဘယ်လောက်ဈေးလဲဆိုတာ တို့ကို ပြန်ပြောပြနော် "

သူတို့ ဝိုင်းရယ်ကြသည်။ ရယ်သံများမဆုံးမီ ဆိုင်ကယ် ကလေးက ထွက်သွားသည်။ အကွေ့အကောက် အတက်အဆင်း များလှသော လှော်ကားလမ်းတွင် ပြေးနေသည်။

လှော်ကားကန်သို့ ရောက်ကြ၏။ ကန်ရေစပ် ကုက္ကိုပင်ခြေ တွင် ထိုင်မိကြသည်။ ကန်ရေက မြသားလိုကြည်နေသည်။ ထို့အတူ သိမ့်သိမ့်ရင်ထဲမှာ ကြည်နေသည်။ မောင်မောင့်စိတ်ထဲမှာလဲ ရွှင်နေ သည်။ သူသည် ငါးကြင်းချိတ်ကလေးနှစ်ခုတွင် အစာတပ်၍ ငါး

www.burmeseclassic.com

www.burmeseclassic.com



မျှားတံကိုလွှဲပြီး အဝေးသို့ ပစ်လိုက်သည်။

သိမ့်သိမ့်က သူ့ဘေးတွင်ထိုင်ရင်း အတွေးနယ်ချဲ့တော့သည်။ အစ်ကိုမောင်အကြောင်း။ မေမေအကြောင်း။ သူမအကြောင်း။

အစ်ကိုမောင်သည် မေမေစိန်စိပိုးနှင့် ဘယ်လို ပတ်သက်နေပါလိမ့်၊ မမေသည် အစ်ကိုမောင့်ကို သားလေးလိုတစ်မျိုး၊ မောင်လေးလိုတသွယ် ချစ်သည်၊ ခင်သည်၊ တွယ်တာသည်။ အစ်ကိုမောင်သာလျှင် 'စိမ်းရိပ်ငြိမ်'တွင် ဦးဆောင်နေသည်။ ယခုနေသည့် တိုက်ကလေးပင်လျှင် အစ်ကိုမောင် ဆောက်ခဲ့သည်ဟု သိမ့်သိမ့် သိထားရသည်။

"အစ်ကိုမောင်က မန္တလေးက သူဌေးသား။ စိုက်ပျိုးရေးဘွဲ့ရပြီးသားဆို"

သိမ့်သိမ့်၏ မမျှော်လင့်သောမေးခွန်းကြောင့် မောင်မောင်ဘခက်ပင်လျှင် အံ့သြသွားသည်။

"သိမ့်သိမ့်ကို ဘယ်သူပြောသလဲ၊ အဲဒါညာတာ အစ်ကိုမောင်ဟာ ဆင်းရဲသားပါ"

"အလကား အပိုတွေပြောမနေနဲ့၊ သိမ့်သိမ့်အားလုံးကို သိပြီးပြီ၊ စိန်စိပိုးနဲ့ ဘစိုးအောင်တို့၊ မိပဲတို့၊ ဘုတ်ဆုံတို့ဆီက သိမ့်သိမ့်အားလုံး ကြားပြီးသား သိလား"

"ကဲ...... သိမ့်သိမ့်က အစ်ကိုမောင့်အကြောင်း ဘာတွေများ သိထားသလဲဆိုတာ ပြောစမ်းပါဦး"

"အစ်ကိုမောင်ဟာ မော်တော်ဆိုင်ကယ်တစ်စင်းနဲ့ 'စိမ်းရိပ်ငြိမ်'ခြံဝမှာ ရောက်လာတာတဲ့။ ခြံဝမှာ ဆိုင်ကယ်ပျက်ပြီး မေမေတို့ဆီမှာ ရေဝင်သောက်ရင်း အသိအကျွမ်းဖြစ် ခင်မင်သွားပြီး ဒီခြံကြီးမှာပဲ အခြေစိုက်နေခဲ့တာတဲ့။ ဟုတ်တယ်မို့လား အစ်ကိုမောင်"

မောင်မောင်သည် မသိမသာ သက်ပြင်းချ၏။ ဒါကို သိမ့်သိမ့် သိလိုက်သည်။



"အစ်ကိုမောင်...... အတိတ်ကို မေ့ထားလိုက်တယ် သိမ့်သိမ့်၊ သိမ့်သိမ့်လို ခေါင်းမှာ ဒဏ်ရာရပြီး မေ့တဲ့ 'အမိနီးစီးယား' ရောဂါမျိုးလိုပေါ့။ ဒါပေမယ့် အစ်ကိုမောင်က အတိတ်ကို တမင်မေ့ပစ်လိုက်တာ"

"ဘာဖြစ်လို့ မေ့လိုက်တာလဲ အစ်ကိုမောင်ရယ်၊ အစ်ကိုမောင့်အတိတ်က ဘာတွေဖြစ်ခဲ့လို့လဲ"

"လူသတ်မှု"

"ဘာ"

"လူသတ်မှုပေါ့ သိမ့်သိမ့်၊ အစ်ကိုမောင် လက်ထပ်တဲ့ညမှာ လူသတ်မှုဖြစ်တယ်"

သိမ့်သိမ့်အသည်းထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ လက်ထပ်တဲ့ညတဲ့၊ ဒီစကားကြားရတာနှင့် ရင်ထဲမှာ ခံစားလိုက်ရသည့် အဖြစ်ကြောင့် သိမ့်သိမ့်သည် မိမိကိုယ်မိမိ အံ့သြမိလိုက်သည်။ ပြီးတော့ လူသတ်မှုတဲ့...... လူသတ်မှု...... လူသတ်မှု။

သိမ့်သိမ့် ငိုချင်သွားသည်။ မျက်ရည်တွေ ဝေ့လာသည်။ အစ်ကိုမောင်သည် 'စိမ်းရိပ်ငြိမ်'သို့မရောက်မီ ဘာတွေဖြစ်ခဲ့လေသနည်း။

"ဒါဖြင့် အစ်ကိုမောင့်မှာ မိန်းမရှိတယ်ပေါ့"

"မူးလို့တောင် ရှူစရာမရှိဘူး။ တကယ်ပြောတာ"

"အဲဒီအကြောင်းတွေကို မေမေသိသလား အစ်ကိုမောင်"

"အင်း...... သိသင့်သလောက်တော့ သိပါတယ် သိမ့်သိမ့် ...... အားလုံးကိုတော့ မဟုတ်ဘူးပေါ့ကွယ်"

မောင်မောင့်မျက်နှာတွင် အတိတ်၏ခြေရာလက်ရာများ ရှုန်းထင်းလာသည်။ စိတ်ကူးနယ်က ကျယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမောင်နဲ့ လက်ထပ်တာ ဘယ်သူယဲဟင်"

သိမ့်သိမ့်အသံက မသိမသာ တုန်ယင်နေသည်။

"မေဘယ်......."

"အစ်ကိုမောင်က မေဘယ်ကို သတ်လိုက်တာလား"

"မဟုတ်ဘူး"

"ဒါဖြင့် အစ်ကိုမောင်က ဒီကို ဘာဖြစ်လို့ ထွက်ပြေးလာတာလဲ"

ချေပြင်ပေါ်တွင် တစ်ဝက်ပေါ်နေသော ဒေါင်းတောင်မော့ကလေးမှာ စုပ်ခနဲ မြုပ်သွားသည်။ မောင်မောင်က ငါးမျှားတံကို ဆွဲတင်လိုက်၏။ မမိ။ နောက်ကျသွားသည်။

"သိမ့်သိမ့် စကားများနေတာနဲ့ ငါးလွတ်သွားပြီ"

"ဆောရီး အစ်ကိုမောင်....... ဆောရီး"

သည်စကားကို သည်မှာတင် ဖြတ်တော့မှ ဖြစ်တော့မည်။ သို့မဟုတ်လျှင် မိုးမဆုံးမြေမဆုံး စကားကြော ရှည်နေဦးမည်။ မောင်မောင်က ခပ်တည်တည်ပြောသည်။

"ဆောရီးလုပ်မနေနဲ့၊ ဒီတစ်ခါ ထပ်စကားများရင် ဖက်နမ်းပစ်လိုက်မှာ"

"အို....... အစ်ကိုမောင်"

သိမ့်သိမ့်ရင်တွင် လှုပ်ခတ်သွားသည်။ သူ့ကျောကိုလည်း ထုလိုက်သည်။

"မေမေနဲ့ တိုင်မှာပေါ့"

"တကယ်တိုင်မှာလား"

"အင်း ပေါ့......."

"ကဲ....... ဘယ်လိုတိုင်မှာလဲ"

"ဟိုလေ..... ဟို.... အစ်ကိုမောင်က သိမ့်သိမ့်ကိုလေ....ဟို"



"ကဲ......." သိမ့်သိမ့်ပါးကလေး ရဲသွားသည်။ သူက ရွှတ်ခနဲ မွှေးလိုက်လို့ပေါ့။

"အစ်ကိုမောင်နော်....... မောင်နမချွင်း"

"ဘာမောင်နမလဲ....... ဘာလဲလားမောင်နမလား"

"ကြည့်....... ပြောလေကဲလေကွယ်၊ ဟင်း....... စိတ်ညစ်တယ်၊ သိလား။ မန္တလေးက သူ့အကြောင်းတွေ မပြောချင်တိုင်း စကားတွေ လွှဲပစ်နေတာ၊ သိပ်သိတာပေါ့"

"ဘာသိတာလဲ....ချစ်တာလား။ အစ်ကိုမောင့်ကို ချစ်လို့လား"

"ချစ်ပါလိမ့်မယ် အားကြီး"

"ကဲ....... မချစ်ဦး"

"အို....... အမေ့"

သည်တစ်ခါတော့ သိမ့်သိမ့်တစ်ကိုယ်လုံး သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ရောက်သွားသည်။ အဲသည်တော့ အသည်းနှလုံးတွေ ပါသွားသလို သိမ့်သိမ့် ခံစားလိုက်ရသည်။ တစ်မိနစ်ဆိုသည့် အချိန်ပိုင်းကလေးကို တစ်နှစ်လို့ သိမ့်သိမ့် ထင်လိုက်သည်။ တစ်နှစ်စာလောက် ရင်တွေ လှိုက်မောသွားရပါသည်။

ကြည့်....... သည်လက်တွေက သူ့ကို ဘာလို့များ မတွန်းဖယ်မိပါလိမ့်၊ မထုရိုက်မိပါလိမ့်၊ ဖက်တွယ်မိပါလိမ့်။

ကွာသွားတော့လည်း ဟာ...သွားတာပေါ့၊ မောသွားတာပေါ့။

"ဟင်း" သက်ပြင်းချလိုက်ရပေါ့ မိသိမ့်သိမ့်ကလေးရယ်။

"ကဲ....... တိုင်ဦးမလား။ စောစောကတော့ စိန်စိုးကို ဘယ်လိုတိုင်ရမှန်း မသိဘူး မဟုတ်လား"

"သွား"

သည်တစ်ခါတော့ သိပ်လှတဲ့ မျက်စောင်းကလေးနဲ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ထိုးမိရက်သား။ တကယ်ဆိုတော့ပြားလည်း မောင်မောင်သည် သိမ့်သိမ့်ကို မြင်မြင်ချင်း ရင်ထဲက သနားခဲ့ရသည်။ ချစ်ခဲ့ရသည်။ သိမ့်သိမ့်အတွက် ရှုန်းကန်လှုပ်ရှားခဲ့ရသည် မဟုတ်ပါလား။ အခုတော့ မောင်မောင့်မေတ္တာ အသိန်းအသန်းက မိုးဆမ်းပန်းလို ငွားစွင့်ပွင့်အာလာရပါပြီ။ သိမ့်သိမ့်၏ ပန်းမေတ္တာပန်းလည်း ပွင့်အာငွားစွင့်ရလေပြီ မဟုတ်ပါလားကွယ်။ ချစ်တယ်ကွယ်။ အစ်ကိုမောင့်ကို ချစ်နေပါရောလား။

အပြန်ခရီးတွင် မောင်မောင်က ရှေ့ကစီးသည်။ သိမ့်သိမ့်က သူ့ခါးကိုဖက်လို့ နောက်ကမှီရင်း လိုက်လာသည်။ မောင်မောင်သည် ချိုသက်ကြည်ကို သတိရလာသည်။ ချိုသက်ကြည်၏ မေတ္တာက ပူလောင်သည့် တဏှာ။ အေးမြသည့် မေတ္တာကရုဏာက သိမ့်သိမ့်။

"မှတ်မိသေးလား သိမ့်သိမ့်"

"ဘာကိုလဲ အစ်ကိုမောင်"

"သိမ့်သိမ့် ဖောတိက,က ပြေးလာတဲ့ညက ဒီလိုပဲ ဆိုင်ကယ်နောက်က ထိုင်လိုက်လာတာလေ"

"မှတ်မိတာပေါ့ အစ်ကိုမောင်ရယ်၊ သိပ်ကို ဆန်းကြယ်တာပဲနော်။ အဲဒီတုန်းက အစ်ကိုမောင်ဟာ သိမ့်သိမ့်ကို သိမ့်သိမ့်ရဲ့ မအေအရင်းဆီကို ခေါ်သွားမှန်းသာသိခဲ့ရင် ဘယ်လောက် ကောင်းမလဲ"

"ဟုတ်တာပေါ့ သိမ့်သိမ့်၊ တစ်ခါတစ်လေကျတော့ တကယ့်အဖြစ်အပျက်တွေဟာ ဝတ္ထုထဲက စိတ်ကူးယဉ် ဇာတ်လမ်းထက် ဆန်းကြယ်တယ် သိမ့်သိမ့်၊ သိမ့်သိမ့်အဖြစ်ကို ဝတ္ထုတစ်ပုဒ်လောက် ရေးဖို့ကောင်းတယ်"

"ဪ...... ဒါနဲ့ အစ်ကိုမောင် ဒက်ဒီ ဖွက်သွားတယ်ဆို



တဲ့ ပတ္တမြားကြီးကိုလုံးဟာ တစ်နေရာရာမှာ တကယ်ပဲ ရှိနေတယ်လို့ သိမ့်သိမ့်စိတ်ထဲမှာ စွဲနေတယ်"

"အစ်ကိုမောင်လဲ သိမ့်သိမ့်လိုပါပဲကွယ်။ သိမ့်သိမ့်ရဲ့ဒက်ဒီဟာ ဒီရတနာတွေ တကယ်မရှိဘဲနဲ့တော့ ရတနာမြေပုံကို ဆွဲပြီး ဖောတိက မောင်နှမတွေကို ပေးခဲ့မှာ မဟုတ်ဘူး။ တစ်နေရာရာမှာတော့ အတိအကျ ရှိနေဦးမှာပဲ။ ဒါပေမယ့် သူဆွဲခဲ့တဲ့ အသည်းမြေပုံဟာ ဒီနေ့အထိတော့ ရှာလို့မှ မတွေ့ခဲ့တာပဲ သိမ့်သိမ့်"

မောင်မောင်သည် ဆိုင်ကယ်ကို ဖြီးလိုမ့်ရုံသာ စီးခဲ့သည်။ ညနေ၏ လေပြေသည် ဖူးသစ်စ ချစ်သူနှစ်ယောက်ကို ပွတ်သပ်ကျီစယ်နေသည်။ နေဝန်းနီသည် ကန်ရေထဲသို့ ငုပ်စပြုနေ၏။

ထောက်ကြန့်လမ်းဆုံရောက်တော့ ဈေးဘက်ကို ကွေ့လိုက်သည်။ ထောက်ကြန့်ဈေးရှေ့တွင် ရပ်လိုက်သည်။

"ဘယ်သွားဦးမလို့လဲ အစ်ကိုမောင်"

"ဈေး"

မောင်မောင်သည် ထောက်ကြန့်ဈေးတွင် ငါးကြင်းနှစ်ကောင် ဝင်ဝယ်သည်။ ပြီးတော့ ခပ်တည်တည်နှင့် ဆိုင်ကယ်လက်ကိုင်တွင်ချိတ်၍ 'စိမ်းရိပ်ငြိမ်'သို့ ပြန်ခဲ့ကြသည်။

ဆိုင်ကယ်သံကြောင့် ဘစိုးအောင်နှင့် စိန်စိပိုးတို့သည် တိုက်ပုကလေးထဲက ထွက်လာကြ၏။

"အမယ်...... အမောင်က ဘယ်ဆီးလို့လဲ၊ ငါးတွေဘာတွေ ရလို့ပါလားဟဲ့"

စိန်စိပိုးက ပြုံးရွှင်ကြည်သာလာကြသော မောင်မောင်နှင့် သိမ့်သိမ့်ကိုကြည့်ရင်း ဝမ်းသာအားရ ပြောသည်။

"တစ်ပီသာ ဘယ်လောက်တဲ့လဲ သိမ့်သိမ့်"

ဘစိုးအောင်က မေးသည်၊ သိမ့်သိမ့်က ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘစိုးအောင်က သိပ်အထင်သေးတာကိုးဗျ၊ ဒါတောင် တစ်ကောင်လွတ်သွားလို့ ကဲ....... ဘစိုးအောင်၊ ဒီငါးကြင်းတစ် ကောင်ကို စပယ်ရှယ်သာ ချက်ပေတော့၊ ဒီနေ့ အထိမ်းအမှတ်ပွဲ တစ်ခု လုပ်စရာရှိတယ်"

"ဘာ အထိမ်းအမှတ်ပွဲလဲ အမောင်ရဲ့"

"မောင်နဲ့သိမ့်သိမ့် သမီးရည်းစားဖြစ်လာတဲ့ အထိမ်းအမှတ် ပွဲပါ စိန်စီပိုး"

"အို" "ဟင်"

"အစ်ကိုမောင်နော် မေမေ့ကို ဘာတွေလျှောက်ပြောနေ တာလဲ"

"သိမ့်သိမ့်ပဲ အိမ်ကျရင် တိုင်မယ်ဆို၊ ဒါကြောင့် အစ်ကို မောင်က ဦးအောင် ပြောထားရတာ"

"သွား"

သိမ့်သိမ့်က သူ့ကျောပြင်ကို တအားထုသည်။ ဘစိုးအောင် က တဟားဟား ရယ်သည်။

"မောင်ရယ်....... ငါအမေတစ်ယောက်လုံးရှေ့မှာ နင်မို့ လို့ ပြောထွက်ပလေတယ်ဟယ်"

"စိန်စီပိုးကလဲဗျာ၊ မောင် ရှင်းရှင်းပြောတတ်တယ်ဆိုတာ သိရက်သားနဲ့၊ နောင်လဲ သိရမယ့်အတူတူ အခုကတည်းက ကြေညာ လိုက်တော့ ပိုကောင်းတာပေါ့"

စိန်စီပိုးသည် ရှက်သွေးဖြာနေသော သမီးချောလေးသိမ့် သိမ့်ကိုကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

သိမ့်သိမ့်မျက်နှာလေး မထားတတ်တော့။ တိုက်ကလေး ထဲကို ဝင်ပြေးပြီး ခေါင်းအုံးကြီးကို တအားဖက်ထားလိုက်တာပေါ့။



## အခန်း (၂၄)

အိပ်မက်ဆိုးကြောင့် နိုးခဲ့ရ၏။ သိမ့်သိမ့်သည် တစ်ကိုယ် ...း ချွေးတွေစို့နေသည်။ အသက်ရှူကျပ်နေသည်။ မောဟိုက်တုန် ...င်နေသည်။ အိပ်မက် ဟုတ်တယ်။ အိပ်မက်ထဲမှာ 'မေဘယ်'က သိမ့်သိမ့်ကို သတ်မလို့ပေါ့။ အစကတော့ သူရယ်၊ အစ်ကိုမောင် ...ယ်၊ ချစ်နှန်းရိပ်သာလေးတစ်ခုဝယ် ရွှေလက်တွဲရင်း ရင်သိမ့်တုန် ...ယ် ချစ်စကားလေးတွေ ပြောဖြစ်ကြသည်။ ချစ်တေးကလေးတွေ ...ဖြစ်ကြသည်။

ထိုစဉ်တွင် အစ်ကိုမောင်က သူ့ကို ပြောသည်။

"သိမ့်သိမ့်ရေ အစ်ကိုမောင်လေ ရတနာမြေပုံထဲက ...တွေ ...ကြီးကိုလုံး မြုပ်ထားတဲ့နေရာကို သိပြီ။ အစ်ကိုမောင် သွား ...ခဲ့မယ်။ သိမ့်သိမ့် ဒီက စောင့်နေခဲ့"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်က သည့်နယ်ပြောပြီး သိမ့်သိမ့်ကို ချစ်နှန်းရှိပ်သာ၏ တံခါးဝတွင် ထားရစ်ခဲ့ပြီး ထွက်ခွာသွားသည်။ သိမ့်သိမ့်သည် အစ်ကိုမောင်ကို အားငယ်စွာ စောင့်ဆိုင်းနေစဉ်မှာပင် နောက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်၏။

"အမယ်လေး"

သိမ့်သိမ့် လန့်အော်လိုက်သည်။ ဆံပင်ဖားလျား၊ ထဘီ ရင်လျားနှင့် မိန်းမတစ်ယောက်။ သူမမျက်နှာတွင် 'သွေးတွေ စီးကျ နေသည်။ လက်ထဲတွင် သွေးစွန်းနေသော ဓားတစ်လက်ကို ကိုင် ထားသည်။

"ရှင်....... ရှင်....... ဘယ်သူလဲ"

"မေဘယ်လေ၊ ညည်းကို သတ်မလို့"

"ကျွန်မကို သတ်မလို့ ဟုတ်လား။ မ......မသတ်ပါနဲ့ရှင်"

"ဟား...... ဟား....... ဟား....... လင်ခိုးမက အခု ကြောက်နေရသေးသလား၊ မောင်မောင်ဟာ ငါ့လင်အေ့၊ ငါ့လင် ကို ခိုးတဲ့ကောင်မတော့ သေပေတော့"

သိမ့်သိမ့်ထွက်ပြေးသည်။ မေဘယ်က နောက်က လိုက် လာ၏။ ကြာတော့ သိမ့်သိမ့်ရင်တွေ ပေါက်ကွဲထွက်မတတ် မော ဟိုက်နာကျင်လာသည်။

"အစ်ကိုမောင်....... အစ်ကိုမောင်၊ ကယ်ပါဦး။ သိမ့်သိမ့် ကို ကယ်ပါဦး"

ထိုစဉ်ခိုက်မှာပင် သိမ့်သိမ့်တစ်ယောက် လန့်နိုးလာသည်။ သည်တော့မှ အိပ်မက်မက်နေသည်ကို သိမ့်သိမ့် သတိရမိ၏။ ညှို ရာတွင် အကယ်စင်စစ် ဖြစ်နေရသကဲ့သို့ သိမ့်သိမ့်ရင်မှာ လှိုက်လှိုက် မောဟိုက်နေခဲ့၏။ မေဘယ်....... မေဘယ်၊ မေဘယ်နဲ့ အစ်ကိုမောင် လက်ထပ်ခဲ့ကြသတဲ့။ အဲဒီညမှာပဲ လူသတ်မှုဖြစ်ခဲ့သတဲ့။ ဘယ်သူ



က ဘယ်သူ့ကို သတ်တာလဲ။

သိမ့်သိမ့် အိပ်၍မရတော့။ စဉ်းစားရင်း တွေးတောရင်း မိုးစင်စင်လင်းခဲ့ရသည်။ နံနက် လက်ဖက်ရည်ဝိုင်းတွင် အစ်ကိုမောင် နှင့် ဆုံရတော့ ညက အိပ်မက်ဆိုးကြောင့် သိမ့်သိမ့်မျက်နှာ ညှိုး နေသည်။ ဒါကို အစ်ကိုမောင်ကလည်း ရိပ်စားမိဟန်တူသည်။

"သိမ့်သိမ့် နေမကောင်းဘူးလား"

"ကောင်းပါတယ် အစ်ကိုမောင်၊ ညက အိပ်မပျော်လို့ပါ"

"ဘာလဲ ဝမ်းသာလုံးဆို့သွားလို့လား"

"အစ်ကိုမောင်နော် သူများကို မစနဲ့ သိလား"

ဘ,စိုးအောင်နှင့် စိန်စိပ်ိုးတို့က ပြုံးလို့သာနေကြသည်။ မောင် မောင်မျက်နှာက မချိုမချဉ်၊ သိမ့်သိမ့်က နှုတ်ခမ်းလေးကို စူထား သည်။ ထိုစဉ်မှာပင် မျောက်ပုသည် အခန်းထဲသို့ ပြေးဝင်လာ၏။

"အစ်ကိုမောင် ကြေးနန်းလာတယ်။ ကျွန်တော် လက်မှတ် ထိုးယူလိုက်တယ်"

"ဟော......"

မောင်မောင်က မျောက်ပု၏လက်မှ ကြေးနန်းစာအိတ်ကို ယူ၍ ဖောက်ဖတ်သည်။

အားလုံးသည် မောင်မောင့်မျက်နှာကို အကဲခတ်နေကြ သည်။ မောင်မောင့်မျက်နှာ ညှိုးသွားသည်။ မသိမသာ သက်ပြင်း ချလိုက်သည်။

မုန်တိုင်းစဲခါစတွင် လေပြည်လေညင်း တိုက်ခတ်နေသည့် အစား စခနေထောင့်တွင် ဖနီရောင်ဖြို့လာသလို နောက်ထပ်ကြမ်း တိုက်ခတ်ဦးမည့် လေနီကြမ်းကြီး၏ အတိတ်နိမိတ်တွေကို တွေ့နေ ရပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သာယာချမ်းမြေ့ခါစရှိသေးသော 'စိမ်းရိပ်ငြိမ်'တွင် ကြမ္မာ မုန်တိုင်းက တစ်ပတ်ကျော့လာလေပြီလား။

"မောင် မန္တလေးကိုပြန်မှ ဖြစ်တော့မယ် စိန်စီပိုး"

"ဟင်..... အစ်ကိုမောင် မန္တလေးကို ပြန်မယ်၊ ဟုတ်လား"

စိန်စီပိုးက ဘာမှမပြောရသေးခင် သိမ့်သိမ့်အသံက ထွက်လာသည်။ စိန်စီပိုးသည် သက်ပြင်းချလိုက်သည်။ ပြီးတော့ ခပ်လေးလေး မေးသည်။

"အမောင် မန္တလေးကို တကယ်ပြန်တော့မှာလား"

"ပြန်ရမှာပေါ့ စိန်စီပိုးရယ်၊ မောင်ဟာ 'စိမ်းရိပ်ငြိမ်'ကို မမျှော်လင့်ဘဲ ရောက်လာသလို 'စိမ်းရိပ်ငြိမ်'က မမျှော်လင့်ဘဲ ပြန်ပြီး ထွက်ခွာဖို့ အချိန်ရောက်လာပါပြီ စိန်စီပိုး။ မောင့်မှာ ပြဿနာတွေ ရှိခဲ့တယ်ဆိုတာ စိန်စီပိုးကို ပြောခဲ့ဖူးသားပဲ။ အဲဒီပြဿနာတွေကြောင့် မောင် မန္တလေးက ထွက်ခဲ့ရတယ်။ 'စိမ်းရိပ်ငြိမ်'မှာ နှစ်နဲ့ချီပြီး ခြေရာဖျောက်နေခဲ့တယ်၊ အခုတော့ မောင် 'စိမ်းရိပ်ငြိမ်'မှာ ရှိနေတာကို သူတို့တစ်တွေ သိသွားကြပြီလေ"

"သူတို့တစ်တွေဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

ဘ,စိုးအောင်က မေးသည်။ သူ့မျက်နှာက မကောင်းလှ။

"ကျွန်တော့် မိဘတွေပေါ့ ဘ,စိုးအောင်၊ မန္တလေးက ကိုကို့တက်အောင် ချမ်းသာလှတဲ့ ကျွန်တော့်မိဘတွေပေါ့၊ သူတို့က ကျွန်တော့်ကို မေဘယ်နဲ့ အတင်းအကြပ် လက်ထပ်ပေးကြတယ်။ လက်ထပ်တဲ့ညက ညစာစားပွဲမှာ မေဘယ် ဓားထိုးခံရတယ်။ သူ့ရည်းစား ဟောင်းတစ်ယောက်က မကျေနပ်လို့ ဓားနဲ့ထိုးခဲ့တာပေါ့"

"ဒါ......ဒါဖြင့် အဲဒီလူသတ်မှုနဲ့ အစ်ကိုမောင်က ဘာမှ မဆိုင်ဘူးပေါ့နော်"

"ဆိုင်တော့ မဆိုင်ဘူးပေါ့ သိမ့်သိမ့်၊ ဒါပေမယ့် အဲဒီ



ဖြစ်လာတဲ့အခါမှာ အစ်ကိုမောင်ဟာ ကိုယ်တျင်လည်ခဲ့ရတဲ့ ...ကို ရှုမုန်းလာခဲ့မိတယ်။ အစကတည်းက မေဘယ့်ကို မယူပါရစေနဲ့လို့ အစ်ကိုမောင် အတန်တန်ငြင်းပေမယ့် မေမေ့ကို အလေးအနက် မထားဘဲ ဂုဏ်ချင်းထပ်ရင် မြတ်တယ်ဆိုပြီး မိဘချင်း ညှိနှိုင်းပြီး ပေးစားခဲ့ကြတယ်လေ"

သူတို့အားလုံးသည် မောင်မောင့်စကားကို အလေးအနက် ထား၍ နားထောင်နေကြသည်။ နာကျည်းစွေမြည်မှုများက မောင် မောင့်မျက်နှာတွင် အထင်းသား စွဲထင်လာသည်။

"မေဘယ်ဟာ သိပ်လှတယ်။ သိပ်ချောတယ်။ မိဘကလဲ သိပ်ချမ်းသာပြီး အစွမ်းကုန် အလိုလိုက်ထားတော့ 'ရွှေမန်းမြို့က အလီယိုပါထရာ'ဆိုတဲ့ ဘွဲ့ကိုတောင် ရခဲ့တယ်။ မေဘယ်အတွက် နဲ့ ယောကျ်ားလေးအချင်းချင်း ရိုက်ကြပုတ်ကြ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရန် ဖြစ်ကြနဲ့ပေါ့။ တကယ်တော့ မေဘယ်ဟာ ယောကျ်ားလေးတွေ ကို အရူးလုပ်ဖို့ မွေးလာတာနဲ့ မခြားပါဘူး သိမ့်သိမ့်ရယ်"

"ဒါနဲ့ အစ်ကိုမောင်က 'စိမ်းရိပ်ငြိမ်'ကို ဘယ်လို ရောက် လာတာလဲဟင်"

"ပြောမယ် သိမ့်သိမ့်၊ အစ်ကိုမောင် အားလုံးကို ပြောပြ မယ်၊ အဲ......လက်ထပ်တဲ့ညက ညစာစားပွဲမှာ မေဘယ်ကိုလဲ သူ သည်းစွဲခဲ့တဲ့ ရည်းစားဟောင်းတစ်ယောက်က ဓားနဲ့ထိုးလို့ ပွဲချင်း ပြီးလဲ သေသွားရော အစ်ကိုမောင်ဟာ ဆိုင်ကယ်တစ်စင်းနဲ့ စိတ် ထင်ရာ ထွက်လာခဲ့တယ်။ ဒါလောက်တောင် ဂုဏ်မက်လှတဲ့ အမိုး အဖိုးကို စိတ်အနာကြီးနာပြီး မန္တလေးကို ဘယ်တော့မှ မပြန်တော့ ဘူးဆိုပြီး ထွက်ခဲ့တာပဲ သိမ့်သိမ့်၊ လာတုန်းကတော့ မော်လမြိုင်မှာ ... ပျိုးရေးလုပ်ငန်းကို စောက်ချပြီး လုပ်မလို့ဘဲ ဆိုပါတော့။ မော် ... ရောက်ရော အစ်ကိုမောင့်သူငယ်ချင်း ထွန်းဝင်းကို ရှာလို့

www.burmeseclassic.com

www.burmeseclassic.com



မတွေ့တော့ဘူး။ ဒီကောင်ဟာ အရင်က မော်ဘီမှာ စိုက်ပျိုးရေး လုပ်နေတယ်လို့ စာရေးဖူးတယ်''

စိန်စီပိုးသည် ခေါင်းညိတ်လိုက်၏။ မောင်မောင် ရောက်လာသည့်နေ့က အဖြစ်အပျက်ကို စိန်စီပိုး မမေ့လို့မရ။ အဲဒီနေ့က နေကလည်း သိပ်ပူသည်။ လေပူကြီးကလည်း တဟူးဟူးတိုက်ခတ်နေသည်။ စိန်စီပိုးတို့သားအမိ၏ခြံတွင် မောင်မောင်၏ မော်တော်ဆိုင်ကယ် စက်ပျက်သွားသည်။ မောင်မောင်သည် ခြံရှိ ကုက္ကိုပင်ကြီးအောက်တွင် ဆိုင်ကယ်ကို ဒေါက်ထောက်၍ ပြင်သည်။ ဟိုနှိုက်သည်နှိုက် ကလိသည်။ စက်နှိုးသည်။ မနိုး။

မောင်မောင့်တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျလာသည်။ ရေဘာလည်း ငတ်သည်။ သူ့ကို စိန်စီပိုးတို့သားအမိက စောင့်ကြည့်နေကြသည်။

''သမီးရယ်......ဟိုလူငယ်ကြည့်ရတာ အတော့်ကို ပင်ပန်းနေပုံရတယ်။ နေကလဲ ပူလိုက်တာ။ ရေလေးဘာလေး ခေါ်တိုက်ပါဦးလား''

''ဟုတ်ကဲ့......အမေ''

စိန်စီပိုးသည် ဆိုင်ကယ်ဘေးတွင် စိတ်ပျက်လက်ပျက် ထိုင်နေသော မောင်မောင့်ထံသို့ ရောက်သွားသည်။ ခြံထဲသို့ ဖိတ်ခေါ်၍ ရေတိုက်သည်။ အပန်းဖြေစေသည်။ အကျိုးအကြောင်း မေးကြည့်သည်။ မောင်မောင်က စိုက်ပျိုးရေးလုပ်ရန် သူငယ်ချင်းတစ်ယောက်ထံ လာကြောင်း ပြောပြရင်း စိန်စီပိုးတို့၏ အုန်းပင်များနှင့် ဝေဆာနေသော ခြံကြီးကို လှည့်လည်ကြည့်ရှုသည်။

မောင်မောင်သည် စိန်စီပိုးတို့၏ ကျယ်ဝန်းလှသော ခြံကြီးကို ချက်ချင်းပင် သဘောကျသွားသည်။ သည်ခြံကြီးကိုသာ သူသင်ယူခဲ့သော စိုက်ပျိုးရေးအတတ်ဖြင့် လုပ်ကိုင်လိုက်ရလျှင် စိမ်းလဲ့



ဝေဆာလာမည်။ မြေပဒေသာ ဖြစ်လာမည်။

သို့တစေ စိန်စီပိုးတို့သားအမိမှာ ငွေအရင်းအနှီးမတတ်နိုင်ရှာကြ။ အုန်းတွေကလည်း မသီးသေး။ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် စောင့်ရဦးမည်။

မောင်မောင်သည် သူ့အကြံအစည်ကို စိန်စီပိုးတို့ သားအမိကို ပြောပြခဲ့သည်။ သူ့မှာ ငွေတွေပါလာခဲ့သည် မဟုတ်ပါလား။ ပြီးတော့ စိန်စီပိုးတို့သားအမိကို မြင်မြင်ချင်း ခင်သွားသည့်စိတ်ကလည်း ရှိနေသည်။ ဘယ်ရေစက်ရယ်လို့တော့ မသိ။

''ဒီလိုဆိုရင်လဲ ငါ့မောင် သဘောပေါ့ကွယ်။ စိန်စီပိုးတို့မှာတော့ မိန်းမသားချည်းလဲဖြစ်ပြန် ငွေအရင်းအနှီးကလဲ မရှိတော့ ခြံကို တိုးချဲ့လုပ်ကိုင်ဖို့ အတော်ခဲယဉ်းပါတယ်။ အုန်းတွေကလဲ မသီးသေးတော့ လောလောဆယ် ဝင်ငွေမရှိသေးဘူးပေါ့ကွယ်''

ရှုဥလိဝ် ရေထဲချသလို မောင်မောင်သဘောကျသွား၏။ စိတ်ထေးနွမ်းကြေ၍ စိတ်လေနေသော ဘဝကို ဂုဏ်ငွေပကာသနကွာ ကင်းဝေးသည့်နေရာကလေးတွင် အခြေမြုပ်နှံလိုက်ရန် ဆုံးဖြတ်လိုက်သည်။ မန္တလေးနှင့် အဆက်ဖြတ်လိုက်ရန် ပိုင်းဖြတ်လိုက်သည်။ မောင်မောင်သည် အတိတ်၏ခြေရာကို ဖျောက်သည်။ မကြာမီ 'စိမ်းရိပ်ငြိမ်' ဖြစ်လာသည်။ ဝေဖေဆာဆာဖြစ်လာသည်။ တဲကလေးမှသည် ခေတ်မီသစ်ရုပ်သော တိုက်ပုသေးသေးကလေးတစ်လုံးဖြစ်လာသည်။

အဲသည်တော့လည်း ချမ်းမြေ့လိုက်သည့်ဘဝ။

သည်ဘဝထဲသို့ 'ဇောတိက'မိသားစု၏ အရှုပ်အထွေးတွေ ငြိလာ၏။ သည်ပြဿနာတွေလည်း ယခုတော့ ရှင်းပြီ။ မရှင်းသေးသည်မှာ ရတနာပုံက အရှုပ်အထွေး။ မန္တလေးက ပြဿနာ။

''အဲ ဒီအချိန်မှာ စိန်စီပိုးတို့သားအမိနဲ့တွေ့ပြီး အစ်ကိုမောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် 'စိမ်းရိပ်ငြိမ်'မှာ သောင်တင်နေခဲ့တာ၊ အခုအချိန်အထိပဲ ဆိုပါတော့ သိမ့်သိမ့်၊ အခုတော့ အစ်ကိုမောင် မန္တလေးကို ပြန်ရတော့မယ်လေ၊ မပြန်လို့လဲ မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကားတိုက်ခံရလို့ ပွဲချင်းပြီးသေသွားပြီလို့ အစ်ကိုမောင် ထင်ခဲ့တာ 'မေဘယ်'ဟာ မသေဘူးတဲ့။ သူဟာ ဒီကနေ့အထိ အစ်ကိုမောင်ရဲ့ တရားဝင်ဇနီးဖြစ်နေသေးလို့ပါပဲ သိမ့်သိမ့်"

"ဟင်"

သိမ့်သိမ့်ရင်ထဲတွင် လိုက်ခနဲ ဖိုခနဲ ဖြစ်သွားသည်။ သံယောဇဉ်ဖြစ်ရသည်မှာ ကြာခဲ့သော်လည်း ချစ်ရသည်မှာ တစ်မနက်တစ်မွန်းတည့်ပင် မပြည့်တတ်သေး။ အခုတော့ သိမ့်သိမ့်လေး အသည်းမှာ ဒဏ်ရာထင်ရပါပြီ။ သိမ့်သိမ့်သည် 'အိ'ခနဲ နာနာကြည်းကြည်း ရှိုက်လိုက်ပြီး အခန်းထဲသို့ ပြေးဝင်သွားသည်။ မောင်မောင်က ဆက်ပြောသည်။

"မင်္ဂလာဧည့်ခံပွဲလုပ်တဲ့ညက မေဘယ် ရင်ဝမှာ ဓားတမ်းလန်းနဲ့ ကျန်ခဲ့တယ်။ မေဘယ့်ကို ဓားနဲ့ထိုးတဲ့ သူ့ရည်းစားဟောင်းကလဲ အဖမ်းခံခဲ့တယ်။ အဲ...... သွေးအိုင်ထဲမှာ မလှုပ်မယှက် လဲကျနေတဲ့ မေဘယ့်ကို အားလုံးက သေပြီလို့ ထင်ခဲ့ကြပါတယ်။ အမောင်လဲ ပွဲချင်းပြီး သေပြီလို့ပဲ တစ်ထစ်ချ မှတ်ယူလိုက်တယ်။ ဆေးရုံကားမရောက်ခင် မင်္ဂလာဧည့်ခံပွဲက အမောင် ထွက်ခဲ့တာပဲ စိန့်စီပိုး၊ အမောင့်စိတ်ထဲမှာ မေဘယ်ဟာ ဘယ်လိုနည်းနဲ့မှ အသက်ရှင်မယ် မထင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်ကို စမ်းကြည့်တဲ့အခါမှာ သွေးမတိုးတော့ဘဲကိုး။ မှောသွားတာဖြစ်ပါလိမ့်မယ်။ တစ်ခါတလေ ဆေးပညာသဘောအရ သေပြီလို့သတ်မှတ်ထားတဲ့ လူတွေတောင် ပြန်ရှင်လာကြတာတွေ စိန့်စီပိုး ကြားဖူးတယ် မဟုတ်လား"



စိန့်စီပိုး ခေါင်းညိတ်လိုက်သည်။

"အခုရိုက်လိုက်တဲ့ ကြေးနန်းက မေဘယ့်ဆီကလား"

"မဟုတ်ဘူး ဖေဖေ ရိုက်လိုက်တာ၊ ပြီးတော့ မောင့်မေမေလဲ မကျန်းမာဘူးတဲ့"

မောင်မောင်သည် ကြေးနန်းစာရွက်ကလေး စိန့်စီပိုးထံသို့ လှမ်းပေးလိုက်သည်။

မောင်မောင်

မင်း မိအေးရိပ်ငြိမ် ကုန်းခြံမှာ ရှိနေတယ်ဆိုတာ ကိုယ်တို့တွေ သိပြီးပြီ။ မေဘယ်လဲ မသေဘူး။ ဒီနေ့ထိ မင်း လက်ထပ်ထားတဲ့ ဇနီးအဖြစ် တရားဝင်ဖြစ်နေတုန်းပဲ။ မေဘယ့်ပြဿနာကို အမြန်ဆုံး လာရှင်းပါ။ မင်း မလာရင် မေဘယ် လိုက်လာလိမ့်မယ်။ မိခင်လည်း မင်းမိတ်ဆွေ ဂိုဟာလဲမှာ လဲနေတာ ကြာပြီ။ အမြန်ဆုံး ပြန်လာပါ။

အောင်မောင်

စိန့်စီပိုးသည် ကြေးနန်းစာရွက်ကို ဘ,စိုးအောင်ထံ ကမ်းပေးရင်း ဆို့နင့်စွာ ပြောရှာသည်။

"သွားပေါ့ အမောင် သွားပေါ့၊ အမောင့်ကို စိန့်စီပိုး မောင်လေးလိုတစ်မျိုး၊ သားလိုတစ်သွယ် ချစ်ခင်ခဲ့ရပေမယ့် အမောင့်ဘဝကို စိန့်စီပိုးတို့က ပိုင်တာမှ မဟုတ်ဘဲ။ ဒါပေမယ့် 'စိမ်းရိပ်ငြိမ်'ဟာ အမောင့်ကို အမြဲစောင့်ကြိုနေမယ်။ မျှော်နေမယ်ဆိုတာ အမောင်သိထားရင် စိန့်စီပိုးကျေနပ်ပါပြီကွယ်"

စကားဆုံးသည်နှင့် မျက်ရည်စ နှစ်သွယ်က စီးကျလာသည်။ စိန့်စီပိုး ထသွားသည်။ အခန်းထဲသို့ ဝင်သွားသည်။

"ငမောင် ဘယ်တော့ သွားမှာလဲ"

"အခုပေါ့ ဘ,စိုးအောင်"

"ဘာနဲ့ သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်ပျံနဲ့ပါ။ ဆိုင်ကယ်ကိုတော့ လှူစွလမ်းက ကျွန်တော့်မိတ်ဆွေ ခင်မောင်တို့တိုက်ခန်းမှာ ထားခဲ့ရမှာပဲ။ လေယာဉ်ပျံလက်မှတ်မှ ရပါ့ဦးမလား မသိဘူး"

"အိမ်း...... ခြံကိုတော့ ငါ့တာဝန်ထားလိုက်ကွယ့်၊ အရေးကြီးတာကတော့ မင်း ပြန်လာဖို့ပဲ မောင်"

"ဒါတော့...... ကျွန်တော်လဲ အတိအကျပြောလို့ မရသေးဘူး ဘ,စိုးအောင်၊ ဟိုမှာ အခြေအနေက ဘယ်လိုရှိမှန်းမှ မသိသေးတာ"

မောင်မောင်သည် သူ့အခန်းသို့ ဝင်ခဲ့၏။ 'စိမ်းရိပ်မြိုင်'ကို စတင်ရောက်ရှိခဲ့သည့်နေ့က အဝတ်အစားကို လဲသည်။

သိမ့်သိမ့်အခန်းမှ ရှိုက်သံသဲ့သဲ့ ကြားရသည်။ သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီးမှ တိုက်ကလေးထဲမှ ထွက်ခဲ့သည်။ မော်တော်ဆိုင်ကယ်ကို စက်နှိုးသည်။

ဘ,စိုးအောင်၊ စိန်စီပိုး။ သိမ့်သိမ့်တို့ ထွက်လာကြသည်။ သိမ့်သိမ့်ငိုနေသည်။ စိန်စီပိုးက မျက်ရည်ကျနေသည်။ ဘ,စိုးအောင်ကတော့ မေးကြောကြီးတွေ ထောင်နေအောင် အံကြိတ်ထားသည်။ ဖိုးခွား၊ မျောက်ပု၊ မိပဲ၊ ဘုတ်ဆုံ၊ သံကျော်တို့တစ်တွေက အခြေအနေကိုကြည့်၍ မောင်မောင့်အနားသို့ ဝိုင်းလာကြသည်။

"ကဲ......, မင်းတို့ကိုလဲ နှုတ်ဆက်ခဲ့ပါတယ်။ အစ်ကိုမောင်သွားတော့မယ်။ ဘယ်ကိုသွားမှာလဲ၊ ဘယ်တော့ပြန်လာမလဲဆိုတာကို မေးမနေကြနဲ့တော့။ အမောင်ရှိစဉ်ကလိုပဲ 'စိမ်းရိပ်မြိုင်'မှာ မိသားစုစိတ်ဓာတ်နဲ့ ဆက်ပြီးလုပ်ကြ"

သူတို့လေးတွေမှာ မျက်နှာမကောင်းကြ။

ဘ,စိုးအောင်၊ စိန်စီပိုး၊ သိမ့်သိမ့်တို့ကို မောင်မောင်က ပြုံးကြည့်လိုက်သည်။ သို့တစေ...... သူ့မျက်လုံးထဲတွင် အရည်လဲ့



နေသည်။ သူ့နှလုံးသားက နာကျင်နေပါသည်။

"အစ်ကိုမောင် နှုတ်ဆက်ခဲ့ပါတယ် သိမ့်သိမ့်"

သူ့အသံက ဆို့နစ်တုန်ယင်နေသည်။

"အမောင်သွားမယ် စိန်စီပိုး"

"သွားတော့မယ် ဘ,စိုးအောင်"

သူတို့တစ်တွေကို မောင်မောင် ကျောခိုင်းလိုက်သည်။ 'စိမ်းရိပ်မြိုင်'မှ ထွက်ခဲ့သည်။

"အစ်ကိုမောင်"

"အစ်ကိုမောင်"

သိမ့်သိမ့်၏ အော်သံသဲ့သဲ့ကို ကြားရ၏။ လှည့်မကြည့်မိတော့။ ဆိုင်ကယ်၏လီဗာကို တင်လိုက်ပြီး ဖြောင့်တန်းနေသော လမ်းကလေးတစ်လျှောက် စီးခဲ့သည်။ ကားလမ်းမကြီးကို ရောက်သည်နှင့် ရန်ကုန်ဘက်သို့ ချိုးကွေ့လိုက်၏။

နေရစ်လေတော့ 'စိမ်းရိပ်မြိုင်'။

ထို့အတူ...... မောင်မောင်၏ နှလုံးသားသည်လည်း 'စိမ်းရိပ်မြိုင်'တွင် ကျန်ခဲ့ရပါလေသည်။ သူသည် မော်တော်ဆိုင်ကယ်ကို အမြန်စီးခဲ့၏။ ပထမဆုံး ကမ်းနားလမ်းရှိ BAC လေကြောင်းကော်ပိုရေးရှင်း Booking Office လက်မှတ်အရောင်းဌာနသို့သွားသည်။ လက်မှတ်မရ။ သည်ကနေ့အတွက် ကုန်နေပြီ။ မောင်မောင်သည် လက်မှတ်တစ်စောင်ကို နောက်တစ်နေ့အတွက် တင်ကြို၍ ဘွတ်ကင်လုပ်ခဲ့ပြီး ခင်မောင်ဘိုတို့တိုက်ခန်းသို့ လာခဲ့၏။ သည် အကောင်ကို အဆင်သင့်ပင် တွေ့ရသည်။

'ဇောတိက'နှင့် ရတနာ့မြေပုံပြဿနာကို ဇာတ်ခုံခင်းရှင်း သူ့အခန်းတွင် တစ်ညတာအိပ်ရန် ဖြစ်သည်။ သူနှင့်သိမ့်သိမ့်၊ သူနှင့်မေဘယ်၊ သူနှင့်ချိုသက်ကြည်အကြောင်းတွေကို ဇာတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင်း တစ်ညတာ မိုးလင်းခဲ့ရသည်။ စင်စစ် 'စိမ်းရိပ်ငြိမ်'ကို ပြန်မည်ဆိုလျှင် ပြန်နိုင်သော်လည်း သူ မပြန်တော့။ သံယောဇဉ်ဆိုသည့်ကြိုးကို တိခနဲဒေါက်ခနဲ ဖြတ်ချလိုက်သည်။ မနက်စောစောတွင် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ခင်မောင်ဘိုက သူ့ကားနှင့် လိုက်ပို့သည်။ ကံဆိုးချင်တော့ လမ်းတွင် ကားဘီးပေါက်သည်။ ခင်မောင်ဘိုက အချိန်မှီပါသေးသည်။ ဘီးလဲပြီးသည်အထိ စောင့်နိုင်းသည်။ သူ မနေနိုင်တော့။

မန္တလေးကို ရောက်လိုလှပြီ။ ပြဿနာတွေ တစ်ထွေးကြီးကို ရင်ဆိုင်တွေ့ပစ်လိုက်ချင်သည်။ ရှင်းပစ်လိုက်ချင်သည်။

မောင်မောင်သည် မာဇဒါအငှားကားတစ်စီးကို စောင့်၍တားပြီး မင်္ဂလာဒုံလေယာဉ်ကွင်းသို့ အမြန်မောင်းခိုင်း၏။ တော်ပေသေးသည်။ လေဆိပ်အဆောက်အအုံ Terminal ထဲသို့ ရောက်သွားတော့ မန္တလေးသွားမည့် ခရီးစဉ်ကို အသံချဲ့စက်မှ ကြေညာနေသေးသည်ကို ကြားရသည်။

မောင်မောင်သည် စက်နှိုးရန် ပြင်ဆင်နေသော ဖော်ကာဖရင်းရှစ်လေယာဉ်ဆီသို့ အပြေးအလွှားရောက်သွားသည်။ လေယာဉ်ပေါ်ရှိ ထိုင်ခုံတွင် ထိုင်မိမှ သက်ပြင်းချရတော့၏။

ယခုတော့ ......သည်မြေသည်ဒေသမှ ထွက်ခွာရတော့မည် မဟုတ်ပါလား။ ဒီမြေဒီဒေသတွင် ရင်မောဖွယ်ရာအဖြစ်အပျက်တွေ ရင်နာစရာအဖြစ်သနစ်တွေနှင့် ဆုံစည်းခဲ့ရသည်။ ပြီးတော့ ချစ်လို့မှ အားမရသေးသည့် ချစ်သူ အသစ်စက်စက်ကလေးကို ထားရစ်ခဲ့ရသည်။

"မင်းကို ချစ်ပါတယ် သိမ့်သိမ့်ရယ်၊ ကိုယ့်အဖြစ်က သိမ့်သိမ့်ကို စိမ်းကားရာ ရောက်နေမယ်ဆိုတာလဲ ကိုယ်တွေးမိပါတယ်။ ဒါပေမယ့်...... မတတ်သာတဲ့အချိန်မှာ ခပ်ခွာခွာပဲ နေကြဦးစို့ရဲ၊



နေရစ်တော့ သိမ့်သိမ့်ရေ...... နေရစ်တော့"

အသံမထွက်သော်လည်း ရင်တဲက သည်သို့သည်နှယ်ပြောမိသည်။ 'ဖော်ကာဖရင်းရှစ်'လေယာဉ်သည် မြေပြင်မှ ကြွတက်လာ၏။ အင်းစိန်ပေါ်က ဖြတ်သည်။ လှိုင်မြစ်ပေါ်မှ ပတ်သည်။ သူ့ခရီးစဉ်က မန္တလေး။ မောင်မောင် ငေးနေသည်။ မောင်မောင် တွေးနေသည်။ သူ့ဘေးမှ မိန်းမလှလေးက မေးသည်။

"ဒီက အစ်ကိုကြီးက မန္တလေးကို သွားမှာလား"

သိမ့်သိမ့်ပေါ့။ မိသိမ့်သိမ့်သည် သူနှင့်ဘေးချင်းကပ်လျက်ထိုင်နေသည်။ သူမ မျက်နှာက ငွေလဝန်း။

ဖော်ကာဖရင်းရှစ် လေယာဉ်သည် ချစ်သူနှစ်ဦးကို တင်ဆောင်ကာ တိမ်လွှာပေါ်တွင် ပျံသန်းနေသည်။

သိမ့်သိမ့်မျက်နှာမှာ အပြုံးပန်းတွေ ဝေနေ၏။

သည်တစ်ခါတော့...... မိသိမ့်သိမ့်တစ်ယောက် သိပ်သတ္တိရှိပစ်လိုက်သည်။ အစ်ကိုမောင်နှင့် လက်တွဲပြီး မေဘယ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့ပြီးသည့်နောက် သူမအကြံအစည်ကို စိန်စိပိုးကို ပြောသည်။ မရ။ သည်တော့ ဘ,စိုးအောင်ကို ပူဆာသည်။

နောက်ဆုံးတွင် အသည်းဝေဒနာ ခံစားနေရရှာသော သမီးလေးကို စိန်စိပိုး မကြည့်ရက်တော့။ သမီးလေးဆန္ဒကို လိုက်လျောသည်။ ဘ,စိုးအောင်သည် အငှားကားတစ်စီးဖြင့် သိမ့်သိမ့်ကို BAC သက်မှတ် အရှောင်းဌာနသို့ လိုက်ပို့ပေးသည်။ မန္တလေးသို့ မနက်ဖြန်ထွက်မည့် ခရီးစဉ်တွင် အစ်ကိုမောင် ဘွတ်ကင်လုပ်ထားသည်ကို တွေ့တော့ သိမ့်သိမ့် ဝမ်းသာလုံးဆို့ရသည်။ ယခုတော့ ချစ်သူနှစ်ယောက် ဝေဟင်တွင် ကြည်ရွှင်နေကြသည်။ ချမ်းမြေ့နေကြသည်။ ကြုံတွေ့ရမည့် အခက်အခဲကို လက်တွဲပြီး ရင်ဆိုင်ရန် ဆုံးဖြတ်ထားခဲ့ကြသည်။ ကြည်သာပါဘိ။ ချမ်းမြပါဘိ။ ချမ်းမြေ့သာယာသည့်လေ

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်'သို့ ဖော်ကာဆင်းသည်အထိ ပြောမဆုံးပေါင်၊ တောသုံးတောင်ဖြစ်နေကြသည်။ မောင်မောင့်မိဘများနေထိုင်ရာ 'ဝါးတန်း'ရှိ တိုက်ကြီးသို့ ရောက်သွားကြသည်။ သိမ့်သိမ့်ရင်ထဲမတော့ တထိတ်ထိတ်နဲ့ပေါ့။ တိုက်ထဲသို့ ဝင်မိသည်နှင့် မကျန်းမမာဖြစ်နေပါသည်ဆိုသော မောင်မောင့်မေမေကို ဧည့်ခန်းတွင် အခန့်သားထိုင်နေသည်ကို တွေ့ရသည်။

"သား...... မောင်မောင်၊ အမယ်လေး သားရယ်၊ နေနိုင်လိုက်တာ၊ အခုမှပဲ ပေါ်လာတော့တယ်။ သူလေးက ဘယ်သူလဲ၊ သားရဲ့ဇနီးလား။ ချစ်စရာလေးပါလားကွယ်၊ ကိုအောင်မောင်ရေ ရှင့်သားကြီး မောင်မောင် ပြန်လာပြီရှင့်"

မောင်မောင့်မေမေသည် အူယားဖားယား ဖြစ်နေသည်။ ဝမ်းသာနေသည်။ သူ့ဖခင် ဦးအောင်မောင်သည် အခန်းထဲမှ ထွက်လာသည်။ သူ့သားကို မွေ့ဖက်ရင်း ဝမ်းသာအားရ စကားတွေ ဆိုသည်။

"ငါ့သား ပြန်လာတာ ဖေဖေတို့ သိပ်ဝမ်းသာတယ်ကွာ။ အေး ဖေဖေတို့ မှားခဲ့တဲ့ အပိုင်းတွေလဲ အများကြီး ရှိခဲ့တယ်။ ပြီးပြီးသားတွေကို မေ့ပစ်လိုက်ပါတော့ကွယ်။ အခုတော့ ဖေဖေတို့ မေဘယ့်ရဲ့စရိုက်ကို သိပါပြီ။ နားလည်ပါပြီ။ မေဘယ်ဟာ ဆေးရုံကို အချိန်မီပို့နိုင်ခဲ့လို့ မသေခဲ့ဘူး မောင်မောင်၊ တို့တစ်တွေ အားလုံးကတော့ သေပြီလို့ တွက်ထားခဲ့တာပေါ့။ အဲ......သားကလဲ အဲဒီညကစပြီး ပျောက်သွားခဲ့တယ်။ ဖေဖေတို့သားကို ရှာခဲ့ပါသေးတယ်။ စုံစမ်းခဲ့ပါသေးတယ်။ သား စိတ်ထင်ရာ စိုင်းသွားမှာ စိုးလို့ပေါ့"

"ကျွန်တော် ဒါလောက် မမိုက်သေးပါဘူး ဖေဖေ၊ ဒါနဲ့ မေဘယ့်အကြောင်းကို ပြောပါဦး။ မေဘယ် ဘယ်မှာလဲ"

"မေဘယ့်အကြောင်းကတော့ ပြောရက်စရာ မရှိပါဘူး

www.burmeseclassic.com



ကွယ်၊ ဆေးရုံကဆင်းလို့ ကျန်းမာလဲလာရော ထုံးစံအတိုင်း ယောက်ျားလေးတွေနဲ့ ရှုပ်ရှုပ်ပွေပွေ နေတော့တာပဲ။ အဲဒီတော့မှ မေမေတို့လဲ မှားပြီဆိုတာ သိလိုက်ကြတယ်။ အခုလဲ လူတစ်ယောက်နဲ့ လက်ထပ်တော့မလို့တဲ့၊ ဒါပေမယ့် သားနဲ့မေဘယ်က မင်္ဂလာဆောင်ပြီးသား။ တရားရုံးမှာ လက်မှတ်ထိုးပြီးသားဆိုတော့ မေဘယ့်နဲ့ သားနဲ့ ကင်းကင်းရှင်းရှင်း ပြတ်ပြတ်စဲစဲဖြစ်ဖို့ အရေးကြီးတယ် မဟုတ်လား သားရဲ့။ နောက်ပိုင်းမှာ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာမှာ သေချာတယ်။ ဒါကြောင့် သားသတင်းလဲ ကြားရော မေမေ နေမကောင်းဘူးဆိုပြီး ကြေးနန်းလိမ်ရိုက်လိုက်တာ"

မောင်မောင့်မေမေက ဆိုသည်။ သည်တော့မှ သိမ့်သိမ့် သက်မချရတော့သည်။ ပြဿနာဆိုသည်မှာ လှေမယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက်ဆိုသလို ခက်မယောင်နဲ့ လွယ်ဆိုသည့် စကားလည်း ရှိနေပါသေးကလား။ နောက်တော့ စကားတွေ ပြောဖြစ်ကြသည်။ မောင်မောင်ပြောသည်ကများသည်။ သူ့အကြောင်း၊ 'စိမ်းရိပ်ငြိမ်'အကြောင်း၊ ပြီးတော့ ဇောတိကမောင်နှမများအကြောင်း။ စုံတကာစေ့သွားသည်။

"ဒါ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးလေ၊ သူ့ နာမည်က သိမ့်သိမ့်"

သိမ့်သိမ့်အကြောင်းရောက်တော့ ရှက်သွေးဖြာသွားရသေးသည်။ မောင်မောင့်မိဘတွေက ချွေးမချောကို ကြည့်၍ သဘောကျနေကြသည်။ ပြေလည်လိုက်ပါဘိ။ စိတ်ပင်ပန်းခဲ့ရတာတွေ အလကားဖြစ်ကုန်ရပါ၏။ မောင်မောင်သည် မေဘယ်နှင့် ရုံးတွင် တရားဝင်ကွာရှင်းလိုက်သည်။ လက်ထပ်ခဲ့သော်လည်း လူချင်း အဲ...အတူမနေလိုက်ရသည့် ဇနီးဟောင်းကို ကွာရှင်းလိုက်သည်။

လက်မထပ်ရသေးသော ဇနီးလောင်းလေးနှင့် ဆေးမင်း

www.burmeseclassic.com



အနှံ့လည်ကြသည်။ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒမုနိ၊ မန္တလေးတောင်၊ ဘုရားကြီး၊ အိမ်တော်ရာဘုရားတွေ လျှောက်ဖူးကြသည်။ မန္တလေးတွင် လည်လို့ အားရတော့ စစ်ကိုင်းဘက် ကူးကြသည်။ မင်းကွန်းဘက်ကို သွားသည်။ ပျော်လိုက်ပါဘိ။ ကြည်နူးလိုက်ရပါဘိ။ ရွှေမန်းတွင် တစ်ပတ်ခန့် သမီးရည်းစား ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြပြီး မောင်မောင့်မိဘတွေက အတန်တန်တားသည့်အကြားမှပင် ရန်ကုန်သို့ လေယာဉ်နှင့် ပြန်ခဲ့ကြသည်။ တကယ်ဆိုတော့လည်း 'စိမ်းရိပ်ငြိမ်' သည် မောင်မောင့်အသည်း။

ကိုယ်တိုင်ကိုယ်ကျ ဖွဲ့နဘဲကြီးစွာဖြင့် စိုက်ပျိုးလုပ်ကိုင်လာခဲ့ရသော 'မြေပဒေသာ' ကို 'ရွှေဘုံရွှေနန်း' နှင့် မောင်မောင်မလဲနိုင်ခဲ့ပါ။ အပြန်ခရီးတွင်မူ အလာခရီးထက် စကားတွေ ထွက်လာကြ၏။ ယခုတော့ ပြဿနာဟူသမျှ မြူမျှပင် မရှိပြီ။

"စိမ်းရိပ်ငြိမ်ရောက်တာနဲ့ လက်ထပ်မယ်နော် သိမ့်သိမ့်"

"အမယ် သူက ကြီးကြီးကျယ်ကျယ်၊ ဘယ်သူက သူ့ကို လက်ထပ်မယ်လို့ ပြောသေးလို့လဲ"

"ဟေး...... ဒီလိုတော့ မနောက်နဲ့ကွယ်"

"တကယ်ပြောတာ၊ သိမ့်သိမ့် အသက်နှစ်ဆယ်ပြည့်မှ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ သိမ့်သိမ့် ငယ်ပါသေးတယ် အစ်ကိုရယ်"

"ကြီးပါပြီ သိမ့်သိမ့်ရယ်"

"ဘာကြီးတာလဲ သွား"

"ဘယ်သွားရမှာလဲ၊ အခုထိုင်လျက်နဲ့ သွားနေတာပဲ ဥစ္စာ။ ဘာလဲ သိမ့်သိမ့်က 'စိမ်းရိပ်ငြိမ်' ကို သိပ်ရောက်ချင်နေပြီနဲ့တူတယ်"

"မရောက်ချင်သေးဘူး။ ကြောက်ပါတယ်"

"ဘယ်သူ့ကိုလဲ"



"သူ့ကိုပေါ့၊ မန္တလေးတုန်းက လက်ဖျားနဲ့တောင် မထိဘူးဆိုတဲ့ အစ်ကိုမောင့်ကတိကို 'စိမ်းရိပ်ငြိမ်' ရောက်လဲ ဆက်ထိန်းရမယ်နော်"

"နိုး...... နိုး၊ မန္တလေးဟာ မန္တလေး။ စိမ်းရိပ်ငြိမ်က စိမ်းရိပ်ငြိမ်ပဲ၊ ဘာဆိုင်လို့လဲ"

"အဲသလိုဆိုရင် လေယာဉ်ပျံပေါ်က ခုန်ချလိုက်မှာသိလား"

"ခုန်ချချင် ချလေ၊ အောက်ရောက်လို့ ရှိရင်တော့ ဟိုဟာ ပါတော့မှာ မဟုတ်ဘူး"

"ဘာလဲ"

"ထတီ"

သိမ့်သိမ့်က သူ့ရင်အုံကြီးကို လက်နုနုကလေးဖြင့် ထုပစ်လိုက်သည်။ လေယာဉ်မယ်ကလေးက သူတို့နှစ်ယောက်ကို ပြုံးစိစိဖြင့် ကြည့်သွားသည်။ သိမ့်သိမ့်ရှက်တာပေါ့ကွယ်။

လှပသော 'ဖော်ကာဖရင်းရှစ်' လေယာဉ်ကလေးသည် တိမ်ခွမ်းဆိုင်များကို ထိုးဖောက်ရင်း အောက်သို့ တဖြည်းဖြည်း ဆင်းလာသည်။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် မိုင်နှစ်ဆယ်မျှပင် မဝေးတော့။ ပေတစ်ထောင်အမြင့်တွင် ပျံသန်းနေသည်။

"သိမ့်သိမ့်"

"ရှင်...... အစ်ကိုမောင်"

"လေယာဉ်ပျံဟာ ထောက်ကြန့်က အစ်ကိုတို့ စိမ်းရိပ်ငြိမ်ခြံကြီးပေါ်ကဖြတ်ပြီး ပျံသိမ့်မယ် ထင်တယ်။ အစ်ကိုမောင်တို့ခြံကြီး ဘယ်လောက်လှတယ်ဆိုတာ အပေါ်ကနေ ကြည့်ရအောင်"

"ဟုတ်တယ် အစ်ကိုမောင်၊ သိမ့်သိမ့်လဲ ကြည့်ချင်လိုက်တာ"

"ရောက်ခါနီးတော့ အစ်ကိုမောင်ပြမယ် သိမ့်သိမ့်"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် လေယာဉ်၏ ပြတင်းပေါက်ဘက်က ထိုင်သည်။ အချိန်က 'နေညိုချိန်' ညနေချမ်း။ နီရောင်သန်းနေသော အနောက်ဘက် ကောင်းကင်တွင် ပတ္တမြားခဲကြီး ရဲနေသလို လှ နေသော နေဝန်းကြီးကို မြင်ရသည်။ မောင်မောင်သည် အောက်သို့ ကြည့်လိုက်သည်။ မော်ဘီလေယာဉ်ကွင်းကို မြင်ရပြီ။ မကြာမီ 'စိမ်းရိပ်ငြိမ်' ကို ဖြတ်တော့မည်။

"ရောက်တော့မယ် သိမ့်သိမ့်၊ အစ်ကိုမောင်တို့ 'စိမ်းရိပ်ငြိမ်' ခြံကြီးပေါ်ကို ရောက်တော့မယ်"

သိမ့်သိမ့်သည် သူ့ဘက်ကို တိုးလာ၏။ ပြတင်းပေါက်တွင် ခေါင်းနှစ်လုံးကပ် ပါးချင်းအပ်ရင်း အောက်သို့ကြည့်နေကြ၏။

"ဟိုမှာ....... ဟိုမှာ....... သိမ့်သိမ့်တို့ခြံကြီး"

သိမ့်သိမ့်သည် ကလေးငယ်တစ်ယောက်လို ဝမ်းသာအ ရပြောသည်။ မောင်မောင့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည် ရင်တွေက တဒိန်းဒိန်းခုန်လာသည်။ သူ့မျက်လုံးကိုပင် မယုံနိုင်သ ဖြစ်သွားရသည်။ ဟုတ်ပါသည်။

ဦးနော၏ ရတနာမြေပုံကို သူတွေ့လိုက်ရပါပြီ။ မြင်လို ရပါပြီ။ လေးဆယ့်ငါးသိန်းတန် ပတ္တမြားကြီးကိုးလုံးကို မြှုပ်နှံ ပါသည်ဆိုသော ဇောတိကသူဌေးကြီးဦးနော၏ လျှို့ဝှက်စွာ ခဲ့သော ရတနာမြေပုံကို လေယာဉ်ပေါ်က အတိအကျမြင်လိုက် မဟုတ်ပါလား။

မောင်မောင့်တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သာခြင်း၊ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတွေက သူ့တစ်ကိုယ် လွှမ်းမိုးသွားသည်။ ရတနာမြေပုံ။ ရတနာမြေပုံကိုတွေ့ပြီ။

"အစ်ကိုမောင်၊ အစ်ကိုမောင်၊ ဘယ်လိုဖြစ်သွားတာ ဟင်"



သိမ့်သိမ့်သည် ထူးထူးခြားခြား ပြောင်းလဲသွားသော မောင် မောင်၏ အမူအရာကြောင့် စိုးရိမ်စွာ မေးလိုက်မိသည်။

"ဘာ....... ဘာမှမဖြစ်ပါဘူး သိမ့်သိမ့်၊ အစ်ကိုမောင်တို့ 'စိမ်းရိပ်ငြိမ်' ကို အမြန်ဆုံးရောက်ဖို့ပဲ အစ်ကိုမောင် စိတ်စောမိတယ်။ ကဲလေ....... မိနစ်ပိုင်းအတွင်း မင်္ဂလာဒုံကို ဆင်းတော့မှာပဲဟာ"

'ဖော်ကာဖရင်းရှစ်' လေယာဉ်သည် မိနစ်ပိုင်းအတွင်းမှာပင် - မင်္ဂလာဒုံလေယာဉ်ကွင်းကို ညင်သာစွာ ဆင်းလိုက်သည်။ လေယာဉ် ရပ်သည့်နေရာသို့တိုင်အောင် ပြေးလမ်းမှတစ်ဆင့် မောင်းဝင်လာ သည်။ စက်ကိုပိတ်လိုက်သည်။ တာဘိုင်းအင်ဂျင်ပန်ကာဒလက်များ သည် တဖြည်းဖြည်း အလည်ရပ်သွားသည်။

မောင်မောင်သည် သိမ့်သိမ့်လက်ကိုဆွဲ၍ လေယာဉ်ပေါ်မှ ကမန်းကတန်းဆင်းခဲ့၏။ အကောက်ခွန်ဌာန ပစ္စည်းစစ်ဆေးသည့် ကောင်တာသို့ အလောတကြီး သွားသည်။

"အစ်ကိုမောင်....... ဘာဖြစ်နေတာလဲ"

"စိမ်းရိပ်ငြိမ်ရောက်တော့ သိမှာပေါ့"

ဟုတ်ပါသည်။ အစ်ကိုမောင့်မျက်နှာက တည်နေသည်။

တစ်ခုခုကို စိတ်စောနေသည်ကို သိမ့်သိမ့် အကဲခတ်မိ ပါသည်။ ပစ္စည်းများ စစ်ဆေးပြီးသည်နှင့် မာဇဒါအငှားကားလေးများ စီရရီရပ်ထားသော 'တက္ကစီစတင်း'သို့ သိမ့်သိမ့်လက်ကိုဆွဲရင်း အမောတကော ရောက်ရှိသွားခဲ့၏။

"ကဲ....... ဆရာကြီး တောက်ကြန့်ကို အမြန်ဆုံးသာ မောင်း ဒါ"

ကားနောက်ပိုင်းတွင် နှစ်ယောက်သား ထိုင်မိသည်နှင့် မောင်မောင်က ကားကို အမြန်မောင်းခိုင်းသည်။ အခုတော့ မောင် မောင့်မျက်နှာရွှင်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သိမ့်သိမ့်"

"ရှင်....... အစ်ကိုမောင်"

"လောကမှာ မမျှော်လင့် မထင်မှတ်တဲ့ ကြုံတွေ့ရတဲ့အဖြစ်အပျက်တွေ အများကြီးရှိတယ်။ ဥပမာပြောရရင် သိမ့်သိမ့်နဲ့ ဖောတီကအဖြစ်အပျက်တွေ၊ စိန်စီပိုးနဲ့ သိမ့်သိမ့် ပြန်လည်ဆုံစည်းခဲ့ရတဲ့ အဖြစ်တွေဟာ အင်မတန် ဖြစ်တောင့်ဖြစ်ခဲတဲ့ ဖြစ်ရပ်တွေပဲ သိမ့်သိမ့်၊ မယုံနိုင်စရာတောင် မရှိဘူးနော်"

"ဟုတ်တာပေါ့ အစ်ကိုမောင်ရယ်၊ အခု မန္တလေးသွားခဲ့တာပဲ ကြည့်ပါလား။ သိမ့်သိမ့်တို့က အဆိုးဝါးဆုံး၊ အခြေအနေကို ရင်ဆိုင်ဖို့ မျှော်လင့်ပြီး သွားခဲ့တယ်။ ဟိုကိုရောက်တော့ ဗိုပြီး ဝမ်းသာစရာဖြစ်ခဲ့ရတယ် မဟုတ်လား အစ်ကိုမောင်ရယ်"

"အင်း....... သိမ့်သိမ့်ပြောတာ မှန်တယ်။ အခုလဲ အစ်ကိုမောင် တင်ကြိုပြီး ပြောထားနိုင်မယ် သိမ့်သိမ့်၊ စိမ်းနိုပ်ငြိမ်ကို ရောက်တာနဲ့ သိမ့်သိမ့်နဲ့ အစ်ကိုမောင် လုံးဝမျှော်လင့်မထားခဲ့တဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့လိမ့်ဦးမယ်။ ဘာလဲဆိုတာတော့ မမေးသေးနဲ့ဦး"

သိမ့်သိမ့်က ပြုံးသည်။ ပြီးတော့ ညင်ညင်သာသာပင် ခေါင်းညိတ်လိုက်သည်။ ယင်းသို့ဖြင့် ကားကလေးသည် တောက်ကြန့်ကို ကျော်ဖြတ်ခဲ့ပြီး 'စိမ်းနိုပ်ငြိမ်'ခြံကြီးသို့ ရောက်ရှိသွားသည်။ အချိန်က နေညိုချိန်၊ ခြံထဲသို့ ကားဝင်မိသည်နှင့် ဘ,စိုးအောင်က ဝမ်းသာအားရ အော်ရင်းဟစ်ရင်း ပြေးလာသည်။ စိန်စီပိုးက တိုက်ပုကလေးထဲမှ ကမန်းကတန်း ထွက်လာခဲ့သည်။ ဖိုးခွား၊ မျောက်ပု သံကျော်၊ မိပဲ၊ ဘုတ်ဆုံတို့တစ်တွေက သူတို့မောင်နှံဆီသို့ ဝိုင်းအုံပြေးလွှားရောက်ရှိလာသည်။ ဆူညံသွားသည်။ နှုတ်ဆက်သံများ အားလုံး၏မျက်နှာတွင် ပြုံးယမ်းတွေ ဝေဖြာနေကြသည်။

"ကဲ....... နောက်မှ အေးအေးဆေးဆေး စကားပြောကြ



တာပေါ့။ အခုတော့ အရေးတကြီး လုပ်စရာလေးတစ်ခု ကျန်နေသေးလို့။ ဖိုးခွားနဲ့ မျောက်ပု ဂေါ်ပြားနဲ့ ပေါက်ချွန်းယူခဲ့"

"ဘာလုပ်မလို့လဲ အမောင်"

"ရောက်တော့ သိမှာပေါ့ စိန်စီပိုးရယ်၊ ခဏလေး စောင့်ကြည့်စမ်းပါဦးလား။ ကဲဟော့....... ဟောဒီ ပိတောက်ပင်ခြေကို တူးကြစမ်းကွာ"

ဖိုးခွားနှင့် မျောက်ပုသည် မောင်မောင်ညွှန်ပြသော ပိတောက်ပင်ခြေကို စတင်၍ တူးနေကြ၏။ ဘ,စိုးအောင်နှင့်သိမ့်သိမ့် စိန်စီပိုးတို့တစ်တွေက မောင်မောင်၏လုပ်ရပ်ကို နားမလည်နိုင်သလို ဝိုင်းကြည့်နေကြသည်။

သုံးတောင်ခန့် တူးမိသည်နှင့် 'ချွင်'ခနဲ အသံမြည်သွား၏။ မျောက်ပုသည် ဂေါ်ပြားနှင့် မြေကြီးများကို ကလော်ထုတ်လိုက်ပြီး အစ်ဝုံတစ်ခုကို လေးလေးပင်ပင် မတင်လိုက်သည်။

တစ်ပေပတ်လည်ခန့်ရှိသော မီးခံသေတ္တာကလေး တစ်လုံးပင်။ မောင်မောင်သည် သံချေးစားနေပြီဖြစ်သော မီးခံသေတ္တာသော့ကို သူကိုယ်တိုင်ဖျက်၍ သေတ္တာကိုဖွင့်လိုက်၏။ အတွင်း၌ တွေ့ရသော ဆီစိမ်စက္ကူထုပ်ကို ဖြည်လိုက်သည်။

ပထမ ဖြူဖွေးအိစက်နေသော ဝါဂွမ်းများကို တွေ့ရ၏။ ဝါဂွမ်းထုပ်အတွင်းမှ အနီရောင်တွေ ဖြာထွက်နေသည်။ ဝါဂွမ်းများကို ဖြည်လိုက်သောအခါတွင်မူ....... အရောင်တလဲ့လဲ့ ရဲရဲတောက်အောင် ဖြာထွက်နေသော ပတ္တမြားကြီးကိုးလုံး။ မောင်မောင်သည် ဖောတီက သူဌေးကြီး၏ ရတနာမြေပုံထဲမှ 'မြသည်းစံအိမ်'ကို ရှာ၍ တွေ့ခဲ့လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဒီနေရာမှာ ရတနာတွေ မြှုပ်ထားတယ်ဆိုတာ အစ်ကိုမောင် ဘယ်လိုလုပ်ပြီး သိသလဲဟင်"

"သိမ့်သိမ့်ရဲ့ဖခင် ရေးဆွဲခဲ့တဲ့ ရတနာမြေပုံကြောင့်ပေါ့ သိမ့်သိမ့်၊ ဦးနောဟာ ရတနာမြေပုံကို အတိအကျ ရေးဆွဲခဲ့ပေမယ့် ကိုလွန်းအိမ်တို့၊ အစ်ကိုမောင်တို့တစ်တွေဟာ ရေလိုက်လွဲခဲ့ကြတယ် သိမ့်သိမ့်"

"ရတနာမြေပုံ ဟုတ်လား။ ရတနာမြေပုံနဲ့ သိမ့်သိမ့်တို့ စိမ်းရိပ်ငြိမ်ခြံကြီးနဲ့ ဘာဆိုင်လို့လဲ အစ်ကိုမောင်"

"သိပ်ဆိုင်တာပေါ့ သိမ့်သိမ့်ရယ်၊ အစ်ကိုမောင်တို့တစ်တွေနေတဲ့ စိမ်းရိပ်ငြိမ်ခြံကြီးဟာ ဦးနောရေးဆွဲခဲ့တဲ့ ရတနာမြေပုံကြီးပဲ သိမ့်သိမ့်၊ သိမ့်သိမ့် သတိမထားခဲ့လို့ ဖြစ်ပါလိမ့်မယ်။ အစ်ကိုမောင် လေယာဉ်ပျံပေါ်က အောက်ကို ကြည့်လိုက်တော့ ဘာကို တွေ့ရသလဲ သိလား"

"ဟင့်အင်း...... သိမ့်သိမ့် သတိမထားမိခဲ့ဘူး"

"အစ်ကိုမောင်တို့ရဲ့ စိမ်းရိပ်ငြိမ်ခြံကြီးဟာ နှလုံးသားကို မြားစိုက်နေတဲ့ ရတနာမြေပုံကြီးဖြစ်နေတာကို အစ်ကိုမောင် လေယာဉ်ပျံပေါ်က မြင်ခဲ့ရတယ် သိမ့်သိမ့်၊ အစ်ကိုမောင်တို့ စိမ်းရိပ်ငြိမ်ခြံကြီးကို ခတ်ထားတဲ့ ဝါးရုံစည်းရိုးဟာ အသည်းပုံသဏ္ဍာန်ဖြစ်နေတယ်။ ပြီးတော့ ခြံထဲကို ဖောက်ထားတဲ့ လမ်းကလေးဟာ မြားတစ်စင်းလို ဖြောင့်တန်းပြီး ဝိတောက်ပင်ခြေမှာ စိုက်ဝင်နေတယ်လေ။ ပြီးတော့ အစ်ကိုမောင်တို့ ခြံနောက်ဖေးက ဂျိုးဖြူရေပိုက်ဘက်ကို ထွက်တဲ့ လမ်းဟာ မြားတစ်စင်းရဲ့ ခေါင်းလို ဖြစ်နေတယ်။ မြားရဲ့ အမြီးကတော့ အပေါက်ဝမှာ စိုက်ထားတဲ့ အုန်းပင်တွေပေါ့။ ဒီပုံကို လေယာဉ်ပေါ်က အစ်ကိုမောင် တွေ့လိုက်ရတာနဲ့ ဦးနောရေးဆွဲခဲ့တဲ့ ရတနာမြေပုံဟာ အစ်ကိုမောင်တို့ရဲ့ 'စိမ်းရိပ်ငြိမ်'ခြံကြီးပဲဆိုတာ တစ်ထစ်ချ တွက်လိုက်မိတာပဲ သိမ့်သိမ့်"

စိန်စီပိုးသည် အမှောင်ထဲမှ လင်းသွားဖြစ်ခဲ့သူ ဦးနော၏ စေတနာနှင့် အကြံအစည်ကို အံ့ဩမိရသည်။

"အိမ်း...... တယ်လဲ အံ့ဩစရာ ကောင်းတာပေါ့ကွယ်။ ဒါတော့ ဦးနောဟာ ဒီစိတ်ကူးမျိုးကို ဘယ်လိုရခဲ့သလဲဆိုတာကိုပဲ တွေးနေမိတယ် ငမောင်ရဲ့"

"ဦးနောဟာ လေယာဉ်နဲ့ မကြာခဏ ခရီးထွက်နေတော့ သူခြံရဲ့ ပုံသဏ္ဍာန်ကို မြင်ဖူးတွေ့ဖူးနေမှာပေါ့ ဘ,ဦးအောင်၊ ပြီးတော့ ဒီရတနာတွေအားလုံးကို စိန်စီပိုးတို့ ပေးချင်တဲ့ဆန္ဒလဲ သူ့မှာရှိနေလိမ့်မယ်။ ဒါကြောင့် စိန်စီပိုးတို့သားအမိမရှိတုန်းမှာ ရတနာတွေကို ဘိတ်တဆိတ် လာမြှုပ်သွားတာ ဖြစ်လိမ့်မယ်"

"ဟုတ်တယ် အမောင်၊ အမေရှိတုန်းက စိန်စီပိုးတို့ သား



www.burmeseclassic.com

www.burmeseclassic.com



အမိဟာ ညအိပ်ညနေ ခရီးထွက်လေ့ ရှိတယ်။ ခြံမှာ လူမရှိတုန်း လာမြှုပ်သွားတာ ဖြစ်မှာပါပဲကွယ်''

ယခုတော့ လေးဆယ့်ငါးသိန်းတန် ပတ္တမြားကြီးကိုးလုံးကို လက်ဝယ်ပိုင်ပိုင် ကိုင်တွယ်မိပါပြီ။

''မမ ချိုသက်ရှိနဲ့ ရစ်ကီကိုလဲ သူတို့ ရသင့်ရထိုက်သမျှ ဝေပေးလိုက်မယ် အစ်ကိုမောင်၊ တကယ်ဆိုတော့ သူတို့ဟာ သိမ့်သိမ့်နဲ့ မောင်နှမတွေပဲ။ ကျန်တာတွေကိုတော့ ဓမ္မာဆေးရုံတို့၊ ကျောင်းတို့၊ ဘိုးဘွားရိပ်သာတို့ကို ခွဲပြီး လှူလိုက်ချင်တယ်။ သိမ့်သိမ့် ဒီရတနာတွေကို မမက်မောပါဘူး အစ်ကိုမောင်ရယ်''

သိမ့်သိမ့်က သူ့ဆန္ဒကို တင်ပြလာသည်။ အားလုံးက သဘောတူကြသည်။ ဇောတိကသူဌေးကြီး ဦးနောအတွက်လည်း အလှူအတန်း သဘောမျိုး သက်ဝင်သွားလေမည်။

ဦးနော....... ဦးနော....... ဖခင်တစ်ယောက်အနေနှင့် တာဝန်မကျေသင့်သည်များကို တာဝန်ကျေသွားခဲ့သည့် ဦးနော။

ဖနီးတွေပေါ်သလောက် သားသမီးတွေကို ချစ်ခဲ့၊ အလိုလိုက်ခဲ့သည်။ သို့တစေ ဇောတိက မောင်နှမများသည် မိစုံဘစုံ၏ အရိပ်အာဝါသအောက်တွင် မနေခဲ့ကြရ။ မိဘ၏ မေတ္တာကို မခံစားခဲ့ကြရ။ တကယ်တန်းပြောရလျှင် ဦးနောသည် မိဘဝတ်ငါးပါးကို ပျက်ယွင်းခဲ့သူတစ်ယောက်ဖြစ်၏။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင့်မယ်တို့တာဆိုသော မိဘဝတ္တရားတွေကို ပျက်ကွက်ခဲ့လေသည် မဟုတ်ပါလား။ မည်မျှပင် ချမ်းသာစေ၊ ကုဋေကုဋာကြွယ်ဝစေဦး ဆုံးမပဲ့ပြင်မှု မရှိသော သားသမီးတစ်တွေ၏ နောင်ရေးက ရင်လေးစဖွယ်ပင် ဖြစ်မည်။ အလိုမလိုက်သင့်သည်များကို အလိုလိုက်ခဲ့တော့ သားသမီးတွေက အမိုက်စော်ကားကြသည်။ မောင်မောင်သည် ဇောတိကမောင်နှမများ၏ ရင်နင့်စဖွယ်အဖြစ်အပျက်များကို သင်ခန်းစာ ယူမိသည်။



''တကယ်ဆိုတော့ ဦးနောဟာ သားသမီးတွေကို ချစ်ခဲ့ အလိုလိုက်ခဲ့ပါတယ် သိမ့်သိမ့်၊ မေတ္တာစေတနာ ထားခဲ့ပါတယ် စိန့်စီပို။ ဒါပေမယ့် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်ကုန်ကြတာပါပဲ။ အခုတော့ အဖြစ်အပျက်တွေ အားလုံးဟာ နိဂုံးချုပ်ပါပြီ''

ဟုတ်ပါသည်။ ယခုတော့ အားလုံးအားလုံးသော ဖြစ်ရပ်တွေက နိဂုံးချုပ်ခဲ့ပြီ မဟုတ်ပါလား။ မြသည်းစံအိမ် နေညိုချိန်တွင် ရင်မောဖွယ်ရာ ကောင်းလှသော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေက ကင်းစင်လွင့်ပျောက်ကုန်ကြလေပြီ မဟုတ်ပါလား။ သည်တော့လည်း အားလုံး၏ရင်ဝယ် ကြည်ရွှင်လာကြပါသည်။ အထူးသဖြင့်တော့.......

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

မောင်မောင်နှင့် သိမ့်သိမ့်၊ ဘခက်နှင့် ဖလော်ရာ။ လသာနေသည်။ ညသည် သိပ်လှနေတဲ့ မိန်းမချောကလေးနဲ့ အင်မတန် ခက်တဲ့ မောင်မောင်ဘခက်။ အုန်းလက်များအကြားမှ ဝိုးတဝါး လရောင်က ချစ်သူနှစ်ဦးကို ပိုက်ထွေးထားသည်။ မောင်မောင်က သိမ့်သိမ့်ကို ပိုက်ထွေးထားသည်။

"သိမ့်သိမ့်"

"ရှင်"

"ဖလော်ရာ"

"မောင်"

"ချစ်တယ်လား"

"ချစ်တော့ ချစ်တယ် အစ်ကိုရယ် ဒီလိုမလုပ်နဲ့"

အသံနွဲ့နွဲ့လေးတွေက သာယာသည်။ ညင်သာသည်။ နှစ်ကိုယ်ကြားကလေးသာ ဖြစ်သည်။ သို့ပေမယ့် လောကကို တိုင်တည်နေဟန် ရှိသည်။ သက်သေက ငွေလဝန်း။

"အစ်ကိုမောင်တော့ သိမ့်သိမ့်ဟာ စိန်စီပိုးရဲ့ သမီးအရင်း ဖြစ်တယ်ဆိုတာ လုံးဝကို မယုံဘူးကွယ်"



"ဟင်...... အစ်ကိုမောင်ကလဲ၊ သိမ့်သိမ့်ဟာ မေမေစိန်စီပိုးရဲ့ သမီးအရင်းပါ အစ်ကိုမောင်ရဲ့"

"မယုံဘူးကွယ်၊ သက်သေပြ"

"ဘယ်လို သက်သေပြရမှာလဲ အစ်ကိုရဲ့၊ သိမ့်သိမ့်ဟာ မေမေစိန်စီပိုးရဲ့ သမီးအရင်းပါလို့ ဦးတိုင်းကျော်က ပြောခဲ့တယ် မဟုတ်လား"

မောင်မောင်က သိမ့်သိမ့်ကို နမ်းလိုက်သည်။ ပြီးတော့ သူမ နားဝသို့ကပ်၍ တိုးတိုးလေးပြောသည်။

"သိမ့်သိမ့်မှာ အသည်းလေးရှိတယ်ဆို"

"အို...... အစ်ကိုကလဲ"

"ဒါဖြင့် မရှိဘူးပေါ့။ အဲဒီ အမှတ်အသားမရှိရင် သိမ့်သိမ့် အစစ် မဟုတ်တော့ဘူး"

"ရှိ...... ရှိ...... သိပ်ရှိ"

"မယုံပေါင်"

"သိပ်ခက်တာပဲ အစ်ကိုမောင်ရယ်၊ ဒါကြောင့်မို့ သူ့ကို မောင်မောင်ဘခက်လို့ ခေါ်ကြတာ ထင်ပါရဲ့"

"လာ...... အထဲကို ဝင်ကြစို့ သိမ့်သိမ့်၊ အစ်ကိုမောင်တို့ရဲ့ မြသည်းစံအိမ်ကလေးထဲမှာ သိမ့်သိမ့်ရဲ့ အသည်းလေးကို သွားကြည့်ကြရအောင်ကွယ်"

"သွား"

သိမ့်သိမ့် မျက်စောင်းလှလှကလေးနဲ့ သူ့ကို ထိုးမိသည်။ ပြီးတော့ ထသည်။ သူ ကိုယ်ကြီးကို ဖက်တွယ်၍ ထလိုက်၏။

နှစ်ဦးသား ယှဉ်တွဲလို့ မြသည်းစံအိမ်ကလေးထဲသို့ ဝင်ခဲ့ကြသည်။ အပြင်တွင် လသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြသည်းစံအိမ် နေညိုချိန်' ကို ရေးဖြစ်အောင်
တိုက်တွန်း အကြံပေးခဲ့သော တပ်မတော်လေတပ်၊
အမှတ် (၂) အုပ်စုမှ Navigator ကိုစိုးသိန်း (အစိုး) ကို
ကျေးဇူးကမ္ဘာရောက်မှာဖြင့် ............

ဆွေလှိုင်ဦး (၂၉-၄-၇၅)
ည (၁၀း၁၅)

---

အင်္ဂလိပ်စာ အခြေခံဆာနည်းသူများ
အတွက် ရည်ရွယ်ရေးသားထားသော

# ဒုနှစ်တန်း နှင့် ရှစ်တန်းအတွက်

# Super One

## *Letters, Essays & Grammar*

ဆရာ ဦးမိုးမြင့် B.Sc

အင်္ဂလိပ်စာကို အခြေခံမှစ၍ ရှင်းလင်းလွယ်ကူစွာ
တစ်ချက်ခုတ် သုံးချက်ပြတ်နည်းဖြင့် စုံလင်အောင်
ဖော်ပြရမည်။

စာမူခွင့်ပြုချက်အမှတ် ၁၅၈/၂၀၀၂(၂)

www.burmeseclassic.com